# ဖိလိပ္ပိသြဝါဒစာစောင် နှင့် ကောလောသဲသြဝါဒစာစောင်

## ဖိလိပ္ပိယုံကြည်သူများနှင့် ကောလောသဲယုံကြည်သူများထံသို့ ရေးသားပေးပို့ခဲ့သော ရှင်ပေါလု၏စာစောင်များကို ဆင်ခြင်နှလုံးသွင်းလေ့လာခြင်း

အက်(ဖ်)၊ ဝိန်းမက်လီယိုဒ့်

LIGHT TO MY PATH BOOK DISTRIBUTION

SYDNEY MINES, NOVA SCOTIA, CANADA

# မာတိကာ


စကားချီ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၁

ဖိလိပ္ပိသြဝါဒစာစောင်ကိုနိဒါန်းပျိုးခြင်း . . . . . . . . . . . . . . . . . . . . . . . ၅

၁။ သင့်တို့ကိုထောက်ရှု၍ ဘုရားသခင်ကျေးဇူးတော်ကိုချီးမွမ်း၏ . . . . . . . ၉

၂။ အဆိုးမှအကောင်းသို့ . . . . . . . . . . . . . . . . . . . . . . . . . ၂၁

၃။ အသက်ရှင်သည်ဖြစ်စေ၊ သေသည်ဖြစ်စေ . . . . . . . . . . . . . . . . ၃၁

၄။ အလားတူသောထိုစိတ်သဘောကို . . . . . . . . . . . . . . . . . . . . . ၄၅

၅။ မြည်တမ်းခြင်းမရှိပဲ . . . . . . . . . . . . . . . . . . . . . . . . . ၅၉

၆။ တိမောသေနှင့်ပေဖြောဒိတ် . . . . . . . . . . . . . . . . . . . . . . . ၆၉

၇။ ဇာတိ၌ကိုးစားခြင်းမရှိပဲ . . . . . . . . . . . . . . . . . . . . . . . ၇၉

၈။ အားသွန်ခွန်စိုက်ပြေး၍ . . . . . . . . . . . . . . . . . . . . . . . . ၉၁

၉။ လက်ဝါးကပ်တိုင်၏ရန်သူများ . . . . . . . . . . . . . . . . . . . . . . ၁၀၅

၁၀။ မြဲမြံစွာတည်နေကြလော့ . . . . . . . . . . . . . . . . . . . . . . . ၁၁၅

၁၁။ ခပ်သိမ်းသောအမှုတို့၌ရောင့်ရဲကြလော့ . . . . . . . . . . . . . . . . ၁၃၁

ကောလောသဲသြဝါဒစာစောင်ကိုနိဒါန်းပျိုးခြင်း . . . . . . . . . . . . . . . . . ၁၄၃

၁၂။ ကောလောသဲတို့၏ယုံကြည်ခြင်းနှင့်ချစ်ခြင်း . . . . . . . . . . . . . . ၁၄၇

၁၃။ သူသည် . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၁၆၁

၁၄။ စုံလင်ခြင်းသို့ရောက်၍ဆက်သအပ်သောဌာ . . . . . . . . . . . . . . . ၁၇၅

၁၅။ နားလည်နိုင်သောပြည့်စုံသည့်ဉာဏ်၏စည်းစိမ်အပေါင်း . . . . . . . ၁၉၁

၁၆။ သခင်ခရစ်တော်နှင့် လူသားထုံခံနည်းဥပဒေသများ . . . . . . . . . . ၂၀၃
၁၇။ ဆိုးယုတ်သောဇာတိကိုအသေသတ်ခြင်း . . . . . . . . . . . . . . . . ၂၁၉
၁၈။ ကိုယ်ခန္ဓာတော်၌ရှင်သန်ခြင်း . . . . . . . . . . . . . . . . . . . . . . ၂၂၉
၁၉။ ကိုယ်ခန္ဓာတော်၌ဆက်ဆံရင်းနှီးမှုများ . . . . . . . . . . . . . . . . . ၂၄၁
၂၀။ ဆုတောင်းခြင်း၊ ဉာဏ်ပညာနှင့် ကျေးဇူးတော် . . . . . . . . . . . . . ၂၅၁
၂၁။ နောက်ဆုံးနှုတ်ခွန်းဆက်ခြင်း . . . . . . . . . . . . . . . . . . . . . . ၁၆၇

## စကားချီး

ဖိလိပ္ပိယုံကြည်သူများထံသို့ ရေးသားပေးပို့လိုက်သောစာစောင်တွင် ရှင်ပေါလုကသခင်ယေရှုကို နှိမ့်ချခြင်းနှင့်သည်းခံခြင်း၏ပုံဥပမာအဖြစ် တင်ပြထားသည်။ ရှင်ပေါလုက ဖိလိပ္ပိယုံကြည်သူများအား သခင်ယေရှုကိုမိမိတို့၏ပုံဥပမာအဖြစ်ရယူကြရန်စိန်ခေါ် တိုက်တွန်းခဲ့သည်။ မိမိကိုယ်တိုင်ကအကျဉ်းစံနေရသော်လည်းရှင်ပေါလုသည် ဖိလိပ္ပိယုံကြည်သူများကို သခင်ဘုရားအားသိကျွမ်းခြင်းမှ ရောက်ရှိလာသည့် ဝမ်းမြောက်ခြင်း၌ရှင်သန်ကြရန်ခွန်အားပေးထားခဲ့သည်။ ဘုရားသခင်သည်သူတို့ရင်ဆိုင်နေရသော စစ်ကြောခြင်းနှင့်ဆင်းရဲခြင်းဒုက္ခအားလုံးတို့၏ အထက်တွင်ရှိနေကြောင်းကိုလည်း အသိပေးခဲ့သည်။ သခင်ဘုရားသည် အသင်းတော်အတွက် ကြီးမားသောကောင်းမြတ်ခြင်းများကို အထမြောက်ပြည့်စုံလာရန် မိမိ၏ ဆင်းရဲခြင်းဒုက္ခများကိုမည်သို့အသုံးပြုခဲ့ကြောင်းကိုလည်း သူတို့အားပြောပြထားသည်။ ဤစာစောင်တွင် တမန်တော်ကြီးသည် ဆင်းရဲခြင်းဒုက္ခကိုရင်ဆိုင်ဖြတ်သန်းနေကြသောသူများအားလိပ်မူပြောဆိုထားသည်။ တမန်တော်ကြီးကငင်းတို့အား မိမိတို့၏ခေါင်းကိုမော့၍ သခင်ယေရှုအကြောင်းကိုဝမ်းသာအားရစွာဖြင့် ဆင်ခြင်နှလုံးသွင်းကြရန်စိန်ခေါ် ထားသည်။

ကောလောသဲဩဝါဒစာစောင်တွင် ရှင်ပေါလုသည်သခင်ခရစ်တော်ကို အဓိကအကြောင်းအရာတစ်ခုအဖြစ်တင်ပြထားသည်။ ရှင်ပေါလုသည်ဤစာစောင်တွင်ကယ်တင်ခြင်းတွက်ပညတ်တရားစောင့်ထိန်းခြင်းလည်း လိုအပ်သည်ဟူသောအယူဝါဒ(Legalism)အကြောင်းကို တိုက်ရိုက်ပြောဆိုဝေဖန်ထားသည်။ ရှင်ပေါလုသည်ထိုခေတ်ကာလရှိ မှားယွင်းသောအရာများကို ထိပ်တိုက်ရင်ဆိုင်ဝေဖန်ခဲ့ပြီး ကောလောသဲယုံကြည်သူများအား သခင်ယေရှုနှင့်သခင်ယေရှုလုပ်ဆောင်ခဲ့သောအမှုသည် ၎င်းတို့၏ကယ်တင်ခြင်းအတွက် လုံလောက်ပြည့်စုံကြောင်းညွှန်ပြခဲ့သည်။ သခင်ခရစ်တော်နှင့်သခင်ခရစ်တော် လုပ်ဆောင်ခဲ့သောအမှုတစ်ခုတည်းသာလျှင် ကယ်တင်ခြင်းလမ်းဖြစ်ကြောင်းကိုသက်သေပြခဲ့သည်။ ထို့နောက် ကောလောသဲယုံကြည်သူတို့အား ပညတ်တရားများမှ ကင်းလွတ်လျှက်ရှင်သန်ကြရန် စိန်ခေါ်ခဲ့သည်။ ရှင်ပေါလုကမိမိ၏စာစောင်ကို ကိုယ်ခန္ဓာတော်၌အချင်းချင်းဆက်ဆံနှီးနွယ်ခြင်းနှင့် စပ်လျဉ်းသောအကြံပြုချက်အချို့ကိုပေး၍ ယုံကြည်သူတိုင်းကိုလည်းရင့်ကျက်ခြင်းကို မမှိတ်မသုန်ဆက်၍ကြိုးစားလုပ်ဆောင်ကြရန် တိုက်တွန်းခွန်အားပေးရင်း နိဂုံးချုပ်ထားသည်။

ဘုရားသခင်သည် ဤစာအုပ်ကိုကောင်းကြီးပေး၍ ဖတ်ရှုသောသူတို့အားခွန်အားပေးရန်အသုံးပြုမည်ဟု ကျွန်ုပ်ယုံကြည်ပါသည်။ သင့်လက်ထဲတွင်သမ္မာကျမ်းစာကို ဖွင့်လှန်ထားလျှက် ဤစာအုပ်ကိုဖတ်ရှုပါ။ ဤစာအုပ်သည် သမ္မာကျမ်းစာကိုအစားထိုးနိုင်သည့်အရာမဟုတ်ပါ။ ဤစာအုပ်၏ရည်ရွယ်ချက်မှာ ဖိလိပ္ပိဩဝါဒစာစောင်နှင့် ကောလောသဲဩဝါဒစာစောင်များကို ရှင်းရှင်းလင်းလင်းသိရှိလာ၍ လက်တွေ့အသုံးချနိုင်ရန်ဖြစ်သည်။ ဤစာအုပ်သည် သင့်အားသခင်ကိုယ်တော်အပါးသို့အနည်းငယ်နီးကပ်သွားစေလျှင်ပင် ကျွန်ုပ်သည် ဤစာအုပ်

ရေးသားရခြင်းကိုအောင်မြင်သည်ဟုမှတ်ယူသွားပါမည်။ ဘုရားသခင်နှင့် သင့်ရဲ့ ဆက်ဆံရင်းနှီးမှုတွင် သင့်အားစေ့ဆော်တိုက်တွန်းပေးရန် ဘုရားသခင်သည် ဤစာအုပ်ကိုအသုံးပြုပါစေ။ ဤဆင်ခြင်နှလုံးသွင်းခြင်း ဋီကာကျမ်းလေးအားဖြင့် ရှင်ပေါလုသည် သင့်အားတစ်ဖန်စကားပြောစေပါ။ ဘုရားသခင်၏ဝိညာဉ်တော်သည် ဤစာအုပ်အားဖတ်ရှုသောသူအယောက်တိုင်းကို တန်ခိုး၊ အစွမ်းအစများပေး၍ ခွန်အားသစ်များသွန်းလောင်းပါစေသော်။

**အက်(ဖ်)၊ ဝိန်း မက်လီယိုဒ့်**

# ဖိလိပ္ပိဩဝါဒစာစောင်ကိုနိဒါန်းပျိုးခြင်း

---

## ရေးသားပြုစုသူ

တမန်တော်ရှင်ပေါလုက ဖိလိပ္ပိယုံကြည်သူများထံသို့ ရေးသားပေးပို့လိုက်သောစာစောင်၏ စာရေးသူမှာမိမိပင်ဖြစ်ကြောင်း စာစောင် ၏ပထမဆုံးကျမ်းပိုဒ်တွင် ဖော်ပြမိတ်ဆက်ပေးထားသည်။ ဤစာစောင်တွင် ရှင်ပေါလုက ၎င်းနှင့်ဖိလိပ္ပိ ယုံကြည်သူများ၏ဆက်ဆံရင်းနှီးမှုကိုအထူးဖော်ပြထားပြီး ၎င်းတို့ကမိမိ၏သာသနာလုပ်ငန်းတွင် မည်သို့ပါဝင်ပေးဆပ်ခဲ့ကြသည်ကို ၎င်းတို့အားအသေးစိတ်ပြန်လည်အသိပေးထားသည်။

## နောက်ခံအကြောင်းအရာ

ဖိလိပ္ပိမြို့သည် မာကေဒေါနိပြည်၏ အထင်ကရမြို့ကြီးဖြစ်သည်။ ရှင်ပေါလု၏ခေတ်တွင် ဖိလိပ္ပိမြို့သည်ရောမလက်အောက်ခံမြို့တစ်မြို့ဖြစ်ခဲ့သည် (တမန်တော် ၁၆း၁၂)။ ဤမြို့သည် စစ်တပ်အခြေချရာမြို့ဖြစ်၍ ရောမစစ်သည်အမြောက်အများမှာ မြို့၏လမ်းမများပေါ်တွင် လှုပ်ရှားသွားလာနေကြသည်။

ဖိလိပ္ပိမြို့၌ရှင်ပေါလုသာသနာပြုချိန်တွင် ဆန့်ကျင်တွန်းလှန်မှုမျိုးစုံကို ကြုံ

ခဲ့ရသည်။ တရားဟောနေစဉ်တွင် ရှင်ပေါလုသည်တိုက်ခိုက်ခံရပြီး၊ ထိုးကြိတ်ရိုက်နှက်၍ ထောင်ထဲ၌လှောင်ထားခြင်းကိုခံခဲ့ရသည် (တမန်တော် ၁၆း၂၂-၂၄)။ သို့သော် ဤအချင်းအရာသည်ထောင်မှူး၏အသက်တာပြောင်းလဲခြင်း၌ အဖြေထွက်ခဲ့သည်။ ဤအရပ်ဒေသမှ ပထမဆုံးပြောင်းလဲလာသူမှာ လုဒိဟုအမည်တွင်သောကုန်သည်အမျိုးသမီးဖြစ်သည် (တမန်တော် ၁၆း၁၁-၁၅)။

ရှင်ပေါလု၏ကနဦးကြိုးစားအားထုတ်မှု၏ ရလာဒ်အဖြစ်ထွက်ပေါ်လာသောဤအသင်းတော်သည် ရှင်ပေါလု၏သာသနာပြုလုပ်ငန်းများတွင်နောက်ကွယ်မှခိုင်ခိုင်မာမာရပ်တည်ပေးခဲ့သည်။ ဖိလိပ္ပိ ၄း၁၅ တွင် ရှင်ပေါလုကဖိလိပ္ပိယုံကြည်သူတို့အား ၎င်းတို့သည်မိမိမာကေဒါနိပြည်၌ သာသနာပြုစဉ်တွင် ငွေကြေးအားဖြင့်နောက်မှမားမားရပ်တည်ပေးခဲ့သည့် တစ်ပါးတည်းသောအသင်းတော်ဖြစ်ကြောင်းပြန်လည်အသိပေးထားသည်။

ဤစာစောင်ကိုရေးသားပြုစုချိန်တွင် ရှင်ပေါလုမှထောင်နန်းစံနေခဲ့ရသည် (ဖိလိပ္ပိ ၁း၇-၁၃)။ ဖိလိပ္ပိယုံကြည်သူများမှာ ဤအချင်းအရာကိုအလွန်စိုးရိမ်ပူပန်ခဲ့ကြပြီး ရှင်ပေါလုကိုဖေးမကူညီရန် ဧပဖြောဒိတ်ကိုလက်ဆောင်ပစ္စည်းများနှင့်အတူစေလွှတ်ခဲ့သည် (ဖိလိပ္ပိ ၄း၁၈)။ ရှင်ပေါလုကလည်း တစ်ဖန်ဤစာစောင်နှင့်အတူ ဧပဖြောဒိတ်ကို ဖိလိပ္ပိမြို့သို့ပြန်လည်စေလွှတ်ခဲ့ဟန်ရှိသည် (ဖိလိပ္ပိ ၂း၂၅-၂၈)။

ဖိလိပ္ပိယုံကြည်သူများထံသို့ ရေးသားပေးပို့ခဲ့သောစာစောင်သည် အလွန်ပုဂ္ဂိုလ်ရေးဆန်သည်။ ရှင်ပေါလု၏စိတ်ဆန္ဒမှာ ဤသို့မိမိထောင်နန်းစံနေချိန်၌မိမိအတွက်စိုးရိမ်ပူပန်ပေးကြသော ဖိလိပ္ပိယုံကြည်သူများ၏စိတ်သောကကိုသက်သာလျော့ပေါ့သွားစေရန်ဖြစ်သည်ဟု ထင်မှတ်ရသည်။ မိမိအားပေးပို့လိုက်သောလက်ဆောင်ပစ္စည်းများနှင့် ၎င်းတို့၏လက်တွဲပါဝင်မှုများအတွက် ၎င်းတို့ကိုကျေးဇူးတင်လို

ခဲ့သည်။ ဤစာစောင်သည် ဤအရပ်ဒေသတစ်ဝိုက်ဒေသ၌ရှိကြသော ယုံကြည်သူများအပေါ်၌ထားရှိသည့် ရှင်ပေါလု၏နက်နဲသောချစ်ခြင်းမေတ္တာတရားကိုဖော်ကျူးထားသည်။ ရှင်ပေါလုသည် သူတို့အတွက်လည်းကောင်း၊ သူတို့၏လက်တွဲပါဝင်ပေးမှုများအတွက်လည်းကောင်း ဘုရားသခင်ကိုကျေးဇူးတင်ချီးမွမ်းခဲ့သည် (၁း၃၊ ၅)။ သူတို့ကိုအလွန်ချစ်ခင်နှစ်သက်ခဲ့ကြောင်းကိုပြောပြထားပြီး (၁း၇)၊ သူတို့ကိုချစ်သူတို့ဟုပင်ခေါ်ဝေါ်ခဲ့ပြီး (၂း၁၂)၊ သူတို့ကိုချစ်၍အလွန်လွမ်းရသောသူများဟုပြန်လည်ပြောပြထားသည် (၄း၁)။

မိမိရင်ဆိုင်ဖြတ်သန်းနေရသောဘဝအခြေအနေကို စမှတ်အဖြစ်အသုံးပြု၍ ရှင်ပေါလုသည် ဖိလိပ္ပိယုံကြည်သူများကို ၄င်းတို့ရင်ဆိုင်ဖြတ်သန်းနေရသောအခက်အခဲများအား မဆုတ်မနစ်ရင်ဆိုင်ကျော်ဖြတ်ကြရန် ခွန်အားပေးတိုက်တွန်းထားသည်။ ၄င်းတို့ကိုယ်တိုင်လည်း ရင်ဆိုင်ကြုံတွေ့ရမည့် နာကျင်ခြင်းနှင့်ဆင်းရဲခြင်းဒုက္ခများကိုမည်သို့ကိုင်တွယ်ဖြေရှင်းရမည့်အကြောင်း  အထောက်အကူဖြစ်စေမည့်အမြော်အမြင်အချို့ကို ဝေငှပေးထားသည်။

## *ယခုခေတ်ကာလအတွက်ဤစာစောင်အရေးပါပုံ*

ဖိလိပ္ပိဩဝါဒစာစောင်သည် ဆင်းရဲဒုက္ခခံစားရခြင်းနှင့်စပ်လျဉ်း၍သင်ခန်းစာအချို့ကိုကျွန်ုပ်တို့အားသွန်သင်ပေးရန်ရှိနေပါသည်။ ဤစာစောင်တွင် ရှင်ပေါလုက ဘုရားသခင်သည်ကျွန်ုပ်တို့၏အခက်အခဲ အကျပ်အတည်းများထက်သာကြီးမြတ်တော်မူသောကြောင့် ထိုအရာများကိုမိမိ၏အကြံအစည်အထမြောက်ဖို့ရန်အတွက်အသုံးပြုနိုင်ကြောင်း ကျွန်ုပ်တို့ကိုပြောပြထားပါသည်။ ရှင်ပေါလုနှင့်ဖိလိပ္ပိအသင်းတော်ကြားရှိ ဆက်ဆံရင်းနှီးမှုမှာ ကျွန်ုပ်တို့အတွက်ပုံဥပမာတစ်ခုဖြစ်၍ ထိုအရာက

ခရစ်တော်၏ကိုယ်ခန္ဓာတော် အဘယ်မျှအရေးကြီးကြောင်း၊ ထိုကိုယ်ခန္ဓာတော်၏ အခန်းကဏ္ဍသည် ခွန်အားပေးတိုက်တွန်းခြင်းနှင့် ကူညီပံ့ပိုးပေးခြင်းအတွက်အရေး ပါလှကြောင်း ကျွန်ုပ်တို့အားသွန်သင်ပေးပါသည်။ ထိုအထဲ၌ အထူးအရေးကြီးသော အချက်မှာ ဆင်းရဲခြင်းဒုက္ခ၊ စုံစမ်းခြင်းတို့နှင့်စပ်ဆိုင်သော ရှင်ပေါလု၏သွန်သင်ချက် ပင်ဖြစ်သည်။ ဤစာစောင်တွင် ဆင်းရဲခြင်းဒုက္ခအပေါ်၌ထားသော ရှင်ပေါလု၏ စိတ်နေသဘောထားကို မြင်လိုက်ရရုံသာမက ဘဝဒုက္ခများကိုဘုရားတရားနည်း လမ်းကျကျ မည်သို့ဖြေရှင်းရမည်ကိုလည်း ရှင်ပေါလုကဖော်ပြထားသည်။ ဘုရား သခင်သည်စစ်ကြောခြင်းနှင့် ဆင်းရဲခြင်းဒုက္ခတို့၏အရှင်ဖြစ်ကြောင်းကိုလည်းညွှန်ပြ ထားသည်။ ကျွန်ုပ်တို့၏စိတ်နေသဘောထားများ မည်သို့ဖြစ်ရမည်ကိုလည်းကောင်း၊ ဘုရားသခင်ကပံ့ပိုးပေးမည့်ခွန်အား၌ မဆုတ်မနစ်ကြိုးစားရင်ဆိုင်ကြရန်ကိုလည်း ကောင်း ခွန်အားပေးတိုက်တွန်းထားပါသည်။

၁

# သင်တို့ကိုထောက်ရှု၍ဘုရားသခင်၏ကျေးဇူးတော်ကိုချီးမွမ်း၏

**ဖိလိပ္ပိ ၁း၁-၁၀ ကိုဖတ်ရှုပါ။**

ရှင်ပေါလုသည် ဤစာစောင်အား ဖိလိပ္ပိမြို့ပတ်ဝန်းကျင်ရှိယုံကြည်သူများထံသို့ရေးသားပေးပို့ခဲ့သည်။ ဖိလိပ္ပိမြို့ကြီးသည် ရောမစစ်တပ်အခြေစိုက်ရာမြို့ဖြစ်၍ မြို့၏လမ်းမများပေါ်တွင် စစ်သားများ၏လှုပ်ရှားသွားလာမှုများကြောင့် အထူးလူသိများခဲ့သည်။ ဤမြို့တွင် ရှင်ပေါလုနှင့်သီလတို့၏ သာသနာပြုလုပ်ငန်းအားဖြင့်အဲ့ဖွယ်အမှုကိုဘုရားသခင်စတင်ခဲ့သည်။ တမန်တော် ၁၆ တွင် ရှင်ပေါလုနှင့်သီလတို့ဤဒေသသို့လာရောက်လည်ပတ်ခြင်းအကြောင်းကို မှတ်တမ်းတင်ထားသည်။ ရှင်ပေါလုသည် လုဒိဟုအမည်တွင်သောအမျိုးသမီးကို သတင်းကောင်းတရားနှင့် မိတ်ဆက်ပေးခဲ့သည်။ သူမသည်မိမိ၏အိမ်ကို ရှင်ပေါလုအတွက်ဖွင့်ပေးခဲ့ပြီး ရှင်ပေါလု၏တရားဒေသနာအား နားထောင်လိုသောသူတို့ကိုလည်း ဝင်ထွက်သွားလာခွင့်ပြုခဲ့သည်။ ဖိလိပ္ပိမြို့၌အမှုတော်ဆောင်ရခြင်းသည် ရှင်ပေါလုအတွက်မလွယ်ကူခဲ့ပါ။ ရှင်ပေါလုသည် ထိုးနှက်ကန်ကျောက်ခြင်းနှင့်အတူ ထောင်ချခံခဲ့ရသော်လည်းထောင်ထဲ၌ရှိစဉ်တွင် ထောင်မှူးနှင့်၎င်း၏မိသားစုကို သခင်ကိုယ်တော်ထံသို့

ဆောင်ကျဉ်နိုင်ခဲ့သည်။ ဤသေးငယ်နိမ့်ကျသောအစပြုခြင်းမှ ဘုရားသခင်သည် မဟာအံ့ဖွယ်အမှုကိုလုပ်ဆောင်ခဲ့ပြီး ထိုမြို့တွင်တန်ခိုးဩဇာကြီးသောအသင်းတော် တစ်ပါးကိုထူထောင်ခဲ့သည်။

ရှင်ပေါလုဤစာစောင်ကိုရေးသားခဲ့ချိန်တွင် အသင်းတော်မှာအခြေခိုင်နေပြီ ဖြစ်သည်။ အခန်းငယ် ၁ တွင် ရှင်ပေါလုနှင့်တိမောသေတို့သည် ဤပတ်ဝန်းကျင် ဒေသရှိသူတော်စင်များ(သန့်ရှင်းသူများ) ရေးသားပေးပို့သကဲ့သို့ သင်းအုပ်တို့နှင့် သင်းထောက်များကိုလည်း ရေးသားပေးပို့ခဲ့ကြသည်ကိုသတိပြုပါ။ ရှင်ပေါလုမရှိခိုက် တွင်ဖိလိပ္ပိအသင်းတော်တိုးတက်ခဲ့ကြောင်းကို ဤအချင်းအရာကညွှန်ပြနေသည်။ ရှင်ပေါလုသည် တစ်နေရာထဲတွင်ကြာကြာနေလေ့မရှိပါ။ ရှင်ပေါလုသည်အတော် အတန်ဝေးကွာသောနေရာမှလာခဲ့ကာ သတင်းကောင်းတရားတော်ကိုဟောကြား ပြီးခေါင်းဆောင်နေရာကိုရယူနိုင်မည့် အဖွဲ့တစ်ဖွဲ့ကိုဖွဲ့စည်း၍ ထိုယုံကြည်သူလူသစ် များအနေဖြင့်မိမိစတင်ခဲ့သောအရာကို သန့်ရှင်းသောဝိညာဉ်တော်နှင့်နှုတ်ကပတ် တော်၏လမ်းပြမှုဖြင့် ဆက်လက်လုပ်ဆောင်ကြရန် ထားရစ်ခဲ့လေ့ရှိသည်။

ရှင်ပေါလုသည် သခင်ယေရှုခရစ်တော်နှင့် ဘုရားသခင်ထံမှလာသော ကျေးဇူးတော်နှင့် ငြိမ်သက်ခြင်းအကြောင်းကို အသင်းတော်အားအသိပေးထားခြင်း ဖြင့်မိမိ၏စာစောင်ကိုအစပြုထားသည်။ ကျေးဇူးတော်ဆိုသည်မှာ မထိုက်မတန် ဘဲရရှိသောဘုရားသခင်၏မျက်နှာသာပေးမှုဖြစ်သည်။ ငြိမ်သက်ခြင်း(ငြိမ်းချမ်းခြင်း) ဆိုသည်မှာ ဘုရားသခင်နှင့်လည်းကောင်း၊ ဤလောကအတွက်ထားရှိသောဘုရား သခင်၏ရည်ရွယ်ချက်များနှင့်လည်းကောင်း သဟဇာတဖြစ်နေခြင်းနှင့်သက်ဆိုင် သည်။ မထိုက်တန်ဘဲရသောမျက်နှာသာပေးခြင်းနှင့် ငြိမ်သက်ခြင်းတို့ကိုမိမိတို့၏ အသက်တာ၌လိုအပ်လျက်ရှိသောသူ အမြောက်အမြားရှိပါသည်။ သို့သော် ဤနေ

ရာတွင်ရှင်ပေါလုကယုံကြည်သူများကို လိပ်မူပြောဆိုနေကြောင်းကိုသတိပြုပါ။ ယုံကြည်သူများပင်လျှင် ဘုရားသခင်၏မျက်နှာသာပေးမှုနှင့် ဂရုဏာမေတ္တာလိုအပ်ကြပါသည်။ ကျွန်ုပ်တို့အားလုံးသည် ဘုရားသခင်ကသတ်မှတ်ပေးထားသောစံချိန်စံညွှန်းကိုမမီဘဲရှိနိုင်ကြပါသည်။ ကျေးဇူးတော်သည်မယုံကြည်သူများအတွက်သာမဟုတ်ပါ။ ယုံကြည်သူများဖြစ်ကြသည့် ကျွန်ုပ်တို့သည်လည်း ဘုရားသခင်၏ကျေးဇူးတော်ကိုလိုအပ်ကြပါသည်။ ဘုရားသခင်၏ငြိမ်သက်ခြင်းမှာလည်း အလားတူပင်ဖြစ်သည်။ ဘုရားသခင်နှင့်ကျွန်ုပ်တို့၏ ဆက်ဆံရင်းနှီးမှုများမှာ လုံခြုံစိတ်ချရပြီဖြစ်သော်လည်း ဤဆက်ဆံရင်းနှီးမှု၌ ဘုရားသခင်ကကျွန်ုပ်တို့အတွက်ရည်ရွယ်ထားသောငြိမ်သက်ခြင်းကိုမခံစားရကြပါ။ ဖိလိပ္ပိယုံကြည်သူများကိုထောက်ရှု၍ရှင်ပေါလု၏နှလုံးသားထဲတွင် ဘုရားသခင်အားကျေးဇူးတင်ရှိခြင်းများနှင့် ပြည့်လျှံနေပါသည်။ ရှင်ပေါလု၏စိတ်အာရုံထဲ၌ သူတို့ပေါ်လာတိုင်း တမန်တော်ကြီးသည်သူတို့အတွက် ဘုရားသခင်ကိုကျေးဇူးတင်နေမိပါသည်။ ရှင်ပေါလုသည် ဆုတောင်းခြင်းနှလုံးသားနှင့်ရှင်သန်နေထိုင်သူဖြစ်သည်။ ဘုရားသခင်ပေးသနားသော မိမိ၏နေ့ရက်များကိုရှင်သန်ဖြတ်သန်းရာ၌ ဘုရားသခင်ကသူ့စိတ်အာရုံဆီသို့ လူများကိုယူဆောင်လာသောအခါတွင် ရှင်ပေါလုသည်ထိုသူအားလုံးကို လက်တော်ထဲသို့ဆက်ကပ်လျက်ဆုတောင်းပါသည်။ ဤအချင်းအရာမှသင်ခန်းစာတစ်ခုကို ကျွန်ုပ်တို့သင်ယူရပါမည်။ နေ့တစ်နေ့၏ဖြစ်စဉ်တစ်ခုတွင် ဘုရားသခင်သည် ကျွန်ုပ်တို့၏စိတ်နှလုံးထဲသို့လူများကိုမည်၍မည်မျှဆောင်ကျဉ်း၍ သတိရစေပါသနည်း။ တစ်ခါတစ်ရံတွင်ကျွန်ုပ်တို့၏စိတ်နှလုံးထဲ၌ ထိုသူတို့အတွက်ဆုတောင်းပေးဖို့ သေချာရေရာသောအကြောင်းအရာများရှိချင်မှရှိပေလိမ့်မည်။ သို့သော် ကျွန်ုပ်တို့သည်ရှင်ပေါလုပြုသကဲ့သို့ထိုသူများအတွက် ဘုရားသခင်ကိုကျေးဇူးတင်ချီးမွမ်းနိုင်ပါသည်။

ရှင်ပေါလုကဖိလိပ္ပိယုံကြည်သူတို့အား အချိန်တိုင်းသူတို့အတွက်ဝမ်းမြောက်သောစိတ်နှလုံးနှင့်အတူဆုတောင်းပေးနေကြောင်း ပြောပြခဲ့သည်။ ဖိလိပ္ပိယုံကြည်သူများသည်ရှင်ပေါလုနှလုံးသား၏ အဓိကအချက်အချာနေရာကိုသိမ်းပိုက်ထားကြသည်ဟုထင်မြင်ရသည်။ ဖိလိပ္ပိမြို့ရှိအသင်းတော်သည် သတင်းကောင်းတရားတော်ကြဲဖြန့်ရာ၌ ရှင်ပေါလုနှင့်လက်တွဲပါဝင်ခဲ့ကြသည်။ ရှင်ပေါလုနှင့်သူတို့ဆုံတွေ့ချိန်မှစ၍ရှင်ပေါလု၏သာသနာပြုလုပ်ငန်း၏နောက်ကွယ်မှ မားမားရပ်တည်ပေးခဲ့ကြပြီး ရှင်ပေါလုနှင့်အတူဆုတောင်းခြင်း၌ အပတ်တကုတ်ကြိုးစားအားထုတ်ခဲ့ကြသည်။ ဤကဲ့သို့သောအသင်းတော်များသည် ရှင်ပေါလုအားသတင်းကောင်းတရားတော်ကိုဆက်လက်၍ဟောကြားရန် စွမ်းဆောင်ပေးခဲ့ကြသည်။ သူတို့သည်ရှင်ပေါလုကဲ့သို့ရှေ့တန်းစစ်မျက်နှာ၌ရှိမနေကြသော်လည်း သူတို့သည်နိုင်ငံတော်လုပ်ငန်းအတွက်အလွန်အရေးပါလျက်ရှိနေကြပါသည်။

ရှင်ပေါလုကဖိလိပ္ပိမြို့ရှိယုံကြည်သူများအား သူတို့၌ကောင်းသောအမှုကိုပြုခဲ့သောသခင်ဘုရားသည် ထိုအမှုကိုပြီးပြည့်စုံစေမည့်အကြောင်းကို မိမိစိတ်ချကြောင်းပြောပြရင်းအသိပေးထားသည် (ငယ် ၆)။ ဤကျမ်းပိုဒ်ငယ်တွင် အကြောင်းအရာအချို့ကိုသတိပြုပါ။ ပထမအချက်မှာ ဘုရားသခင်သည်အမှုကိုပြုလုပ်သောသူဖြစ်သည်။ ရှင်ပေါလုသည် ဖိလိပ္ပိမြို့ဒေသတစ်ဝိုက်သို့ သွားရောက်ခဲ့သည်မှာမှန်ပါသည်။ ထိုအရပ်ဒေသတွင် သူသည်သတင်းကောင်းတရားတော်ကိုဟောကြားဝေငှခဲ့ပြီး သူပြုလုပ်ခဲ့သောသာသနာအောက်၌ လူအများသခင်ခရစ်တော်ထံသို့ပြောင်းလဲရောက်ရှိလာခဲ့ကြရသည်။ သို့သော် ရှင်ပေါလုကဤအမှုအရာကို မိမိပြုလုပ်ခဲ့သောအမှုအရာအဖြစ်မမှတ်ယူခဲ့ပါ။ သူ၏စိတ်နှလုံးထဲတွင် ဖိလိပ္ပိမြို့၌ပေါ်ပေါက်ခဲ့သောကယ်တင်ခြင်းဖြစ်ရပ်များသည်ဘုရားသခင်၏လုပ်ဆောင်ချက်များဖြစ်ကြောင်း

ယုံမှတ်ထားသည်မှာသံသယဖြစ်စရာမရှိပါ။ ကျွန်ုပ်တို့၏သာသနာလုပ်ငန်းများတွင်လည်း၎င်းအချင်းအရာကို နားလည်သဘောပေါက်ထားဖို့လိုအပ်သည်။ ကျွန်ုပ်တို့ချစ်ရသောသူများ၏အသက်တာကိုပြောင်းလဲရန် ကျွန်ုပ်တို့လုပ်နိုင်သမျှသောအရာကိုကျွန်ုပ်တို့ကြိုးစား၍လုပ်ဆောင်နိုင်ပါသည်။ သို့သော် သခင်ဘုရားကြားဝင်လာ၍ထိုအပြောင်းအလဲများကိုဖြစ်အောင်မလုပ်ဆောင်ချိန်အထိ ကျွန်ုပ်တို့၏ကြိုးစားအားထုတ်မှုများမှာ အချည်းအနှီးသက်သက်သာဖြစ်ကြရပါလိမ့်မည်။ လူတို့၏စိတ်နှလုံးကိုပြောင်းလဲစေသောအမှုမှာ ဘုရားသခင်၏အလုပ်ဖြစ်သည်။ ကျွန်ုပ်တို့မှာထိုအပြောင်းအလဲဖြစ်စဉ်၌ အသုံးတော်ခံတန်ဆာပလာအဖြစ် ဆင့်ခေါ်ခြင်းခံထားရသူများသာဖြစ်ကြပြီးအလုပ်အမှုကိုအစပြု၍ ပြည့်စုံအထမြောက်ခြင်းကို ဖော်ဆောင်သူမှာ ဘုရားသခင်သာဖြစ်ရပေမည်။

ကျွန်ုပ်၏ပင်ကိုယ်အစွမ်းအစဖြင့် ကျွန်ုပ်၏အသက်တာ၌အရာများကိုပြောင်းလဲရန်မည်သို့မကြာခဏကြိုးစားခဲ့ပါသနည်း။ ကျွန်ုပ်သည်ဆုတောင်းခြင်းအမှုကိုပို၍လုပ်ဆောင်ရန်လည်းကောင်း၊ ကိုယ့်ကိုကိုယ်စည်းကမ်းဖြင့်ထိန်းသိမ်းချုပ်တည်းရန်လည်းကောင်း မကြာခဏကြိုးစားအားထုတ်ခဲ့ပါသည်။ ကျွန်ုပ်သည်မပြောအပ်သောအရာများကိုမပြောမိဖို့ရန်လည်းကောင်း၊ မတွေးအပ်သောအရာများကို စိတ်၌မတွေးမိရန်ကို လည်းကောင်းကြိုးစားခဲ့ပါသည်။ သို့သော် အမှန်တွင်ကျွန်ုပ်တို့၏ ကြိုးစားအားထုတ်မှု၌သခင်ဘုရားသာမပါဝင်လျှင် ထိုအပြောင်းအလဲများမှာ ကြာရှည်ခံသောအပြောင်းအလဲများဖြစ်ဖို့ မျှော်လင့်ချက်အမှန်ပင်မရှိပါ။ ကျွန်ုပ်တို့ အနေဖြင့်ဆန္ဒပြင်းပြသော လုပ်ဖော်ဆောင်ဖက်များဖြစ်ကြရမည်ဖြစ်ပြီးအပြောင်းအလဲအတွက်လိုအပ်သော အစွမ်းတန်ခိုးနှင့်ခွန်အားများမှာ ဘုရားသခင်ထံမှဖြစ်ရမည်။ သခင်ယေရှု ကောင်းကင်ဘုံသို့ပျံချီသွားချိန်တွင် သူကိုယုံကြည်

လက်ခံသော သူတို့၏နှလုံးသားထဲ၌ နေထိုင်ကိန်းဝပ်ရန်မိမိ၏သန့်ရှင်းသော ဝိညာဉ်တော်ကို စေလွှတ်ခဲ့သည်။ စစ်မှန်သောပြောင်းလဲမှုသည် သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် ဘုရားသခင်ပြုလုပ်သောအမှုဖြစ်ရပေမည်။ ကျွန်ုပ်တို့ ကိုယ့်ကိုကိုယ်ပြောင်းလဲဖို့ ကြိုးစားအားထုတ်ခြင်းမျိုးကိုရပ်တန့်ရမည်ဖြစ်ပြီး ကျွန်ုပ်တို့အတွက် ထိုအပြောင်းအလဲများကို ဘုရားသခင်အားလုပ်ခွင့်ပေးရမည်။ ဘုရားသခင်သည် ကျွန်ုပ်တို့၌သူအစပြုခဲ့သောအရာကို ပြည့်စုံအထမြောက်စေပါသည်။

ဒုတိယအချက်မှာ မိမိ၏သားတော်ပြန်လည်ကြွဆင်းလာသည့်အချိန်အထိ ကျွန်ုပ်တို့၌ဆက်လက်၍အလုပ်လုပ်နေရန်မှာ ဘုရားသခင်၏ရည်ရွယ်ချက်ဖြစ်ကြောင်းကိုအခန်းငယ် ၆ တွင်သတိပြုပါ။ မိမိတို့သည်ပြည့်စုံသောဝိညာဉ်ရေးရင့်ကျက်ခြင်းသို့ ရောက်နေကြပြီဟု ယုံကြည်နေကြသောသူများကို သင်တွေ့ဖူးပေလိမ့်မည်။ သမ္မာကျမ်းစာနှင့်ပတ်သက်၍ သူတို့၌သင်ယူစရာမရှိတော့ဟု စိတ်ရင်းအမှန်ဖြင့်ကျွန်ုပ်အားပြောပြခဲ့သောသူများကို ကျွန်ုပ်တွေ့ကြုံဖူးပါသည်။ ဤကျမ်းပိုဒ်သည်ထိုကဲ့သို့ သောပုဂ္ဂိုလ်များကိုစိန်ခေါ်နေပါသည်။ ဘုရားသခင်သည် မိမိသားတော်တစ်ဖန် ပြန်လည်ကြွဆင်းမလာမချင်း ကျွန်ုပ်တို့၌စတင်ခဲ့သောအရာကို ဆက်လက်၍ဖော်ဆောင်နေမည့်အကြောင်း ရှင်ပေါလုကကျွန်ုပ်တို့ကို ပြောပြထားပါသည်။ တစ်နည်းအားဖြင့်ဆိုရလျှင် ကျွန်ုပ်တို့သည်ဝိညာဉ်ရေးရာ ခရီးဆုံးသို့ရောက်ခဲ့ကြပြီဟု ထင်မှတ်နေကြနိုင်ပါသော်လည်း ဘုရားသခင်က ကျွန်ုပ်တို့ထက်ပို၍ သိမြင်နားလည်စွမ်းပါသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့ကိုဆက်လက်ပုံသွင်း၍ သင်တန်းပေးထိန်း ကျောင်းနေပါလိမ့်မည်။ ထိုအချင်းအရာကို သူနှင့်နက်နဲသောမိတ်သဟာယဖွဲ့ခြင်းသို့ မသွားနိုင်အောင်ကျွန်ုပ်တို့ဆီးတား

ထားသည့် ကျွန်ုပ်တို့ကိုယ်တိုင်ပင်မသိသော အရာများကို ဖော်ပြတွေ့မြင်စေခြင်းဖြင့် လုပ်ဆောင်သွားပါမည်။

ဘုရားသခင်သည် ဘယ်တော့မျှလက်လျှော့မည်မဟုတ်ပါ။ သူသည်ကျွန်ုပ်တို့၏နှလုံးသား၊ ကျွန်ုပ်တို့၏အသက်တာ၌အစပြုခဲ့သောအရာ ပြည့်စုံအထမြောက်ခြင်းကိုအထူးစိတ်ဝင်စားသည်။ ဤနှစ်ကာလများတွင် ကျွန်ုပ်အသက်တာ၌ကိုင်တွယ်ဖြေရှင်းရန်လိုအပ်သည့်အရာများစွာကို ဖော်ပြတွေ့မြင်စေခဲ့သည်။ ဤအရာများနှင့်စပ်လျဉ်း၍ ဘုရားသခင်ထံ၌ကျွန်ုပ်ငိုယိုမြည်တမ်းခဲ့ပါသည်။ ကျွန်ုပ်၏စိတ်နှလုံးတွင်လည်း သခင်ယေရှုနှင့်ပို၍သဏ္ဍာန်တူလာခြင်းအဖြစ်ကို တောင့်တနေခဲ့ပါသည်။ တစ်ခါတစ်ရံတွင် ဤအရာများအပေါ်၌ ကျွန်ုပ်အောင်မြင်နိုင်ပါ့မလားဟု မေးခွန်းထုတ်မိပါသည်။ ဤနေရာ၌ဘုရားသခင်ကတိပေးထားသည်မှာ ကျွန်ုပ်၌ဆက်လက်၍ပြီးစီးအောင်ပြုတော်မူမည်ဟူသော အချက်ပင်ဖြစ်သည်။ ဘုရားသခင်ကျွန်ုပ်၌ဆက်လက်၍အလုပ်လုပ်နေသမျှ ကျွန်ုပ်၌မျှော်လင့်ချက်ရှိနေပါသည်။ သူသည် ကျွန်ုပ်ကိုအမျိုးမျိုးသောအခြေအနေများအားဖြင့် ပုံသွင်းနေပါသည်။ တစ်ခါတစ်ရံတွင်ထိုဘဝအခြေအနေများမှာ အလွန်ခက်ခဲပါသည်။ တစ်ခါတစ်ရံတွင် ဘုရားသခင်၏ထိုစည်းကမ်းများနှင့်ပဲ့ပြင်ထိန်းကျောင်းမှုများကို ခုခံစီးတားကြပါသည်။ သို့သော် ဤနေရာ၌တွေ့ရသောစိန်ခေါ်ချက်မှာ ကျွန်ုပ်တို့၌ သူအစပြုခဲ့သောအမှုကို သူ့အားဆက်လက်၍အကောင်အထည်ဖော်စေခြင်းပင်ဖြစ်သည်။ ဘုရားသခင်သည်မိမိ၏အမှုကို ဖိလိပ္ပိယုံကြည်သူများ၌ ဆက်လက်၍ဖော်ဆောင်သွားမည့်အကြောင်း ရှင်ပေါလုအနေဖြင့်စိတ်ချလျက်ရှိသည်။

ဤဘဝဤအချိန်အခါတွင် ရှင်ပေါလုမှာသံခြေကျင်းများဖြင့် ခတ်လျက်ထောင်နန်းစံနေရသည်။ ဤသို့ကြုံတွေ့ရသော်ငြားလည်း ရှင်ပေါလု၌ ကျေးဇူးတင်

စိတ်များ တစ်ဖွားဖွားပေါ်ပေါက်နေခဲ့ပါသည်။ သူသည်ဖိလိပ္ပိယုံကြည်သူများ အတွက်ဝမ်းသာအားရစွာဖြင့်ဆုတောင်းနေခဲ့ပါသည်။ ရင်ဆိုင်ဖြတ်သန်းနေရသော ဘဝအခြေအနေများသည်ဖိလိပ္ပိယုံကြည်သူများအပေါ်၌ထားရှိသော ရှင်ပေါလု၏ စိတ်ခံစားချက်များကိုမပြောင်းလဲနိုင်ခဲ့ကြပါ။ ရှင်ပေါလုကသူတို့အား ဘုရားသခင်၏ မျက်နှာပေးမှုနှင့် ဂရုဏာတရားတော်ကို အတူတကွမျှဝေခံစားနေ သူများအဖြစ် ရှုမြင်ခဲ့သည်။ သူတို့သည်လုပ်ဖော်ဆောင်ဖက်များဖြစ်၍ ဘုရားသခင်၏ကြီးမြတ် သောကျေးဇူးတော်နှင့် ဂရုဏာတော်ကို အတူတကွမျှဝေခံစားနေကြပါသည်။ ရှင်ပေါလုသည် ဖိလိပ္ပိယုံကြည်သူများအား ခရစ်ယာန်တို့၏ချစ်ခြင်းမေတ္တာ၌ အဘယ်မျှလွမ်းဆွတ်တောင့်တနေကြောင်းကို ဘုရားသခင်သိခဲ့ပါသည်

ဤယုံကြည်သူများသည် ဘုရားသခင်၏ချစ်ခြင်းမေတ္တာကိုပို၍ခံစားကြ၍ ဘုရားသခင်၏နှုတ်ကပတ်တော်ကို သိကျွမ်းနားလည်ခြင်းနှင့် ထိုးထွင်းမြော်မြင်တတ် ခြင်းတို့၌တိုးပွားကြမည့်အကြောင်း အခန်းငယ် ၉ တွင် ရှင်ပေါလုကဆုတောင်းပေး ထားသည်။ ဤနေရာ၌တွေ့ရသော မျှတ၍ဟန်ချက်ညီမှုတစ်ခုကိုသတိပြုပါ။ ရှင်ပေါလုကသူတို့အား ဘုရားသခင်၏ချစ်ခြင်းမေတ္တာကိုနက်နက်နဲနဲခံစားသိမြင်ရန် အလိုရှိခဲ့ပါသည်။ သို့သော်လည်း ထိုအရာသည်ဘုရားသခင်၏နှုတ်ကပတ်တော် ကိုသိကျွမ်းနားလည်ခြင်းနှင့် နီးကပ်စွာဆက်စပ်နေပါသည်။ သခင်ခရစ်တော်ကို ကျွန်ုပ်တို့ချစ်ခြင်းနှင့်ခံစားသိမြင်ခြင်းသည် သမ္မာကျမ်းစာ၌ဖော်ပြသောထိုသခင်၏ အကြောင်းကိုကျွန်ုပ်တို့သိကျွမ်းနားလည်ခြင်းနှင့် ချိတ်ဆက်နေရမည်။ လူအချို့က ဘုရားသခင်ကိုချစ်ခြင်းအကြောင်းအား အလေးအနက်ထားကြသော်လည်း သမ္မာ ကျမ်းစာလေ့လာခြင်းအရေးကြီးပုံကို လျစ်လျူရှုထားတတ်ကြသည်။ အချို့ကလည်း ဘုရားသခင်မည်သူဖြစ်ကြောင်းနှင့်စပ်လျဉ်းသော သိကျွမ်းနားလည်မှုများကိုအလေး

အနက်ထားကြသော်လည်း ဘုရားသခင်ကိုစိတ်နှလုံးအကြွင်းမဲ့ဖြင့် စစ်မှန်စွာချစ်ရန် ပျက်ကွက်ခဲ့ကြသည်။ ရှင်ပေါလုက ဖိလိပ္ပိယုံကြည်သူများအနေဖြင့် ဘုရားသခင်ကို ချစ်ခြင်း၌တိုးပွားကြရုံသာမက ဘုရားသခင်နှင့်ဘုရားသခင်၏ရည်ရွယ်ချက်များကို သိကျွမ်းနားလည်ခြင်း၌လည်း တိုးပွားလာကြသည်ကိုလိုချင်ခဲ့သည်။ ဖိလိပ္ပိယုံကြည်သူများကဤဟန်ချက်ညီမျှတမှုကို တွေ့မြင်နားလည်သောအခါ၌သာသူတို့သည် စစ်မှန်စွာသန့်ရှင်းဖြူစင်ကြ၍ ဘုရားသခင်ရှေ့တော်၌ အပြစ်အနာအဆာကင်းနိုင်ခဲ့ကြမည်ဖြစ်သည် (ငယ် ၁၀)။

ဤသိကျွမ်းနားလည်ခြင်းနှင့်ချစ်ခြင်း ဟန်ချက်ညီမျှအမှုသည်ဖြောင့်မတ်ခြင်းအသီးအပွင့်သီးပွင့်ရာမြေဖြစ်သည် (ငယ် ၁၁)။ ကမ္ဘာတစ်ဝှမ်းရှိအသင်းတော်များနှင့်ယုံကြည်သူများသည် ဤဟန်ချက်ညီမျှတမှုကို ရှာကြံကြရန်လိုအပ်သည်။ အသင်းတော်တစ်ပါးက ချစ်ခြင်းမေတ္တာမပါဘဲသိကျွမ်းနားလည်ခြင်းကို အလေးအနက်ထားနေပြီး အခြားအသင်းတော်တစ်ပါးကလည်း သိကျွမ်းနားလည်မှုမပါဘဲ ချစ်ခြင်းမေတ္တာအကြောင်းကို အလေးအနက်ထားနေသည်။ ဤကဲ့သို့သောမညီမျှခြင်းရှိလာတိုင်း စစ်မှန်သောဖြောင့်မတ်ခြင်းလည်း ကင်းမဲ့လာမည်ဖြစ်သည်။ ကျွန်ုပ်တို့သည်ချစ်ခြင်းမေတ္တာ၌အမှုတော်ကိုဆောင်ကြရမည်ဖြစ်သော်လည်း ထိုအမှုတော်ဆောင်ခြင်းကိုသမ္မာတရားအား သိကျွမ်းနားလည်ခြင်းဖြင့်လုပ်ဆောင်ကြရမည်။ စစ်မှန်သောဖြောင့်မတ်ခြင်းအသီးအပွင့်သည် ချစ်ခြင်းမေတ္တာနှင့်သမ္မာတရားတို့ဟန်ချက်ညီမျှတနေသော မြေတွင်သာသီးပွင့်ကြပါသည်။ ထိုသို့အားဖြင့်သာလျှင် အသင်းတော်များအနေဖြင့်လည်းကောင်း၊ တစ်ဦးချင်းစီအနေဖြင့်လည်းကောင်း ကျွန်ုပ်တို့သည်သခင်ဘုရားအထံ၌ ဘုန်းကြီးခြင်းနှင့်ဂုဏ်ကြီးခြင်းကိုဆောင်ယူလာနိုင်ကြမည်။

ယုံကြည်သူများဖြစ်ကြသော်လည်း ကျွန်ုပ်တို့၌မည်သူတစ်ဦးတစ်ယောက်မျှ ပကတိပြည့်စုံသူမရှိကြောင်း ရှင်ပေါလုကဤနေရာတွင် ကျွန်ုပ်တို့ကိုအသိပေးထားသည်။ ဘုရားသခင်သည်ကျွန်ုပ်တို့စွန့်ပစ်သွားမည်မဟုတ်ပါ။ ကျွန်ုပ်တို့၌သူအစပြုခဲ့သောအမှုကို ဆက်လက်၍အကောင်အထည်ဖော်သွားမည်ဟု ကတိတော်ပေးထားသည်။ ကျွန်ုပ်တို့သည် နှုတ်ကပတ်တော်အားဖြင့် သူ့ကိုသိကျွမ်းနားလည်ခြင်း၌ တိုးပွားလာခြင်းကိုသာ ဘုရားသခင်အလိုတော်ရှိသည်မဟုတ်၊ သူ့ကိုခံစားနားလည်သောချစ်ခြင်းမေတ္တာ၌လည်းတိုးပွားကြရန်အလိုတော်ရှိသည်။ မေတ္တာရှင်အဖဘုရားသခင်သည် ကျွန်ုပ်တို့ကိုမိမိသားတော်၏ပုံသဏ္ဍာန်တော်၌ ပုံသွင်း ပြုပြင်နေသည်နှင့်အမျှ ကျွန်ုပ်တို့ကလည်းသူ့အထံ၌ လိုလိုလားလားဆက်ကပ်အပ်နှံထားကြရမည်။ ဖိလိပ္ပိမြို့ရှိယုံကြည်သူများအတွက် ရှင်ပေါလု၏ဟစ်ကြွေးတောင်းဆိုချက်မှာ သူတို့၏အသက်တာ၌ဘုရားသခင်အစပြုခဲ့သောအမှုကို ဘုရားသခင်အား ဆက်လက်၍ အကောင်အထည်ဖော်ခွင့်ပြုကြရန်ပင်ဖြစ်သည်။

## စဉ်းစားသုံးသပ်ရန်အချက်များ

- မိမိသာသနာပြုနေသောသူများအပေါ်၌ထားရှိသော ရှင်ပေါလု၏စိတ်သဘောထား၊ ထိုအကြောင်းနှင့်စပ်လျဉ်း၍ ဤကျမ်းချက်က ကျွန်ုပ်တို့အားမည်သည့် အရာကိုသွန်သင်ပေးနေပါသနည်း။
- သင်သာသနာပြုနေသောသူများအတွက် သင့်ရဲ့စိတ်၌မည်သည့်အရာရှိနေပါသနည်း။
- နိုင်ငံတော်နှင့်သက်ဆိုင်သောအမှုသည် ကျွန်ုပ်တို့၏အမှုမဟုတ်၊ ဘုရားသခင်၏အမှုဖြစ်ကြောင်းကို နားလည်သဘောပေါက်ရန်အဘယ်ကြောင့်

အရေးကြီးပါသနည်း။ ဤနားလည်သဘောပေါက်မှုသည် ကျွန်ုပ်တို့၏ အမှုတော်ဆောင်ပုံဆောင်နည်းကို မည်သို့ပြောင်းလဲစေပါသနည်း။

- ဘုရားသခင်သည် မိမိ၏သားတော်ပြန်လည်ကြွဆင်းလာခြင်းမတိုင်မီအထိ ကျွန်ုပ်တို့နှင့်ဆက်လက်၍ အတူတကွအလုပ်အလုပ်လိုနေသည်ဟူသော အချက်မှမည်သို့သောခွန်အားပေး တိုက်တွန်းမှုမျိုးကိုသင်ရရှိပါသနည်း။ သင့်အသက်တာ၏ မည်သည့်အစိတ်အပိုင်းတွင် ဘုရားသခင်အလုပ်လုပ်ဖို့လိုအပ်ပါသည်။
- သမ္မာတရား(သိကျွမ်းနားလည်ခြင်း)နှင့် ချစ်ခြင်းမေတ္တာတို့အကြားရှိဟန်ချက်ညီမျှတမှုရှိရခြင်းအကြောင်းနှင့်စပ်လျဉ်း၍ မည်သည့်အရာကိုကျွန်ုပ်တို့သင်ယူရပါသနည်း။ ဤဟန်ချက်ညီမျှတမှုမျိုးကို သင့်ရဲ့အသင်းတော်၌လည်ကောင်း၊ သင့်ရဲ့အသက်တာ၌လည်းကောင်း တွေ့ရှိခဲ့ပြီးပါသလား။

## ဆုတောင်းရန်အချက်များ

- သင်သာသနာပြုနေသောသူများအပေါ်၌ သာ၍ကြီးမားသောမေတ္တာတရားကိုပေးကမ်းနိုင်ဖို့ ထိုအရာအတွက်သခင်ဘုရားထံ၌တောင်းလျှောက်ပါ။
- ဘုရားသခင်သည် သင်နှင့်ပြီးပြတ်သွားခြင်းမရှိသေးသည့်အတွက် ကျေးဇူးတင်ချီးမွမ်းလိုက်ပါ။ သင့်အသက်တာ၌ ကိုယ်တွယ်ဖြေရှင်းရန်ဆက်လက်လိုအပ်နေသေးသည့်အရာများကို ကိုင်တွယ်ဖြေရှင်းပေးဖို့ သခင်ဘုရားကိုတောင်းလျှောက်ပါ။
- သမ္မာတရားနှင့်ချစ်ခြင်းမေတ္တာ ဟန်ချက်ညီမျှတမှုရှိခြင်းကို သင့်အသက်

တာ၌လည်းကောင်း၊ သင့်ရဲ့အသင်းတော်၌လည်းကောင်း ပေးသနားရန် သခင်ဘုရားထံ၌တောင်းလျှောက်ပါ။

- သင့်အသက်တာ၌ ဘုရားသခင်ကိုလည်းကောင်း၊ ဘုရားသခင်၏လုပ်ဆောင်ချက်များကိုလည်းကောင်း ဆက်ကပ်အပ်နှံမှုမရှိခဲ့သည့်အချိန်များအတွက်ခွင့်လွှတ်ပေးရန် ဘုရားသခင်ကိုတောင်းလျှောက်ပါ။

## ၂
## အဆိုးမှအကောင်းသို့

---

**ဖိလိပ္ပိ ၁း၁၂-၁၉ ကိုဖတ်ရှုပါ။**

ဘဝ၌သေချာကြုံတွေ့ရမည့်အရာများမှတစ်ခုမှာ ဆိုးသောအရာများရောက်လာမည်ဟူသောအချက်ပင်ဖြစ်သည်။ နှစ်လိုဖွယ်မကောင်း၍ ဆိုးဝါးသောအရာများသည်ကောင်းသောအရာတစ်ခုခုကို မည်သို့ဖြစ်ပေါ်စေနိုင်သနည်းဟူသောအချက်ကိုနားလည်သဘောပေါက်ရန်မှာ အမြဲလိုလိုခက်ခဲပါသည်။ တမန်တော်ရှင်ပေါလုပင်လျှင်ခက်ခဲဆိုးဝါးသောအခြေအနေများကို ရင်ဆိုင်တွေ့ကြုံခဲ့ပါသည်။ ဤစာစောင်ကိုရှင်ပေါလုရေးသားချိန်တွင် သူသည်သတင်းကောင်းတရားတော်ကိုဟောပြောခြင်းကြောင့် ထောင်နန်းစံနေရပါသည်။

အခန်းငယ် ၁၂ တွင် ရှင်ပေါလုက ဖိလိပ္ပိယုံကြည်သူများအားမိမိ၌ဖြစ်ပျက်ခဲ့သောအရာများသည် နိုင်ငံတော်တိုးတက်ကျယ်ပြန့်ဖို့အတွက်ဖြစ်ကြောင်း ပြန်လည်အသိပေးထားခြင်းဖြင့်အစပြုထားသည်။ ရှင်ပေါလုတွင်အားကောင်းပြင်းထန်သောအမှုတော်တစ်ပါးရှိခဲ့သည်။ သူ၏ကြိုးစားအားထုတ်မှုများမှတဆင့် မြောက်မြားစွာသောလူတို့မှာသခင်ဘုရားကိုသိကျွမ်းလာခဲ့ကြသည်။ ထူးချွန်ပြောင်မြောက်လှသော

ဤတမန်တော်ကြီး၏ထောင်နန်းစံခြင်းသည် ဘုရားသခင်၏နိုင်ငံတော်တိုးတက် ကျယ်ပြန့်ခြင်းကို မည်သို့ဖြစ်စေနိုင်ပါမည်နည်း။

ဘုရားသခင်၏နည်းလမ်းများမှာ ကျွန်ုပ်တို့နည်းလမ်းများနှင့်အလွန်ကွာခြားပါသည်။ အစပထမ၌ အလွန်ဆိုးဝါးသောအရာများဟုထင်ရသောအရာများသည် အမှန်တွင်ကျွန်ုပ်တို့ကိုလွတ်မြောက်စေသောအရာများဖြစ်နေကြသည်။ ယောနသည်မိမိအားဝါးမြိုရန်လာနေသော ငါးကြီး၏ပါးစပ်ပေါက်ကြီးကိုတွေ့မြင်ချိန်တွင် သူသည်ထိုအရာကို မိမိအားလွတ်မြောက်စေမည့်အရာဟု သိမြင်ခဲ့ပုံမပေါ်ပါ။ သို့သော် ထိုအရာသည်သူ့ကိုလွတ်မြောက်စေခဲ့သောအရာဖြစ်ခဲ့သည်။ ထိုနေ့တွင် ဘုရားသခင်သည် ယောနအားကမ်းခြေသို့ပို့ဆောင်ပေးဖို့ ပို၍သာယာညိမ့်ငြောင်းသောနည်းလမ်းများကိုအသုံးပြုနိုင်ပါသော်လည်း ထိုသို့မပြုလုပ်ခဲ့ပါ။ ဘုရားသခင်ရွေးချယ်သောနည်းလမ်းများကို ထိုသို့အဘယ်ကြောင့်သူရွေးချယ်ခဲ့သည့်အကြောင်းကိုကျွန်ုပ်တို့အမြဲလိုလိုနားမလည်နိုင်ခဲ့ကြပါ။ သို့သော် ကျွန်ုပ်တို့စိတ်ချနေနိုင်သည့်အချက်မှာ ဘုရားသခင်၌စစ်မှန်သောရည်ရွယ်ချက်တစ်ခု ရှိနေပါသည်ဟူသောအချက်ဖြစ်သည်။

ရှင်ပေါလု၏အရေးကိစ္စတွင် ရှင်ပေါလုသည်သခင်ခရစ်တော်အတွက်ကြောင့်အကျဉ်းခံနေရသည့်အဖြစ်ကို နန်းတော်စောင့်တပ်သားများအားလုံးကသိရှိနားလည်ခဲ့ကြပါသည်။ ဤသည်မှာ နိုင်ငံတော်အတွက်အစွမ်းထက်သောသက်သေခံချက်တစ်ခုဖြစ်နေခဲ့သည်မှာ သံသယပွားစရာမရှိပါ။ မိမိ၏ယုံကြည်ချက်အတွက် မားမားရပ်တည်ရန် အကြောက်တရားမရှိသောသူတစ်ဦးကိုတွေ့ရပါသည်။ ထိုပုဂ္ဂိုလ်သည်မိမိယုံကြည်သည့်အရာအတွက် အသက်ကိုပင်ပေးဆပ်ရန် ဆန္ဒရှိနေသောသူဖြစ်သည်။

ဖိလိပိုင်နိုင်ငံသို့သွားစဉ်လမ်းခရီးတွင် အစွန်းရောက်ဝါဒီများ၏တစ်နှစ်ခန့် ပြန်ပေးဆွဲခြင်းကိုခံရသော သာသနာပြုဇနီးမောင်နှံနှစ်ယောက်အကြောင်းကိုကျွန်ုပ်ကြားသိခဲ့သည်။ အဆုံးတွင်အမျိုးသားမှာအသတ်ခံခဲ့ရသည်။ ထိုသေဆုံးသွားသော သာသနာပြုဆရာနှင့်ရင်းနှီးသော အခြားသာသနာပြုဆရာတစ်ပါးနှင့် ကျွန်ုပ်စကားစမြည်ပြောဆိုမိရာတွင် ထိုသာသနာပြုဆရာက သေဆုံးသွားသောသာသနာပြုဆရာ၏ပုံသက်သေသည် အခြားသူများ၏အသက်တာ၌ သတင်းကောင်းတရားတော်အတွက် အသက်ပေးဖို့အဆင်သင့်ဖြစ်မှု ရှိ-မရှိမေးခွန်းကိုမေးရန် စေ့ဆော်ခံရကြောင်းကျွန်ုပ်အားပြောပြခဲ့သည်။ ထိုအဖြစ်အပျက်၏ရလာဒ်အနေဖြင့် မြောက်မြားစွာသောသာသနာပြုများသည် သခင်ခရစ်တော်အတွက် ပို၍ပြည့်ဝစွာပါဝင်ဆက်ကပ်ခဲ့ကြပါသည်။ ကျွန်ုပ်တို့သည်ယုံကြည်ခြင်း၌ အမြဲလိုလိုထူးမခြားနားနှင့်ပျင်းရိလေးတွဲနေကြပါသည်။ ညှင်ပန်းနှိပ်စက်ခြင်းသည် အသင်းတော်ကိုလှုပ်ရှားတက်ကြွလာအောင်စေ့ဆော်တိုက်တွန်းပေးနိုင်ပါသည်။ ညှင်းပန်းနှိပ်စက်ခြင်းတွင်ယုံကြည်သူများသည်ခွန်အားသစ်များသွန်းလောင်းခြင်းကိုခံရသည်။ အသင်းတော်၌ညှင်းပန်းနှိပ်စက်ခြင်းကိုရင်ဆိုင်တွေ့ကြုံရသောအခါ ဟန်ဆောင်သူများမှာ အသင်းတော်ကိုစွန့်ခွာသွားကြပြီး စစ်မှန်သောသူများမှာယုံကြည်ချက်၌ ပို၍ဆက်ကပ်လာကြမြဲဖြစ်သည်။ ဤသည်မှာ ရှင်ပေါလု၌ဖြစ်ပျက်နေသောအရာဖြစ်သည်။

ရှင်ပေါလုကဖိလိပ္ပိယုံကြည်သူများအား မိမိ၏သံခြေကျင်းခတ်ဘဝအခြေအနေသည်အခြားသူများအား ပို၍ရဲရင့်အောင်တိုက်တွန်းစေ့ဆော်ပေးပါသည်ဟုပြောပြနေပါသည် (ငယ် ၁၄)။ သူတို့သည်ရှင်ပေါလု၏ ပုံဥပမာကိုလိုက်လျှောက်၍ သတင်းကောင်းတရားတော်ဟောပြောဝေငှရာတွင် ပို၍ရဲရင့်လာကြသည်။ လူတိုင်းသည်မှန်ကန်သောစိတ်ရင်းဖြင့် သတင်းကောင်းတရားတော်ကိုမဟောပြောကြ

ကြောင်းရှင်ပေါလုနားလည်ခဲ့သည်။ အချို့ကမနာလိုစိတ်မှပြုလုပ်နေကြသည်။ သူတို့သည်အတ္တရည်မှန်းချက်များ၏ စေ့ဆော်တိုက်တွန်းခြင်းကိုခံကြရပြီး ရှင်ပေါလုအကျဉ်းခံနေချိန်၌ ကိုယ့်ကိုကိုယ်ချီးမြှောက်မြှင့်တင်ရန်ကြိုးစားနေကြသည်။ သို့သော်စစ်မှန်သောစိတ်ရင်းဖြင့် သတင်းကောင်းတရားတော်ကို ဟောပြောဝေငှ နေသောသူများလည်းရှိနေပါသည်။ ဤပုဂ္ဂိုလ်များက ရှင်ပေါလုသည်သတင်းကောင်းတရားတော်ကြောင့် ထောင်နန်းစံနေရသည်ကိုနားလည်သဘောပေါက်ခဲ့ကြပြီး ရှင်ပေါလုမရှိခြင်းကြောင့်ဖြစ်ပေါ်လာသော ဟာကွက်များကိုဖြည့်ဆည်းခြင်း အလုပ်ကိုသူတို့ရယူခဲ့ကြသည်။

ဘုရားသခင်နှင့်သူ၏နည်းလမ်းများနှင့်ပတ်သက်၍ ကျွန်ုပ်တို့ဘယ်သောအခါတွင်မျှနားလည်မည်မဟုတ်သည့်အရာများရှိပါသည်။ တမန်တော်ကြီးရှင်ပေါလုနှင့်၎င်း၏လုပ်နိုင်စွမ်းများအားလုံးသည် အကျဉ်းထောင်၏အခန်းကျဉ်းလေးထဲတွင် ချုပ်နှောင်ထားခြင်းကိုခံနေရစဉ်တွင် တစ်ဖက်၌အတ္တရည်မှန်းချက်များဖြင့် သခင်ခရစ်တော်အကြောင်းကို ဟောကြားနေကြသောလူများမှာလည်း လွတ်ချင်တိုင်းလွတ်နေကြပါသည်။ သို့သော် ဘုရားသခင်၏အကြံအစည်းများမှာ ပကတိပြည့်စုံ ကောင်းမွန်လှပါသည်။ လုပ်သမျှသောအရာတိုင်းတွင်ရည်ရွယ်ချက်နှင့်ကြံစည်ချက်များ သူ့၌ရှိပါသည်။ သင်သည်ရလာဒ်အနည်းငယ်သာရသော (သို့) ရလာဒ်လုံးလုံး မရှိသောအသေးအမွှားအလုပ်တစ်ခုတွင်နှစ်ပေါင်းများစွာရုန်းကန်ကောင်းရုန်းကန် နေရပေမည်။ သင်သည်နာမကျန်းမှုကြောင့်အိပ်ယာထက်၌ကန့်သတ်ချုပ်ချယ်ခြင်းကို ခံရကောင်းခံရပေမည်။ ပြဿနာတစ်ခုပြီးတစ်ခု သင့်အားဒုက္ခပေးကောင်းပေးနေပေမည်။ ဤသို့သောဘဝအခြေအနေများကို ကြုံတွေ့နေရသောကြောင့်ဘုရားသခင်သည် ကျွန်ုပ်တို့

ကိုဒဏ်ခတ်နေပါသည်ဟု ထင်မှတ်ရန်အဘယ်မျှလွယ်ကူပါသနည်း။ သို့သော် ဤသည်မှာရှင်ပေါလု၏ယုံကြည်ထားချက်မဟုတ်ပါ။ ရှင်ပေါလုအကျဉ်းစံနေရခြင်းတွင် ဘုရားသခင်၌သီးခြားရည်ရွယ်ချက်တစ်ခုရှိခဲ့ပါသည်။ ဘုရားသခင်သည်သင်ရင်ဆိုင်နေရသော စစ်ကြောခြင်းများအတွက်လည်း ရည်ရွယ်ချက်တစ်ခုရှိနေပါသည်။

ရှင်ပေါလုသည် အခြားသူများကသူ့အားထင်မြင်ယူဆချက်ဖြင့် ပြောဆိုနေကြသောအရာများအပေါ်၌ လွန်ကဲစွာအလေးထားမှုမပြုခဲ့ပါ။ မမှန်ကန်သောစိတ်ရင်း များဖြင့်သတင်းကောင်းတရားတော်ကို ဟောကြားနေသောသူများကိုပင် ဤအချိန်အခါတွင်ရှင်ပေါလုဂရုမစိုက်အားပါ။ ရှင်ပေါလုအတွက်အရေးကြီးနေသောအရာမှာ သတင်းကောင်းတရားတော်ကို ဟောပြောကြခြင်းပင်ဖြစ်သည်။ ဤအကြောင်း အရာကိုအနည်းငယ်အသေးစိတ် လေ့လာသုံးသပ်ဖို့အချိန် အနည်းငယ်ယူကြပါစို့။

ကျွန်ုပ်တို့ကိုယ့်ကိုကိုယ် ချီးမြှောက်မြှင့်တင်ရန်ဟူသောရည်ရွယ်ချက်ဖြင့် သခင်ခရစ်တော်အကြောင်းအား ဟောပြောခြင်းသည် လက်ခံဖွယ်ဖြစ်သည်ဟု ရှင်ပေါလုကပြောဆိုနေခြင်းမဟုတ်ပါ။ ကျွန်ုပ်တို့အားလုံးသည် ဖြူစင်သန့်ရှင်းသောစိတ်ရင်းမှသခင်ခရစ်တော်အကြောင်းကို ဟောကြားဝေငှရန်ကြိုးပမ်းကြရမည်ဖြစ်သည်။ ရှင်ပေါလုပြောပြနေသည့်အရာမှာ ဘုရားသခင်သည်မိမိအလိုရှိသူကိုရွေးချယ်၍အသုံးပြုနိုင်သည်ဟူသောအချက်ဖြစ်သည်။ ဤအချင်းအရာ၏သက်သေအထောက်အထားများကို ကျွန်ုပ်၏ခေတ်ကာလ၌ပင်တွေ့မြင်နေရပါသည်။ လူအများကသူကိုအထင်ကြီးလေးစားရန် ဟူသောရည်ရွယ်ချက်ဖြင့် တရားဟောပြောနေသောတရားဟောဆရာများကို သင်တွေ့မြင်ကြားနာဖူးပါလိမ့်မည်။ ဤကဲ့သို့

သောတရားဟောဆရာများသည် သူတို့၏ကိုယ်ပိုင်နောက်လိုက်များကို စုရုံးရန် အတွက်တရားဟောနေကြပါသည်။ သူတို့၏ရည်ရွယ်ရင်းများမှာ မှားယွင်းနေနိုင်ပါ သော်လည်း ဘုရားသခင်သည်လူတို့၏အသက်တာကို သတင်းကောင်းတရားတော် နှင့်တို့ထိရန် ဤပုဂ္ဂိုလ်များကိုဆက်လက်၍အသုံးပြုဆဲဖြစ်သည်။

မမှန်ကန်သောစိတ်ရင်းဖြင့် သတင်းကောင်းတရားတော်ကိုဟောပြောနေ သောဤပုဂ္ဂိုလ်များသည် တစ်နေ့တွင်တရားစီရင်ခြင်းကိုခံရမည်ဖြစ်ပြီး ၎င်းတို့၏ စိတ်ရင်းစိတ်ဓာတ်များကိုလည်း ဖော်ထုတ်ခံရမည်ဖြစ်သည်။ ဘုရားသခင်နှင့်သင့် တင့်လိုသောသူများမှာမူကား သူတို့၏စိတ်ရင်းစိတ်ဓာတ်နှင့် ရည်ရွယ်ချက်များကို အထူးဂရုစိုက်ကြပါလိမ့်မည်။ ကျွန်ုပ်တို့၏ကိုယ်စီမပြည့်စုံမှုများနှင့်အတူ ဘုရားသခင် သည်ကျွန်ုပ်တို့အသုံးပြုနိုင်သောကြောင့် ဘုရားသခင်ကိုကျွန်ုပ်တို့ကျေးဇူးတင်ဖို့လို အပ်သည်။ ဘုရားသခင်သည် ပကတိပြည့်စုံသောသူများကိုသာလိုအပ်ခဲ့လျှင်ကျွန်ုပ် တို့ထဲမှမည်သူမျှအသုံးပြုခံရမည်မဟုတ်ပါ။

နောက်ထပ်လေ့လာဖို့ ဒုတိယအချက်တစ်ချက်ရှိပါသေးသည်။ အခြားသူ များ၏စိတ်ရင်းစိတ်ဓာတ်နှင့် ရည်ရွယ်ရင်းများကို တရားစီရင်သုံးသပ်ဖို့သည်ကျွန်ုပ် တို့၏အလုပ်မဟုတ်ပါ။ ရှင်ပေါလုသည် ဤအချင်းအရာကိုဘုရားသခင်၏လက် တော်၌အပ်နှံထားသည်။ လူတို့၏စိတ်ရင်းစိတ်ဓာတ်ကို လွယ်လင့်တကူကျွန်ုပ်တို့ စီရင်ဆုံးဖြတ်တတ်ကြပါသည်။ ရှင်ပေါလုကကျွန်ုပ်တို့အား သတင်းကောင်းတရား တော်ကြွေဖြန့်ခြင်းအမှု၌သာ အာရုံစိုက်လုပ်ဆောင်ကြရန် ဤနေရာတွင်စိန်ခေါ်ထား သည်။ မြောက်မြားစွာသောသူတို့သည် ၎င်းတို့အချိန်များကိုသူတစ်ပါးအားဝေဖန် သုံးသပ်ရာ၌ဖြုန်းတီးခဲ့ကြသည်။ အသင်းတော်သည်စိတ်ဝမ်းကွဲမှုများ၊ ပြစ်တင်ဝေဖန် မှုများဖြင့်ပြည့်နှက်နေသည်။ အကြောင်းအရာအမျိုးမျိုးတွင် စိတ်ဝမ်းကွဲနေကြသည်။

အသင်းတော်၏ဝတ်ပြုပုံစံများကို ကျွန်ုပ်တို့မနှစ်သက်ကြ (သို့) ၎င်းတို့၏သာသနာလုပ်ငန်းဦးတည်အလေးထားရာများကို ကျွန်ုပ်တို့သဘောမတူကြပါ။ ထို့ကြောင့်သူတို့ထံမှခွဲထွက်၍ သူတို့ကိုပြစ်တင်ဝေဖန်ကြပါသည်။ ဘုရားသခင်သည်သူတို့ကိုအသုံးပြု၍ မည်သို့ရွေးချယ်ခဲ့သည်ဟူသောအချက်ကို ကျွန်ုပ်တို့မမြင်နိုင်ခဲ့ကြပါ။

ရှင်ပေါလုသည် ကွဲပြားသောစိတ်ရင်းစိတ်ဓာတ်၊ ကွဲပြားသောရည်ရွယ်ချက်များနှင့်အတူ သတင်းကောင်းတရားတော်ကို ကွဲပြားသောနည်းလမ်းဖြင့်ဟောပြောနေခဲ့မည်မှာမှန်ပါသည်။ သို့သော် ဤသို့သောကွဲပြားချက်များရှိလင့်ကစားဘုရားသခင်၏နိုင်ငံတော်မှာ ရှေ့သို့ဆက်လက်ချီတက်နေပါသည်။ သင်နေထိုင်ရာမြို့၏နောက်တစ်မြို့တွင်နေထိုင်သော တရားဟောဆရာသည် သင်နှင့်အရေးမကြီးလှသောအယူဝါဒသွန်သင်ချက်များတွင်  သဘောထားမတိုက်ဆိုင်သော်လည်းထိုတရားဟောဆရာသည် ၎င်း၏သာသနာလုပ်ငန်းတွင် အသီးအပွင့်များစွာကိုတွေ့မြင်နေရသည့်အဖြစ်တွင် သင်ဝမ်းမြောက်နိုင်ပါသလား။ လူအများသခင်ခရစ်တော်ထံပါးသို့ရောက်လာ၍ အပယ်ငရဲ၏မီးတောက်များမှ လွတ်မြောက်ကြမည့်အရေးကိုတွေ့မြင်ရန်မှာ ရှင်ပေါလု၏စိတ်ရင်းသဘောထားပင်ဖြစ်သည်။ သခင်ခရစ်တော်အကြောင်းဟောပြောနေကြခြင်းတွင် ရှင်ပေါလုဝမ်းမြောက်နေခဲ့ပါသည်။

အခန်းငယ် ၁၉ တွင် ရှင်ပေါလုက သခင်ယေရှု၌လည်းကောင်း၊ မိမိအသက်တာအတွက်ထားရှိသော ဘုရားသခင်၏ရည်ရွယ်ချက်၌လည်းကောင်း မိမိယုံကြည်စိတ်ချကြောင်း တစ်ဖန်အတည်ပြုဖော်ပြထားသည်။ ဤယုံကြည်သူများသည်ဆုတောင်းခြင်း၌ မိမိနှင့်ဆက်နွယ်နေကြသည်နှင့်အမျှ ဘုရားသခင်သည်မိမိရင်ဆိုင်နေရ သောဆင်းရဲခြင်းဒုက္ခနှင့်စစ်ကြောခြင်းများအားဖြင့် အံ့ဖွယ်အမှုကိုပြုလုပ်မည့်အကြောင်း ရှင်ပေါလုစိတ်ချယုံကြည်ထားသည်။

ယနေ့သင်ရင်ဆိုင်နေရသောပြဿနာကို ကျွန်ုပ်မသိပါ။ သို့သော်လည်း အထက်၌ဖော်ပြခဲ့သည့် အခြေခံစည်းမျဉ်းဥပဒေမှာအတူတူပင်ဖြစ်သည်။ ဘုရားသခင်သည်ကျွန်ုပ်တို့ကိုရင့်ကျက်ခြင်းဖြစ်စဉ်ထဲ၌သွတ်သွင်းနေပြီးသားတော်ကိုသာ၍ သိကျွမ်းခြင်း၌ကျွန်ုပ်တို့ကိုဆောင်ကျဉ်သွားနေပါသည်။ ဘုရားသခင်သည်ကျွန်ုပ်တို့၏ အသက်တာရှိအပြစ်ဒုစရိုက်၏ ခံတပ်များမှလွတ်မြောက်ဖို့စွမ်းဆောင်ပေးနေပါသည်။ ထိုသို့ပြုလုပ်ရာ၌ သူအသုံးပြုသောနည်းလမ်းများမှာ တစ်ခါတစ်ရံကျွန်ုပ်တို့အတွက်ထူးဆန်းနေပါသည်။ သို့သော် ဘုရားသခင်သည်မိမိ၏အကြံအစည်ကို ဆက်လက်၍အကောင်အထည်ဖော်သွားပါလိမ့်မည်။ ဤအချက်ကိုကျွန်ုပ်တို့စိတ်ချလက်ချယုံကြည်နိုင်ပါသည်။

## စဉ်းစားသုံးသပ်ရန်အချက်များ

- ဘုရားသခင်သည် သင့်အသက်တာ၌ဆိုင်သောအရာများကို အကောင်းအတွက်အသုံးပြုခဲ့သည်ကို ကြုံတွေ့ဖူးပါသလား။ ရှင်းပြပါ။
- ဤနေရာတွင်ဘုရားသခင်၏ ရည်ရွယ်ချက်များနှင့်လည်းကောင်း၊ အကြံအစည်များနှင့်လည်းကောင်းစပ်လျဉ်း၍ ကျွန်ုပ်တို့မည်သည့်အရာကိုသင်ယူရပါသနည်း။ ဘုရားသခင်သည် ကျွန်ုပ်တို့မျှော်လင့်ထားသည့်အတိုင်းအမြဲတမ်းလုပ်ဆောင်ပါသလား။
- ခရစ်တော်၌ရှိသော ကျွန်ုပ်တို့၏ညီအစ်ကိုမောင်နှမများကို အပြစ်တင်စီရင်ခြင်း နှင့်ပတ်သက်၍ကျွန်ုပ်တို့မည်သည့်အရာကိုသင်ယူရပါသည်။ အခြားအသင်းတော်များရှိယုံကြည်သူများနှင့် သင်မည်သို့သော ဆက်ဆံ

ရင်းနှီးမှုမျိုးရှိပါသနည်း။ သူတို့အားဘုရားသခင်အသုံးပြုနေသော နည်းလမ်းအတွက် ဘုရားသခင်ကိုကျေးဇူးတင်ချီးမွမ်းနိုင်ပါသလား။

- ရှင်ပေါလုသည်မိမိဖြတ်သန်းနေရသော စစ်ကြောခြင်းကိုမည်သို့ရှုမြင်ပါသနည်း။ သင့်၌အလားတူစိတ်သဘောထားမျိုးရှိပါသလား။

## ဆုတောင်းရန်အချက်များ

- ခရစ်တော်၌ရှိသော သင့်ရဲ့ညီအစ်ကိုမောင်နှမသည် သင်နှင့်အတွေးအခေါ် အယူအဆများမတူသောကြောင့် သင်တို့အားပြစ်တင်စီရင်ခဲ့သည့်အပြစ် အများအတွက် ခွင့်လွှတ်ပေးရန်ဘုရားသခင်ကိုတောင်းလျှောက်ပါ။
- ဘဝအသက်တာ၌ကြုံတွေ့ရသော အခြေအနေများအားလုံးကို မိမိ၏ဘုန်း တော်ထင်ရှားရန်အတွက်အသုံးပြုနိုင်ခြင်းကြောင့် ကျေးဇူးတင်ချီးမွမ်းပါ။
- သင်ရင်ဆိုင်ကြုံတွေ့ရသောစစ်ကြောခြင်း၌ ဘုရားသခင်သည်သင့်အား ရှင်ပေါလုကဲ့သို့သောစိတ်သဘောထားမျိုးကိုပေးရန် တောင်းရှောက်ပါ။ ဘုရားသခင်၏ရည်ရွယ်ချက်များ၌ သာ၍ကြီးမားသောစိတ်ချယုံကြည်မှုကို ပေးသနားရန်တောင်းလျှောက်ပါ။

၄
# အသက်ရှင်သည်ဖြစ်စေ၊ သေသည်ဖြစ်စေ

---

**ဖိလိပ္ပိ ၁း၂၀-၃၀ ကိုဖတ်ရှုပါ။**

ကျွန်ုပ်တို့ဆင်ခြင်နှလုံးသွင်းခဲ့ကြသည့်နောက်ဆုံးအခန်းတွင် ရှင်ပေါလုက မိမိ၏အသက်တာ၌ကြုံတွေ့လာရသောအဆိုးများကို ကောင်းသောရည်ရွယ်ချက်များအတွက်ဘုရားသခင်အသုံးပြုနိုင်ကြောင်း ဖိလိပ္ပိယုံကြည်သူများအားမည်သို့ပြန်လည်အသိပေးခဲ့သည့်အကြောင်းကို ကျွန်ုပ်တို့တွေ့မြင်ခဲ့ကြပြီးဖြစ်သည်။ ရှင်ပေါလုထောင်ထဲ၌ရှိနေသည့်အဖြစ်သည် ရှင်ပေါလု၏သာသနာလုပ်ငန်းကို ဟန့်တားနှောင့်ယှက်ရန်ရည်ရွယ်ခဲ့သော်လည်း ဘုရားသခင်သည် ထိုအဖြစ်ကိုသတင်းကောင်းတရားတော်ကြဲဖြန့်ရန်အတွက်အသုံးပြုခဲ့ပါသည်။ မည်သည့်အရာများပင်ဖြစ်ပျက်နေကြလင့်ကစား ဘုရားသခင်အရာအားလုံးကိုထိန်းချုပ်ထားပါသည်။ ကျွန်ုပ်တို့သည်ကြီးစွာသောနှစ်သိမ့်ခြင်းကို ဤအမှန်တရားမှရယူနိုင်ကြပါသည်။

ဤအသက်တာတွင် ကျွန်ုပ်တို့ကြုံတွေ့ကြရမည့်အရာများကို ကျွန်ုပ်တို့အမှန်တကယ်မသိရှိနိုင်ကြပါ။ ဘုရားသခင်သည် အချို့သောသူများကိုစစ်ကြောခြင်း၊ ခက်ခဲခြင်းများနှင့်ပြည့်နေသောဆူးခင်းလမ်း၌လျှောက်ရန် ဆင့်ခေါ်ခွဲခန့်ပါလိမ့်မည်။

သူတို့လျှောက်လှမ်းရမည့်ဘဝခရီးသည် အတားအဆီးများဖြင့်ပြည့်နှက်နေပါလိမ့်မည်။ ထိုအခက်အခဲအဆီးအတားများကို အောင်နိုင်ခြင်းဖြင့် သူတို့သည်ဘုရားသခင်၏ကျေးဇူးဂရုဏာတော်နှင့် တန်ခိုးတော်တို့ကိုသက်သေပြကြပါလိမ့်မည်။ အခြားသောသူများမှာမူ လွယ်ကူချောမော၍ ကိုယ်စိတ်ချမ်းသာမှုများနှင့်ပြည့်နေသောပန်းခင်းလမ်းကိုလျှောက်ကြရပါလိမ့်မည်။ ဤအခြေအနေကိုပင်ဘုရားသခင်သည်မိမိ၏နိုင်ငံတော်အတွက် ၎င်းတို့၏အသက်တာ၌ဘုန်းတော်ထင်ရှားဖို့အသုံးပြုပါလိမ့်မည်။ လူတို့အား၎င်းတို့ရင်ဆိုင်ဖြတ်သန်းရသော ဘဝအခြေအနေများကိုကြည့်၍ကျွန်ုပ်တို့မစီရင်သင့်ပါ။ ဘုရားသခင်သည် လူကောင်းများကိုပင်မိမိကြံစည်ထားသောအရာများအတွက်ပြင်ဆင်ရန် မီးအားဖြင့်စစ်ကြောခြင်းကိုခံစေပါလိမ့်မည်။ ခက်ခဲသောလမ်းဖြစ်စေ၊ သာယာဖြောင့်ဖြူးသောလမ်းဖြစ်စေ မည်သည့်လမ်းကို ဘုရားသခင်အသုံးပြုသည်ဖြစ်ပါစေ ကျွန်ုပ်တို့သည်ဘုရားသခင်ကိုဂုဏ်ပြုလေးစားရန်အရေးကြီးသည်။

ဤဘဝ၌ ရှင်ပေါလုအဓိကဆုတောင်းသောအချက်မှာ သခင်ယေရှု၏ရှေ့တော်၌ရပ်သောအခါ အရှက်ကွဲအကျိုးနည်းခြင်းမဖြစ်ဖို့ပင်ဖြစ်သည်။ ရှင်ပေါလုသည်မိမိ၏အသက်တာ၌လည်းကောင်း၊ မိမိပြုလုပ်သောအရာများအားလုံး၌လည်းကောင်း ဘုရားသခင်ကိုချီးမြောက်လိုခဲ့သည်။ ဤအချင်းအရာသည်အရေးပါသောအရာအဖြစ် လိုချင်တောင့်တစွာမျှော်လင့်ခဲ့သည့်အဖြစ်ကို အခန်းငယ် ၂၀ တွင်သတိပြုပါ။ ရှင်ပေါလုသည် ဤအရာအားမိမိအသက်တာ၌ပြည့်စုံဖို့ မျှော်လင့်နိုင်ရသည့်အကြောင်းမှာ ဤအရာဖြစ်ပျက်လာဖို့ အရာခပ်သိမ်းကိုပေးဆပ်ထားခဲ့သောကြောင့်ဖြစ်သည်။ သခင်ယေရှုအားဂုဏ်ကြီးခြင်း၊ ဂုဏ်ပြုခြင်းကိုဆောင်ယူလာနိုင်ဖို့ ဤအသက်တာကိုအကောင်းဆုံးသူနေထိုင်ခဲ့သည်။ မိမိ၏ကယ်တင်ရှင်အားဂုဏ်

အသရေထင်ရှားခြင်းကိုဆောင်ကြဉ်းလာနိုင်ဖို့ လုပ်စွမ်းနိုင်သမျှကိုလုပ်၍ မိမိ၏ဆုကျေးဇူးများကိုအသုံးပြုခဲ့သည်။ ဘုရားသခင်သည် သူ့အားဤလောက၌ဆက်လက်၍ရှင်သန်စေခဲ့လျှင်ပင် သူသည်မိမိ၏နေထိုင်ကျင့်ကြံမှုများ၌ သခင်ခရစ်တော်ကိုဘုန်းတော်ထင်ရှားစေခြင်းဖြင့် ရှင်သန်သွားပါလိမ့်မည်။

ရှင်ပေါလု၏ဘဝပန်းတိုင်သတ်မှတ်ထားချက်ကို ကျွန်ုပ်ဝေမျှရယူကြလျှင် ထိုအချင်းအရာသည် ကျွန်ုပ်တို့၏အသက်တာ၌ ကြီးစွာသောခြားနားချက်ကိုပြုလုပ်ပါလိမ့်မည်။ ရှင်ပေါလုကမိမိသည်သခင်ယေရှုအား "အသက်ရှင်သည်ဖြစ်စေ၊ သေသည်ဖြစ်စေ" ဂုဏ်အသရေထင်ရှားစေလိုကြောင်း ကျွန်ုပ်တို့အားပြောပြထားသည်ကိုသတိပြုပါ။ သင်သည်မည်သည့်ဘဝအခြေအနေမျိုးကို ယခုရင်ဆိုင်နေရပါသနည်း။ ဤနေရာ၌ရှင်ပေါလုပြောပြထားချက်ကိုသင်တွေ့မြင်ပါသလား။ ရှင်ပေါလုကကျွန်ုပ်တို့အားပြောပြနေသောအရာမှာ ဘုရားသခင်ကျွန်ုပ်တို့အတွက်သတ်မှတ်ပေးထားသောအရာများသည် မည်သည့်အရာပင်ဖြစ်နေကြပါစေ ထိုအရာများကိုရယူ၍ကျွန်ုပ်တို့ရင်ဆိုင်နေရသော ဘဝအခြေအနေများ၌ ဘုရားသခင်ကိုဘုန်းတော်ထင်ရှားစေဖို့ကျွန်ုပ်တို့၏ ဘဝပန်းတိုင်များအဖြစ်ဖန်တီးကြရမည်ဟူ၍ဖြစ်သည်။ ဤအရာသည် အမြဲလွယ်ကူမည်တော့မဟုတ်ပါ။ အချို့လူများမှာထောင်နန်းစံရ၍ဆင်းရဲခြင်းဒုက္ခကိုကြုံတွေ့ကြရပေမည်။ အချို့မှာညှင်းပန်းနှိပ်စက်ခြင်းကိုခံကြရပေမည်။ ကျွန်ုပ်တစ်ခါကြုံဖူးသော အမျိုးသားကြီးတစ်ယောက်ကိုသတိရမိသည်။ ထိုပုဂ္ဂိုလ်ကကျွန်ုပ်အားသူ့ဘဝ၌ အကြောက်ရွံ့ဆုံးသောအရာမှာ သူ့ရဲ့သခင်ကိုဂုဏ်အသရေညှိုးစေမည်ကိုဖြစ်ကြောင်းပြောပြခဲ့သည်။ မယုံကြည်နိုင်လောက်စရာဘဝပန်းတိုင်မဟုတ်ပါလား။ ကျွန်ုပ်ရင်ဆိုင်ကြုံတွေ့ရသော ဆင်းရဲခြင်းဒုက္ခနှင့်နာမကျန်းဖြစ်ခြင်းတို့၌ သခင်ယေရှုကိုကျွန်ုပ်ဂုဏ်ထင်ရှားစေချင်ပါသည်။ ကျွန်ုပ်၏ကြွယ်ဝ

ချမ်းသာခြင်းနှင့်ကောင်းကြီးမင်္ဂလာတို့၌ သခင်ယေရှုကိုကျွန်ုပ်ဂုဏ်ထင်ရှားစေချင်ပါသည်။ ကျွန်ုပ်၏ယုံကြည်ချက်ကြောင့် ညှင်းပန်းနှိပ်စက်ခြင်းကိုခံရ၍ သေခြင်းတရားကိုရင်ဆိုင်ရမည်ဆိုခဲ့လျှင်ပင် ကျွန်ုပ်မည်သို့မည်ပုံသေဆုံးခြင်းဖြင့် သခင်ယေရှုကိုဂုဏ်ထင်ရှားစေရန် ထိုအရာကိုလက်ခံပါမည်။ ဤသည်မှာရှင်ပေါလု၏ဘဝပန်းတိုင်ပင်ဖြစ်သည်။ ကျွန်ုပ်တို့၏ဘဝပန်းတိုင်လည်းဖြစ်ရပေမည်။

ယုံကြည်သူရင်ဆိုင်ကြုံတွေ့ရသည့်အခက်အခဲများကို ရှင်ပေါလုစဉ်းစားတွေးထင်နေသည့်အလျောက် သူသည်မိမိ၏စာဖတ်သူတို့အား သခင်ယေရှုအတွက်အမြင့်ဆုံးသောပေးဆပ်ပူဇော်ခြင်းကိုပြု၍ ၎င်းတို့၏အသက်များကိုပင်စတေးရမည်ဆိုလျှင်ထိုသေခြင်းသည် ၎င်းတို့အတွက်အကျိုးအမြတ်တစ်ခုဖြစ်ကြောင်း၊ အဘယ့်ကြောင့်ဆိုသော် သေခြင်းသည်သခင်ယေရှု၏မျက်မှောက်တော်သို့ဝင်ရောက်ရခြင်းဖြစ်ကြောင်း ပြောပြခဲ့ပါသည်။ ဤအချင်းအရာသည် ယုံကြည်သူများအတွက်အကြီးမားဆုံးသောဝမ်းမြောက်ခြင်းဖြစ်မည်ဖြစ်သည်။ သို့သော် ရှင်ပေါလုကမိမိ၏စာဖတ်သူတို့အား အခန်းငယ် ၂၁ တွင် ပြောပြထားသည့်အရာကို သတိပြုကြည့်ပါ။ ဤနေရာ၌ ရှင်ပေါလုကကျွန်ုပ်တို့အားပြောပြနေသည့်အရာကို လွဲချော်၍မဖြစ်ပါ။ ရှင်ပေါလုကသေခြင်းသည် ကောင်းကြီးမင်္ဂလာဖြစ်နေစဉ်တွင် အသက်ရှင်ခြင်းသည်လည်းကောင်းကြီးမင်္ဂလာဖြစ်ကြောင်း ကျွန်ုပ်တို့အားပြောပြနေပါသည်။ သခင်ယေရှုကိုသင့်ရဲ့ကယ်တင်ပိုင်ရှင်အဖြစ် သင်သိရှိနားလည်ထားပါက အသက်ရှင်ခြင်းသည်ထိုသခင်၏မျက်မှောက်ပြုခြင်းကို သင့်ရဲ့နေ့စဉ်အသက်တာ၌ကြုံတွေ့ခံစားခြင်းဖြစ်သည်။

လွန်ခဲ့သောအချိန်၌ ကျွန်ုပ်သည်သာသနာလုပ်ငန်း၌ မြောက်မြားစွာသောဆန့်ကျင်တွန်းလှန်ခြင်းကိုရင်ဆိုင်ရခြင်းအပေါ်၌ တိုင်တန်ညည်းတွားနေခဲ့ပါသည်။

ကျွန်ုပ်အမှုတော်ဆောင်နေသောအသင်းတော်တွင် ပြဿနာပေါင်းများစွာဒလဟော စီးဝင်လာကြသည်ဟုထင်မှတ်ရသည်။ ဤအရာကိုဘုရားသခင်ရှေ့တော်သို့ကျွန်ုပ် ဆောင်ယူလာခဲ့သည်။ ကျွန်ုပ်သည်ဆုတောင်း၍ သခင်ဘုရားအား(ထူးခြားသပ္ပာယ် လာအောင်)ရုပ်ဆင်းအင်္ဂါပြောင်းလဲခြင်းတောင်ပေါ်၌ တပည့်တော်တို့နှင့်အတူရှိခဲ့ သည့်ခရစ်ဝင်ကျမ်းများမှ ဖော်ပြထားသည့်အချိန်ကာလကို ပြန်လည်ပြောပြခဲ့ပါ သည်။ ကျွန်ုပ်သည်သခင်ဘုရားကို ထိုနေ့ထိုတောင်ထိပ်၌ တပည့်တော်များတွေ့မြင် ခံစားခဲ့သည့်အတိုင်း သခင့်ရဲ့မျက်မှောက်ပြုခြင်းကို တွေ့မြင်ခံစားလိုကြောင်းပြောပြ ခဲ့သည်။ သခင်ဘုရားကကျွန်ုပ်အားမီးတောက်မီးလျှံကြားထဲမှ ဒံယေလ၏ သူငယ်ချင်းသုံးယောက်အကြောင်းကို ချက်ခြင်းပြန်လည်အသိပေးလာပါသည်။ သခင်ဘုရားဖော်ပြလိုခဲ့သောနှိုင်းယှဉ်ချက်ကို ကျွန်ုပ်တွေ့မြင်ခဲ့ပါသည်။ ထို နှိုင်းယှဉ်ချက်မှာ တောင်ထိပ်ရှိမိတ်ဆွေသုံးယောက်နှင့် မီးတောက်မီးလျှံထဲရှိ မိတ်ဆွေသုံးယောက်တို့ဖြစ်သည်။ ထို့နောက် ဘုရားသခင်သည်ကျွန်ုပ်၏ စိတ်နှလုံး ထဲ၌ "ဝိန်း၊ တောင်ထိပ်မှာရှိတဲ့မိတ်ဆွေသုံးယောက်ကမီး တောက်မီးလျှံထဲမှာရှိတဲ့ မိတ်ဆွေသုံးယောက်ထက် ဘုရားသခင်ရဲ့မျက်မှောက်ပြုခြင်းကိုပိုခံစားရတယ် လို့မင်းထင်လား"ဟုပြောခဲ့သည်။ ထိုအရာကို ကျွန်ုပ်အချိန် အနည်းငယ်ယူ၍ စဉ်းစားပြီးနောက်တွင် တောင်ထိပ်၌ပြခဲ့သောဘုရားသခင်၏မျက် မှောက်ပြုခြင်း တန်ခိုးတော်သည် မီးတောက်မီးလျှံ၌ပြုခဲ့သော မျက်မှောက်ပြုခြင်း တန်ခိုးတော်နှင့် အတူတူပင်ဖြစ်ကြောင်းကို ကျွန်ုပ်နားလည်သဘောပေါက်ခဲ့သည်။ ကျွန်ုပ်ပြော ပြလိုသောအချက်မှာ ဘုရားသခင်သည်အသက်ရှင်ခြင်း၌လည်းကောင်း၊ သေခြင်း၌ လည်းကောင်း ကျွန်ုပ်တို့သည်အတူရှိနေမည်ဟူသော ကတိတော်ပြုထားချက်ပင် ဖြစ်သည်။ ဘုရားသခင်သည် အဆင်ပြေချောမွေ့နေသောအချိန်၌သာကျွန်ုပ်

တို့နှင့်အတူရှိနေသည်မဟုတ်ပါ။ ဆိုးဝါးကြမ်းတမ်းသောအချိန်များတွင်လည်း ကျွန်ုပ်တို့နှင့်အတူရှိပါသည်။ ဤတစ်ကြိမ်၌ရှိခဲ့သော ဘုရားသခင်၏မျက်မှောက်ပြုခြင်းသည်အခြားအချိန်၌ရှိသော မျက်မှောက်ပြုခြင်းအတိုင်းစစ်မှန်ပါသည်။ ရှင်ပေါလုကသေလျှင်မူကားသာ၍အကျိုးရှိ၏။ သို့သော် အသက်ရှင်ခြင်းသည်လည်း သခင်ခရစ်တော်နှင့်သခင်ခရစ်တော်ပေးသနားတော်မူသော အရာအားလုံးကိုရယူခံစားသောအကျိုးကိုဖြစ်စေပါသည်ဟု ကျွန်ုပ်တို့အားပြန်လည်အသိပေးထားပါသည်။

ရှင်ပေါလုအတွက် ဤလောက၌ဆက်လက်၍ ရှင်သန်ရခြင်း၏အကျိုးတစ်ခုမှာသူသည်အသင်းတော်ကို ဆက်လက်၍အလုပ်အကျွေးပြုနိုင်ခြင်းပင်ဖြစ်သည်။ ဤလောက၌ဆက်လက်၍ ရှင်သန်ခြင်းဆိုသည်မှာ သူသည်အခြားသူများအတွက်သာ၍ကြီးသောကောင်းကြီးမင်္ဂလာဖြစ်ခြင်းကိုဆိုလိုသည်။ ရှင်ပေါလုတွင်အစေခံနှလုံးသားရှိသည်။ သူသည်မိမိအတွက်အသက်မရှင်ပါ။ အသက်ရှင်ခြင်း၌ထားရှိသော ရှင်ပေါလု၏နှလုံးသားဆန္ဒမှာ ဤအသက်တာ၌သာ၍များပြားသောသာယာပျော် ရွှင်မှုကိုတွေ့ကြုံခံစားရန်မဟုတ်ပါ။ စည်းစိမ်ဥစ္စာနှင့်ချမ်းသာကြွယ်ဝခြင်းတို့ကိုစု ဆောင်းရန်လည်းမဟုတ်ပါ။ ရှင်ပေါလုသာအသက်ရှင်ခဲ့လျှင်သူသည်ဘဝပန်းတိုင် တစ်ခုကိုစိတ်တွင်မှတ်လျက် ရှင်သန်သွားပါလိမ့်မည်။ ထိုဘဝပန်းတိုင်မှာသခင် ဘုရားအထံ၌အမှုတော်ထမ်း၍ သခင်ဘုရား၏လူတို့အားအလုပ်အကျွေးပြုရန်ဟူ၍ဖြစ်သည်။ သင့်ရဲ့ဘဝပန်းတိုင်ကားအဘယ်နည်း။

ရှင်ပေါလုကယုံကြည်သူများအနေဖြင့် မိမိအားဤလောက၌ဆက်လက်၍အသက်ရှင်သွားဖို့အလိုရှိခဲ့ကြမည့်အကြောင်းကိုသိခဲ့ပါသည် (ငယ် ၂၄)။ ရှင်ပေါလုသည်သေခြင်းတရားကိုမကြောက်ပါ။ သူသည်သခင်ဘုရား၏ရှေ့တော်၌ရပ်ရန်အဆင်သင့်ဖြစ်နေပါသည်။ သူသည်ဘဝကိုအဓိပ္ပါယ်ရှိစွာဖြင့် ပြည့်ပြည့်ဝဝရှင်သန်

ခဲ့ပြီးအရှုက်ရစရာမရှိခဲ့ပါ။ သို့သော် မိမိ၏အလုပ်သည်မပြီးပြတ်သေးကြောင်းကို လည်းသူသိနေခဲ့ပါသည်။ ဘုရားသခင်ကသူ့အတွက်သတ်မှတ်ပေးထားသော အလုပ်ကိုလုပ်ဆောင်ရန် ဤလောက၌သူရှင်သန်နေထိုင်ဖို့လိုအပ်ခဲ့ပါသည်။ ဤအချင်းအရာကိုစိတ်တွင်မှတ်လျက် ရှင်ပေါလုသည်ဆက်လက်ရှင်သန်ရင်းသခင်ခရစ်တော်၏အမည်နာမ၌ အမှုတော်ဆောင်ရန် ကိုယ့်ကိုယ်ကိုဆက်ကပ်အပ်နှံခဲ့သည်။ သာသနာတော်အတွက်ထားရှိသော သူ၏ရည်မှန်းချက်ပန်းတိုင်ကိုအခန်းငယ် ၂၅ နှင့် ၂၆ တွင် သတိပြုပါ။ ထိုရည်မှန်းချက်ပန်းတိုင်မှာ ဖိလိပ္ပိယုံကြည်သူများအနေဖြင့် ယုံကြည်ခြင်း၌တိုးပွားဝမ်းမြောက်မည့်အကြောင်းပင်ဖြစ်သည်။

ကျွန်ုပ်အသက်တာ၏အစိတ်အပိုင်းကောင်းတစ်ခုအတွက် ဝမ်းမြောက်ခြင်းကိုဘေးဖယ်ထားခဲ့သည်။ ဝမ်းမြောက်ခြင်းနှင့်ယုံကြည်ခြင်း၏ ဆက်နွယ်ပတ်သက်ပုံကိုကျွန်ုပ်မမြင်တွေ့ခဲ့ပါ။ ကျွန်ုပ်အတွက်ယုံကြည်ခြင်းဟူသောအရာတွင် သခင်ဘုရားကိုနာခံခြင်းနှင့်မှန်ကန်သောအယူဝါဒသွန်သင်ချက်များကို ယုံကြည်လိုက်နာခြင်းတို့ပါဝင်သည်။ ကျွန်ုပ်၏နှလုံးသားသို့ ဝမ်းမြောက်ခြင်းကိုဆောင်ယူလာသည့်သခင်ခရစ်တော်နှင့်အလွန်နီးစပ်ကျွမ်းခြင်းဟူသော တစ်သီးပုဂ္ဂလဆန်သည့်အယူအဆကိုနားလည်ဖို့လုံးပမ်းခဲ့ရသည်။ ကျွန်ုပ်သည်မှန်သောအရာများကို ယုံကြည်၍နာခံလိုက်လျှောက်နေသမျှကာလပတ်လုံး ဘုရားသခင်ကိုဂုဏ်အသရေထင်ရှားစေနေသည်ဟုထင်မှတ်ခဲ့သည်။ ဘုရားသခင်ကိုဂုဏ်အသရေထင်ရှားစေခြင်းအကြောင်းကိုပြောပြနေသောဤကျမ်းဘောင်တွင် ရှင်ပေါလုကဝမ်းမြောက်ခြင်းအရေးပါပုံကိုကျွန်ုပ်အားဖော်ပြထားသည့်အကြောင်းကို တွေ့မြင်နားလည်ရန်အလွန်အရေးကြီးသည်။

အမှန်ဆိုရလျှင် ထာဝရဘုရားကိုဝမ်းမြောက်ခြင်းမပါဘဲ ဂုဏ်အသရေ ထင်

ရှားစေဖို့ဆိုသည်မှာအလွန်ခဲယဉ်းပါသည်။ မကျေမချမ်းဖြစ်နေသောစိတ်နှလုံးဖြင့် ပေးကမ်းစွန့်ကြဲခြင်းကိုသင်ပြုခဲ့လျှင် သင်သည်သခင်ဘုရားကိုဂုဏ်အသရေမထင် ရှားစေပါ။ စေတနာစိတ်နှင့်ပေးလှူသောသူကို ဘုရားသခင်နှစ်သက်တော်မူသည် (၂ ကော ၉း၇)။ သင့်ရဲ့နှလုံးသားသည် ဒေါသ၊ နာကျဉ်းခါသည်းမှုများပြည့်နေလျှင် သင့်ရဲ့လုပ်ဆောင်မှုတွင် သင်သည်သခင်ဘုရားကို ဂုဏ်အသရေမထင်ရှားစေပါ။ ကျွန်ုပ်တို့သည်ဝမ်းမြောက်သောနှလုံးသားများနှင့်အတူ ခစားခြင်းသည် သခင်ဘုရား၏စိတ်ဆန္ဒပင်ဖြစ်သည်။ ဆာလံ ၁၀၀း၂ က ဤသို့ဆိုထားသည် "ထာဝရဘုရား၏ အမှုတော်ကိုဝမ်းမြောက်စွာဆောင်ရွက်ကြလော့။ ရွှင်လန်းစွာသီချင်းဆိုလျက်အထံ တော်သို့ဝင်ကြလော့။" နိုးထခြင်းဟုကျွန်ုပ်နားလည်သဘောပေါက်ထားသောအရာ ကိုဖော်ပြသော အံ့ဖွယ်ကျမ်းပိုဒ်ကို ဆာလံ ၈၅း၆ တွင်တွေ့ရသည်။ "ကိုယ်တော်၏ လူတို့သည်ကိုယ်တော်ကိုအမှီပြု၍ ဝမ်းမြောက်ပါမည့်အကြောင်း၊ တစ်ဖန်အကျွန်ုပ် တို့ကိုအသက်ရှင်စေတော်မူမည်မဟုတ်လား" ဘုရားသခင်၏လူတို့သည်ဘုရား သခင်၌ဝမ်းမြောက်ခြင်းကို တစ်ဖန်ပြန်လည်ရှာတွေ့ချိန်တွင် နိုးထခြင်းဖြစ်ပေါ်သည့် အကြောင်းကိုဆာလံဆရာက နားလည်သဘောပေါက်ထားသည်။ ကျွန်ုပ်တို့သည် နှလုံးသားမပါ၊ ဝမ်းမြောက်ခြင်းကင်းမဲ့သောယုံကြည်ခြင်းကို မည်၍မည်မျှကျင့်ခဲ့ကြ ပါသနည်း။ ကျွန်ုပ်တို့သည် သင့်တင့်မှန်ကန်သောအရာများကိုပြုလုပ်ကြပါသည်။ သင့်တင့်မှန်ကန်သောအရာများကိုလည်း ယုံကြည်လိုက်လျှောက်ကြပါသည်။ သို့သော် ကျွန်ုပ်တို့၌ဝမ်းမြောက်ခြင်းပျောက်ဆုံးနေပါသည်။ ကျွန်ုပ်တို့သည်ပြန်လည် နိုးထဖို့လိုအပ်သည်။ ထိုသို့အားဖြင့် ကျွန်ုပ်တို့သည်ထိုဝမ်းမြောက်ခြင်းကိုတစ်ဖန် ပြန်လည်ခံစားကြမည်ဖြစ်သည်။ ပြန်လည်နိုးထလာသောသူများသည် ဘုရားသခင် ၌ဝမ်းမြောက်ခြင်းကိုပြန်တွေ့သောသူများဖြစ်ကြသည်။ သူတို့၏နှလုံးသားများထဲတွင်

အသစ်ဖန်တီးထားသောဝမ်းမြောက်ခြင်းများနှင့် ဘုရားသခင်ကိုကိုးကွယ်ဆည်းကပ်၍အစေခံကြပါသည်။ ဤသည်မှာဘုရားသခင်လိုချင်သောအရာဖြစ်သည်။ ဘုရားသခင်သည်ဝမ်းမြောက်ခြင်းကင်းမဲ့သော ယုံကြည်ခြင်းကိုစိတ်မဝင်စားပါ။ ဘုရားသခင်ကိုဂုဏ်အသရေထင်ရှားစေသောယုံကြည်ခြင်းသည် ဘုရားသခင်၌မွေ့လျော်၍ဝမ်းမြောက်နေသောယုံကြည်ခြင်းဖြစ်သည်။ ဘုရားသခင်သည် မိမိနှင့်မိမိပြုလုပ်ခဲ့သောအရာများအပေါ်၌ စိတ်လှုပ်ရှားတက်ကြွရန် ကျွန်ုပ်တို့အလိုရှိသည်။ ဤအချင်းအရာကို ရှင်ပေါလုကဖိလိပ္ပိယုံကြည်သူများ၏ အသက်တာ၌တွေ့မြင်လိုခဲ့သည်။

အခန်းငယ် ၂၇ တွင် ရှင်ပေါလုကယုံကြည်သူတို့အား ဧဝံဂေလိတရားတော်နှင့်ထိုက်တန်လျောက်ပတ်သော ဝတ်ကြီးဝတ်ငယ်များကိုပြုစု၍ ရှင်သန်ကြရန်စိန်ခေါ်ခဲ့သည်။ ဤအချင်းအရာသည် အမြဲတမ်းလွယ်ကူမည်မဟုတ်ပါ။ ထို့အပြင် ရှင်ပေါလုကယုံကြည်သူတို့အား ၎င်းတို့၏ယုံကြည်ခြင်းအတွက် ကြိုးစားအားထုတ်ကြရန်ပြောဆိုထားသည်ကိုလည်းသတိပြုပါ။ "ကြိုးစားအားထုတ်သည်"ဟူသောစကားလုံးသည် "ယှဉ်ပြိုင်တိုက်ခိုက်သည်(သို့)နပန်းလုံးသည်"ဟူ၍ဆိုလိုသည်။ ကျွန်ုပ်တို့၏ယုံကြည်ချက်ကိုရေရော၍ အာနိသင်လျော့ပေါ့သွားအောင်ပြုလုပ်လိုကြသော ကျွန်ုပ်တို့၏ရန်သူများကို ယှဉ်ပြိုင်တိုက်ခိုက်ကြရသည့်အချိန်များရှိခဲ့ပေမည်။ ကျွန်ုပ်တို့အားပန်းခင်းသောလမ်း၌ လျှောက်လှမ်းရမည်ဟုအာမခံမပေးထားပါ။ ကျွန်ုပ်တို့၏ယုံကြည်ချက်အတွက် ယှဉ်ပြိုင်တိုက်ခိုက်ကြသည်နှင့်အမျှ ကျွန်ုပ်တို့သည်တစ်ခါတစ်ရံတွင် ကျွန်ုပ်တို့၏ဝမ်းမြောက်ခြင်းကို မီးတောက်မီးလျှံထဲရှိဒံယေလ၏မိတ်ဆွေများကဲ့သို့ စစ်ကြောခြင်းနှင့်ဖိနှိပ်ခြင်းအပူမီးများထဲ၌ ရှာဖွေရပေလိမ့်မည်။

ရှင်ပေါလုသည် ဖိလိပ္ပိယုံကြည်သူများကို ဆန့်ကျင်ရန်လုပ်ကြမည့်သူများ

ရှိမည့်အကြောင်းကိုလည်းသတိပြုမိခဲ့သည်။ အခန်းငယ် ၂၈ တွင်သူတို့အားထိုပုဂ္ဂိုလ်များကိုမကြောက်ရွံ့ကြဖို့ ရှင်ပေါလုကပြောထားသည်။ ပြင်းထန်သောဆန့်ကျင်ရန်လုပ်ခြင်းခံရသည့်အချိန်များတွင် ယုံကြည်သူများအနေဖြင့် သေခြင်းသည်သာ၍အကျိုးရှိ၍အသက်ရှင်ခြင်းသည် သခင်ခရစ်တော်ကိုတွေ့ကြုံခံစား၍ ထိုသခင်၏မျက်မှောက်ပြုခြင်းနှင့် အစွမ်းအစပေးခြင်းကိုနားလည်ခံစားခြင်းဖြစ်ကြောင်း ကိုယ့်ကိုကိုယ်ပြန်လည်အသိပေးကြရန်ဖြစ်သည်။ ဆက်လက်၍ ရှင်ပေါလုကဖိလိပ္ပိယုံကြည်သူများအား ၎င်းတို့၏ဘုရားကြောက်၍ ဝမ်းမြောက်ခြင်းအသက်တာသည် ၎င်းတို့ကိုဆန့်ကျင်ရန်လုပ်သူများအတွက် ပျက်စီးခြင်းအကြောင်းကိုဖြစ်စေမည့်နမိတ်လက္ခဏာတစ်ခုဖြစ်ကြောင်း ပြန်လည်အသိပေးထားခဲ့သည်။ တနည်းအားဖြင့်ဆိုရလျှင် သူတို့မဖျက်ဆီးနိုင်သောသမ္မာတရားကို သူတို့ဆန့်ကျင်ရန်လုပ်နေခြင်းတွင် သူတို့သည်အကြောင်းအရာနှစ်ခုကိုဖော်ပြနေကြသည်။ ပထမအကြောင်းအရာမှာ ဘုရားသခင်၏သမ္မာတရားသည် ဖျက်ဆီး၍ရနိုင်မည်မဟုတ်ကြောင်းနှင့် ဒုတိယအကြောင်းအရာမှာ သူတို့သည်သမ္မာတရားကိုဆန့်ကျင်လုပ်နေကြသောကြောင့် ဘုရားသခင်၏တရားစီရင်ခြင်းကိုခံကြရမည်ဖြစ်သည်။

တမန်တော် ၅ တွင် တမန်တော်များဖမ်းဆီးချုပ်နှောင်ခြင်းကိုခံကြရပြီး ၎င်းတို့ကိုတရားစီရင်ရန် လွှတ်တော်၌ဆောင်ယူလာခဲ့ကြသည်။ ယုဒလူမျိုးများဖြင့် ဖွဲ့စည်းထားသော၄ှုလွှတ်တော်သည် တမန်တော်တို့၏သွန်သင်ချက်များကိုဆန့်ကျင်ကြပြီး တမန်တော်တို့ကိုလည်းအဆုံးစီရင်လိုခဲ့ကြသည်။ သူတို့အလယ်၌အထူးလေးစားကြည်ညိုခြင်းကိုခံရသော ဖာရိရှဲတစ်ပါးဖြစ်သောဂါမလျေလက ထိုသို့သောလုပ်ရပ်ကိုမလုပ်ကြဖို့ သတိပေးခဲ့သည်။ အကြောင်းမှာ သူက -

"ဤသူတို့ကိုရှောင် ရှား၍အလိုအလျောက်ရှိကြပါစေဟုငါဆို၏။ ဤအကြံ

ဤအမှုသည် လူ၏အကြံ၊ လူ၏အမှုဖြစ်လျှင်ပျက်စီးခြင်းသို့ရောက် လိမ့်မည်။ ဘုရားသခင်၏အကြံအမှုဖြစ်လျှင် သင်တို့သည်မဖျက်ဆီးနိုင်ကြ။ သင်တို့သည်ဘုရားသခင်၏ အာဏာတော်ကိုဆန့်ကျင်သောသူ မဖြစ်မည့်အကြောင်း သတိပြုကြလော့" ဟုဆိုခဲ့သောကြောင့်ဖြစ်သည် (တမန်တော် ၅း၃၈-၃၉)။

ဖိလိပ္ပိယုံကြည်သူများကိုဆန့်ကျင်ရန်လုပ်သောသူများသည်လည်း အလားတူအခြေအနေမျိုးကိုကြုံတွေ့ရမည်ဖြစ်သည်။ သူတို့သည်တမန်တော်တို့ကိုမတားဆီးနိုင်သကဲ့သို့ ဖိလိပ္ပိယုံကြည်သူများကိုလည်းတားဆီးနိုင်မည်မဟုတ်ပါ။ သူတို့သည်ယုံကြည်သူများကိုဆန့်ကျင်ရန်လုပ်ခြင်းဖြင့် "ဘုရားသခင်၏အာဏာတော်ကိုဆန့်ကျင်နေကြပါသည်။" ဤသည်မှာသူတို့ဘယ်သောအခါတွင်မျှ မအောင်မြင်မည့်စစ်ပွဲကိုနွှဲနေခြင်းဖြစ်သည်။

အခန်းငယ် ၂၉ တွင် ရှင်ပေါလုကယုံကြည်သူတို့အား ၎င်းတို့သည်သခင်ခရစ်တော်ကိုယုံကြည်လက်ခံရန် အခွင့်ထူးကိုရရှိခဲ့ကြရုံသာမဟုတ်၊ ထိုသခင်အတွက်ဆင်းရဲခြင်းဒုက္ခကိုလည်း ရင်ဆိုင်ကြုံတွေ့ရန်အခွင့်ရှိခဲ့ကြကြောင်းပြောပြခဲ့သည်။ သခင်ခရစ်တော်အတွက် ဆင်းရဲခြင်းဒုက္ခကိုကြုံတွေ့ရခြင်းသည် ရှင်ပေါလုအတွက်မူဂုဏ်ယူစရာဖြစ်ခဲ့သည်။ ခက်ခဲပြင်းထန်သောကမ္ဘာစစ်ကြီးများ၌ ပါဝင်တိုက်ခိုက်ခဲ့ကြသောသူများကို အခါအားလျော်စွာကြုံတွေ့၍ စကားပြောခွင့်ရခဲ့သည်။ သူတို့၏ကိုယ်ခန္ဓာများ၌ သေနတ်ကျည်ဆံများကြောင့်လည်းကောင်း၊ အခြားအရာများကြောင့်လည်းကောင်း ရရှိခဲ့သောဒဏ်ရာအမာရွတ်များကို ကျွန်ုပ်အားပြခဲ့ကြပြီး ထိုအရာများကိုဂုဏ်ယူဝံ့ကြွားစွာပြောခဲ့သည်။ မိမိတို့၏နိုင်ငံတော်အတွက်ခံစားရ

သောဆင်းရဲခြင်းဒုက္ခမှရရှိလာသည့် ဤအမာရွတ်များကို ကိုယ်ခန္ဓာ၌သယ်ဆောင်ထားခြင်းသည် သူတို့အတွက်တော့ဂုဏ်ယူစရာမွန်မြတ်သောအမှုဖြစ်ခဲ့သည်။ ထိုအရာများအတွက်သူတို့ညည်းတွား တိုင်တည်ခြင်းမလုပ်ခဲ့ကြပါ။ မိမိတို့၏နိုင်ငံတော်အတွက်တိုက်ပွဲဝင်ခြင်းတွင် ဆင်းရဲခြင်းဒုက္ခလည်းပါဝင်၍ တိုက်ပွဲ၏ဒဏ်ရာအမာရွတ်များကိုသယ်ပိုးထားခြင်းသည် ဂုဏ်ယူစရာအမှုဖြစ်ကြောင်း သူတို့နားလည်သဘောပေါက်ခဲ့ကြသည်။ ရှင်ပေါလုကလည်း မိမိကြုံတွေ့ရသောဆင်းရဲဒုက္ခကိုထိုအတိုင်းရှုမြင်ခဲ့သည်။ သတင်းကောင်းတရားတော်ကိုဟောပြောခြင်းကြောင့်ကျောက်ခဲဖြင့်ပေါက်ခြင်းကိုခံရစဉ်က ရရှိခဲ့သောဒဏ်ရာအမာရွတ်များကို ကိုယ်ခန္ဓာထက်၌သယ်ဆောင်ထားလျက်ရှိသည်။ သခင်ယေရှုခရစ်တော် အထံ၌မည်မျှဆက်ကပ်အပ်ထားသည်ကိုပြောပြနေသော ကြာပွတ်ရာများမှာ သူ၏ကျောပေါ်တွင်နေရာယူထားကြသည်။ ဤသည်ကိုရှက်စရာအဖြစ်သူမမြင်ခဲ့ပါ။ သခင်ယေရှုအတွက် ထိုသို့ဆင်းရဲဒုက္ခတွေ့ကြုံတွေ့ရခြင်းကို အခွင့်အရေးကောင်းတစ်ခုရရှိခြင်းဟုဂုဏ်ယူခဲ့သည်။ ယနေ့ကျွန်ုပ်တို့၏အသက်တာများတွင်လည်း အလားတူစိတ်ထားမျိုးကို ရှိထားကြရန်မှာ အဘယ်မျှအရေးကြီးပါသနည်း။

## စဉ်းစားသုံးသပ်ရန်အချက်များ

- သင့်ရဲ့ဘဝပန်းတိုင်မှာအဘယ်နည်း။ ရှင်ပေါလု၏ဘဝပန်းတိုင်မှာမည်သည့်အရာနည်း။ ရှင်ပေါလု၏ဘဝပန်းတိုင်ကို သင့်ရဲ့ဘဝပန်းတိုင်အဖြစ်ရယူရန်ဟန့်တားနေသောအရာမှာ မည်သည့်အရာနည်း။
- သခင်ခရစ်တော်အတွက် ဆင်းရဲဒုက္ခခံခြင်းသည် အခွင့်ထူးတစ်ခုဖြစ်သည်ဟူသောအချက်နှင့်စပ်လျဉ်း၍ ရှင်ပေါလုကကျွန်ုပ်တို့အား ဤနေရာတွင်

မည်သည့်အရာကိုသွန်သင်ပေးနေပါသနည်း။ သခင်ယေရှုအတွက်မည်သည့်ဆင်းရဲခြင်းဒုက္ခကို သင်တွေ့ကြုံခံစားခဲ့ရပါသနည်း။

- ဤအသက်တာ၌ သခင်ခရစ်တော်၏မျက်မှောက်ပြုခြင်းစစ်မှန်ပုံနှင့်စပ်လျဉ်း၍ရှင်ပေါလုက ကျွန်ုပ်တို့အားမည်သည့်အရာကို သွန်သင်ပေးပါသနည်း။ ဘုရားသခင်သည် မိမိ၏မျက်မှောက်တော်တွင် ယခုပင်ရှင်သန်ကြရန်ဆင့်ခေါ်ထားသည့်အဖြစ်ကိုမေ့လျော့၍ အထက်ကောင်းကင်ဘုံကိုသာရှေ့ရှုအာရုံထားနေခြင်းကို ကျွန်ုပ်တို့ပြုလုပ်နိုင်ကြပါသလား။
- ဘုရားသခင်နှင့်ကျွန်ုပ်တို့၏ ဆက်ဆံရင်းနှီးမှုတွင် ဝမ်းမြောက်ခြင်း၏အခန်းကဏ္ဍမှာအဘယ်နည်း။

## ဆုတောင်းရန်အချက်များ

- သခင်ဘုရားကို အလုပ်အကျွေးပြု၍ အစေခံနေသည်နှင့်အမျှ သင့်နှလုံးသားကိုဝမ်းမြောက်ခြင်းနှင့်ပြည့်နေစေရန် တောင်းလျှောက်ပါ။
- အသက်ရှင်ခြင်း၌လည်းကောင်း၊ သေခြင်း၌လည်းကောင်း သခင်ဘုရားကိုဂုဏ်အသရေထင်ရှားစေသော ရှင်ပေါလု၏ပုံဥပမာအတွက် ဘုရားသခင်ကိုကျေးဇူးတင်ချီးမွမ်းပါ။ ဤစိတ်ထားမျိုးကို သင့်အားပို၍ပေးသနားရန် တောင်းလျှောက်ပါ။
- လောလောဆယ်အချိန်၌ သင့်အသက်တာတွင် သခင်ဘုရားကိုဂုဏ်အသရေမထင်ရှားစေနိုင်သော အရာများကိုဖော်ပြပေးဖို့ သခင်ဘုရားထံ၌ တောင်းလျှောက်ပါ။

## ၄
## အလားတူသောထိုစိတ်သဘောကို

---

**ဖိလိပ္ပိ ၂:၁-၁၁ ကိုဖတ်ရှုပါ။**

တမန်တော်ရှင်ပေါလု၏အသက်တာသည် သခင်ခရစ်တော်၏အမှုအတွက်ဆက်ကပ်အပ်နှံထားသည်။ သူသည်အသက်ရှင်ခြင်း၌လည်းကောင်း၊ သေခြင်း၌လည်းကောင်း မိမိ၏သခင်ဘုရားကိုဂုဏ်အသရေထင်ရှားစေလိုခဲ့သည်။ ဤသို့သောစိတ်ဆန္ဒက သူ့အားခက်ခဲကြမ်းတမ်းသောဘဝအခြေအနေမျိုးကိုရင်ဆိုင်ကြုံတွေ့စေခဲ့သောအချိန်များရှိခဲ့သည်။ သခင်ယေရှု၏အမှုတွက် အလွန်အမင်းဒုက္ခကြုံတွေ့ခဲ့ရသည်။ ဤနောက်တစ်ခန်းတွင် တမန်တော်ရှင်ပေါလုက ဖိလိပ္ပိယုံကြည်သူ များအားအသက်တာ၌ ဤဆင်းရဲခြင်းဒုက္ခကြုံတွေ့နေရချိန်တွင် သခင်ယေရှု၏ အလားတူစိတ်သဘောထားမျိုးကို ရယူကျင့်ကြံကြရန် စိန်ခေါ်ထားသည်။

သခင်ခရစ်တော်နှင့်ဆက်နွယ်ပတ်သက်ရခြင်းမှ လက်ခံရရှိကြရသောခွန်အားပေးနှိုးဆော်တိုက်တွန်းချက်များကို ရှင်ပေါလုကဖိလိပ္ပိယုံကြည်သူတို့အားစတင်၍ညွှန်ပြပေးပါသည်။ ရှင်ပေါလုကသူတို့အားအသက်ရှင်ခြင်း၌လည်းကောင်း၊

သေခြင်း၌လည်းကောင်း သခင်ခရစ်တော်၏မျက်မှောက်ပြုခြင်းကို ခံစားသိရှိနိုင်ကြောင်းပြန်လည်အသိပေးခဲ့သည်။ အခက်အခဲအကျပ်အတည်းများ၌ ရုန်းကန်လှုပ်ရှားချိန်တွင်လည်းကောင်း၊ ကောင်းကြီးမင်္ဂလာခံစားချိန်တွင်လည်းကောင်း သခင်ဘုရားသည်သူတို့နှင့်အမြဲရှိနေပါသည်။ သူတို့ရင်ဆိုင်ဖြတ်သန်းရသောဘဝအခြေအနေအမျိုးမျိုးတွင် သခင်ယေရှုသည်သူတို့ကိုစောင့်ရှောက်ကူညီ၍ နှစ်သိမ့်အားပေးခဲ့ပါလိမ့်မည်။ ဖိလိပ္ပိယုံကြည်သူများသည် ဤနှစ်သိမ့်အားပေးခြင်းကိုခံစားခဲ့ကြသည်။ ဤကျမ်းပိုဒ်၌ရှင်ပေါလုက "လျှင်"(If)ဟူသောစကားလုံးကိုအသုံးပြုထားရာတွင်သူသည်ဖိလိပ္ပိယုံကြည်သူတို့အား သခင်ခရစ်တော်နှင့်တစ်လုံးတည်းတစ်ဝတည်းဖြစ်ခြင်း၏ခွန်အားပေးတိုက်တွန်းခြင်းကို ခံရ-မခံရအကြောင်းကိုမေးခွန်းထုတ်နေခြင်းမဟုတ်ပါ။ ဤအချင်းအရာသည် သူတို့၌စစ်မှန်သောအရာဖြစ်ခဲ့ပြီးသည့်အကြောင်းကိုသူသိနေခဲ့ပြီဖြစ်သည်။

သူတို့ခံရသောအားပေးတိုက်တွန်းခြင်းသည် သခင်ခရစ်တော်နှင့်တစ်လုံးတည်း၊ တစ်ဝတည်းဖြစ်ခြင်းမှရောက်ရှိလာကြောင်းကို အခန်းငယ် ၁ တွင်သတိပြုပါ။ သူတို့သည်အမျိုးမျိုးသောနည်းလမ်းများဖြင့် သခင်ခရစ်တော်နှင့်တစ်လုံးတစ်ဝတည်းဖြစ်နေကြသည်။ သူတို့သည် သခင်ခရစ်တော်၏အသေခံခြင်း၌ ထိုသခင်နှင့်တစ်လုံးတည်းတစ်ဝတည်းဖြစ်ခဲ့ကြသည်။ ဆိုလိုသည်မှာ သခင်ယေရှုအသေခံခဲ့ချိန်တွင်သူတို့အတွက်ကိုယ်တိုင်အသေခံခဲ့သည်။ သခင်ယေရှုသည် သူတို့၏ပြစ်ဒဏ်များကိုမိမိအပေါ်၌တင်ဆောင်သွားခဲ့သည်။ သူတို့သည်အသက်ရှင်ခြင်း၌လည်းထိုသခင်နှင့်တစ်လုံးတည်းတစ်ဝတည်းဖြစ်ခဲ့ကြသည်။ သခင်ယေရှုသည် မိမိ၏သန့်ရှင်းသောဝိညာဉ်တော်ကို သူတို့အထဲ၌သွတ်သွင်းပေးခဲ့သည်။ ယခုတွင် သူတို့သည် သခင်ယေရှုနှင့်သာသက်ဆိုင်ကြသည်။ သခင်ယေရှု၏တန်ခိုးတော်နှင့်အစွမ်းအစ

ပေးခြင်းသည်သူတို့အထဲမှစီးထွက်လာခဲ့ကြသည်။ သန့်ရှင်းသောဝိညာဉ်တော်သည် သူတို့ကိုသခင်ယေရှုနှင့်လည်းကောင်း၊သခင်ယေရှု၏စိတ်ဆန္ဒများနှင့်လည်းကောင်း၊ သခင်ယေရှု၏ဘဝပန်းတိုင်များနှင့်လည်းကောင်း တစ်လုံးတစ်ဝတည်းဖြစ်စေခဲ့သည်။ ဤသည်မှာ ကောင်းကြီးမင်္ဂလာတစ်ပါးမဟုတ်ပါလား။ သူတို့သည်သခင်တကာတို့၏သခင်နှင့်လည်းကောင်း၊ ထိုသခင်၏ရည်ရွယ်ချက်များနှင့်လည်းကောင်း တစ်လုံးတစ်ဝတည်း ပေါင်းစည်းခြင်းကိုခံကြရသည်။ သူတို့သည်သခင်ယေရှု၏ စိတ်နှလုံးသားနှင့်ရည်ရွယ်ချက်များကို မျှဝေရယူခဲ့ကြသည်။ သူတို့သည်သခင်ယေရှု၏ မျက်မှောက်ပြုခြင်းကိုသိရှိခံစားခဲ့ကြသည်။ သူတို့သည်သခင်ယေရှုနှင့်ရည်ရွယ်ချက်၊ စိတ်ဆန္ဒနှင့်နှလုံးသားတို့တွင် တစ်ထပ်တည်းဖြစ်ခဲ့ကြပြီး ထိုရည်ရွယ်ချက်တွင်တစ်ဦးနှင့်တစ်ဦးလည်း တစ်ထပ်တည်းဖြစ်ခဲ့ကြသည်။

သခင်ခရစ်တော်နှင့်တစ်လုံးတစ်ဝတည်းဖြစ်ခြင်းသည် ဖိလိပ္ပိယုံကြည်သူများအတွက်ခွန်အားယူစရာအတိဖြစ်ခဲ့သည်။ ခွန်အားပေးခြင်းဆိုသည်မှာ ရဲရင့်ခြင်းသတ္တိကိုပေးခြင်းဖြစ်သည်။ ဘုရားသခင်၏လူတို့ကမိမိတို့သည် သခင်ခရစ်တော်နှင့်တစ်လုံးတည်းတစ်ဝတည်းဖြစ်ခြင်းကိုသိရှိရခြင်းမှ မည်သည့်ရဲရင့်ခြင်းသတ္တိမျိုးကိုရရှိကြပါသနည်း။ ကျွန်ုပ်တို့သည် သခင်ခရစ်တော်နှင့်တစ်လုံးတည်းတစ်ဝတည်းဖြစ်ကြသောအခါ ကြီးမားသောရဲရင့်ခြင်းသတ္တိမျိုးဖြင့် ရှင်သန်နေထိုင်နိုင်ကြပါသည်။ ကျွန်ုပ်တို့မှာတစ်ယောက်တည်းအထီးကျန်မနေကြပါ။ ကျွန်ုပ်တို့အထဲ၌သခင်ခရစ်တော်ရှိနေခြင်းကြောင့် အောင်ပွဲများကိုရရှိကြပါသည်။ ကျွန်ုပ်တို့အထဲ၌ရှိသောသခင်ခရစ်တော်နှင့် သူ၏တန်ခိုးတော်ကြောင့် ကျွန်ုပ်တို့မှာခွန်အားသစ်များကိုရရှိနေခဲ့ကြပါသည်။ ဖိလိပ္ပိယုံကြည်သူများသည် သခင်ယေရှုနှင့်တစ်လုံးတည်းတစ်ဝတည်းပေါင်းစည်းခြင်းကိုခံရပြီးနောက်တွင် ရန်သူသည်သူတို့ကိုမည်သို့ထိနိုင်အံ့နည်း၊

ကျွန်ုပ်တို့သည်သခင်ခရစ်တော်၌ မည်သည့်မျှော်လင့်ချက်ရှိကြသနည်း၊ အသက်ရှင်ခြင်းနှင့်သေခြင်းကိုရင်ဆိုင်နိုင်ရန် ဤအရာကကျွန်ုပ်တို့အား မည်သည့်သတ္တိမျိုးကိုပေးပါသနည်း။

အခန်းငယ် ၁ ၏ ဒုတိယပိုင်းရှိ "ခရစ်တော်၏မေတ္တာနှင့်စပ်ဆိုင်သောချမ်းသာခြင်းတည်းဟူသောအရာ တစ်စုံတစ်ခုသင်တို့၌ရှိလျှင်" ဟူသောအချက်ကိုသတိပြုပါ။ ဤဖိလိပ္ပိယုံကြည်သူများထဲမှ မည်သူကမျှသခင်ယေရှုကိုမျက်မြင်ကိုယ်တွေ့မတွေ့မြင်ခဲ့ဘူးကြသော်လည်း သူတို့သည်သခင်ယေရှု၏ချစ်ခြင်းမေတ္တာကိုအသေအချာတွေ့ကြုံခံစားခဲ့ကြပါသည်။ သူတို့သည်သခင်ယေရှုလုပ်ဆောင်ခဲ့သောအမှု၌ထိုသခင်၏ချစ်ခြင်းမေတ္တာကိုခံစားခဲ့ကြပါသည်။ သူသည်သူတို့၏အပြစ်များကိုခွင့်လွှတ်ခဲ့ပါသည်။ သူသည်သူတို့၏နှလုံးသားထဲ၌ကိန်းဝပ်လျက် သူတို့၏ဝိညာဉ်နားများထဲသို့စကားပြောခဲ့ပါသည်။ သူတို့၏ဘဝအကျပ်အတည်းထဲတွင်သခင်၏မျက်မှောက်ပြုခြင်းကို အစစ်အမှန်ခံစားခဲ့ကြပါသည်။ သူတို့သည်သခင်ကိုမတွေ့မြင်နိုင်ခဲ့ကြသော်လည်း သူတို့နှင့်အတူရှိနေမည့်အကြောင်းကိုသိထားခဲ့ကြသည်။ သူတို့သည်သခင်၏တကယ့်နှုတ်ထွက်စကားကို မကြားနိုင်သော်လည်းသခင်ပြောပြနေသောအရာများကို သူတို့ကြားနေကြပါသည်။ သူတို့သည်သခင်၏မျက်မှောက်ပြုခြင်းကိုခံစားရ၍ သခင့်၏ကတိတော်များကိုသိထားခဲ့ကြပါသည်။ သခင်သည်သူတို့ကိုချစ်ခဲ့ကြောင်း သူတို့သိနေခဲ့ကြပါသည်။ ဤအရာသည်စစ်မှန်သောနှစ်သိမ့်ခြင်းမဟုတ်ပါလား။

သခင်ယေရှုကမိမိ၏လူများအပေါ်၌ထားရှိသော ချစ်ခြင်းမေတ္တာနှင့်ပတ်သက်သည့်အယူဝါဒကို ကျွန်ုပ်သိနေခဲ့သည်ကြာပြီဖြစ်သော်လည်း ထိုချစ်ခြင်းမေတ္တာတရားကိုကျွန်ုပ်၏အသက်တာ၌ တွေ့ကြုံခံစားရန်မပွင့်လင်းခဲ့ပါ။ ကျွန်ုပ်သည်ထို

ချစ်ခြင်းမေတ္တာနှင့်မထိုက်တန်ဟုခံစားခဲ့သည်။ ကျွန်ုပ်သည်သခင်ယေရှု၏ချစ်ခြင်းမေတ္တာစစ်မှန်မှုကိုမဆီးတားနိုင်သော်လည်း ထိုအရာကိုမခံစားနိုင်အောင်ကျွန်ုပ်၏ခံစားမှုကိုဆီးတားထားနိုင်သည်။ ကျွန်ုပ်သည်သခင့်မေတ္တာတရား၏ နှစ်သိမ့်ရခြင်းကိုမခံစားရပါ။ အဘယ့်ကြောင့်ဆိုသော် သခင့်ကိုကျွန်ုပ်အားနှစ်သိမ့်ခွင့်မပြုခဲ့သောကြောင့်ဖြစ်သည်။ ဤအချင်းအရာသည် သခင်ယေရှုကျွန်ုပ်အပေါ်၌ထားသောချစ်ခြင်းမေတ္တာကိုမပြောင်းလည်စေနိုင်သော်လည်း ကျွန်ုပ်၏နေ့စဉ်အသက်တာ၌ထိုချစ်ခြင်းမေတ္တာတရားခံစားရပုံကိုမူ ပြောင်းလဲခဲ့သည်။ ဖိလိပ္ပိယုံကြည်သူများသည်သခင့်၏ချစ်ခြင်းမေတ္တာကိုတွေ့ကြုံခံစားရန် နှလုံးသားတံခါးများကိုဖွင့်ထားခဲ့ကြပြီးထိုချစ်ခြင်းမေတ္တာ၏ နှစ်သိမ့်ခြင်းကိုလည်းအမှန်ခံစားကြကြောင်း ရှင်ပေါလုကမှတ်ယူထားသည်။ စစ်ကြောခြင်းကိုရင်ဆိုင်တွေ့ကြုံရချိန်များ၌ သူတို့သည်သခင့်အထံပါးသို့ရောက်လာကြ၍ သူတို့အားနှစ်သိမ့်ပေးရန်သခင့်ကိုခွင့်ပြုခဲ့ကြသည်။ သခင်ကိုယ်တော်ကသူတို့အထဲ၌သွန်းလောင်းပေးရန် အလွန်တောင့်တနေခဲ့သောအရာကိုလက်ခံရန် သူတို့၏နှလုံးသားများကိုဖွင့်ထားနိုင်ခဲ့ကြသည်။

သခင်ယေရှုနှင့်တစ်လုံးတည်းတစ်ဝတည်းဖြစ်ခြင်းတွင် ခွန်အားယူစရာရှိပြီးထိုသခင်၏ချစ်ခြင်းမေတ္တာတရားတွင် ကြီးစွာသောနှစ်သိမ့်ခြင်းရှိသည်။ အခန်းငယ် ၁ တွင် "ဝိညာဉ်တော်နှင့်မိတ်သဟာယဖွဲ့ခြင်း"ဟူသောအရာရှိကြောင်းကိုလည်းသတိပြုပါ။ ယုံကြည်သူများသည် သန့်ရှင်းသောဝိညာဉ်တော်နှင့် မိတ်သဟာယဖွဲ့ခြင်းကိုတွေ့ကြုံခံစားနိုင်ပါသည်။ သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့ကိုကူညီဖေးမဖို့နှင့်ဘုရားသခင်နှင့်စပ်ဆိုင်သောအရာများကို သွန်သင်ပေးဖို့ရောက်လာခဲ့ခြင်းဖြစ်သည်။ အရာအားလုံး၌ ကျွန်ုပ်တို့ကိုဦးဆောင်လမ်းပြရန်လာခဲ့ပါသည်။ တစ်နေ့ပြီးတစ်နေ့ကျွန်ုပ်တို့ရှင်သန်လှုပ်ရှားနေကြသည်နှင့်အမျှ သန့်ရှင်းသောဝိညာဉ်တော်

သည်ကျွန်ုပ်တို့ကိုဦးဆောင်၍ လမ်းပြကာနှစ်သိမ့်ပါသည်။ သူသည်ကျွန်ုပ်တို့၏နှလုံးသားထဲ၌ဘုရားသခင်၏စစ်မှန်သောမျက်မှောက်ပြုခြင်းပင်ဖြစ်သည်။ သူသည် ကျွန်ုပ်တို့ ၏အတွေးများကိုသိ၍ ကျွန်ုပ်တို့၏စိတ်ဝိညာဉ်ထဲသို့စကားပြောပါသည်။ စစ်ကြောခြင်းများကိုကျွန်ုပ်တို့ကြုံတွေ့ရချိန်တွင် နှစ်သိမ့်အကြံပေးခြင်းကို ခံယူဖို့သူ့အထံသွားနိုင်ပါသည်။ မည်သည့်အရပ်သို့ချိုးကွေ့ရမည်ကို ကျွန်ုပ်တို့ မသိသောအချိန်များတွင် သူ့အထံမှအသံတော်ကိုကြားနိုင်ပါသည်။ ယုံကြည်သူများနှင့်သခင်ခရစ်တော်၏ဝိညာဉ်တော်တို့၏အကြား၌ရှိသော မိတ်သဟာယဖွဲ့ခြင်းထက်ချိုမြိန်သော အခြားမိတ်သဟာယဖွဲ့ခြင်းမရှိတော့ပါ။

ရှင်ပေါလုကဖိလိပ္ပိယုံကြည်သူတို့အား ၄င်းတို့သည်ခရစ်တော်၌တည်သော ဤကောင်းကြီးမင်္ဂလာများကိုခံစားရ၍ ထိုသခင်၏နူးညံ့သိမ်မွေ့ခြင်းနှင့်ချစ်ခြင်းမေတ္တာတရားမှအကျိုးကျေးဇူးများကိုရရှိခဲ့ကြလျှင်ထိုအရာကို၄င်းတို့တစ်ဦးနှင့်တစ်ဦး ဆက်ဆံရင်းနှီးမှု၌သက်သေပြရမည်ဟု ပြန်လည်အသိပေးထားပါသည်။

သူတို့သည်မိမိတို့၏ညီအစ်ကိုမောင်နှမများကို သခင်ခရစ်တော်ထံမှလက်ခံရရှိခဲ့ကြသောချစ်ခြင်းမေတ္တာဖြင့် ချစ်ကြရမည်ဖြစ်သည်။ သန့်ရှင်းသောဝိညာဉ်တော်သည်သူတို့နှင့်တစ်လုံးတစ်ဝတည်းဖြစ်ခဲ့သည့်အလျောက် သူတို့သည်လည်းတစ်စိတ်တစ်ဝမ်းတည်းဖြစ်ကြရမည်။ သူတို့သည်တူညီသောသခင်နှင့်လည်းကောင်း၊ သူတို့အတွက်ထားရှိထားသော ထိုသခင်၏ရည်ရွယ်ချက်များနှင့်လည်းကောင်း ဆက်နွယ်နေခဲ့ကြသောကြောင့် သူတို့၌လည်းတူညီသောစိတ်နှလုံး၊ တူညီသောရည်ရွယ်ချက်များရှိကြရမည်ဖြစ်သည်။ ဖိလိပ္ပိယုံကြည်သူများသည် သခင်ခရစ်တော်ထံမှလက်ခံရရှိခဲ့သောချစ်ခြင်းမေတ္တာဖြင့် ချစ်ကြရမည်ကိုသတိပြုပါ။

အခန်းငယ် ၂ တွင် နောက်ထပ်အကြောင်းအရာတစ်ခုကိုသတိပြုပါ။ သူတို့

သည်တစ်ဦးနှင့်တစ်ဦး ဤသို့သောနီးစပ်ရင်းနှီးသည့် ဆက်ဆံရင်းနှီးမှုမျိုးဖြင့်ရှင်သန်နေထိုင်ကြလျှင် မိမိ၏ဝမ်းမြောက်ခြင်းကို ပို၍စုံလင်စေကြကြောင်းရှင်ပေါလုက သူတို့ကို ပြောပြထားသည်။ ဝမ်းမြောက်ခြင်းသည် ဝိညာဉ်တော်၏အသီးအပွင့်တစ်ခုဖြစ်သည်။ ကျွန်ုပ်တို့နားလည်သဘောပေါက်ထားဖို့လိုအပ်သည့်အရာမှာ ထိုဝမ်းမြောက်ခြင်းကိုခံစားရသည့် ခံစားချက်၏အတိမ်အနက်သည် ပတ်ဝန်းကျင်အခြေအနေပေါ်၌မူတည်သည်ဟူသောအချက်ဖြစ်သည်။ ရှင်ပေါလု၏ဝမ်းမြောက်ခြင်းကို ၎င်းအထံမှနုတ်ယူသွားနိုင်ခဲ့ကြမည်မဟုတ်ပါ။ ဤစစ်ကြောခြင်းနှင့်ခက်ခဲမှုများအလယ်၌ပင်ရှင်ပေါလုသည် ဝမ်းမြောက်ခြင်းကို ဘုရားသခင့်ဝိညာဉ်တော်၏အသီးအပွင့်အဖြစ်ခံစားနိုင်ခဲ့ပါသည်။ သို့သော် ဤဝမ်းမြောက်ခြင်းကိုလက်ငင်းခံစားရမှုသည်ပတ်ဝန်းကျင်အခြေအနေပေါ်တွင်မူတည်၍ ပိုမိုပြည့်ဝလာရသည်။ ဖိလိပ္ပိအသင်းတော်၏ဖြစ်တည်မှုအခြေအနေသည် ရှင်ပေါလုအားအသက်တာ၌ဝမ်းမြောက်ခြင်းဆုကျေးဇူးကို ပိုမိုနက်နဲစွာခံစားစေခဲ့သည်။

ဝိညာဉ်တော်၏အသီးအပွင့်ကို ကျွန်ုပ်ခံစားခြင်းနှင့်ခရစ်တော်၏ကိုယ်ခန္ဓာရှိအခြားယုံကြည်သူများနှင့် ကျွန်ုပ်၏ဆက်ဆံရင်းနှီးမှုများအကြားတွင် နီးစပ်သောဆက်နွယ်မှုတစ်ခုရှိသည်။ ကျွန်ုပ်၏ဆက်ဆံရင်းနှီးမှုများ၌ အဆင်မပြေမှုများဖြစ်လာပါကဝိညာဉ်၏အသီးအပွင့်ကို ကျွန်ုပ်ခံစားရခြင်းသည်လည်း မှေးမှိန်လာမည်ဖြစ်သည်။ ကျွန်ုပ်သည်ယုံကြည်သူမိတ်ဆွေများနှင့် ပဋိပက္ခဖြစ်သောအခါ သခင်ခရစ်တော်၏ဝမ်းမြောက်ခြင်းနှင့်ငြိမ်သက်ခြင်းကို အကျွန်ုပ်အပြည့်အဝခံစားရန်မှာခက်ခဲလှပါသည်။ မိမိ၏ညီအစ်ကိုမောင်နှမများ တစ်ဦးနှင့်တစ်ဦးချစ်ကြည်ရင်းနှီးစွာဆက်ဆံနေကြသည်ကိုတွေ့မြင်ခဲ့ရသောအခါ ရှင်ပေါလုခံစားရသောဝမ်းမြောက်ခြင်းမှာလည်းသာ၍ကြီးမားခဲ့သည်။ ကိုယ်ခန္ဓာတော်ထဲ၌ရှိသော ကျွန်ုပ်တို့၏အသက်တာ

များသည်နီးစပ်စွာဆက်နွယ်ချိတ်ဆက်နေကြသည်။ ကျွန်ုပ်၏ဆက်ဆံရင်းနှီးမှုဖြင့် လူတို့၏အသက်တာတွင် သခင်ဘုရား၏ဝမ်းမြောက်ခြင်းနှင့်ငြိမ်သက်ခြင်းကိုနက်နက်နဲနဲခံစားလာနိုင်အောင် ပြုလုပ်နိုင်ပါသည်။

အခန်းငယ် ၃ တွင် ရှင်ပေါလုကဖိလိပ္ပိယုံကြည်သူတို့အား အတ္တရည်မှန်းချက် (သို့) လှည့်ဖြားခြင်းတို့ဖြင့်အဘယ်အရာကိုမျှ မပြုလုပ်ကြရန်စိန်ခေါ်ထားသည်။ ထိုသို့ပြုလုပ်ကြမည့်အစား တစ်ဦးနှင့်တစ်ဦးပြိုင်ဆိုင်ခြင်း၊ ထောင်လွှားစော်ကားခြင်းများကိုဘေးဖယ်၍ အခြားသူတို့အားငှင်းတို့၏လိုအပ်ချက်များတွင်ကူညီကြရန်တိုက်တွန်းထားသည်။ အခြားသူများထက်ခြေတစ်လှမ်းသာလိုခြင်းဟူသောထောင်ချောက်တွင်သက်ဆင်းရန် အဘယ်မျှလွယ်ကူပါသနည်း။ ကျွန်ုပ်၏အသက်တာတွင်အတ္တဆန်သောဆုံးဖြတ်ချက်များ အကြိမ်မည်မျှချမှတ်ခဲ့ပါနည်း။ ကျွန်ုပ်၏မိတ်ဆွေများနှင့်ကျွန်ုပ်ချစ်ရသောသူများအတွက် မည်သည့်အရာကိုကျွန်ုပ်ပေးဆပ်လိုပါသနည်း။ ကျွန်ုပ်၏စိတ်ဆန္ဒများကိုဗဟိုထား၍ နေ့စဉ်နေ့တိုင်းဆုံးဖြတ်ချက်များကိုအကြိမ်မည်မျှချမှတ်ပါသနည်း။ အခြားသူတို့၏လိုအပ်ချက်များအားတွေ့မြင်ရန် ကျွန်ုပ်တို့၏မျက်စိများကိုဖွင့်ထားဖို့ ရှင်ပေါလုကကျွန်ုပ်တို့အားစိန်ခေါ်ထားပါသည်။ ကျွန်ုပ်တို့၏ဆုံးဖြတ်ချက်များနှင့်လုပ်ဆောင်မှုများတွင် အခြားသူများ၏လိုအပ်ချက်ကိုထည့်သွင်းစဉ်းစားကြဖို့ ကျွန်ုပ်တို့ကိုတိုက်တွန်းစိန်ခေါ်ထားသည်။ အခန်းငယ် ၄ တွင် ရှင်ပေါလုကဖိလိပ္ပိယုံကြည်သူများအား ၎င်းတို့၏အကျိုးအမြတ်အတွက်ကိုသာမကြည့်ဘဲ ၎င်းတို့၏အနီးအနားရှိလူတို့၏အကျိုးအမြတ်ကိုလည်း ကြည့်ကြဖို့တိုက်တွန်းစိန်ခေါ်ထားသည်။ ယုံကြည်သူများအားလုံးသည် မိမိတို့ထက်အခြားသူများကိုမြှင့်တင်အားပေးခြင်းကို ပို၍စိတ်ဝင်စားလုပ်ဆောင်ခဲ့ကြလျှင် ဤလောကကြီးသည်ထူးခြားခဲ့ပါလိမ့်မည်။ အတ္တပန်းတိုင်များကိုဆွတ်ယူရန်အတွက် အခြားယုံ

ကြည်သူများကို အထက်စီးဆန်ဆန်ဘေးသို့တွန်းထုတ်ပစ်ကြသောသူများကြောင့် အသင်းတော်၌ အဘယ်မျှများပြားသောပြဿနာများ ပေါ်ပေါက်ခဲ့ပါသနည်း။

အခန်းငယ် ၅ တွင် ရှင်ပေါလုကဖိလိပ္ပိယုံကြည်သူများအား သခင်ယေရှုက ဤအတ္တမဲ့သောအသက်တာရှင်သန်ပုံကို ဥပမာတစ်အဖြစ်ကျွန်ုပ်တို့အတွက်ထားရစ်ခဲ့ကြောင်းပြောပြခဲ့သည်။ အခန်းငယ် ၆ တွင် ရှင်ပေါလုကသူတို့အား သခင်ယေရှုသည်အစဉ်ထာဝရဘုရား (ဘုရားသခင်၏ပင်ကိုယ်သဘောသဘာဝ၌)ဖြစ်ခဲ့ပါလျက် ထိုအရာကိုအချိန်ကာလတစ်ခုလေးအတွက်ပင် ဘေးဖယ်ထား၍မရလောက်အောင်တန်ဖိုးထားတွယ်တာစရာအဖြစ်လည်းကောင်း၊ ဘုရားသခင်နှင့်တန်းတူညီမျှမှုဟူ၍လည်းကောင်းမထင်မှတ်ခဲ့ပါ။ တစ်နည်းအားဖြင့်ဆိုလျှင် သခင်ယေရှုသည်ဘုရားဖြစ်သော်လည်း ဘုရားသခင်၏ဖြစ်တည်မှုများနှင့်ဆက်စပ်နေသည့် အခွင့်ထူးများကိုလက်လွှတ်ခဲ့ပါသည်။ အချိန်ကာလတစ်ခုအထိ သာမန်လူသားများကဲ့သို့နေထိုင်ရန်ရွေးချယ်ခဲ့သည်။ ဤလောက၌သူတွေ့ဆုံခဲ့သောလူသားများက အဖဘုရားသခင်ကို ကြည်ညိုလေးစားသကဲ့သို့ သူကိုမကြည်ညို၊ မလေးစားခဲ့ပါ။ သူသည်ဘုရားသခင်နှင့်တန်းတူညီမျှပါသော်လည်း သူသည်မိမိ၏အထူးလုပ်ပိုင်ခွင့်များကိုမတောင်းဆိုခဲ့ပါ။ လူတို့ကသူ့အားတံတွေးထွေးခြင်း၊ ကျိန်ဆဲခြင်းတို့ကပြုကြဖို့ခွင့်ပြုခဲ့သည်။ သူသည်ဂုဏ်ပြုလေးစားခြင်း၊ ချီးမွမ်းခြင်းတို့နှင့်ထိုက်တန်ခဲ့ပါသော်လည်းဤလောက၌ရှင်သန်စဉ်ခါတွင် ဤအခွင့်ထူးများကိုငြင်းပယ်ခဲ့သည်။

သခင်ယေရှုသည်အစေခံကျွန်၏သဏ္ဌာန်ကိုဆောင်ယူခဲ့သည် (ငယ် ၇)။ သူသည်ကျွန်ုပ်တို့ကဲ့သို့ လူသားစင်စစ်ဖြစ်ခဲ့ပါသည် (သို့သော်အပြစ်မဲ့သည်)။ ဤလူသားရုပ်ခန္ဓာတွင် သူသည်ပညတ်တရားကိုစောင့်ထိန်း၍ သူ၏မိဘများကိုနာခံခဲ့သည်။ သူသည်ကျွန်ုပ်တို့ကဲ့သို့စုံစမ်းခြင်းကိုခံရသည်။ ကျွန်ုပ်တို့တွေ့ကြုံခံစားရသမျှ

သောအရာများကိုမိမိလည်းခံစားဖို့ ကိုယ့်ကိုကိုယ်ခွင့်ပြုခဲ့သည်။ ကျွန်ုပ်တို့ခံစားရသောထိခိုက်ခြင်း၊ နာကျင်ခြင်းများကိုခံစားခဲ့သည်။ ရိုးသား၍နှိမ့်ချသောလူသားတစ်ဦးအနေဖြင့် သခင်ယေရှုသည်မိမိ၏စစ်မှန်သောအစေခံသဘောသဘာဝကိုခမည်းတော်အဖဘုရားအား အကြွင်းမဲ့နာခံခြင်းဖြင့်သက်သေပြခဲ့သည် (ငယ် ၈)။ သခင်ယေရှုသည်ခမည်းတော်ဘုရားအပေါ်၌ လုံးလုံးလျားလျားမှီခိုအားထား၍ခမည်းတော်ဘုရားဖန်ဆင်းခဲ့သောအရာအတွက် အသက်ကိုစတေးရန်လိုလိုလားလားရှိနေခဲ့ပါသည်။ ဤလောကတစ်ခုလုံးကိုရှုမြင်ရန်အတွက် သခင်ယေရှုသည်ရာဇဝတ်သားတစ်ဦးကဲ့သို့ အရှက်တကွဲအကျိုးနည်းဖွယ်သောသေခြင်းမျိုးကိုလက်ခံခဲ့သည်။

ဤအချင်းအရာကိုသူအဘယ့်ကြောင့်ပြုလုပ်ခဲ့ပါသနည်း။ သူသည်သင်နှင့်ကျွန်ုပ်အတွက်ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ သူကဲ့သို့ပြုလုပ်ခဲ့ခြင်းကြောင့်သာ ကျွန်ုပ်တို့သည်ဘုရားသခင်နှင့်ဆက်ဆံရင်းနှီးခွင့်ကို ရရှိနိုင်ခဲ့ကြသည်။ သခင်ဘုရားသည်ကျွန်ုပ်တို့၏ပြစ်ဒဏ်များကိုဆောင်ယူ၍ အသေခံခဲ့သောကြောင့် ကျွန်ုပ်တို့မှာထိုအပြစ်ဒဏ်မှလွတ်မြောက်နိုင်ခဲ့ကြသည်။ သူသည်ကိုယ့်ကိုကိုယ်ထည့်မတွက်ခဲ့ပါ။ သူသည်မိမိ၏ဘုရားအခွင့်ထူးများကို အချိန်ကာလတစ်ခုအထိဘေးဖယ်ထားခဲ့သည်။ မိမိနှင့်ထိုက်တန်သောဂုဏ်ပြုဂုဏ်ကြီးများကိုဘေးဖယ်ထားခဲ့သည်။ သူသည်သေခြင်းတရား၏အရှက်ကို ကားတိုင်ထက်၌ခံစားသွားခဲ့သည်။ ဘုရားသခင်သည်မသေနိုင်ပါသော်လည်း သခင်ယေရှုသည်ကျွန်ုပ်တို့၏လူ့ဇာတိသဘာဝကို အချိန်ကာလတစ်ခုအထိရယူ၍ လူသားတစ်ဦးကဲ့သို့သေခဲ့ပါသည်။ ဤအရာများအားလုံးတွင်သူသည်မိမိ၏တကိုယ်ရေအဆင်ပြေမှုများနှင့် နှစ်သက်လိုလားမှုများကိုမစဉ်းစားခဲ့ပါ။ ဤသည်မှာရှင်ပေါလုပြောနေသည့် ကျွန်ုပ်တို့၏အသက်တာကို သခင်ယေရှု

ကဲ့သို့ မည်သို့နေထိုင်ကြရမည့်အကြောင်းပင်ဖြစ်သည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏မာန်မာနများကိုဘေးဖယ်ထားကြရမည်။ ကျွန်ုပ်တို့၏ညီအစ်ကို မောင်နှမများအတွက် ကိုယ့်ကိုကိုယ်လှဲခင်းထားရမည်။ သခင်ယေရှုက ကျွန်ုပ်တို့အား အစေခံ၍အလုပ်အကျွေးပြုခဲ့သကဲ့သို့ ကျွန်ုပ်တို့၏အသက်တာများကိုလည်း သူတို့အားအစေခံရန်ပေးအပ်ထားရမည်။

အခန်းငယ် ၉ တွင် သခင်ခရစ်တော်၏လုပ်ရပ်ကို ခမည်းတော်ဘုရားကအမှုမဲ့အမှတ်မဲ့မရှိခဲ့ကြောင်းကိုသတိပြုပါ။ သခင်ယေရှုသည် မိမိ၏နာခံခြင်းတရားကြောင့် အမြင့်ဆုံးသောအရာ၌ချီးမြှောက်ခြင်းကိုခံခဲ့ရသည်။ တိုင်းနိုင်ငံအားလုံးနှင့် လူမျိုးနွယ်အားလုံးကချီးကျူးလေးစားမည့် အမည်နာမကိုဘုရားသခင်ကသူ့အားပေးခဲ့သည်။ သူ၏အမည်နာမကို နာမတကာတို့၏အထက်၌ချီးမြှောက်ခဲ့သည်။ တစ်နေ့တွင်သခင်ယေရှု၏ရှေ့မှောက်၌ လူသားအားလုံးဒူးထောက်ကြရလိမ့်မည်။ ကောင်းကင်အထက်အရပ်၌လည်းကောင်း၊ မြေကြီးပေါ်၌လည်းကောင်း၊ မြေကြီးအောက်အရပ်၌(သေဆုံးသွားသောသူများနှင့် နတ်ဆိုးဝိညာဉ်ဆိုးများ)ရှိသောသတ္တဝါများအားလုံးက သူ့ကိုသခင်အဖြစ်အသိအမှတ်ပြု၍ လေးစားကြည်ညိုခြင်းဖြင့်ဦးညွှတ်ခဲ့ကြပါလိမ့်မည်။ သူတို့သည်ခမည်းတော်ဘုရား၏ ဘုန်းတော်အရာ၌သားတော်ကိုချီးမြှောက်ခဲ့ကြပါလိမ့်မည်။ ခမည်းတော်ဘုရားနှင့်သားတော်ဘုရားကြားတွင်ယှဉ်ပြိုင်မှုမရှိပါ။ တစ်ပါးကိုချီးမြှောက်ခြင်းသည် အခြားတစ်ပါးကိုချီးမြှောက်ခြင်းပင်ဖြစ်သည်။ သားတော်ကိုကိုးကွယ်ဆည်းကပ်ခြင်းသည် ခမည်းတော်ကိုကိုးကွယ်ဆည်းကပ်ခြင်းဖြစ်သည်။ သခင်ယေရှုသည်ဘုရားဖြစ်၍ ဖြစ်တည်မှုသဘာဝတွင်ခမည်းတော်ဘုရားနှင့်တန်းတူညီမျှကာကူညီသော ချီးမွမ်းခြင်းနှင့်ဂုဏ်ပြုခြင်းတို့ကိုထိုက်တန်ပါသည်။

သခင်ခရစ်တော်၏အောင်နိုင်ခြင်းသည် ကိုယ့်ကိုကိုယ်နှိမ့်ချခြင်းမှရောက်ရှိလာခဲ့ခြင်းဖြစ်သည်။ ဤသည်မှာဖိလိပ္ပိယုံကြည်သူများအားစိန်ခေါ်ခဲ့သော ရှင်ပေါလု၏စိန်ခေါ်ချက်ပင်ဖြစ်သည်။ ရှင်ပေါလုကသူတို့အား သခင်ယေရှု၏ပုံဥပမာကိုရယူကြရန်စိန်ခေါ်ခဲ့သည်။ သင်သည်အသင်းတော်၌ သင်းအုပ်(သို့)ဝိညာဉ်ရေးရာခေါင်းဆောင်တစ်ဦးဖြစ်ကောင်းဖြစ်မည်။ သင့်အနီးပတ်ဝန်းကျင်ရှိလူတို့၏လိုအပ်ချက်များကိုဖြည့်ဆည်းကူညီပေးရန် သခင်ယေရှုပြုခဲ့သကဲ့သို့ သင့်ရဲ့အရိုက်အရာမှရရှိသောဂုဏ်သိက္ခာကိုဘေးဖယ်ထား၍ သင့်ရဲ့ကိုယ်ပိုင်အကျိုးအမြတ်နှင့်လုပ်ပိုင်ခွင့်များကိုစွန့်လွှတ်အနစ်နာခံဖို့ လိုလားပါသလား။ သခင်ယေရှုက ဤလောကကြီးကိုလက်လှမ်းမီဖို့ မိမိ၏လုပ်ပိုင်ခွင့်များကိုစွန့်လွှတ်ခဲ့သည်။ ကျွန်ုပ်တို့ကိုလည်းထိုအတိုင်းပြုလုပ်ရန်ဆင့်ခေါ်ထားသည်။ နိုင်ငံတော်အတွက် မိမိတို့၏ကိုယ်ပိုင်အယူအဆများနှင့်အိပ်မက်စိတ်ကူးများကို စွန့်လွှတ်လိုသောသူများကို သခင်ဘုရားကရှာကြံနေပါသည်။ သခင်ခရစ်တော်၏နိုင်ငံတော်ကိုချဲ့ထွင်းရန် ကျွန်ုပ်တို့ရှေ့သို့ချီတက်နေကြသည်နှင့်အမျှ သခင်ဘုရား၏စိတ်ထားကိုယူတင်ဝတ်ဆောင်ကြရန် ရှင်ပေါလုကကျွန်ုပ်တို့ကိုဆင့်ခေါ်ထားသည်။ သူ့အထံမှ ကျွန်ုပ်တို့လက်ခံရရှိထားသောအရာများကိုအခြားသူများအားဝေငှကြရမည်။ သခင်ယေရှုသည် ကျွန်ုပ်တို့၏ပုံဥပမာဖြစ်သည်။

## စဉ်းစားသုံးသပ်ရန်အချက်များ

- ဤနေရာတွင် ရှင်ပေါလုကသခင်ခရစ်တော်နှင့် တစ်လုံးတစ်ဝတည်းဖြစ်ခြင်း၌ရှိသောခွန်အားပေးတိုက်တွန်းခြင်း၊ သခင်ခရစ်တော်၏ချစ်ခြင်း၌ရှိသောနှစ်သိမ့်ခြင်း၊ သခင်ခရစ်တော်၏ဝိညာဉ်တော်နှင့် မိတ်သဟာယဖွဲ့ခြင်းတို့

အကြောင်းကိုပြောပြထားသည်။ ဤသမ္မာတရားများကို သင့်အသက်တာ၌တွေ့ကြုံခံစားဖူးပါသလား၊ ပုံဥပမာပေးပါ။

- သင်ဂုဏ်ယူဝင့်ကြွားရသည့် သင့်အသက်တာ၌ပြုလုပ်ခဲ့သည့်အရာများကား အဘယ်နည်း၊ ဤအချင်းအရာသည် သင်နှင့်သင့်အနီးအနားရှိလူတို့၏ ဆက်ဆံရင်းနှီးမှုကို မည်သို့သက်ရောက်မှုပြုလုပ်ပါသနည်း။ သခင်ခရစ်တော်၌တည်သော သင့်ရဲ့ညီအစ်ကိုမောင်နှမများကို ပံ့ပိုးကူညီမစရန်ဤအရာများကိုဘေးဖယ်ထားဖို့ သင်ဆန္ဒရှိပါသလား။
- သင်နှင့်အခြားသူများ၏ဆက်ဆံရင်းနှီးမှုသည် ထိုသူတို့အသက်တာ၌ ဝိညာဉ်အသီးအပွင့်ကိုကြုံတွေ့ခံစားရာ၌ မည်သို့အကျိုးသက်ရောက်မှုကို ပြုလုပ်ပါသနည်း။ သင့်ရဲ့စိတ်နေသဘောထားနှင့်လုပ်ရပ်များသည် သင့်အသက်တာ၌လည်းကောင်း၊ အခြားယုံကြည်သူများ၏အသက်တာ၌လည်းကောင်း ဝိညာဉ်အသီးအပွင့်ကိုခံစားရာ၌ ဟန့်တားနှောင့်ယှက်နိုင်ပါသလား။
- သင့်ရဲ့အကျိုးအမြတ်များနှင့် စိတ်ဆန္ဒများပေါ်၌အခြေပြု၍အသက်တာ၌ဆုံးဖြတ်ချက်မည်မျှချမှတ်ခဲ့ပါသနည်း။ ဤကျမ်းချက်၏စိန်ခေါ်ချက်ကား အဘယ်နည်း။

## ဆုတောင်းရန်အချက်များ

- အခြားသူများ၏လိုအပ်ချက်များကို အလေးထားသောအသက်တာမျိုးကို ရှင်သန်နေထိုင်ရန်ကူညီမစပေးဖို့ သခင်ဘုရားထံ၌တောင်းလျှောက်ပါ။
- သခင်ခရစ်တော်နှင့်တစ်လုံးတစ်ဝတည်းဖြစ်ခြင်း၌ရှိသော ခွန်အားပေးတိုက်

တွန်းခြင်း၊ သခင်ခရစ်တော်၏ချစ်ခြင်း၌ရှိသောနှစ်သိမ့်ခြင်း၊ သန့်ရှင်းသော ဝိညာဉ်တော်နှင့်မိသဟာယဖွဲ့ခြင်းတို့အတွက် သခင်ဘုရားကိုကျေးဇူးတင် ချီးမွမ်းပါ။

- သင့်ရဲ့စိတ်နှလုံးထဲ၌ သခင်ယေရှုကမိမိ၏အသက်တာကို မည်သို့နေထိုင်ခဲ့ သည်ဟူသောအရာအတွက် သခင်ယေရှုကိုကျေးဇူးတင်ချီးမွမ်းပါ။ သင့်ရဲ့ လိုအပ်ချက်များကို သခင်ယေရှုကဆက်လက်၍စိတ်ပါဝင်စားနေမှုအတွက် ကျေးဇူးတင်ချီးမွမ်းပါ။

# ၅
# ပြည်တမ်းခြင်းမရှိပဲ

**ဖိလိပ္ပိ ၂း၁၂-၁၈ ကိုဖတ်ရှုပါ။**

နောက်ဆုံးဆင်ခြင်နှလုံးသွင်းခြင်း၌ ရှင်ပေါလုကဖိလိပ္ပိယုံကြည်သူများအား လုပ်သမျှသောအရာ၌ သခင်ယေရှု၏စိတ်နေသဘောထားမျိုးကို ရှိထားကြရန်မည်သို့စိန်ခေါ်တိုက်တွန်းခဲ့သည်ကို ကျွန်ုပ်တို့တွေ့မြင်ခဲ့ကြသည်။ မိမိတို့၏အကျိုးစီးပွားထက်အခြားသူများ၏အကျိုးစီးပွားသည် ပို၍အရေးကြီးကြောင်းထည့်သွင်းစဉ်းစားကြရန်ရှင်ပေါလုကသူတို့ကိုစိန်ခေါ်တိုက်တွန်းခဲ့သည်။ ရှင်ပေါလုကသူတို့အားသခင်ယေရှု၏ပုံဥပမာကိုညွှန်ပြခဲ့ပြီး တစ်ယောက်နှင့်တစ်ယောက်ဆက်ဆံကြရာ၌ထိုပုံဥပမာကိုလိုက်လျှောက်ကြရန် စိန်ခေါ်တိုက်တွန်းခဲ့သည်။

ရှင်ပေါလုဖိလိပ္ပိယုံကြည်သူများနှင့် အတူရှိနေခဲ့စဉ်အချိန်က သူတို့သည် ရှင်ပေါလု၏အကြံပြုတိုက်တွန်းချက်များကိုနားထောင်ခဲ့ပြီး သခင်ဘုရားကိုနာခံခဲ့ကြသည်။ သူမရှိခိုက်တွင်လည်း ဖိလိပ္ပိယုံကြည်သူများသည် ပို၍လုံ့လဝီရိယရှိကြမည့်အကြောင်းကိုစိတ်ချယုံကြည်ခဲ့သည်(ငယ် ၁၂)။ သူတို့တစ်ဦးနှင့်တစ်ဦးဆက်ဆံရင်းနှီးမှုများတွင် သခင်ယေရှု၏ပုံဥပမာကိုလိုက်လျှောက်ကြရန်ညွှန်ပြခဲ့ရုံသာမဟုတ်

သူတို့၏ကယ်တင်ခြင်းကိုကြောက်ရွံ့တုန်လှုပ်သောစိတ်နှင့် ကြိုးစားအားထုတ်ကြရန် စိန်ခေါ်တိုက်တွန်းခဲ့သည်။

ကျွန်ုပ်တို့၏ကယ်တင်ခြင်းကိုကြိုးစားအားထုတ်၍ လုပ်ဆောင်ကြရမည် ဆိုသည်မှာအဘယ်နည်း။ အခန်းငယ် ၁၃ တွင် ရှင်ပေါလုကစိတ်ဝင်စားဖွယ်ထုတ်ဖော်ပြောကြားချက်တစ်ခုကိုပြုလုပ်ထားသည်။ ရှင်ပေါလုကဖိလိပ္ပိယုံကြည်သူများအား "သင်တို့အထဲ၌စေတနာတော်အားဖြင့် ပြုပြင်တော်မူသောသူကားဘုရားသခင်ပေတည်း"ဟုပြောခဲ့သည်။ ဖိလိပ္ပိယုံကြည်သူများအနေဖြင့် ကြိုးစားအားထုတ်ကြဖို့လိုအပ်သော်လည်း ဘုရားသခင်ကအတွင်းထဲတွင် ထိုအလုပ်ကိုလုပ်ဆောင်ပါလိမ့်မည်။ "ကြိုးစားအားထုတ်သည်"ဟူသောအသုံးအနှုန်းကို ယနေ့ခေတ်တွင်ကိုယ်ကာယလေ့ကျင့်ခန်းများပြုလုပ်ရာတွင် အသုံးပြုပြောဆိုကြပါသည်။ လေ့ကျင့်ခန်းလုပ်ခြင်းအကြောင်းကို ကျွန်ုပ်တို့ပြောဆိုကြရာတွင် ကျွန်ုပ်တို့လေ့ကျင့်ခန်းလုပ်ဆောင်ပုံနည်းစနစ်တစ်ခုကို လိုက်လျှောက်ကျင့်သုံးနေကြောင်းကို ပြောဆိုနေကြခြင်းဖြစ်သည်။ ရှင်ပေါလုကဖိလိပ္ပိယုံကြည်သူများအား သူတို့အထဲ၌ဘုရားသခင်က လုပ်ဆောင်နေသောအရာကို ကြိုးစားအားထုတ်၍လုပ်ဆောင်ကြဖို့ (သို့) ပုံမှန်လေ့ကျင့်ခန်းတစ်ခုအနေဖြင့်လုပ်ဆောင်ကြဖို့ ပြောဆိုနေဟန်ရှိသည်။

ဘုရားသခင်က ကျွန်ုပ်တို့ရှင်သန်နေထိုင်ဖို့နှင့် သူ့ကိုအလုပ်အကျွေးပြုဖို့ရာ၌ ကျွန်ုပ်တို့လိုအပ်သောအရာအားလုံးကိုပံ့ပိုးပေးထားသည်။ ကျွန်ုပ်တို့အထဲ၌လည်းကောင်း၊ ကျွန်ုပ်တို့အားဖြင့်လည်းကောင်းအလုပ်လုပ်ဖို့ မိမိ၏သန့်ရှင်းသောဝိညာဉ်တော်ကိုဘုရားသခင်က ကျွန်ုပ်တို့အားပေးထားခဲ့သည်။ ဘုရားသခင်သည်မိမိ၏ကယ်တင်ခြင်းကိုကျွန်ုပ်တို့အထဲ၌ပုံဖော်လုပ်ဆောင်နေစဉ်တွင် ကျွန်ုပ်တို့အနေဖြင့် ထိုကယ်တင်ခြင်းကို သန့်ရှင်းသောဝိညာဉ်တော်၏လုပ်ဆောင်မှုကို နာခံရှင်သန်ခြင်း

ဖြင့်အလုပ်လုပ်ပေးရန်တာဝန်ရှိနေပါသည်။ ကျွန်ုပ်တို့၏ကယ်တင်ခြင်းကိုကြိုးစား အားထုတ်၍လုပ်ဆောင်ကြရန်ဆိုသည်မှာ ဘုရားသခင်အားနာခံခြင်း၌ရှင်သန်ခြင်း ဖြင့်ကျွန်ုပ်တို့၏ယုံကြည်ခြင်းကို အလုပ်လုပ်ပေးကြရန်ဖြစ်သည်။ ထိုအရာသည် ကျွန်ုပ်တို့၏ဝိညာဉ်ရေးရာကြွက်သားများကိုကွေးဆန့်၍ ဘုရားသခင်ကကျွန်ုပ်တို့ အထဲ၌သွတ်သွင်းထားသော ဆုကျေးဇူးများကိုအားဖြည့်ခြင်းဖြစ်သည်။

အခန်းငယ် ၁၂ တွင် ကျွန်ုပ်တို့သည် ဘုရားသခင်ကပေးသနားထားသော ကယ်တင်ခြင်းကို "ကြောက်ရွံ့တုန်လှုပ်သောစိတ်"နှင့် ပြုလုပ်ကြဖို့ဖြစ်ကြောင်းသတိပြု ပါ။ ဘုရားသခင်သည် မိမိ၏အကြံအစည်အတိုင်း ဤကယ်တင်ခြင်းကို ကျွန်ုပ်တို့ အထဲ၌လုပ်ဆောင်နေသောကြောင့် ကျွန်ုပ်တို့မှလည်း ထိုအရာကိုပြုလုပ်ကြရမည် ဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုရလျှင် ဘုရားသခင်သည်မိမိ၏ရည်ရွယ်ချက်အတိုင်း ကျွန်ုပ်တို့ကိုပုံသွင်းနေပါသည်။ သန့်ရှင်းသောဝိညာဉ်တော်သည် ဘုရားသခင်၏ ရည်ရွယ်ချက်နှင့်အကြံအစည်အတိုင်း ကျွန်ုပ်တို့အထဲ၌အလုပ်လုပ်၍လမ်းပြနေပါ သည်။ ဤအချင်းအရာကိုပေ့ါပေ့ါတန်တန်ထား၍မရပါ။ ဘုရားသခင်၏ဝိညာဉ် တော်သည်ကျွန်ုပ်တို့အထဲ၌တန်ခိုးထက်၍ အံ့ဖွယ်ကောင်းသောအလုပ်ကိုလုပ်နေ ပါသည်။ ဤအမှန်တရားကိုကျွန်ုပ်တို့မှ အနည်းငယ်သာတန်ဖိုးထားချီးမွမ်းကြပါ သည်။ ဤနေရာ၌ရှင်ပေါလုပြောပြနေသည့် ဘုရားသခင်သည်ကျွန်ုပ်တို့အထဲ၌ အလုပ်လုပ်နေပါသည်ဟူသောအရာကို သေချာနားထောင်ပါ။ သင့်ရဲ့ဝိညာဉ်ရေး ရာတိုးတက်ကြီးထွားမှုသည် သင့်ရဲ့ကြိုးစားအားထုတ်မှု၏ရလာဒ်မဟုတ်ပါ။ ဤ သည်မှာသင့်အသက်တာကိုတို့ထိရန်အတွက်လည်းကောင်း၊ သင့်အထဲ၌တန်ခိုးကြီး သောအမှုကိုပြုလုပ်ရန်ရွေးချယ်ခဲ့သော သန့်ရှင်း၍တန်ခိုးကြီးသောဘုရားသခင်၏ အစွမ်းကြီးသောလုပ်ဆောင်ချက်၏ရလာဒ်ဖြစ်သည်။ ဤအချင်းအရာကိုသင်မည်သို့

တုန့်ပြန်မည်နည်း။ ကျွန်ုပ်တို့အထဲ၌လုပ်ဆောင်နေသောအလုပ်ကို ကျွန်ုပ်တို့အလေး အနက်မထားသင့်ပေဘူးလား။ ဘုရားသခင်၏ဝိညာဉ်တော်က ကျွန်ုပ်တို့အထဲ၌လုပ် ဆောင်နေသောအရာကို ဆန့်ကျင်တွန်းလှန်ခြင်းသည် ကြောက်စရာကောင်းသော လုပ်ရပ်မဟုတ်ပေဘူးလား။ ဤအယူအဆကိုမှန်မှန်ကန်ကန်နားလည်သဘော ပေါက်သောသူတိုင်း သူတို့အထဲ၌ဘုရားသခင်ကလုပ်ဆောင်နေသော ဆုကျေးဇူး များကို အလုပ်လုပ်ပေးကြပါလိမ့်မည်။ သူတို့သည်ဘုရားဝိညာဉ်တော်၏လမ်းပြမှု ကိုနာခံခြင်း၌ရှင်သန်ရွေးချယ်ကြပါလိမ့်မည်။ ဝိညာဉ်တော်မှသူတို့၏အထဲ၌ ထုတ်လုပ်ဖန် တီးနေသောအသီးအပွင့်အားလုံးကို အသက်တာ၌သက်သေပြကြ ပါလိမ့်မည်။ ဤပုဂ္ဂိုလ်များသည်သူတို့အထဲ၌ရှိသော ဘုရားသခင်၏စစ်မှန်မှုကို တုန်လှုပ်နေကြပါသည်။ သူတို့သည်ဘုရားသခင်ကို ကြောက်ရွံ့ထိန့်လန့်ခြင်း သဘောမျိုးဖြင့်ကြောက်ရွံ့နေကြသည်မဟုတ်၊ သူတို့အထဲ၌လည်းကောင်း၊ သူတို့ အားဖြင့်လည်းကောင်း ဘုရားသခင်၏လုပ်ဆောင်မှုကို ဂုဏ်ယူလေးစားကြည် ညိုခြင်းစိတ်သဘောမှ ကြောက်ရွံ့ကြခြင်းဖြစ်သည်။

ရှင်ပေါလုကဖိလိပ္ပိယုံကြည်သူများအား ဘုရားသခင်သည်သူတို့အထဲ၌ လည်းကောင်း၊ သူတို့အားဖြင့်လည်းကောင်းအလုပ်လုပ်နေသောကြောင့်သူတို့သည် ဘုရားသခင်၏လုပ်ဆောင်ချက်၌ မြည်တမ်းညည်းတွားရန်အကြောင်းမရှိကြောင်း ပြန်လည်အသိပေးထားသည်။ ဘုရားသခင်သည် “မိမိ၏ကောင်းမွန်သောအကြံ အစည်အတိုင်း” မိမိ၏အရာအားလုံးကိုပိုင်သအုပ်စိုးတော်မူသော တန်ခိုးတော်အား ဖြင့်ဖိလိပ္ပိယုံကြည်သူတို့အား မိမိကိုက်ညီသည်ဟုမြင်သည့် ဘဝအခြေအနေအမျိုး မျိုးကိုဖြတ်သန်းစေခဲ့သည်။ ဖိလိပ္ပိယုံကြည်သူများသည် ဘုရားသခင်ကဆောင်ယူ လာခဲ့သော ၎င်းတို့၏ဘဝလမ်းခရီးများကို လိုလိုလားလားလက်ခံနိုင်လောက်အောင်

ဘုရားသခင်ကိုလည်းကောင်း၊ ဘုရားသခင်၏ရည်ရွယ်ချက်များကိုလည်းကောင်း ရိုသေလေးစားကြရမည်ဖြစ်သည်။ သူတို့သည်အရာအားလုံးကို မြည်တမ်းခြင်း၊ ငြင်းခုံခြင်းမရှိပဲပြုလုပ်ကြရမည်ဖြစ်သည်(ငယ် ၁၄)။ မြည်းတမ်းခြင်းနှင့်ငြင်းခုံခြင်းတို့သည် ဘုရားသခင်လုပ်ဆောင်နေသည့်အရာကို သဘောမတူခြင်းဖြစ်သည်။ နှစ်လိုဖွယ်မကောင်းဟုထင်မှတ်ရသောအရာများ ကျွန်ုပ်အသက်တာ၌ရင်ဆိုင်ကြုံတွေ့ဖူးပါသည်။ သို့သော် ဘုရားသခင်သည်ဤစစ်ကြောခြင်းများ၌ ကျွန်ုပ်အတွက်ရည်ရွယ်ချက်တစ်ခုရှိသည်ဟူသောအချက်ကို နားလည်သဘောပေါက်ရန် နှစ်အတန်ကြာရှင်သန်ဖြတ်သန်းခဲ့ရသည်။ ကျွန်ုပ်ဘုရားသခင်နှင့်စကားများငြင်းခုံခြင်းက ကျွန်ုပ်အထဲ၌ဘုရားသခင်လုပ်ဆောင်နေသောအရာများကို ကျွန်ုပ်မယုံကြည်ကြောင်းကို သာပြသနေပါသည်။

အခန်းငယ် ၁၅ တွင် ရှင်ပေါလုကဖိလိပ္ပိယုံကြည်သူများအား အပြစ်တင်ခွင့်နှင့်ကင်း၍သန့်ရှင်းဖြူစင်သော ဘုရား၏သားများဖြစ်ကြမည့်အကြောင်း သူတို့သည် မြည်တမ်းခြင်းနှင့်အရေးမပါသောအရာ၌ ငြင်းခုံခြင်းများကိုတွန်းလှန်ဆန့်ကျင်ကြရမည်ဟုပြောပြထားသည်။ ဘုရားသခင်၏စိတ်ဆန္ဒမှာ “အဘယ်သူကိုမျှမပြစ်မှားဘဲနေ၍မဖြောင့်မမှန်ဖောက်ပြန်သောအမျိုးထဲ၌ အဘယ်အပြစ်မျှမပါသော” သားသမီးများကိုမွေးထုတ်ရန်ဖြစ်သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အားအပြစ်ဒုစရိုက်နှင့်ဆန့်ကျင်ပုန်ကန်ခြင်းကမ္ဘာကြီး၌ ပုံဥပမာများနှင့်အလင်းများဖြစ်ကြဖို့အလိုရှိသည်။ ဤလောက၏အမှောင်ကောင်းကင်ယံထက်၌ကြယ်စင်များကဲ့သို့လင်းလက်တောက်ပကြရန်ဖန်တီးပေးလိုသည်။ ဤအရာကိုပြုလုပ်ဖို့ ဘုရားသခင်သည်မိမိ၏ကယ်တင်ခြင်းကိုကျွန်ုပ်အသက်တာ၏ထောင့်ပေါင်းစုံ၌ ပုံဖော်ဖို့လိုအပ်သည်။ ဆိုလိုသည်မှာကျွန်ုပ်တို့အသက်တာ၌ မလိုအပ်သောအရာများကိုထုတ်ပယ်ခြင်းဖြင့်ဘုရား

သခင်သည်ကျွန်ုပ်တို့ကိုစည်းကမ်းဖြင့်ကြပ်မတ်၍ သင်တန်းပေးပုံသွင်းမည်ဖြစ်သည်။ ဤအရာသည်အမြဲတမ်းမလွယ်ကူပါ။ ကျွန်ုပ်တို့ထံမှအချို့သောသူများသည်အလွန် အမင်းခက်ခဲပြင်းထန်သောအချိန်ကာလများကို ဖြတ်သန်းခဲ့ရပေမည်။ သို့သော် ဤခက်ခဲခြင်းကာလတွင် ဘုရားသခင်၌ဆက်ကပ်အပ်နှံသောသူများသည် အမှောင်ထဲ၌ထွန်းလင်းတောက်ပနေကြသော ကြယ်စင်များကဲ့သို့ဖြစ်လာကြမည်ဖြစ်သည်။ အားကစားသမားများသည် အောင်မြင်ခြင်းကိုဆွတ်ယူလိုလျှင် ကိုယ့်ကိုကိုယ်ကျေနပ်၍စည်းကမ်းဖြင့်ကြပ်မတ်ရမည်ဖြစ်သည်။ စစ်သူရဲများမှာလည်းအလားတူပင်ဖြစ်သည်။ ကျွန်ုပ်တို့၏ဝိညာဉ်ရေးရာအသက်တာများတွင်လည်း ခက်ခဲမှုများကိုရင်ဆိုင်ဖြတ်သန်းချိန်ရှိလာပေမည်။ အပြစ်ဒုစရိုက်နှင့်ပုန်ကန်တတ်ခြင်းများကိုနင်းချေ၍ဖယ်ရှားကြရမည်။ အမာခံနယ်မြေများနှင့်အကျင့်ဆိုးများကို ချိုးဖျက်ကြရမည်။ ဤအရာများအားလုံးသည်နာကျင်ပါသည်။ သို့သော် ဤသို့လုပ်ဆောင်ရခြင်းသည် ကျွန်ုပ်တို့၏အကျိုးအမြတ်အတွက်ဖြစ်သည်။ ပေးဆပ်ရမည့်အဖိုးအခမှာမည်သို့ပင်ဖြစ်စေကာမူ ကျွန်ုပ်သည်ဘုရားသခင်ကိုကျွန်ုပ်တို့၏အထဲ၌လုပ်ရှား၍ မိမိ၏ရည်ရွယ်ချက်များကိုအထမြောက်စေခွင့်ပေးရမည်။ ကျွန်ုပ်တို့သည်မြည်တမ်းခြင်းနှင့်ငြင်းခုံခြင်းတို့ကိုခုခံဟန့်တား၍ သခင်ဘုရားအားကျွန်ုပ်တို့အထဲ၌ တန်ခိုးကြီးသောလုပ်ရပ်ကိုလုပ်ဆောင်ခွင့်ပေးကြရမည်။

အခန်းငယ် ၁၆ တွင် ရှင်ပေါလုက ဖိလိပ္ပိယုံကြည်သူများအားအသက်ရှင်ခြင်းနှင့်ဆိုင်သောနှုတ်ကပတ်တရားတော်ကို ဆုပ်ကိုင်ထားကြရန်နှင့်ထိုသို့အားဖြင့်သူတို့သည်သခင်ခရစ်တော်ပြန်လည်ကြွဆင်းလာသောနေ့ရက်တွင် ဂုဏ်ယူဝါကြွားဝမ်းမြောက်ခြင်းရှိကြလိမ့်မည့်အကြောင်း စိန်ခေါ်တိုက်တွန်းထားသည်။ ဘုရားသခင်၏စိတ်ဆန္ဒမှာ ဖိလိပ္ပိယုံကြည်သူများအနေဖြင့် မိမိတို့၏ပတ်ဝန်းကျင်ရှိ ပျောက်ဆုံး

နေသောဝိညာဉ်များအထံ၌ ဘုရားသခင်၏နှုတ်ကပတ်တရားတော်ကို ခိုင်ခိုင်မာမာ ကြဲဖြန့်ဝေငှကြရန်ဖြစ်သည်။ ဤတာဝန်ဝတ္တရားကိုလျစ်လျူရှုထားရန် မြောက်မြား စွာသောစုံစမ်းနှောင့်ယှက်ခြင်းများရှိလာပေမည်။ အဘယ်မျှသောယုံကြည်သူများ သည်ဤအမှောင်ကမ္ဘာကြီးထဲ၌ မိမိတို့၏အလင်းကိုဆောင်ယူလာကြဖို့ပျက်ကွက်ခဲ့ ကြပါနည်း။ ဆန့်ကျင်ရန်လုပ်ခံရခြင်းများအလယ်တွင် အဘယ်မျှသောယုံကြည်သူ များသည်သခင်ယေရှုကို ကျောခိုင်းခဲ့ကြပါသနည်း။ မိမိတို့၏လိုအပ်ချက်များနှင့် အကျိုးစီးပွားတို့ကိုသမ္မာကျမ်းစာ၏သွန်သင်ချက်များနှင့် လိုက်ဖက်သင့်တော်အောင် လုပ်ဆောင်ဖို့ သမ္မာကျမ်းစာ၏သွန်သင်ချက်များကို အဘယ်မျှသောယုံကြည်သူများ ကရေရောခဲ့ပါသနည်း။ ရှင်ပေါလုကဖိလိပ္ပိယုံကြည်သူများကို ဤထောင်ချောက်ထဲ သို့မသက်ဆင်းမိကြဖို့အလိုရှိခဲ့သည်။ ရှင်ပေါလုကသူတို့အား ဤနှုတ်ကပတ်တော် တရားတော်ကိုသမ္မာတရားလမ်းညွှန်အဖြစ် တင်းတင်းကြပ်ကြပ်ဆုပ်ကိုင်၍ ဤ အသက်ရှင်ခြင်းနှင့်ဆိုင်သော နှုတ်ကပတ်တရားတော်ကို ပျောက်ဆုံးနေသောဤ လောကထံသို့ကြဲဖြန့်ဝေငှကြရန် အလိုရှိခဲ့သည်။

အခန်းငယ် ၁၇ တွင် ရှင်ပေါလုကဖိလိပ္ပိယုံကြည်သူများအား မိမိသည် ဘုရား၏အမှုတော်ကို ဖိလိပ္ပိယုံကြည်သူများထံ၌ဆောင်ရွက်ရာတွင် အသက်ရှင်ခြင်း နှင့်ဆိုင်သောနှုတ်ကပတ်တော်တရားတော်ကို သစ္စာရှိရှိဆုပ်ကိုင်ထားခဲ့သောကြောင့် သွန်းလောင်းရာပူဇော်သက္ကာကဲ့သို့ သွန်းလောင်းခံရကြောင်း ပြန်လည်အသိပေးခဲ့ သည်။ ဖိလိပ္ပိယုံကြည်သူများယုံကြည်ခြင်း၌ တိုးတက်ရင့်ကျက်လာဖို့အမှုတော် ဆောင်ရာတွင် ရှင်ပေါလုအနေဖြင့်ဆင်းရဲခြင်းဒုက္ခကြုံတွေ့ဖို့လိုအပ်ခဲ့သည်။ ရှင်ပေါ လုသည်ဤအချင်းအရာကိုလုပ်ဆောင်ဖို့ လိုလိုလားလားရှိနေခဲ့ပြီး သူတို့အတွက် မိမိ၏အသက်ကိုပင်သွန်းလောင်းဖို့လိုအပ်ခဲ့လျှင် ရှင်ပေါလုဝမ်းမြောက်နေပါလိမ့်

မည်။ ပေးဆပ်ရမည့်အဖိုးအခမှာမည်သို့ပင်ရှိစေ ရှင်ပေါလုသည်သစ္စာရှိရှိလုပ်ဆောင်သွားပါလိမ့်မည်။ သူတို့အားလုံးသခင်ခရစ်တော်၌ ကြီးထွားတိုးပွားကြမည့်အကြောင်း ရှင်ပေါလုသည်အရာအားလုံးကို လိုလိုလားလားပေးဆပ်အနစ်နာခံသွားပါလိမ့်မည်။

ရှင်ပေါလုသည် မိမိ၏အခက်အခဲဒုက္ခများတွင် ဝမ်းမြောက်နိုင်ခဲ့ပါသည်။ ဘုရားသခင်သည် မိမိအထဲ၌ကြီးမားသော၊ ကျယ်ပြန့်သောကျေးဇူးတော်နှင့်တကွ ရင့်ကျက်ခြင်းတို့ဖြင့် အလုပ်လုပ်နေကြောင်းသိရှိခဲ့သောကြောင့် ရှင်ပေါလုမှာဝမ်းမြောက်နေနိုင်ခဲ့ခြင်းဖြစ်သည်။ လက်ရှိရင်ဆိုင်ကြုံတွေ့နေရသော ဆင်းရဲခြင်းဒုက္ခနှင့် စစ်ကြောခြင်းများတွင် သင်ဝမ်းမြောက်နေနိုင်ပါသလား။ ဤနေရာတွင်ရှင်ပေါလုက ကျွန်ုပ်တို့အားပြောပြထားသည့်အရာကို သတိရပါ။ ဘုရားသခင်သည်မိမိ၏ကယ်တင်ခြင်းကို ကျွန်ုပ်တို့အထဲ၌လုပ်ဆောင်နေပါသည်။ ဘုရားသခင်သည်မိမိ၏ရည်ရွယ်ချက်များကို ကျွန်ုပ်တို့အသက်တာ၌လည်းကောင်း၊ ကျွန်ုပ်တို့၏နှလုံးသားများ၌လည်းကောင်း ပုံဖော်လုပ်ဆောင်နေပါသည်။ ဘုရားသခင်၏ရည်ရွယ်ချက်များသည် ကျွန်ုပ်တို့၏ကောင်းကျိုးအတွက်ဖြစ်သည်။ ကျွန်ုပ်တို့၏ဘဝအခြေအနေများနှင့်စပ်လျဉ်း၍ မြည်တမ်းညည်းတွားနေမည့်အစား ဘုရားသခင်သည်ကျွန်ုပ်တို့အထဲ၌ ကောင်းသောအမှုကိုလုပ်ဆောင်နေသောကြောင့် ကျွန်ုပ်တို့သည်ရှင်ပေါလု၏စိတ်နေသဘောထားကိုသင်ယူ၍ ဝမ်းမြောက်ကြဖို့လိုအပ်သည်။

## စဉ်းစားသုံးသပ်ရန်အချက်များ

- ရှင်ပေါလုက ကျွန်ုပ်တို့အားကိုယ့်ကယ်တင်ခြင်းကို ကိုယ်တိုင်ကြိုးစားအားထုတ်ကြလော့ဟုဆိုရာတွင် မည်သည့်အရာကိုဆိုလိုသနည်း။

- ဘုရားသခင်က ကျွန်ုပ်တို့အထဲ၌လုပ်ဆောင်နေသောကယ်တင်ခြင်းကို ကြောက်ရွံ့တုန်လှုပ်သောစိတ်နှင့် အဘယ့်ကြောင့်ကြိုးစားအားထုတ်လုပ်ဆောင်ရမည်နည်း။ ဤကျမ်းပိုဒ်၌ရှင်ပေါလုက ကျွန်ုပ်တို့အားပြောပြနေသောအဓိပ္ပါယ်ကိုသင်နားလည်ခဲ့ပါသလား။
- သင်တွေ့ကြုံရင်ဆိုင်ရသောဘဝအခြေအနေများကြောင့် ဘယ်နှစ်ကြိမ်ဘယ်နှစ်ခါတိုင်တန်ညည်းတွားနေခဲ့ပါသနည်း။ ဤအကြောင်းအရာနှင့်စပ်လျဉ်း၍ရှင်ပေါလုက ကျွန်ုပ်တို့အားသွန်သင်ပေးလိုသောအရာကားအဘယ်နည်း။ ယနေ့သခင်ရင်ဆိုင်ကြုံတွေ့နေရသော ဘဝအခြေအနေအတွက်ဘုရားသခင်ကိုမည်သို့ကျေးဇူးတင်ချီးမွမ်းပါမည်နည်း။

## ဆုတောင်းရန်အချက်များ

- သင့်အထဲ၌ ဘုရားသခင်ကလုပ်ဆောင်နေသောအမှုကို သင်ကြိုးစားအားထုတ်လုပ်ဆောင်နေရာတွင် သင့်အားသာ၍လေးနက်သောလေးစားကြည်ညိုတတ်သောစိတ်အား ပေးသနားရန်တောင်းလျှောက်ပါ။
- ဘုရားသခင်သည် မိမိကယ်တင်ခြင်းကိုသင့်ဘဝရဲ့ထောင့်ပေါင်းစုံ၌အမှန်တကယ်ပုံဖော်လုပ်ဆောင်နေသည့်အတွက် ကျေးဇူးတင်ချီးမွမ်းပါ။ သင့်အထဲ၌သူလုပ်ဆောင်နေသောအရာများကို ကြိုဆိုနေသောနှလုံးသားကိုသင့်အားပေးသနားရန်တောင်းဆိုပါ။
- မိမိနှင့်သာ၍နီးကပ်လာအောင်ဆွဲခေါ်ရာ၌ သင့်အသက်တာတွင်အသုံးပြုနေသောဘဝအခြေအနေများကိုလက်ခံနိုင်ရန် ကျေးဇူးတော်ကိုပေးသနားရင်းသင့်ကိုခွင့်လွှတ်ပေးရန်သခင်ဘုရားကိုတောင်းဆိုပါ။

၆

# တိမောသေနှင့်ပေပြောဒိတ်

## ဖိလိပ္ပိ ၂း၁၉-၃၀ ကိုဖတ်ရှုပါ။

ယုံကြည်သူများအကြားတွင် အလွန်ထူးခြားသောဆက်သွယ်ရင်းနှီးမှုတစ်ခု ရှိသည်။ ကျွန်ုပ်တို့သည် သခင်ယေရှု၌ ယဉ်ကျေးမှု ဘာသာစကား၊ အသက်အရွယ်များကိုဖြတ်သန်းလွှမ်းခြုံထားသည့် အံ့ဖွယ်ကောင်းသောချည်နှောင်မှုမျိုး၌ အတူတကွ ချည်နှောင်ထားခြင်းကိုခံကြရသည်။ လွန်ခဲ့သောအချိန်၌ ဖိလစ်ပိုင်နိုင်ငံသို့ကျွန်ုပ်သွားရောက်ခဲ့သည့်ခရီးစဉ်ကိုသတိရမိသည်။ ကျွန်ုပ်၏စာအုပ်ဖြန့်ဖြူးခြင်းသာသနာအကြောင်းကိုအကျဉ်းချုပ်ပြောစေရန် အချိန်ရခဲ့သည်။ ထိုအကြောင်းကိုကျွန်ုပ်ပြောပြပြီးနောက်တွင် သင်းအုပ်ဆရာကကျွန်ုပ်နှင့်ကျွန်ုပ်၏သာသနာလုပ်ငန်းအတွက် ဆုတောင်းပေးရန် ပရိတ်သတ်ကြီးကိုဖိတ်ခေါ်ခဲ့သည်။ ဤခေါင်းဆောင်များကျွန်ုပ် အနီးအပါးသို့စုရုံးလာကြပြီး ကျွန်ုပ်၏စာရေးသားချက်များနှင့် ကျွန်ုပ်၏အသက်တာ အတွက်ဘုရားသခင်၏ ကောင်းကြီးမင်္ဂလာကို တောင်းဆိုပေးနေကြခြင်းသည် ကျွန်ုပ် အတွက်အလွန်ကြီးမားသော ကောင်းကြီးမင်္ဂလာမဟုတ်ပါလား။ ဤအချင်းအရာမတိုင်မီတွင် ကျွန်ုပ်တို့တစ်ယောက်

နှင့်တစ်ယောက် မတွေ့ဖူးကြပါ။ ယခုတွင်ကျွန်ုပ်တို့၏နှလုံးသားများပေါင်းစည်းသွားပြီးအတူတကွရပ်ရင်း ဘုရားသခင်အားကောင်း ကြီးမင်္ဂလာပေးဖို့နှင့်ဖေးမကူညီတောင်းဆိုနေကြပါသည်။ ဤအချင်းအရာသည် သခင်ယေရှုအားဖြင့်ဖြစ်တည်လာသော ချည်နှောင်ခြင်းကြောင့်သာဖြစ်ခဲ့ခြင်းဖြစ် သည်။ ဤအခန်းကြီး၏အပိတ်ကျမ်းပုဒ်များတွင် ဤအံ့ဖွယ်ချည်နှောင်ခြင်း၏ သက်သေအထောက်အထားများကို ကျွန်ုပ်တို့တွေ့ရသည်။

အခန်းငယ် ၁၉ တွင် ရှင်ပေါလုက ဖိလိပ္ပယုံကြည်သူများအား တိမောသေအားသူတို့အထံသို့စေလွှတ်ရန် ဆန္ဒရှိခဲ့သည်ဟုပြောပြခဲ့သည်။ ရှင်ပေါလုသည်ထောင်နန်းစံနေရသောကြောင့် သူတို့အထံသို့သွားရောက်လည်ပတ်ရန်မှာမဖြစ်နိုင်ကြောင်းကိုသတိရပါ။ ထို့ကြောင့် အသင်းတော်၏အခြေအနေကိုသိရှိနိုင်ရန်တိမောသေကိုစေလွှတ်ဖို့ဆုံးဖြတ်ခဲ့သည်။ ထိုသို့အားဖြင့်တိမောသေသည် အသင်းတော်၏သတင်းများတကွပြန်လာခဲ့မည်ဖြစ်သည်။ ထိုသတင်းများမှာအပြုသဘောဆောင်သော သတင်းများဖြစ်သည့်အကြောင်း ရှင်ပေါလုယုံကြည်စိတ်ချနေသည်ကိုသတိပြုပါ။ တိမောသေ၏အစီရင်ခံချက်များ သည်သူ့ကိုဝမ်းမြောက်စေခဲ့မည်ဟုရှင်ပေါလုမျှော်လင့်ထားခဲ့သည်။

ဤအခန်းငယ်တွင် အကြောင်းအရာနှစ်ခုကိုကျွန်ုပ်တို့ လေ့လာဖို့လိုအပ်သည်။ ပထမအနေဖြင့် ဖိလိပ္ပိယုံကြည်သူများအပေါ်၌ထားရှိသော ရှင်ပေါလု၏ယုံကြည်စိတ်ချမှုသတိပြုပါ။ အမှားပြင်ပေးဖို့လိုအပ်ချိန်တွင် ရှင်ပေါလုသည်ထိုအမှားကိုမပြင်ပေးနိုင်လောက်အောင်မဖြစ်ခဲ့သော်လည်း ရှင်ပေါလု၏စကားလုံးများမှာခွန်အားယူစရာအတိဖြစ်ခဲ့ကြသည်။ သို့သော် ဤအချိန်အခါတွင်သန့်ရှင်းသောဝိညာဉ်တော်သည် ဖိလိပ္ပိယုံကြည်သူများကိုဦးဆောင်လမ်းပြ၍ ခွန်အားသစ်

များသွန်းလောင်းပေးနေသောကြောင့်မိမိအကျဉ်းစံနေစဉ်တွင်လည်း သူတို့သည် သခင်ခရစ်တော်၏အမှုကို ရှေ့သို့ချီခဲ့ကြမည့်အကြောင်းကို ရှင်ပေါလုအကြီး အကျယ်စိတ်ချထားသည်။ ထိုမြို့၌ရှိသောအသင်းတော်အားဖြင့် ဘုရားသခင်၏ ဝိညာဉ်တော်က လုပ်ဆောင်မည့်အရာ၌ ယုံကြည်စိတ်ချနေခဲ့သောကြောင့် ရှင်ပေါလုသည်ဖိလိပ္ပိမြို့ရှိသခင်ဘုရား၏လုပ်ရှားမှုသတင်းကို အလွန်ကြားချင် နေခဲ့သည်။

ဒုတိယအနေဖြင့် ဖိလိပ္ပိယုံကြည်သူများအပေါ်၌ထားရှိသော ရှင်ပေါလု၏ ချစ်ခြင်းမေတ္တာတရားကိုသတိပြုပါ။ ရှင်ပေါလုသည်သူတို့အထံ၌ တရားဒေသနာကို ဟောကြားပြီး သူတို့ကိုပစ်မထားခဲ့ပါ။ သူမရှိသည့်နောက်ပိုင်းတွင်လည်း ဖိလိပ္ပိ ယုံကြည်သူများ၌ မည်သည့်အရာများဖြစ်ပျက်နေခဲ့သည်ကိုသိလိုခဲ့သည်။ သင့်အသင်းတော်သို့ တရားဟောကောင်းသော တရားဟောဆရာမည်မျှ ရောက် လာခဲ့ဖူးသနည်း။ သူတို့အထဲမှ သင်တို့၏အခြေအနေမည်သို့ရှိနေသည်ကိုသိဖို့သင် တို့ထံသို့ပြန်လာရလောက်အောင် သင်တို့အပေါ်၌စိတ်ဝင်စားသောသူမည် မျှရှိခဲ့ သနည်း။ ဖိလိပ္ပိယုံကြည်သူများသည် စာရွက်ပေါ်၌ရေးခြစ်ထားသောကိန်း ဂဏန်းဇယားတစ်ခုမဟုတ်ခဲ့ကြပါ။ သူတို့မည်သို့ဖြစ်နေကြသည်ကိုသိရဖို့တိမောသေ အားစေလွှတ်ရလောက်သည်အထိ ရှင်ပေါလုကချစ်ရသော လူသားစစ်စစ်များဖြစ် ကြသည်။

အခန်းငယ် ၂၀ တွင် ရှင်ပေါလုကတိမောသေအားစေလွှတ်သောအချိန်က တိမောသေကဲ့သို့သောလူမျိုး မရှိခဲ့သည့်အကြောင်းကိုသိ၍ စေလွှတ်ခဲ့ခြင်းဖြစ် ကြောင်းကိုသတိပြုပါ။ တိမောသေသည်လည်း ဖိလိပ္ပိယုံကြည်သူများကိုအလေး ထားခဲ့သည်။ ဤယုံကြည်သူများ၏ကောင်းရာကောင်းကျိုးနှင့် ပတ်သက်လာလျှင်

တိမောသေသည်ရှင်ပေါလု၏နှလုံးသားကို မျှဝေခံစားခဲ့သည်။ ရှင်ပေါလုက တိမောသေ ကိုစေလွှတ်ခဲ့ချိန်တွင် သူသည်အကောင်းဆုံးသောအရာကိုစေလွှတ်ခဲ့ သည်။ တိမောသေသည် သာသနာလုပ်ငန်းတွင် ကိုယ်ကျိုးမရှာသောသူတစ်ဦးဖြစ် ကြောင်း အားလုံးရှေ့တွင်သက်သေထူခဲ့ပြီးဖြစ်သည် (ငယ် ၂၁ ကိုကြည့်ပါ)။ တိမောသေ သည်ကိုယ်ကျိုးအတွက်အမှုတော်ဆောင်သူမဟုတ်ပါ။ ကိုယ်ကျိုး အတွက်အမှုတော် ဆောင်သူများစွာရှိသည်။ အခြားသူများကသူတို့ကို ဝိညာဉ် ရေးရာခေါင်းဆောင်များ ကဲ့သို့လေးစားကြည်ညိုကြဖို့ သခင်ဘုရားကိုအစေခံ နေကြခြင်းဖြစ်သည်။ လူတို့၏ အရေးပေးမှုကိုပျော်ပိုက်ကြသည်။ တိမောသေမှာ ထိုသို့မဟုတ်ပါ။ သူသည်မိမိ၏ အကျိုးစီးပွားကိုသာရှာကြံသူမဟုတ်ပါ။ သခင်ယေရှု လူများ၏အကျိုးစီးပွားကိုသာ ရှေးရှုသောသူဖြစ်သည်။ သူသခင်ဘုရား၏စစ်မှန် သောအစေခံကျွန်ဖြစ်၍ သခင်ခရစ်တော်အတွက် မိမိ၏ဂုဏ်ပုဒ်၊ သက်သာ ချောင်ချိမှုနှင့် အကျိုးအမြတ်တို့ကိုဘေး ဖယ်ထားသောသူဖြစ်သည်။ တိမောသေက မိမိသည်မိမိသခင်ဘုရားအတွက်အရာ အားလုံးကိုစွန့်လွှတ်အနစ်နာခံရန် လိုလိုလားလားရှိနေကြောင်း သက်သေပြခဲ့ပါသည်။

တိမောသေက ကိုယ့်ကိုကိုယ်သက်သေထူခဲ့သော အခြားနည်းလမ်းတစ်ခု ရှိသေးသည်။ "သားသည်အဘနှင့်အတူဆောင်ရွက်သကဲ့သို့" တိမောသေသည် ရှင်ပေါလုနှင့်အတူသတင်းကောင်းတရားတော် ဟောပြောခြင်းအမှုကိုလုပ်ဆောင် ခဲ့သည် (ငယ် ၂၂)။ ဤစာကြောင်းတွင် ကျွန်ုပ်တို့နားလည်ထားဖို့လိုသည့်အရာများ စွာရှိသည်။ ပထမအနေဖြင့် ကျွန်ုပ်တို့သည်တိမောသေ၏သစ္စာရှိမှုကို နားလည်ထား ဖို့လိုအပ်သည်။ သူသည်အခက်အခဲချိန်တွင်လည်းကောင်း၊ အဆင်ပြေချောမွေ့ချိန် တွင်လည်းကောင်း ရှင်ပေါလုနှင့်အတူအမှုတော်ဆောင်ခဲ့သည်။ သူသည်မည်သည့်

အခါတွင်မျှလက်မလျှော့ခဲ့ပါ။ လမ်းခရီး၌ကြုံတွေ့ရသော အခက်အခဲအတားအဆီးများကိုကြံ့ကြံ့ခံရင်ဆိုင်ကျော်ဖြတ်ခဲ့သည်။ သူသည်လွယ်လွယ်နှင့်လက်လျှော့ထွက်သွားတတ်သူမဟုတ်ခဲ့ပါ။ ရှင်ပေါလုသည်လည်း အတူလက်တွဲလုပ်ကိုင်ရန်လွယ်ကူသည့်ပုဂ္ဂိုလ်မဟုတ်ပါ။ သူသည်အမှုတော်မြတ်တွင် အလွန်စိတ်အားထက်သန်သူဖြစ်သည်။ လူအများစုကဘယ်တော့မှသွားခဲ့မည်မဟုတ်သည့်နေရာများကိုအရောက်သွားရန်ထိုစိတ်အားထက်သန်မှုက သူ့ကိုတွန်းပို့ခဲ့သည်။ ထိုသို့သွားလေရာတစ်လျှောက်တွင် တိမောသေမှာဘေးမှလိုက်ပါခဲ့သည်။ ရှင်ပေါလုကျောက်ခဲဖြင့်ပေါက်ခံရစဉ်ကလည်း တိမောသေရှိနေခဲ့ပါသည်။ သတင်းကောင်းတရားတော်ဟောပြောခြင်းကြောင့် မြို့ကြီး၊ မြို့ငယ်များမှမောင်းထုတ်ခံခဲ့စဉ်ကလည်း တိမောသေသည်သူနှင့်အတူလိုက်ပါခဲ့သည်။ ထိုသို့အားဖြင့်တိမောသေသည် ကိုယ့်ကိုကိုယ်သစ္စာရှိ၍အားကိုးရလောက်သူတစ်ဦးအဖြစ် သက်သေပြခဲ့သည်။

ရှင်ပေါလုကတိမောသေသည် မိမိ၏သားသဖွယ်မိမိနှင့်အတူအမှုတော်ဆောင်နေကြောင်းကို အထူးဖော်ပြထားကြောင်းသတိပြုပါ။ ဤနေရာစိတ်နှလုံးနှိမ့်ချခြင်းအရာကိုတွေ့ရသည်။ တိမောသေသည် သားတစ်ယောက်၏အခန်းကဏ္ဍတွင်ပျော်ပိုက်နေခဲ့သည်။ သူသည်ရှင်ပေါလုကိုကြည်ညိုလေးစား၍ သူ့လက်အောက်တွင်အမှုတော်ဆောင်ခဲ့သည်။ တိမောသေသည် မိမိ၏အကျိုးစီးပွားကိုမရှာကြံခဲ့ပါ။ သခင်ဘုရား၏အကျိုးစီးပွားကိုသာ ရှာကြံခဲ့သည်။ သူသည်ရှင်ပေါလုလက်အောက်တွင်သားတစ်ယောက်သဖွယ်အမှုတော်ထမ်းဆောင်နိုင်ကြောင်း သက်သေပြခဲ့သည်။ သူ့ကိုထိန်းချုပ်နေဖို့မလိုခဲ့ပါ။ ခေါင်းဆောင်ဖြစ်ခြင်းဆိုသည်မှာ တစ်မျိုးဖြစ်၍သစ္စာရှိသောနောက်လိုက်ဆိုသည်မှာတစ်ဖုံဖြစ်သည်။ တိမောသေသည်ကူညီပံ့ပိုးပေးသူတစ်ဦးအနေဖြင့်ပျော်ပိုက်နေခဲ့သည်။ သာသနာလုပ်ငန်းတွင်တာဝန်ခံရာထူး

ကိုအလျှင်အမြန်ရယူလိုသောသူများကို ကျွန်ုပ်တို့တွေ့မြင်ဖူးကြပါသည်။ သူတို့သည် အမြင့်ဆုံးရာထူးများအတွက်ကြိုးပမ်းခဲ့ကြသည်။ တိမောသေသည်လက်အောက်ခံ တစ်ယောက်၏အခန်းကဏ္ဍာဖြစ်သော သားအရာ၌သစ္စာရှိရှိအမှုထမ်းခဲ့သည်။ ထို အရာကိုလည်း တင်းတိမ်ရောင့်ရဲသောစိတ်ဖြင့်ထမ်းဆောင်ခဲ့သည်။ ဤအချင်းအရာ သည်တိမောသေ၏စိတ်နေသဘောထားကိုထင်ဟပ်နေသည်။ ဤအတွက်ကြောင့် ပင်ရှင်ပေါလုသည် တိမောသေကိုစေလွှတ်နိုင်ကြောင်း စိတ်ချလျက်ရှိနေခဲ့သည်။ သေးငယ်သောအမှုများတွင် ကိုယ့်ကိုကိုယ်သက်သေမထူနိုင်သော်လည်း တာဝန် ကြီးကြီးယူရသည့်ရာထူးမျိုးကို လိုချင်ကြသောသူများစွာရှိသည်။ သူတို့သည်ခေါင်း ဆောင်များဖြစ်ချင်ကြသော်လည်း ကိုယ့်ကိုကိုယ်နောက်လိုက်ကောင်းများအဖြစ် သက်သေမပြနိုင်ခဲ့ကြပါ။ သူတို့သည်ပထမနေရာတွင်နေချင်ကြသော်လည်း ဒုတိယ နေရာ၌နေဖို့ဘယ်သောအခါမျှ မသင်ယူခဲ့ကြပါ။

အခန်းငယ် ၂၄ တွင် ရှင်ပေါလုကဖိလိပ္ပိယုံကြည်သူများအား မိမိသည် ထောင်မှလွတ်၍ ၎င်းတို့ထံပြန်လာမည့်အကြောင်းကို စိတ်ချနေကြောင်းပြောပြခဲ့ သည်။ ဤသည်မှာရှင်ပေါလု၏မျှော်လင့်ချက်ဖြစ်သည်။ သူ၏စိတ်ဆန္ဒမှာထောင် မှလွတ်ရန်ဖြစ်သည်။ သို့သော် ကျွန်ုပ်တို့နားလည်ထားဖို့လိုအပ်သည့်အချက်မှာ ရှင်ပေါလုသည်ထောင်ထဲ၌နေရခြင်းကို မနှစ်သက်သော်လည်း သူသည်ဘုရားသခင် ထံ၌ဝမ်းမြောက်လျက်ရှိနေခဲ့သည်ဟူသောအချက်ဖြစ်သည် (ငယ် ၁၇ ကိုကြည့်ပါ)။ ကျွန်ုပ်တို့မကြိုက်မနှစ်သက်သော အခြေအနေမျိုးတွင်ရောက်နေချိန်၌ ဝမ်းမြောက် နေရန်မှာအမြဲမလွယ်ကူပါ။ သို့သော် ရှင်ပေါလု၏အဖြစ်မှာထိုအတိုင်းဖြစ်နေသည်။ မိမိအကျဉ်းထောင်မှထွက်ရဖို့ ရှိရှိသမျှကိုရှင်ပေါလုပေးချင်နေခဲ့ပါလိမ့်မည်။ သို့သော် ထိုအကျဉ်းထောင်က မိမိဝမ်းမြောက်ခြင်းကိုလုယူသွားမည့်အဖြစ်ကိုမူ ရှင်ပေါလု

ခွင့်မပြုခဲ့ပါ။ သင်သည်လည်း ဤကဲ့သို့သောအခြေအနေမျိုးတွင် ရောက်နေနိုင်ပါသည်။ သင်မကြိုက်မနှစ်သက်သောနေရာမျိုးတွင် သင်ရောက်နေနိုင်ပါသည်။ ထိုအရာသည်သင့်ရဲ့အသက်မွေးဝမ်းကျောင်းအလုပ် (သို့) သင်နေထိုင်ရာမြို့ဖြစ်ကောင်းဖြစ်မည်။ ဤအခြေအနေမျိုးတွင် သင်ဆက်လည်တည်မြဲနေခြင်းကြောင့် သင့်ရဲ့ဝမ်းမြောက်မှုများပျောက်ကွယ်လာသည်ကို သင်တွေ့ရမည်။ ကျွန်ုပ်တို့ရင်ဆိုင်နေရသောဘဝအခြေအနေက ကျွန်ုပ်တို့၏သခင်ဘုရား၌ ဝမ်းမြောက်ခြင်းအကြောင်းကိုလုယူသွားခွင့်မပေးဖို့သင်ယူကြရမည်။

အခန်းငယ် ၂၅ တွင် ဧပဖြောဒိတ်ဟူသောပုဂ္ဂိုလ်တစ်ယောက်ကို ကျွန်ုပ်တို့တွေ့ရသည်။ ဖိလိပ္ပိ ၄း၁၈ တွင် ရှင်ပေါလု၏လိုအပ်ချက်များကိုဖြည့်ဆည်းပေးဖို့ ဧပဖြောဒိတ်ကိုသူထံသို့ စေလွှတ်ခဲ့ကြောင်းတွေ့ရသည်။

> ယခုအခါ အရာရာ၌ငါရတတ်၏။ ဥစ္စာကြွယ်ဝ၏၊ မွှေးကြိုင်သောအနံ့နှင့်ပြည့်စုံ၍ဘုရားသခင်နှစ်သက်အားရတော်မူသော ယဇ်တည်းဟူသော သင်တို့ပေး လိုက်သောအရာတို့ကို ဧပဖြာဒိတ်လက်မှငါခံရသည်ဖြစ်၍ကြွယ်ဝလျက်ရှိ၏။

ရှင်ပေါလုဤသို့သောလိုအပ်မှုများနှင့် ရင်ဆိုင်နေရသောအချိန်တွင်မိမိတို့၏စိုးရိမ်ပတ်သက်မှုကိုပြသသည့်အနေဖြင့် ဖိလိပ္ပိမြို့ရှိအသင်းတော်က ဧပဖြာဒိတ်ကိုစေလွှတ်ခဲ့သည်။ သို့သော် အခန်းငယ် ၂၅ တွင် ရှင်ပေါလုကဧပဖြောဒိတ်အားသူတို့ထံသို့ပြန်လည်စေလွှတ်ခဲ့သည်။

ဧပဖြောဒိတ်ဘက်၌ချွတ်ယွင်းချက်များရှိနေ၍ ပြန်လွှတ်ခဲ့ခြင်းမဟုတ်

ကြောင်းကိုမှတ်သားထားရန်အရေးကြီးသည်။ အခန်းငယ် ၂၅ တွင် ရှင်ပေါလုက ဧပဖြောဒိတ်သည် ညီတစ်ကိုတစ်ယောက်၊ လုပ်ဖော်ကိုင်ဖက်တစ်ယောက်၊ စစ်တိုက်ဖော်တိုက်ဖက်တစ်ယောက်ဖြစ်သည်ဟု အတိအလင်းဖော်ပြထားသည်။ ဤသို့ပြောဆိုရာတွင်ရှင်ပေါလုက ဖိလိပ္ပိယုံကြည်သူများအား ဧပဖြောဒိတ်သည်ညီအစ်ကိုကဲ့သို့ချစ်ခင်ရသောသူဖြစ်ရုံသာမက သတင်းကောင်းတရားတော်၏အလွန်အသုံးဝင်သောအစေခံတစ်ယောက်လည်းဖြစ်သည်ဟုပြောခဲ့သည်။

ဧပဖြောဒိတ်အားပြန်လည်စေလွှတ်ရန် ရှင်ပေါလုကိုတွန်းအားပေးခဲ့သောအရာမှာဧပဖြောဒိတ်သည် သူတို့ကိုသတိရ၍ စိတ်ဆင်းရဲဒုက္ခရောက်နေသောကြောင့်ဖြစ်သည်။ ဧပဖြောဒိတ်မှနာမကျန်းဖြစ်ခဲ့ပြီး ထိုသတင်းမှာဖိလိပ္ပိအသင်းတော်ထံသို့ရောက်သွားခဲ့သည်။ ရှင်ပေါလု၏အဆိုအရ ဧပဖြောဒိတ်မှသေလုမြောပါးဖျားနာခဲ့သည်။ သို့သော် ဘုရားသခင်သည်သူ့အသက်ကိုကယ်တင်ပေးခဲ့သည်။ ရှင်ပေါလုကဖိလိပ္ပိယုံကြည်သူများအား ဘုရားသခင်ကဧပဖြောဒိတ်၏အသက်ကိုကယ်တင်ခဲ့ခြင်းတွင် ဘုရားသခင်သည်ရှင်ပေါလုအား အလွန်ဝမ်းနည်းပူဆွေးခြင်းသောကမီးထဲမှကယ်တင်ခဲ့သည်ဟု ပြောဆိုအသိပေးခဲ့သည်။ အကြောင်းမှာ ရှင်ပေါလုသည် ဧပဖြောဒိတ်အားအလွန်ချစ်ခဲ့သောကြောင့်ဖြစ်သည်။

ဧပဖြောဒိတ်ကလည်း ဖိလိပ္ပိအသင်းတော်က မိမိအတွက်အဘယ်မျှစိုးရိမ်နေခဲ့ကြကြောင်းကိုသိရှိခဲ့သည်။ ဤအတွက်ကြောင့် ဧပဖြောဒိတ်သည်ဖိလိပ္ပိယုံကြည်သူများထံပြန်သွား၍ မိမိသန်ကြောင်း၊ မာကြောင်းကိုပြသလိုခဲ့သည်။ ဤစိတ်ဆန္ဒသည်ဧပဖြောဒိတ်၏နှလုံးသားထဲ၌ ရှိနေကြောင်းကို ရှင်ပေါလုကသိရှိခဲ့ပြီးဖိလိပ္ပိယုံကြည်သူများကိုနှစ်သိမ့်ပေးရန် ဧပဖြောဒိတ်ကိုပြန်လွှတ်ဖို့ဆုံးဖြတ်ခဲ့သည်။ ရှင်ပေါလုကဖိလိပ္ပိအသင်းတော်အား ဧပဖြောဒိတ်ကိုဝမ်းမြောက်သောစိတ်နှင့်ပြန်လည်

လက်ခံကြရန်စိန်ခေါ်တိုက်တွန်းခဲ့သည်။ ဧပဖြောဒိတ်သည် သတင်းကောင်းတရားတော်အတွက်မိမိအသက်ကိုပင် စွန့်စားခဲ့သောကြောင့် ဤကဲ့သို့သောသူကိုဂုဏ်ပြုချီးမြှင့်ကြရန် ရှင်ပေါလု၏ကသူတို့ကိုတိုက်တွန်းခဲ့သည်။ ဧပဖြောဒိတ်သည်ရှင်ပေါလုကိုအလုပ်အကျွေးပြုရာ၌နာမကျန်းဖြစ်လာခဲ့သည်။ ဤအတွက်ကြောင့်ရှင်ပေါလုကသူ့ကိုအသင်းတော်အထံ၌ချီးကျူးခဲ့ခြင်းဖြစ်သည်။

ထိုခေတ်ထိုကာလရှိအသင်းတော်၌ ရှိနေခဲ့သောမိသားစုသဖွယ်ဆက်ဆံရင်းနှီးခြင်းမျိုးကျွန်ုပ်တို့တွေ့ရသည်။ ဧပဖြောဒိတ်မှတဆင့် လက်ဆောင်ပစ္စည်းများပေးပို့ခြင်းဖြင့် ရှင်ပေါလုအားအခက်အခဲကြုံနေရချိန်တွင် ပြသခဲ့သောဖိလိပ္ပိအသင်းတော်၏ဆက်ကပ်မှုကို ကျွန်ုပ်တို့တွေ့ရသည်။ ရှင်ပေါလုအတွက်မိမိ၏အသက်ကိုပင်စွန့်စားလိုနေခဲ့သော ဧပဖြောဒိတ်၏စိတ်ဆန္ဒကိုလည်း ကျွန်ုပ်တို့တွေ့ရသည်။ ထို့အပြင် ရှင်ပေါလုနှင့်အတူတကွ အမှုတော်ဆောင်လိုခဲ့သော တိမောသေ၏ဆက်ကပ်မှုကိုလည်းတွေ့ရသကဲ့သို့ ရှင်ပေါလုကတိမောသေအပေါ်၌ထားရှိသောယုံကြည်စိတ်ချမှုနှင့် လေးစားမှုတို့ကိုလည်းတွေ့ရသည်။ ဖိလိပ္ပိယုံကြည်သူများ၏ကောင်းရာကောင်းကျိုးကိုရှေးရှုသော တိမောသေ၏စိတ်ထားကိုလည်းတွေ့ရသည်။ ရှင်ပေါလုကလည်း အလားတူစိတ်ထားမျိုးကို ဖိလိပ္ပိအသင်းတော်အပေါ်၌ထားရှိခဲ့သည်။ ဤယုံကြည်သူများ၏နှလုံးသားထဲတွင် တစ်ဦးအပေါ်တစ်ဦးချစ်ခြင်း၊ ဆက်ကပ်ခြင်းတို့နှင့်ပြည့်လျှံလျက်ရှိနေပါသည်။ ယနေ့ခရစ်တော်၏ကိုယ်ခန္ဓာ၌ရှိနေကြသောကျွန်ုပ်တို့အတွက် ဤအချင်းအရာသည်အံ့ဖွယ်ဥပမာမဟုတ်ပါလား။

## စဉ်းစားသုံးသပ်ရန်အချက်များ

- ထိုခေတ်ထိုကာလရှိအသင်းတော်မှ ယုံကြည်သူများအကြား၌ရှိနေခဲ့သော

ဆက်နွယ်ရင်းနှီးမှုများနှင့်ပတ်သက်၍ ဤကျမ်းချက်တွင်မည်သည့်အရာကို ကျွန်ုပ်တို့တွေ့ရှိလေ့လာရပါသနည်း။ ဤအသင်းတော်နှင့်သင့်ရဲ့အသင်းတော်ကိုနှိုင်းယှဉ်လျှင် သင်မည်သို့တွေ့မြင်သနည်း။

- နောက်လိုက်ငယ်သားတစ်ယောက်၏ အခန်းကဏ္ဍကိုထမ်းဆောင်ရာတွင် အဘယ်ကြောင့်သစ္စာရှိဖို့အရေးကြီးပါသနည်း။ နောက်လိုက်ငယ်သားကောင်းအဖြစ်ကိုယ့်ကိုကိုယ်သက်သေမထူမီတွင်ခေါင်းဆောင်တစ်ယောက်ဖြစ်လာရန်အဘယ့်ကြောင့်စုံစမ်းခံရပါသနည်း။
- တိမောသေသည် ကိုယ့်အကျိုးကိုမရှာပဲ အမှုတော်ဆောင်ခဲ့ကြောင်း ရှင်ပေါလု ကဖိလိပ္ပိယုံကြည်သူများကိုပြောပြခဲ့သည်။ ကိုယ်ကျိုးမရှာဘဲ အမှုတော် ဆောင်ခြင်းဆိုသည်မှာ အဘယ်နည်း။
- သင်မကြိုက်မနှစ်သက်သောနေရာမျိုးတွင် သင်ရောက်ဖူးပါသလား။ ထိုအချင်းအရာသည် သင့်ရဲ့ဝမ်းမြောက်ခြင်းကိုလုယူသွားခဲ့ဖူးပါသလား။

## ဆုတောင်းရန်အချက်များ

- သင်နေထိုင်နေသောဘဝအခြေအနေတွင် ဝမ်းမြောက်နေရန်ကူညီမစပေးဖို့ သခင်ဘုရားကိုတောင်းလျှောက်ပါ။
- တိမောသေ၏သစ္စာရှိမှုနှင့် နှိမ့်ချမှုမျိုးကိုသင့်အားပေးသနားရန် သခင်ဘုရားကိုတောင်းလျှောက်ပါ။
- နောက်လိုက်ငယ်သားကောင်းတစ်ယောက်ဖြစ်လာဖို့ နှိမ့်ချခြင်းကိုပေးသနားရန်သခင်ဘုရားထံ၌တောင်းလျှောက်ပါ။
- သင်အသင်းတော်မိတ်သဟာယဖွဲ့ခြင်းတွင် တစ်ဦးကိုတစ်ဦးချစ်၍တစ်ဦးအပေါ် တစ်ဦးဆက်ကပ်ကြရန် သခင်ဘုရားကိုတောင်းလျှောက်ပါ။

# ၇
# ဇာတိခံ၌ကိုးစားခြင်းမရှိဘဲ

**ဖိလိပ္ပိ ၃း၁-၉ ကိုဖတ်ရှုပါ။**

ရှင်ပေါလုကဖိလိပ္ပိယုံကြည်သူများကို သခင်ဘုရား၌ဝမ်းမြောက်ကြရန်စိန်ခေါ်တိုက်တွန်းခဲ့သည်။ သခင်ဘုရား၌ဝမ်းမြောက်ကြရန် ဆင့်ခေါ်တိုက်တွန်းချက်သည်ဖိလိပ္ပိယုံကြည်သူများအား ဇာတိသဘောကိုကိုးစားကြရန် ဖြားယောင်းတိုက်တွန်းနေကြသောသူများကို သတိထားကြရန်ဟူသော သတိပေးချက်ကျမ်းဘောင်ထဲတွင်ပါဝင်သည် (အခန်းငယ် ၃ ကိုကြည့်ပါ)။ ဖိလိပ္ပိအသင်းတော်မှာ တိုက်ခိုက်ခံနေရသည်။ ဘုရားသခင်၏စိတ်နှလုံးတော်ကို ကျေနပ်စေလိုလျှင်မောရှေ၏ပညတ်တရားများကိုစောင့်ထိန်းကြရမည်ဟု ယုံကြည်သူများကိုသွန်သင်ပေးနေသောမိစ္ဆာဆရာများရှိခဲ့သည်။

ကျွန်ုပ်တို့မှတ်သားထားဖို့လိုအပ်သည့်အရာမှာ ဝမ်းမြောက်ခြင်းသည် "သခင်ဘုရား၌" ဖြစ်တည်နေဖို့ လိုအပ်သည်ဟူသောအချက်ဖြစ်သည် (ငယ် ၁)။ မိမိတို့၏ကိုယ်ပိုင်ကြိုးစားအားထုတ်မှု၌ ဝမ်းမြောက်နေကြဖို့ ယုံကြည်သူများကိုဆင့်ခေါ်မထားပါ။ ဘုရားသခင်၏သဘောကျထောက်ခံမှုကိုရယူရန်ဘုရားသခင်အပေါ်

၌ပြုလုပ်ခဲ့သောကောင်းမြတ်သည့်အမှုများအားလုံးကို ဘုရားသခင်အားပြောဆိုနေခြင်း၌နှစ်ထောင်းအားရဖြစ်နေကြဖို့ သူတို့ကိုဆင့်ခေါ်မထားပါ။ သူတို့၏ဝမ်းမြောက်ခြင်းသည်သခင်ဘုရား၌ဖြစ်နေဖို့ဖြစ်သည်။ သခင်ဘုရားကလိုအပ်သောအရာများအားလုံးကိုလုပ်ဆောင်ပေးခဲ့ပြီးဖြစ်သည်။ သူသည်အပြစ်ဒုစရိုက်၏တန်ခိုးကိုချိုးဖျက်ခဲ့ပြီးဖြစ်သည်။ ဖိလိပ္ပိယုံကြည်သူများအပြစ်လွှတ်ခြင်းကိုခံရဖို့ သခင်ဘုရားကအသေခံခဲ့ခြင်းဖြစ်သည်။ ဘုရားသခင်၏မျက်မှောက်တော်ကိုဝင်ရောက်နိုင်ဖို့ တံခါးကိုသခင်ဘုရားကဖွင့်ပေးခဲ့သည်။ သူသည်မိမိ၏သန့်ရှင်းသောဝိညာဉ်တော်ကို သူတို့၏စိတ်နှလုံးထဲ၌ကိန်းဝပ်နေရန်စေလွှတ်ခဲ့သည်။ဝမ်းမြောက်ခြင်းအလုံးစုံသည် သခင်ယေရှုပြုလုပ်ခဲသောအမှုတော်၌သာဖြစ်တည်ကြရမည်။

အခန်းငယ် ၁ တွင် ရှင်ပေါလုကဖိလိပ္ပယုံကြည်သူများအား သခင်ယေရှု၌တည်သော၍ဝမ်းမြောက်ခြင်းသည် ထိုဒေသတစ်ဝိုက်၌ကူးစက်ပြန့်နှံ့နေသည့်မှားယွင်းသောအယူဝါဒသွန်ချက်များမှကွယ်ကာပေးမည့်အကြောင်းမည်သို့ပြောပြထားသည်ကို သတိပြုပါ။ သခင်ဘုရား၌လည်းကောင်း၊သခင်ဘုရားပြုလုပ်ခဲ့သောအမှု၌လည်းကောင်း ဝမ်းမြောက်ကြရန်ကျွန်ုပ်တို့သင်ယူကြမည်ဆိုလျှင်၊ ထိုအရာသည်ဝိညာဉ်ရေးနှင့်ဆိုင်သည့် ခပ်သိမ်းသောအမှုတို့မှကျွန်ုပ်တို့ကိုကွယ်ကာပေးပါလိမ့်မည်။ ခရစ်ယာန်အားလုံးသည်သခင်ယေရှုပြုလုပ်ခဲ့သောအမှုကို အချိန်ယူ၍ပြန်လည်စဉ်းစားကြဖို့လိုအပ်သည်။ ကျွန်ုပ်တို့သည်သခင်ဘုရားပြုလုပ်ခဲ့သော အမှု၌ဝမ်းမြောက်ကြရန်၊ အားရကျေနပ်နေကြရန်၊ ယုံကြည်စိတ်ချနေကြရန်သင်ယူဖို့လိုအပ်သည်။ ဤအရာသည် ကျွန်ုပ်တို့၏အာရုံစူးစိုက်အလေးထားမှုကို သခင်ယေရှုထံပါးမှဖယ်ခွါ၍ကျွန်ုပ်တို့အပေါ်၌လည်းကောင်း၊ ကျွန်ုပ်တို့ပြုလုပ်အောင်မြင်ခဲ့သောအရာများ၌လည်းကောင်း ထားရန်ကြိုးစားနေသောရန်သူ့အထံမှ ကျွန်ုပ်တို့ကို

ကွယ်ကာပေးပါလိမ့်မည်။

မှားယွင်းသောဆရာများနှင့်စပ်လျဉ်း၍ ရှင်ပေါလုကမိမိယုံကြည်ထားချက်ကို ရှင်းရှင်းလင်းလင်းဖော်ပြထားခဲ့သည်။ အခန်းငယ် ၂ တွင်ရှင်ပေါလုက သူတို့ကို ခွေးများဟုခေါ်ခဲ့သည်။ သမ္မာကျမ်းစာခေတ်တွင် ခွေးများသည်မစင်ကြယ်သော သတ္တဝါဖြစ်ကြောင်းကို သတိပြုပါ။ ရှင်ပေါလုက၎င်းမှားယွင်းသောဆရာများကို မစင်ကြယ်သောသတ္တဝါအဖြစ်ရှုမြင်ခဲ့သည်။ ရှင်ပေါလုကသူတို့ကို ခွေးများဟုခေါ်ရသည့်နောက်ထပ်အကြောင်းအရင်းတစ်ခုရှိသေးသည်။ ရှင်ပေါလုကသူတို့ကို ခွေးများဟုခေါ်ရခြင်းမှာ သူတို့သည် “ဇာတိကိုကိုးစားသောသူများ” ဖြစ်ကြသောကြောင့်ဖြစ်သည်။ ဤနေရာတွင်ရှင်ပေါလုကသူတို့သည် အရေဖျားလှီးခြင်းဝါဒ၌ အထူးခုံမင်နှစ်သက်နေကြသည်ဟု ပြောဆိုနေဟန်အလွန်ရှိသည်။ ဤဓလေ့ထုံးစံသည် သူတို့အထူးအလေးအနက်ထားရာဖြစ်ဟန်တူသည်။ သူတို့က လူတစ်ယောက်စစ်မှန်သောခရစ်ယာန်တစ်ဦးဖြစ်လာဖို့ တစ်ခုတည်းသောနည်းလမ်းမှာ အရေဖျားလှီးခြင်းမင်္ဂလာကိုခံယူခြင်းသာဖြစ်သည်ဟု ယုံကြည်ထားကြသည်။ အစာငတ်နေသောခွေးများကဲ့သို့ ဤမှားယွင်းသောဆရာများသည် အသွေးအသားခန္ဓာကိုဖြတ်တောက်သူများဖြစ်ကြသည်။ ယုဒလူမျိုးတစ်ဦးဖြစ်သည့်အားလျော်စွာ ရှင်ပေါလုသည် အရေဖျားလှီးခြင်းမင်္ဂလာကိုခံယူခဲ့သည်။ သို့သော် ရှင်ပေါလုက အရေဖျားလှီးခြင်းကို အသွေးအသားခန္ဓာကိုဖြတ်တောက်ခြင်းဟုသာ ပြောခဲ့သည်။ ဤသို့ပြောဆိုရခြင်းမှာ ထိုလုပ်ရိုးလုပ်စဉ်တွင်ဝိညာဉ်ရေးရာထူးခြားချက်ကို ရှင်ပေါလုမတွေ့ရှိတော့သောကြောင့်ဖြစ်သည်။ သို့သော် ဖိလိပ္ပိမြို့မှမှားယွင်းသောဆရာများကမူ အရေဖျားလှီးခြင်းမင်္ဂလာကိုသင်မခံယူလျှင် သင်ကယ်တင်ခြင်းကို မရနိုင်ဟု သွန်သင်ခဲ့ကြသည်။

ဤကန့်ကွက်ချက်များကိုတုန့်ပြန်သည့်အနေဖြင့် ရှင်ပေါလုကဖိလိပ္ပိယုံကြည်သူများအား မှန်သောအရေဖျားလှီးခြင်းကိုခံယူသောသူသည် ဘုရားသခင်ကိုစိတ်ဝိညာဉ်ဖြင့်ကိုးကွယ်၍သခင်ယေရှု၌သာဂုဏ်ယူဝါကြွားဝမ်းမြောက်သောသူဖြစ်သည်ဟု ပြောခဲ့သည်။ မောရှေ၏ပညတ်တော်တွင် အရေဖျားလှီးခြင်းမင်္ဂလာသည် ဣသရေလနိုင်ငံတော်နှင့်သက်ဆိုင်သောသူများထံ၌ အမှတ်အသားလက္ခဏာတစ်ခုအနေဖြင့် ပေးအပ်ခဲ့သောအရာဖြစ်သည်။ ကျွန်ုပ်တို့သည်ဘုရားသခင်၏အိမ်တော်သားများဖြစ်ကြသည်ဟူသောအချက်ကိုပြသော အမှတ်အသားလက္ခဏာယနေ့တွင်ရှိပါသလား။ ရှိပါသည်။ ထိုအမှတ်အသားလက္ခဏာမှာ ကျွန်ုပ်တို့၏အသက်တာ၌မျက်မှောက် ပြုနေသော သန့်ရှင်းသောဝိညာဉ်တော်ပင်ဖြစ်သည်။ သန့်ရှင်းသောဝိညာဉ်တော်ကိုအမှတ်အသားလက္ခဏာတစ်ပါးအနေဖြင့် ကျွန်ုပ်တို့အားပေးအပ်ထားခဲ့ပြီး၊ ကျွန်ုပ်တို့အားဘုရား သခင်၏သားသမီးများအဖြစ် တံဆိပ်ခပ်နှိပ်ခဲ့သည် (ဧဖက် ၁း၁၃-၁၄၊ ရောမ ၈း၉)။ သင်သည်ရေနှစ်ခြင်းမင်္ဂလာကိုခံယူ၍ အသင်းတော်တစ်ပါးနှင့်သက်ဆိုင်နေနိုင်ပါသည်။ သို့သော် သန့်ရှင်းသောဝိညာဉ်တော်၏မျက်မှောက်ပြုခြင်းကို အသက်တာ၌မရရှိလျှင် သင်သည်သခင်ဘုရားနှင့်မသက်ဆိုင်ပါ။ ရောမ ၈း၉ တွင် ရှင်ပေါလုက "ခရစ်တော်၏ဝိညာဉ်ကိုမရသောသူမည်သည်ကား ခရစ်တော်နှင့်မဆိုင်" ဟုအတိအလင်းပြောဆိုထားသည်။ သခင်ယေရှုနှင့်သက်ဆိုင်ကြောင်းကိုပြသော အမှတ်အသားလက္ခဏာမှာဘုရားသခင်၏ ဝိညာဉ်တော်သင့်အထဲ၌ ကိန်းဝပ်နေခြင်းပင်ဖြစ်သည်။

ယနေ့တွင် သခင်ယေရှုနှင့်အမှန်တကယ်သက်ဆိုင်နေသောသူများမှာမိမိတို့၏ဘုရားသခင်ကို ကိုးကွယ်ဆည်းကပ်၍ ဘုန်းတော်ထင်ရှားစေရန်သခင်ခရစ်တော်၏ဝိညာဉ်တော်ကလမ်းပြ ဦးဆောင်ခြင်းကိုခံရသောသူများဖြစ်ကြသည်။ ဤ

ပုဂ္ဂိုလ်များသည်ဇာတိသဘောကိုမကိုးစားကြပါ။ သူတို့သည်ဘုရားကျောင်းကိုပုံမှန်တက်သော်လည်း ဘုရားသခင်၏သားသမီးမဟုတ်နိုင်မှန်းသိထားကြသည်။ ရေနှစ်ခြင်းမင်္ဂလာခံယူသော်လည်း စိတ်ချစရာလက္ခဏာများနှင့်သက်သေမှာ ခရစ်တော်၏ဝိညာဉ်တော်သူတို့၏အသက်တာ၌ မျက်မှောက်ပြုကိန်းဝပ်နေခြင်းပင်ဖြစ်သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့ကိုကြည့်ရှုသောအခါ သူသည်သားတော်၏ဝိညာဉ်တော် ကျွန်ုပ်တို့အထဲ၌ကိန်းဝပ်ခြင်းရှိ မရှိကိုကြည့်ရှုပါ။

ရှင်ပေါလုကဖိလိပ္ပယုံကြည်သူများအား ဇာတိသဘော၌ကိုးစားနိုင်သောသူရှိခဲ့မည်ဆိုလျှင် ထိုသူမှာမိမိပင်ဖြစ်ကြောင်းအသိပေးခဲ့သည်။ ရှင်ပေါလုသည်အခြားယုဒလူစစ်များကဲ့သို့ ရှစ်ရက်မြောက်သောနေ့တွင် အရေဖျားလှီးခြင်းကိုခံယူခဲ့သည်။ သူသည်ဗယာ်မိန်အနွယ်ဖြစ်၍ ကိုယ့်ကိုကိုယ်ဟေဗြဲလူမှဆင်းသက်သောဟေဗြဲလူစစ်ဖြစ်ကြောင်းမှတ်ယူခဲ့သည်။ ယုံကြည်ကျင့်ဆောင်မှုတွင် ရှင်ပေါလုသည်ဖာရိရှဲတို့၏ယုံကြည်ချက်ကိုလိုက်လျှောက်ကျင့်ဆောင်ခဲ့သည်။ ဖာရိရှဲများသည်မောရှေ၏ပညတ်တော်ကိုစောင့်ထိန်းရာတွင်ထင်ရှားကြသည်။ မောရှေ၏ပညတ်တော်ကိုတိတိကျကျစောင့်ထိန်းရာတွင် ဖာရိရှဲများလောက်ဂရုစိုက်သူ ဣသရေလလူတွင်မရှိပါ။ သူသည်ခရစ်ယာန်အသင်းတော်ကို ညှဉ်းပန်းနှိပ်စက်ခဲ့သည်။ အကြောင်းမှာအသင်းတော်သည် ၎င်း၏ယုဒယုံကြည်ချက်ကိုခြိမ်းခြောက်နေသည်ဟု ယုံကြည်ခဲ့သောကြောင့်ဖြစ်သည်။ ခရစ်ယာန်ဘာသာ၏ခြိမ်းခြောက်မှုကို အမြစ်မှသုတ်သင်ပယ်ရှင်းရန်ဘုရားသခင်ကသူ့ကိုရွေးချယ်ခဲ့သည်ဟု ရှင်ပေါလုယုံကြည်ခဲ့သည်။ လူ့ကြိုးစားအားထုတ်မှုဖြင့်လုပ်သော ဘာသာရေးလုပ်ဆောင်မှုများတွင် ရှင်ပေါလုကိုမမှီနိုင်ပါ။

ရှင်ပေါလုက ဖိလိပ္ပိယုံကြည်သူများအား ပညတ်တရားအရဖြစ်လာသော

ဖြောင့်မတ်ခြင်းတွင် မိမိသည်အပြစ်အနာအဆာကင်းသူဖြစ်သည်ဟုပြောပြခဲ့သည်။ ပညတ်တရားဖြစ်လာသော ဖြောင့်မတ်ခြင်းကိုရှင်ပေါလုပြောဆိုရာတွင် သူသည် ပညတ်တရားတော်ကို အခမ်းအနားဆင်ယင်ကျင်းပခြင်းဖြင့် နာခံလုပ်ဆောင်ခြင်းကိုရည်ညွှန်းခဲ့ပါသည်။ မောရှေ၏ပညတ်တရားတော်ကို အပြင်ပန်းအားဖြင့်လေ့လာစောင့်ထိန်းမှုကိုအခြေပြု၍ ရှင်ပေါလုကိုစီစစ်သုံးသပ်မည်ဆိုလျှင် သူသည်စေ့စပ်တိကျသောသူဖြစ်ခဲ့သည်။ ဤကဲ့သို့သောပုဂ္ဂိုလ်မျိုးကို သင်ကြုံကောင်းကြုံဖူးပေမည်။ လူသားကြိုးစားအားထုတ်မှုမျိုးဖြင့် ဘုရားသခင်ကိုစိတ်ကျေနပ်အောင်လုပ်ရာတွင်သူတို့သည်အပြစ်ပြောစရာမရှိခဲ့ပါ။ သူတို့သည်ဘုရားကျောင်းကို ပုံမှန်တက်ရောက် ကြသည်။ သမ္မာကျမ်းစာကိုလည်းဖတ်ရှုကြသည်။ နေ့စဉ်ဆုတောင်းကြသည်။ ကောင်းသောအလုပ်ကိုလုပ်ကြသည်။ သူတို့သည်ဘုရားသခင်နှင့် ဆက်ဆံရင်းနှီးမှုတွင်သစ္စာရှိကြ၍ သူတို့ယုံကြည်ထားသောအရာတွင် အပြစ်ပြောစရာမရှိပါ။

ဤနေရာတွင် ကျွန်ုပ်တို့နားလည်သဘောပေါက်ထားဖို့ လိုအပ်သည့်အရာမှာရှင်ပေါလုသည် အပြင်ပန်းတွင်ဖြောင့်မတ်နေခဲ့သော်လည်း သူသည်မိမိ၏အပြစ်ဒုစရိုက်၌ပျောက်ဆုံးလျက်ရှိခဲ့သည်။ လူတို့အတွက်ဤအချက်ကို နားလည်သဘောပေါက်ဖို့ခက်ခဲပါသည်။ မှန်ကန်သင့်တင့်သောအရာကိုယုံကြည်၍ လုပ်ဆောင်နေသောသူများသည် ၎င်းတို့၏အပြစ်ဒုစရိုက်တွင် မည်သို့ပျောက်ဆုံးနေနိုင်ပါသနည်း။ အခန်းငယ် ၇ တွင် ရှင်ပေါလုက ဖိလိပ္ပိယုံကြည်သူများအား အပြင်ပန်းအခြေအနေဂုဏ်ပုဒ်များနှင့်လုပ်ဆောင်မှုများ၏ အကျိုးအမြတ်များကို သခင်ခရစ်တော်ပေးသနားထားသောအရာများနှင့်နှိုင်းယှဉ်ကြည့်သောအခါ ထိုအပြင်ပန်းအရာများသည်အချည်းနှီးသာဖြစ်ကြောင်း မိမိမှတ်ယူခဲ့သည်ဟုပြောပြခဲ့သည်။ ဤသို့ပြောဆိုရာတွင် ရှင်ပေါလုသည် လူသား၏ဖြောင့်မတ်ပုံဖြောင့်မတ်နည်းနှင့် သခင်ခရစ်တော်၏

ဖြောင့်မတ်ပုံဖြောင့်မတ်နည်းကို ခွဲခြားပြသခဲ့သည်။ ရှင်ပေါလုသည် ပညတ်တရားတော်ကပေးကမ်းထားသည့်အရာများကိုစွန့်လွှတ်၍ သခင်ခရစ်တော်နှင့်ထိုသခင်ပေးကမ်းထားသောအရာဆီသို့ ဦးတည်ချက်ပြောင်းခဲ့ရသောအချိန်ဘဝတွင်ရောက်ရှိလာခဲ့သည်။

အခန်းငယ် ၈ က ကျွန်ုပ်တို့အားရှင်ပေါလုသည် ပညတ်တရားအရဖြစ်တည်သောဖြောင့်မတ်ပုံဖြောင့်မတ်နည်းကို ကြိုးစားရယူခဲ့ကြောင်းပြောပြထားသည်။ သူသည်ပညတ်တရားကို ဂရုတစိုက်စောင့်ထိန်းလိုက်နာခဲ့သော်လည်း တနေ့တွင်အခြားနည်းလမ်းတစ်ခုကိုသူရှာတွေ့ခဲ့သည်။ တစ်နေ့တွင်သခင်ယေရှုသည်ရှင်ပေါလုအထံ၌ကိုယ်ထင်ပြ၍ ရှင်ပေါလု၏အသက်တာကိုပြောင်းလဲပစ်ခဲ့သည်။ ရှင်ပေါလုကသခင်ယေရှုကိုတွေ့ကြုံခဲ့စဉ်တွင် သူသည်ပညတ်တရားကမပေးနိုင်သောအရာတစ်ခုကိုတွေ့ရှိခဲ့သည်။ အခန်းငယ် ၉ တွင် ရှင်ပေါလုကဖိလိပ္ပိယုံကြည်သူများအားမိမိသည်သခင်ခရစ်တော်၌ စစ်မှန်၍ပကတိပြည့်စုံသော ဖြောင့်မတ်ခြင်းကိုတွေ့ရှိခဲ့ကြောင်းပြောပြခဲ့သည်။ ဖြောင့်မတ်ခြင်းဆိုသည်မှာ ဘုရားသခင်နှင့်မှန်ကန်သင့်တင့်သော ဆက်ဆံရင်းနှီးမှုရှိခြင်းနှင့်သက်ဆိုင်သည်။ ဤအရာမှာ ပညတ်တရားကလုံးဝမပေးနိုင်သောအရာဖြစ်သည်။ ပညတ်တရားသည်လူသားတို့၏နှလုံးသားတွင်အပြစ်ဒုစရိုက်ကို ပြည့်ပြည့်စုံစုံ ပိုင်ပိုင်နိုင်နိုင်မကိုင်တွယ်မဖြေရှင်းပေးနိုင်ပါ။ ပညတ်တရားသည်အပြစ် ဒုစရိုက်ကိုယာယီသဘောသာ ကိုင်တွယ်ဖြေရှင်းပေးနိုင်သော်လည်း ပြစ်ဒဏ်ကိုမပယ်ဖျက်လိုက်ပါ။ ပညတ်တရားသည် လူတို့၏နှလုံးသားကိုမပြောင်းလဲစေနိုင်ပါ။ ပြစ်ဒဏ်ကိုမပယ်ဖျက်နိုင်ပါ။ အခြားတစ်ဖက်တွင်သခင်ခရစ်တော်သည်အပြစ်ဒုစရိုက်ကိုကိုယ်တွယ် ဖြေရှင်းခဲ့ပြီးဖြစ်သည်။ သခင်ခရစ်တော်၏ယဇ်ပူဇော်ခြင်းသည် ဥပဒေအရဘုရားသခင်၏ပြဌာန်းချက်များ

အားလုံးကို ပြည့်စုံလုံလောက်စွာဖြင့် အမြဲတမ်းအတွက် ဖြည့်ဆည်းခဲ့ပြီဖြစ်သည်။ အပြစ်ဒုစရိုက်အတွက် နောက်ထပ်ယဇ်ပူဇော်ဖို့မလိုအပ် တော့ပါ။ ဘုရားသခင်သည် မိမိ၏သန့်ရှင်းသောဝိညာဉ်တော်ကို မိမိအားလက်ခံယုံ ကြည်သောသူတို့၏ နှလုံးသားထဲ၌သွတ်သွင်းခဲ့သည်။ ထိုဝိညာဉ်တော်သည်ယုံ ကြည်သူများကိုဦးဆောင်လမ်းပြ၍ ၎င်းတို့၏ကိုယ်ပိုင်ခွန်အားဗလဖြင့်ကြိုးစား၍ မဖြစ်နိုင်လောက်သည့် အသက်တာမျိုးကို ရရှိရန်စွမ်းဆောင်ပေးပါသည်။ မိမိတို့ကိုယ် စားပြုလုပ်ပေးသွားသော သခင်ခရစ်တော်၏လုပ်ဆောင်ချက်ကို လက်ခံယုံကြည်သောသူတို့သည် ဘုရားသခင်နှင့် ဆက်ဆံရင်းနှီးခွင့်ကိုရရှိကြသည်။ ထိုဆက်ဆံရင်းနှီးမှု များကို၎င်းတို့အထံမှဖယ်ရှား၍မရပါ။ ရှင်ပေါလုကမိမိစိတ်ဆန္ဒမှာ သခင်ခရစ်တော် ၏ဖြောင့်မတ်ခြင်းသာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည် (ငယ် ၉)။ သခင်ခရစ်တော်၏ နည်းလမ်းတွင် ပကတိပြည့်စုံသောခွင့်လွှတ်ခြင်း (အပြစ်လွှတ်ခြင်း)ရှိ၍ ဘုရားသခင်နှင့်သင့်မြတ်ရခြင်းလည်းရှိသည်။ သခင်ခရစ်တော်၏နည်းလမ်းတွင် လူ့ ကြိုးစားအားထုတ်မှုများဖြင့် မစွမ်းဆောင်နိုင်သောအရာများကိုစွမ်းဆောင်ထမြောက်စေနိုင်သည့် တန်ခိုးတော်လည်းရှိသည်။

ဤနေရာ၌ ရှင်ပေါလုကကျွန်ုပ်တို့အားပြောပြနေသောအရာမှာ ပညတ်တရားအရဖြောင့်မတ်ခြင်းနည်းလမ်းနှင့်သခင်ခရစ်တော်၏ဖြောင့်မတ်ခြင်းနည်းလမ်းဟူ၍ရှိသည်။ ပညတ်တရားအရဖြောင့်မြတ်ခြင်းနည်းသည် လူသားဖန်တီးမှုဖြစ်သည်။ ၎င်းသည်စည်းကမ်းလိုက်နာခြင်းနှင့် ကိုယ့်ကိုကိုယ်ငြင်းပယ်ခြင်း တို့မှရရှိလာသောအရာဖြစ်သည်။ ၎င်းသည်လူသားကြိုးစားအားထုတ်မှုဖြင့် ကယ်တင်ခြင်းရရှိနိုင်ခြင်း ကိုမြင့်တင်ပေးထားသည်။ ဤအချင်းအရာကိုယုံကြည်သောသူတို့က မိမိတို့၏ကောင်းမှုကုသိုလ်များသည် ဘုရားသခင်ကိုစိတ်ကျေနပ်စေ၍ နိုင်ငံတော်

၌၄င်းတို့အတွက်နေရာတစ်နေရာကို ဖန်တီးပေးခဲ့မည်ဟုထင်မှတ်ထားကြသည်။ သို့သော် သခင်ခရစ်တော်၏ဖြောင့်မတ်ခြင်းမှာ ထိုက်တန်မှုမရှိသော်လည်း တောင်းဆိုသူ အပြစ်သားအသီးသီးအထံ၌ ပေးအပ်ခဲ့သောဆုကျေးဇူးတစ်ပါးဖြစ်သည်။ ဤဖြောင့် မတ်ခြင်းကိုလက်ခံရရှိသောသူများက မိမိတို့သည်ဤအရာနှင့် မထိုက်တန်မှန်းသိပါသော်လည်း ထိုသို့ထိုက်တန်ခြင်းမရှိသည့်အရာကို ကျေးဇူးတော်အားဖြင့်လက်ခံရရှိ ရန်နှလုံးတံခါးများကိုဖွင့်ထားကြသည်။

ဘုရားသခင်ထံမှရောက်ရှိလာသော ဖြောင့်မတ်ခြင်းသည် "သခင်ခရစ်တော်၌ယုံကြည်ခြင်းအားဖြင့်" ဖြစ်တည်လာသောအရာဖြစ်သည်။ လူသားကြိုးစားအားထုတ်မှုကြောင့်မဟုတ်ပါ (ငယ် ၉)။ ကျွန်ုပ်တို့သည်မှန်ကန်သောအရာများကို ပြုလုပ်ခဲ့သောကြောင့် ဘုရားသခင်နှင့်သင့်မြတ်နေကြရသည်မဟုတ်ပါ။ ဘုရားသခင်သည် ကျွန်ုပ်တို့ကိုခွင့်လွှတ်ဖို့ရွေးချယ်ခဲ့၍ ကျွန်ုပ်တို့၏အပြစ်ဒုစရိုက်ကိုကျွန်ုပ်တို့ထံမှဖယ်ရှားခဲ့သောကြောင့်သာ ကျွန်ုပ်တို့ဘုရားသခင်နှင့်သင့်မြတ်နေကြရခြင်းဖြစ်သည်။ သခင်ယေရှုနှင့်သခင်ယေရှုလုပ်ဆောင်ခဲ့သောအမှုအပေါ်၌ မိမိတို့၏စိတ်နှလုံးများကိုဖွင့်ထားကြသောသူများသည် ခွင့်လွှတ်ခြင်းကိုခံကြရသည်။ သူတို့နှလုံးသားထဲ၌ ကိန်းဝပ်ရန်ရောက်လာသော သန့်ရှင်းသောဝိညာဉ်တော်ဖြင့် ခြုံလွှမ်းခြင်းကိုခံကြရသည်။ သန့်ရှင်းသောဝိညာဉ်တော်သည် သူတို့ကိုအသစ်သောအသက်တာနှင့် အသစ်သောသဘာဝတို့ကိုပေးတော်မူသည်။

ဤအယူအဆတွင် ကျွန်ုပ်တို့အားလွတ်မြောက်စေသောအချက်အချို့ရှိသည်။ ကျွန်ုပ်အဘယ်မျှကောင်းခဲ့သည်ဟူသောအချက်တွင်မဟုတ်ပဲ သခင်ခရစ်တော်သည် ကျွန်ုပ်၏အပြစ်များအားလုံးကိုလွှမ်းခြုံထားပြီး ကျွန်ုပ်ကယ်တင်ခြင်းအတွက်ပေးရမည့်အဖိုးအခကို ပေးခဲ့ပါသည်ဟူသောအချက်တွင်အခြေခံ၍ကယ်

တင်ခြင်းကိုရရှိခဲ့ပါလိမ့်မည်။ ကျွန်ုပ်တို့ကဲ့သို့သော ယုံကြည်သူများထက်သာ၍ ကောင်းသောအသက်တာကို ရှင်သန်ကြသည့်ကယ်တင်ခြင်းမရှိသေးသူများရှိသည်။ တစ်ခါတစ်ရံတွင် ဤကဲ့သို့သောပုဂ္ဂိုလ်များ၏နှုတ်ကပတ်တော်အပေါ်၌ထားရှိသော ဖွဲလုံ့လနှင့်ပညာဗဟုသုတများက ကျွန်ုပ်တို့ကိုအရှက်ရစေပါသည်။ သူတို့သည် ရှင်ပေါလုကဲ့သို့အသက်တာကို ရိုးသားမှုပေါင်းတစ်သောင်းဖြင့် ကောင်းမွန်စွာရှင်သန်ခဲ့ကြပါလိမ့်မည်။ သို့သော် သူတို့သည်သခင်ယေရှုနှင့်သက်ဆိုင်မှုမရှိသေးပါ။ သခင်ယေရှု၏ဝိညာဉ်တော်သူတို့အထဲ၌ မကိန်းဝပ်ပါ။ သူတို့တွင်ဘာသာရေးနှင့် အယူဝါဒများရှိနေပါသော်လည်း သူတို့သည်သခင်ခရစ်တော်၏အသက်တာကိုမရရှိခဲ့ပါ။

ရှင်ပေါလုရှာဖွေတွေ့ရှိခဲ့သောအရာမှာ သခင်ခရစ်တော်ဖြစ်သည်။ မိမိအဘယ်မျှကောင်းခဲ့ပါသည်ဟူသောအရာကိုမဟုတ်၊ သခင်ခရစ်တော်ကအဘယ်မျှကောင်းခဲ့ပါသည်ဟူသောအရာကို ရှာဖွေတွေ့ရှိခဲ့သည်။ ထိုအသက်တာနှင့်ထိုဖြောင့်မတ်ခြင်းသည် မိမိတို့နှလုံးသားများကိုရိုးသားစွာဖွင့်ထားသောသူများ၌သာလက်ခံရရှိဖို့ပေးအပ်ထားသောကျေးဇူးဖြစ်သည်။ သင်သည်ပကတိပြည့်စုံကောင်းမွန်နေဖို့မလိုအပ်ပါသည်။ သို့သော် သခင်ယေရှုကိုသင်အမှန်လိုအပ်ပါသည်။

## စဉ်းစားသုံးသပ်ရန်အချက်များ

- သခင်ဘုရား၌ဝမ်းမြောက်ခြင်းသည် ကျွန်ုပ်တို့ကိုအမှားလုပ်မိခြင်းမှမည်သို့ကွယ်ကာပေးပါသနည်း။
- ကျွန်ုပ်တို့သည် သခင်ယေရှုနှင့်သက်ဆိုင်သူများအဖြစ် အာမခံပေးသောအမှတ်အသားလက္ခဏာတစ်ခုမှာအဘယ်နည်း။

- ပညတ်တရားအရဖြောင့်မတ်ခြင်းနှင့် ယုံကြည်ခြင်းမှလာသောဖြောင့်မတ်ခြင်းတို့၏ခြားနားချက်မှာအဘယ်နည်း။
- သခင်ခရစ်တော်ကိုဟောပြောခြင်းနှင့် ပညတ်တရားကိုဟောပြောခြင်းတို့၏ခြားနားချက်မှာအဘယ်နည်း။
- ဤနေရာ၌ရှင်ပေါလုသွန်သင်ပေးထားသောအရာများသည် သင့်အသက်တာရှင်သန်ပုံကိုမည်သို့သက်ရောက်မှုပြုလုပ်သနည်း။ ဤအချင်းအရာက ကျွန်ုပ်တို့ဘုရားသခင်ကို နားလည်သဘောပေါက်ထားပုံအားမည်သို့ပြောင်းလဲစေပါသနည်း။

## ဆုတောင်းရန်အချက်များ

- သခင်ဘုရား၌လည်းကောင်း၊ ကျွန်ုပ်တို့၏ကယ်တင်ခြင်းအတွက်လုပ်ဆောင်ပေးခဲ့သောအရာ၌လည်းကောင်း သာ၍ဝမ်းမြောက်နေရန်ကူညီမစပေးဖို့တောင်းလျှောက်ပါ။
- သင့်ရဲ့ကယ်တင်ခြင်းကိုကြိုးစားလုပ်ဆောင် မလိုအပ်အောင်သင့်အားအခမဲ့ဆုလက်ဆောင်အဖြစ် သင့်အားပေးထားခဲ့ပြီးဖြစ်သောကြောင့်သခင်ဘုရားကိုကျေးဇူးတင်ချီးမွမ်းပါ။
- မိမိတို့၏ပညတ်တရားအရဖြစ်သော ဖြောင့်မတ်ခြင်း၌ယုံကြည်ကိုးစားနေသောသူများကိုသင်သိပါသလား။ ဘုရားသခင်ကသူတို့ကိုယ်စားလုပ်ဆောင်ပေးခဲ့သောအရာကိုတွေ့မြင်လာဖို့အချိန်အနည်းငယ်ယူ၍ဆုတောင်းပေးပါ။

၈

# အားသွန်ခွန်စိုက်ပြေး၍

**ဖိလိပ္ပိ ၃း၁၀-၁၆ ကိုဖတ်ရှုပါ။**

နောက်ဆုံးဆင်ခြင်နှလုံးသွင်းခြင်းတွင် ရှင်ပေါလုကဖိလိပ္ပိယုံကြည်သူများအား ဤဘဝ၌မိမိအတောင့်တဆုံးသောအရာမှာ သခင်ခရစ်တော်နှင့်ထိုသခင်၏ဖြောင့်မတ်ခြင်းကိုသိရှိခြင်းဖြစ်သည်ဟုပြောခဲ့ကြောင်း ကျွန်ုပ်တို့တွေ့မြင်ခဲ့သည်။ ရှင်ပေါလုသည်ဘာသာရေးနှင့် ကောင်းမှုကုသိုလ်များကိုကြိုးစာလုပ်ဆောင်ခဲ့သော်လည်းထိုကြိုးစားအားထုတ်မှုသည် သူကိုအခွံဗလာသက်သက်နှင့်သာထားခဲ့သည်။ သခင်ယေရှုကိုသူတွေ့ရှိခဲ့သောအခါ သူ့နှလုံးသားကတောင့်တနေခဲ့သောအရာကိုလည်းရှာဖွေတွေ့ရှိခဲ့သည်။ ယခုအချိန်တွင် သူ၏စိတ်ဆန္ဒမှာသခင်ခရစ်တော်၌လည်းကောင်း၊ သခင်ခရစ်တော်ကိုသိကျွမ်းခြင်း၌လည်းကောင်း ကြီးထွားတိုးတက်ဖို့ဖြစ်ခဲ့သည်။ ဤအဓိကအကြောင်းအရာကို ရှင်ပေါလုကဆက်၍ပြောဆိုထားသည်။

အခန်းငယ် ၁၀ တွင် ရှင်ပေါလုကဖိလိပ္ပိယုံကြည်သူများအား မိမိသည်သခင်ခရစ်တော်ကိုသိကျွမ်းလိုခဲ့သည်ဟုပြောခဲ့သည်။ အမှန်ဆိုရလျှင် ရှင်ပေါလု

သည်သခင်ခရစ်တော်ကို သိကျွမ်းခဲ့ပြီးဖြစ်သည်။ သို့သော် ရှင်ပေါလု၏နှလုံးသားသည်သခင်ခရစ်တော်အားသိကျွမ်းသည့် လက်ရှိအခြေအနေကိုမရောင့်ရဲနိုင်ခဲ့ပါ။ သူသည်သခင်ခရစ်တော်ကို ဤထက်မကပို၍သိကျွမ်းချင်ခဲ့သည်။ ကျွန်ုပ်တို့အားလုံးသည်လည်း ဤသို့ဖြစ်ကြရပေမည်။ သခင်ခရစ်တော်အား လက်ရှိသိကျွမ်းနားလည်ခြင်းထက်ပို၍သိကျွမ်းလို၍ အော်ဟစ်တောင့်တနေသောနှလုံးသားများကိုကျွန်ုပ်တို့လိုအပ်သည်။ မြောက်မြားစွာသောယုံကြည်သူများသည် ကယ်တင်ခြင်းအဆင့်တွင်ရပ်တန့်နေခဲ့ကြသည်။ ကယ်တင်ခြင်းရချိန်တွင် သခင်ယေရှုကိုသူတို့သိကျွမ်းခဲ့ကြသော်လည်း ထိုအဆင့်ကိုကျော်၍ကြီးထွားတိုးဟန်မရှိခဲ့ကြပါ။ တမန်တော်ကြီးရှင်ပေါလုကကျွန်ုပ်တို့အား မိမိသည်သခင်ခရစ်တော်ကိုဤထက်မကသာ၍သိကျွမ်းလိုသည်ဟုပြောပြသည်။ ကျွန်ုပ်တို့သည်သခင်ခရစ်တော်ကို အဘယ်မျှပို၍သိကျွမ်းလိုကြပါသနည်း။ သူ့ကိုအနည်းငယ်သာသိကျွမ်းခြင်း၌ ကျွန်ုပ်တို့အဘယ်မျှတင်းတိမ်ရောင့်ရဲနေကြပါသနည်း။ သခင်ခရစ်တော်အကြောင်းကိုအကုန်အစင်အမှန်တကယ်သိပါသည်ဟုယုံကြည်နေခြင်းသည် အဘယ်မျှမိုက်မဲရာရောက်သနည်း။ သခင်ခရစ်တော်နှင့်ပတ်သက်၍ ကျွန်ုပ်တို့ယူဆချက်ထက် သခင်ခရစ်တော်သည်အဆပေါင်းများစွာကြီးမြတ်ပါသည်။

အခန်းငယ် ၁၀ တွင် ရှင်ပေါလုကသခင်ခရစ်တော်အား သိကျွမ်းလိုခြင်းသာမဟုတ် ထိုသခင်၏ရှင်ပြန်ထမြောက်ခြင်းတန်ခိုးတော်ကိုလည်း သိကျွမ်းလိုကြောင်းကိုမြင်မိရန်မှာအရေးကြီးသည်။ ရှင်ပြန်ထမြောက်ခြင်းတန်ခိုးဆိုသည်မှာအဘယ်နည်း။ ရှင်ပြန်ထမြောက်ခြင်းတန်ခိုးဆိုသည်မှာ သေခြင်းကိုအောင်နိုင်သောတန်ခိုးပင်ဖြစ်သည်။ ရှင်ပြန်ထမြောက်ခြင်းတန်ခိုးဆိုသည်မှာ အပြစ်ဒုစရိုက်ကိုအောင်နိုင်သောတန်ခိုးဖြစ်သည်။ သခင်ယေရှုသည် ကျွန်ုပ်တို့၏အပြစ်ဒုစရိုက်ကို

ယူတင်ဝတ်ဆင်၍ ကားတိုင်ထက်တွင်အသေခံခဲ့ပါသည်။ သို့သော် သေခြင်းသည် သူ့ကိုဆွဲမထားနိုင်ခဲ့ပါ။ ရှင်ပြန်ထမြောက်ခြင်းတန်ခိုးအားဖြင့် သူသည်သေခြင်းမှ ထမြောက်ခဲ့ပါသည်။ ရှင်ပြန်ထမြောက်ခြင်းတန်ခိုးတော်အားဖြင့် ခမည်းတော်ဘုရားနှင့်အတူစိုးစံဖို့သွားခဲ့သည်။ ဤတန်ခိုးတော်မှာ ရှင်ပေါလုသိကျွမ်းလိုနေခဲ့သောတန်ခိုးတော်ဖြစ်သည်။ ရှင်ပြန်ထမြောက်ခြင်းတန်ခိုးဆိုသည်မှာ ဤလောက၌သေခြင်းနှင့်အပြစ်ဒုစရိုက်တို့ကို အောင်နိုင်သောတန်ခိုးဖြစ်သည်။ အပြစ်ဒုစရိုက်ကို အောင်မြင်ဖို့တန်ခိုးတော်လည်းဖြစ်သည်။ ဤတန်ခိုးတော်သည် သခင်ယေရှုပြုခဲ့သကဲ့သို့သေခြင်းကိုဖြတ်သန်း၍ ခမည်းတော်ဘုရား၏မျက်မှောက်တော်သို့သွားရာတန်ခိုးတော်ဖြစ်သည်။ ရှိသမျှသောတန်ခိုးတော်တို့တွင် ဤတန်ခိုးတော်မှာအကြီးမားဆုံးဖြစ်သည်။ နာမကျန်းဖြစ်နေသောသူကို သခင်ယေရှုအနာငြိမ်းစေခဲ့သည် အဖြစ်ကိုတွေ့မြင်ရခြင်းမှာအံ့ဖွယ်ရာဖြစ်သည်။ ဤသည်မှာတန်ခိုးပြမှုတစ်ခုဖြစ်သည်။ သို့သော် ဤထက်ကြီးမားထူးခြားသောတန်ခိုးတော်ပြခြင်းတစ်ခုမှာ အပြစ်ဒုစရိုက်နှင့်သေခြင်းကိုအောင်နိုင်၍ ခမည်းတော်ဘုရား၏မျက်မှောက်တော်သို့ဝင်ရောက်ရန်တန်ခိုးတော်ဖြစ်သည်။ ရှင်ပေါလုက ရှင်ပြန်ထမြောက်ခြင်းတန်ခိုးတော်တွင်ရှင်သန်လိုခဲ့သည်။ သူသည်သခင်ခရစ်တော်ကိုသိကျွမ်း၍ ဤလောက၏အပြစ်ဒုစရိုက်နှင့်ဆိုးသွမ်းမှုများကိုကျော်ဖြတ်၍ သခင်ခရစ်တော်၏မျက်မှောက်တော်၌ ထာဝရတိုးဝင်ခိုနားရန် ထိုသခင်၏တန်ခိုးတော်ကိုကြုံတွေ့ခံစားလိုခဲ့သည်။

အပြစ်ဒုစရိုက်နှင့်သေခြင်းတို့ကိုအောင်နိုင်ခြင်းမှာ အလွယ်တကူဖြစ်လာလိမ့်မည်မဟုတ်ပါ။ ရှင်ပေါလုသည် အသက်တာ၌အခက်အခဲပေါင်းများစွာကိုရင်ဆိုင်ခဲ့ရပြီးဖြစ်သည်။ ရန်သူသည်ရှင်ပေါလုအားထိုးကြိတ်ရိုက်နှက်ခဲ့ပါသည်။ ရှင်ပေါလု၏အသက်ဇီဝိန်ကိုချွေဖို့ စာတန်သူလူတို့ကိုစေ့ဆော်ခဲ့သည်။ သို့သော် ရှင်ပေါလုက

ဖိလိပ္ပိယုံကြည်သူတို့အား မိမိသည်သခင်ခရစ်တော်၏ဒုက္ခဝေဒနာခံတော်မူခြင်း၌ ဆက်ဆံမျှဝေခံစားခြင်းကိုလည်းသိကျွမ်းလိုကြောင်းပြောခဲ့သည်။ သူသည်ဆင်းရဲခြင်းဒုက္ခနှင့်ခက်ခဲပင်ပန်းခြင်းတို့ကိုရင်ဆိုင်ရန် လိုလိုလားလားရှိနေခဲ့သည်။ ထိုကဲ့သို့ ဒုက္ခဝေဒနခံစားခြင်းတွင် ရှင်ပေါလုသည်သခင်ခရစ်တော်၏ မိတ်သဟာယဖွဲ့ခြင်းကို သိကျွမ်းလိုခဲ့သည်။ နိုင်ငံတော်ကိုချဲ့ထွင်ရာ၌ ရင်ဆိုင်ကြုံတွေ့ရမည့်စစ်ကြောခြင်းများ၌ သူသည်သခင်ခရစ်တော်နှင့်အတူ ဝေမျှခံစာလိုခဲ့သည်။ သူသည်နောက်ပြန်လှည့်မည့်သူမဟုတ်ပါ။ တိုက်ပွဲကိုလက်လျှော့အရှုံးပေးခဲ့မည်မဟုတ်ပါ။ မိမိ၏ကယ်တင်ရှင်ကတိုက်ခိုက်တွန်းလှန်ခဲ့သည့်အတိုင်း သူသည်မိမိ၏ရပ်တည်မှုကိုကာကွယ်၍တိုက်ခိုက်သွားပါလိမ့်မည်။ သူသည်သေခြင်းတွင် သခင်ခရစ်တော်နှင့်သဏ္ဍာန်တူလိုခဲ့သည်။ သူသည်အဆုံးတိုင်သစ္စာရှိသွားချင်ခဲ့သည်။ သူသည်သခင်ခရစ်တော်အတွက်အသက်ရှင်၍ သခင်ခရစ်တော်အတွက် သေဖို့လည်းအဆင်သင့်ဖြစ်နေခဲ့သည်။ ဤသို့ပြုလုပ်နိုင်ရခြင်းမှာ တစ်နေ့တွင်သူသည်သခင်ခရစ်တော်ကဲ့သို့သေခြင်းမှထမြောက်၍ကောင်းကင်ဘုံရှိ ခမည်းတော်ဘုရား၏မျက်မှောက်တော်သို့ဝင်ရမည်ကိုသိရှိနေခဲ့သောကြောင့်ဖြစ်သည်။

ရှင်ပေါလုက ကျွန်ုပ်တို့အားပြောပြနေသောအရာမှာ သခင်ခရစ်တော်ကိုသိကျွမ်းခြင်းအမှုသည် လွယ်ကူသောအမှုမဟုတ်ပါဟူ၍ဖြစ်သည် တစ်ခါတစ်ရံတွင် သခင်ဘုရားသည်ကျွန်ုပ်တို့အား ကြီးမားသောစစ်ကြောခြင်းများကိုဖြတ်သန်းစေပါလိမ့်မည်။ ကျွန်ုပ်တို့အထဲမှအဘယ်သူသည် နက်နဲပြင်းထန်သောစစ်ကြောခြင်းများကိုဖြတ်သန်းခြင်းအားဖြင့် သခင်ယေရှုကိုသိကျွမ်းရန်မရင့်ကျက်လာဘဲရှိသနည်း။ သင်သည်သင်ခရစ်တော်ကိုသိကျွမ်းလိုလျှင် အခက်အခဲများကိုလည်းကောင်း၊ အဆင်ပြေချောမွေ့မှုများကိုလည်းကောင်း ရင်ဆိုင်ကြုံတွေ့ရန်လိုလိုလားလားရှိနေ

ရမည်။

အခန်းငယ် ၂၂ တွင် ရှင်ပေါလုကဖိလိပ္ပိယုံကြည်သူများအား မိမိသည်သခင်ခရစ်တော်ကိုအပြည့်အဝသိကျွမ်းခြင်းအဆင့်သို့မရောက်သေးကြောင်း ပြန်လည်အသိပေးခဲ့သည်။ ရှင်ပေါလုသည် သခင်ခရစ်တော်နှင့်အတူလျှောက်လှမ်းရာတွင် တိုးပွားရင့်ကျက်ဖို့လိုနေသေးသည်။ ပြည့်စုံခြင်းဆိုသည်မှာအလှမ်းဝေးလျက်ရှိသည်။ မိမိသည်အပြစ်နှင့်ကင်းလွတ်သူမဟုတ်ကြောင်းကို ဖိလိပ္ပိယုံကြည်သူများအားပြောပြဖို့တွန့်ဆုတ်မနေပါ။ သူတို့ကိုသူတို့ရင့်ကျက်သောသူများဖြစ်သည်ဟု ကျွန်ုပ်တို့ကိုတွေ့မြင်စေလိုသော ခေါင်းဆောင်များစွာရှိသည်။ လူတို့သည်မိမိတို့၏အဖြစ်မှန်ကိုဝန်ခံဖို့ကြောက်ရွံ့ကြသည်။ အဘယ့်ကြောင့်ဆိုသော် လူတို့ကသူတို့ကိုမလေးစားကြမည်ကိုစိုးရိမ်ကြသောကြောင့်ဖြစ်သည်။ ရှင်ပေါလုတွင်ဤကဲ့သို့သော စိုးရိမ်ခြင်းမျိုးမရှိခဲ့ပါ။ သခင်ခရစ်တော်နှင့်ဆက်ဆံရင်းနှီးမှုတွင် သူသည်များစွာလိုအပ်လျက်ရှိနေသေးကြောင်းကို ပွင့်ပွင့်လင်းလင်းဝန်ခံခဲ့သည်။

သင်သည်ဝိညာဉ်ရေးရာခေါင်းဆောင်တစ်ဦးဖြစ်လျှင် သင့်လက်အောက်မှလူများကသင်သည်ပကတိပြည့်စုံသူမဟုတ်ကြောင်း သိရှိနေကြသည်ကို သင်နားလည်သဘောပေါက်ထားဖို့လိုအပ်သည်။ သူတို့သည်သင့်ရဲ့ကျရှုံးမှုများကိုတွေ့မြင်ခဲ့ကြရသည်။ မဟုတ်မမှန်ပုံရိပ်ကိုထိန်းသိမ်းဖို့ကြိုးစားရင်း အချိန်ဖြုန်းနေမည့်အစား ရှင်ပေါလုပြုလုပ်ခဲ့သကဲ့သို့ ပြုလုပ်ဖို့လိုအပ်သည်။ သခင်ခရစ်တော်ကသူ့အတွက်ချမှတ်ပေးထားသောပန်းတိုင်ကို လှမ်းဆုပ်နိုင်ဖို့အားသွန်ခွန်စိုက်ပြေးနေခဲ့သည်။ အားသွန်ခွန်စိုက်ဟူသောစကားစုက ရှင်ပေါလု၏ကြိုးစားအားထုတ်မှုသည်ခက်ခဲမှုမပါသောလုပ်ရပ်မဟုတ်ကြောင်းကို ညွှန်ပြနေသည်။ သခင်ခရစ်တော်ကသူ့အတွက်ချမှတ်ပေးထားသောပန်းတိုင်ကို အရောက်ပြေးသွားခြင်းတွင် ရှင်ပေါလုအနေဖြင့်

ခက်ခဲပြင်းထန်သောစစ်ကြောခြင်းများကို ရင်ဆိုင်ခဲ့ရပေလိမ့်မည်။ သို့သော် သခင်ယေရှုကသူ့ကိုရွေးကောက်ခဲ့ရာ၌ ရည်ရွယ်ချက်တစ်ခုရှိခဲ့ကြောင်း ရှင်ပေါလုသိနေသည့်အဖြစ်ကိုသတိပြုပါ။ သခင်ဘုရားသည် အကြောင်းအရာတစ်ခုအတွက်ရှင်ပေါလုကိုအပြစ်နှံ့ထဲမှကယ်ယူခဲ့သည်။ ရှင်ပေါလုကထိုရည်ရွယ်ချက်ကို မိမိအသက်တာ၌အမှန်တကယ်ဖြစ်လာသည်ကိုတွေ့မြင်လိုခဲ့သည်။ သို့သော် ထိုအချင်းအရာဖြစ်ပျက်လာဖို့ ရှင်ပေါလုအနေဖြင့်အခက်အခဲပေါင်းများစွာကို ရင်ဆိုင်ရပေလိမ့်မည်။ ထိုအရာများကိုရင်ဆိုင်တွေ့ကြုံဖို့ လိုလိုလားလားရှိနေခဲ့သည်။ ထိုသို့တွေ့ကြုံခြင်းဖြင့်သူသည် သခင်ယေရှုရည်ရွယ်ထားသောသူတစ်ဦးအဖြစ်ကို အမှန်ရောက်လာမည်ဖြစ်သည်။

ကျွန်ုပ်တို့ထံမှဘယ်နှစ်ယောက်သည် သခင်ခရစ်တော်အတွက် ကျွန်ုပ်တို့လုပ်နိုင်စွမ်းအတိုင်း အမှန်တကယ်ပြုလုပ်ခဲ့ကြပါသနည်း။ ကျွန်ုပ်တို့ထံမှဘယ်နှစ်ယောက်သည် သခင်ခရစ်တော်ကကျွန်ုပ်တို့အတွက်ချမှတ်ပေးထားသော ပန်းတိုင်ကိုမရောက်ပဲရှိခဲ့ကြသနည်း။ သခင်ယေရှုနှင့်ဝိညာဉ်တော်မပါလျှင် ကျွန်ုပ်တို့အဘယ်အရာကိုမျှလုပ်နိုင်ကြမည်မဟုတ်သည်မှာ မှန်ပါသည်။ သခင်ခရစ်တော်နှင့်သာ၍သဏ္ဍာန်တူလာခြင်းအမှုနှင့် သခင်ခရစ်တော်ကကျွန်ုပ်တို့အတွက် ချမှတ်ပေးထားသောပန်းတိုင်ကိုအမှီလှမ်းခြင်းအမှုသည် ဘုရားသခင်ဝိညာဉ်တော်နှင့်ကျွန်ုပ်တို့တစ်ဦးချင်းစီအကြား၌ ပူးပေါင်းဆောင်ရွက်၍လုပ်ဆောင်ခြင်းတစ်ခုဖြစ်သည်။ ကျွန်ုပ်အသက်တာ၌ဝိညာဉ်တော်၏ လုပ်ဆောင်နေမှုများကို ကျွန်ုပ်ခုခံတွန်းလှန်နိုင်သည်။ ကာလအတိုင်းအတာတစ်ခုအထိ နာခံခြင်းမရှိပဲရှင်သန်နေထိုင်ရန်ကိုလည်း ကျွန်ုပ်ရွေးချယ်နိုင်သည်။ ကျွန်ုပ်အားစေခိုင်းထားသောအရာများကို နှောင့်နှေးစွာပြုလုပ်နိုင်သည်။ မြောက်မြားစွာသောယုံကြည်သူများသည် မိမိတို့၏လုပ်နိုင်စွမ်းကိုအပြည့်

အဝအသုံးအပြုဘဲရှင်သန်နေခဲ့ကြသည်။ စိုးရိမ်ကြောက်ရွံ့ခြင်းကသူတို့ကိုဆီးတားဖို့ ခွင့်ပြုပေးခဲ့ကြသည်။ အချို့ကသူတို့ဖြစ်တည်မှုအခြေအနေ၌ တင်းတိမ်ရောင့်ရဲခဲ့ကြသည်။ ရှင်ပေါလုကရှေ့သို့အားခွန်ခွန်စိုက်ပြေးရန် စိန်ခေါ်တိုက်တွန်းထားသည်။ သခင်ခရစ်တော်နှင့် ထိုသခင်၏တန်ခိုးတော်က နက်နက်နဲနဲသိကျွမ်းကြရန်ရှင်ပေါလုကကျွန်ုပ်တို့ကိုစိန်ခေါ်ထားသည်။ ဤအခြင်းအရာကို စွဲစွဲမြဲမြဲသစ္စာရှိခြင်းဖြင့်သာ လုပ်ဆောင်နိုင်ကြမည်ဖြစ်သည်။ ကျွန်ုပ်တို့လုပ်နိုင်စွမ်းအား၏ အမြင့်ဆုံးအခြေအနေကိုရောက်ဖို့ ကျွန်ုပ်တို့သည်တိုက်ပွဲကိုရင်ဆိုင်ဖို့အသင့်ဖြစ်နေရမည်။ ကျွန်ုပ်တို့သည်ရှင်ပေါလုကဲသို့ လိုအပ်လျှင်ခက်ခဲပင်ပန်းခြင်းကို တွေ့ကြုံခံစားဖို့ဆန္ဒရှိနေရမည်။ သက်သာလွယ်ကူသောနည်းမရှိပါ။

အခန်းငယ် ၁၃ တွင် ရှင်ပေါလုက မိမိသည်သခင်ခရစ်တော်ချမှတ်ပေးထားသောပန်းတိုင်ကို မဖမ်းဆုပ်နိုင်သေးကြောင်း ကျွန်ုပ်တို့ကိုတစ်ဖန်ပြောပြထားသည်။ ထိုပန်းတိုင်အတွက်ပင် သခင်ခရစ်တော်က ရှင်ပေါလုကိုကယ်တင်ခဲ့ခြင်းဖြစ်သည်။ ရှင်ပေါလု၏အသက်တာတွင် မြောက်မြားစွာသောအရာများကို ဆက်လက်လုပ်ဆောင်သွားဖို့ရှိနေခဲ့ပါသည်။ သခင်ယေရှုကသူ့အားဖြင့်လည်းကောင်း၊ သူ့၌လည်းကောင်းမြောက်မြားစွာသောအရာများကို အကောင်အထည်ဖော်ဖို့ရှိနေပါသည်။ ဤအချင်းအရာကိုသိရှိထားလျက် ရှင်ပေါလုကဖိလိပ္ပိယုံကြည်သူများအားမိမိသည် အတိတ်မှအကြောင်းအရာများကိုမမှတ်ပဲ ရှေ့၌ရှိသောအရာများကိုမျှော်လင့်လျက် တွန်းတိုက်၍သွားနေကြောင်းပြောပြခဲ့သည်။ ဤနေရာ၌ကျွန်ုပ်တို့သုံးသပ်လေ့လာဖို့လိုအပ်သောအကြောင်းအရာနှစ်ခုရှိသည်။

ရှင်ပေါလုကကျွန်ုပ်တို့အား မိမိသည်အတိတ်အကြောင်းအရာများကိုမေ့ဖျောက်ပစ်ကြောင်းပြောထားသည်။ ရှေ့သို့တိုးရာ၌ကျွန်ုပ်တို့ပထမဆုံးလုပ်ဆောင်

ရမည့်အရာမှာ အတိတ်ကိုချန်ထားခဲ့ရန်ဖြစ်သည်။ သင့်ကိုသင့်အတိတ်၌ချည်နှောင်ထားလျှင် သင်သည်ရှေ့ကိုတိုးနိုင်မည်မဟုတ်ပါ။ ကျွန်ုပ်တို့အထဲမှအချို့အတွက် ဤအရာသည်ကျွန်ုပ်တို့ကိုပစ်မှားခဲ့သူများကို ခွင့်လွှတ်ပေးခြင်းဖြစ်ပေမည်။ မကျေမနပ်ဖြစ်နေခြင်းသည် ကျွန်ုပ်တို့ကိုအတိတ်နှင့်ချည်နှောင်ထားသောကြောင့် ကျွန်ုပ်တို့ကိုရှေ့မတိုးနိုင်အောင်ဟန့်တားထားသည်။

အတိတ်ကိုမေ့ပျောက်ထားခြင်းဆိုသည်မှာ သူတစ်ပါးကိုခွင့်လွှတ်ပေးခြင်းသာမဟုတ်၊ သခင်ခရစ်တော်၏ခွင့်လွှတ်ခြင်းတရားကို ကျွန်ုပ်တို့အဖို့လက်ခံရယူခြင်းလည်းဖြစ်သည်။ ကျွန်ုပ်တို့အားလုံးသည် သခင်ခရစ်တော်အပေါ်၌တစ်ကြိမ်တစ်ခါတော့တာဝန်မကျေဖြစ်ခဲ့ကြပါသည်။ ကျွန်ုပ်တို့ဝန်ခံဖို့ရှက်နေသောအရာများကိုကျွန်ုပ်တို့အားလုံးကကျူးလွန်ခဲ့ကြသည်။ ဤအရာများကကျွန်ုပ်တို့ကိုရှေ့သို့မတိုးနိုင်အောင်အမြဲလိုလိုဆီးတားထားကြသည်။ ကျွန်ုပ်တို့၏အတိတ်မှကျရှုံးမှုများကကျွန်ုပ်တို့အားရှေ့တိုးလိုသောစိတ်ဆန္ဒမရှိအောင်ဖန်တီးကြသည်။ အရှုံးသမားဘဝနှင့်နေနေခဲ့ကြသည်။ နောက်ထပ်ကျရှုံးမည်ကိုကျွန်ုပ်တို့စိုးရိမ်နေခဲ့ကြသည်။ ကျွန်ုပ်တို့၏အတိတ်မှအဖြစ်အပျက်များကြောင့် သာသနာလုပ်ငန်းသစ်များနှင့်မထိုက်တန်ဟုကိုယ့်ကိုကိုယ်ခံစားခဲ့ကြသည်။ တမန်တော်ရှင်ပေါလုနှင့်ပတ်သက်၍ ကျွန်ုပ်တို့တစ်ခုခုကိုသိထားလျှင် ထိုသိထားသောအရာမှာ ရှင်ပေါလုသည်မိမိ၏အတိတ်နှင့်အသင်းတော်ကိုနှိပ်စက်ခဲ့ မိမိလုပ်ရပ်ကိုမှတ်မိနေသည်ဟူသောအချက်ဖြစ်ပေမည်။ ရှင်ပေါလုသည်တစ်ချိန်က အသင်းတော်ကိုညှင်းပမ်းနှိပ်စက်ခဲ့သောကြောင့်ကိုယ့်ကိုကိုယ်ကိုအညံ့ဆုံးသောတမန်တော်ဟုခေါ်ခဲ့သည် (၁ ကော ၁၅း၉)။ ရှင်ပေါလုအတွက်အတိတ်ကိုမေ့ထားခြင်းဆိုသည်မှာ အသင်းတော်အပေါ်၌သူကျူးလွန်ခဲ့သောအရာများအားလုံးအတွက် သခင်ခရစ်တော်၏ခွင့်လွှတ်ခြင်းတရားကိုလက်ခံ

ရရှိဖို့လိုအပ်ခဲ့သည်ဟူသော အဓိပ္ပါယ်ကိုဆောင်သည်။ ရှင်ပေါလုအနေဖြင့်ကိုယ့်ကို ကိုယ်ထိုက်တန်မှုမရှိသောသူဟူ၍မှတ်ယူပြီး အရှုံးသမားဘဝနှင့်နေထိုင်ခဲ့ရန်မှာ အဘယ်မျှလွယ်ကူခဲ့လိမ့်မည်နည်း။ သူသည်အသင်းတော်ကိုဒဏ်ရာဒဏ်ချက် ပေါင်းများစွာပေးခဲ့သည်။ စာတန်သည် ရှင်ပေါလုအားအရှုံးသမားဘဝ၌ဆက် လက်ထားရှိရန် ဝမ်းမြောက်ဝမ်းသာဖြစ်ခဲ့ပါသည်။ သို့သော် ရှင်ပေါလုကထိုအဖြစ် ကိုငြင်းပယ်ခဲ့သည်။ ရှင်ပေါလုသည်ရှေ့သို့သာအားသွန်ခွန်စိုက်ပြေးခဲ့သည်။ သူသည်သခင်ခရစ်တော်၏ ခွင့်လွှတ်ခြင်းတရားကိုလက်ခံယူ၍ အသက်တာ၌ လက်ခံရရှိထားသည့် အသစ်သောဆင့်ခေါ်ခြင်းကို နာခံခြင်းဖြင့်ရှေ့သို့ချီခဲ့သည်။

အတိတ်၌ရှိနေခဲ့သောအရာကို မေ့ပျောက်ပစ်ခြင်းဆိုသည်မှာ အတိတ်၌ ရှိခဲ့သောအောင်မြင်မှုများ၌ တဝဲလည်လည်မှီတင်းမနေခြင်းကိုလည်းဆိုလိုသည်။ ရှင်ပေါလုအနေဖြင့် သူ့အားဖြင့်လည်းကောင်း၊ သူ့အထဲ၌လည်းကောင်းဘုရားသခင် ကလုပ်ဆောင်ခဲ့သော အံ့ဖွယ်အရာများအားလုံးကိုပြန်လည်အာရုံပြု၍ မိမိ၏အချိန် များကိုဖြုန်းတီးနေနိုင်ခဲ့သည်။ မိမိတို့၏အတိတ်၌ဖြစ်ခဲ့သောအောင်မြင်မှုအချို့၌ ပိတ်ညှပ်မိနေကြသောကြောင့် ရှေ့သို့မတိုးနိုင်သောသင်းအုပ်များနှင့်ခရစ်ယာန်အမှု တော်ဆောင်များရှိနေကြသည်။ အားသွန်ခွန်စိုက်ရှေ့သို့တိုးခြင်းဆိုသည်မှာ အတိတ် မှအောင်မြင်မှုများအတွက် ဘုရားသခင်ကိုကျေးဇူးတင်ချီးမွမ်းခြင်းဖြစ်သည်။ ထိုအရာ များ၌တဝဲလည်လည်မှီတင်းနေခြင်းမဟုတ်ပါ။ သင့်အားဖြင့်ကြီးမားသောအရာကို ဘုရားသခင်သည်လုပ်ဆောင်သွားခဲ့သည်ကို သင်တွေ့မြင်ပြီးနောက်တွင်လည်း မရပ်ပါနှင့်၊ ရှေ့သို့အားသွန်ခွန်စိုက်သွားပါ။ ဤအောင်မြင်မှုများကိုသင့်စိတ်နှလုံး ထဲကဖယ်ထုတ်၍ရှေ့သို့ချီပါ။ အတိတ်မှအောင်မြင်မှုများက အနာဂတ်၌ဘုရား သခင်ကသင့်အတွက်သတ်မှတ်ပေးထားသောအရာကို မမြင်နိုင်လောက်အောင်

သင့်စိတ်နှလုံးသားကို တိမ်ဖုံးဖို့ခွင့်မပေးပါနှင့်။

ရှင်ပေါလုသည် အတိတ်မှအရာများကအနာဂတ်တွင် ရှိလာမည့်ကောင်းကြီးမင်္ဂလာများအားဟန့်တားမည့်အရေးကို ခွင့်ပြုခဲ့မည်မဟုတ်ပါ။ သူသည်လက်လျှော့အရှုံးပေးခဲ့မည်မဟုတ်ပါ။ ဘုရားသခင်ကပေးသနားထားသောအချိန်ကာလကိုအခွင့်ကောင်းယူ၍ ရှေ့သို့ချီသွားပါမည်။ ဘဝအပြေးပြိုင်ပွဲ၏နောက်ဆုံးတာဝင်ခြင်းအပတ်တွင်ရှင်ပေါလုသည် ကိုယ့်ကိုကိုယ်ပို၍ပြင်းပြင်းထန်ထန်ဖိအားပေးတော့မည်ဖြစ်သည်။ သူသည်မြောက်မြားစွာသောအရာများကို ပြီးမြောက်အောင် လုပ်ဆောင်ခဲ့သော်လည်း ထိုအောင်မြင်မှုများက သူ့ကိုရှေ့မတိုးနိုင်အောင်ဆီးတားမည့်အရေးကိုမူ ခွင့်ပြုမည်မဟုတ်ပါ။ ပြည့်စုံသောရင့်ကျက်ခြင်းပန်းတိုင်ကိုမရောက်မချင်းသူသည်ရှေ့ဆက်၍ပြေးနေဦးမည်ဖြစ်သည်။

အခန်းငယ် ၁၅ တွင် ရှင်ပေါလုကဖိလိပ္ပိယုံကြည်သူများအား ရင့်ကျက်သောယုံကြည်သူတိုင်းက ဤစိတ်နေသဘောထားမျိုးကို ပိုင်ဆိုင်ထားကြရမည်ဟုပြောခဲ့သည်။ ရင့်ကျက်ခြင်း၏လက္ခဏာမှာ သခင်ခရစ်တော်အား သာ၍သိကျွမ်းလိုသည့်ဤကျန်းမာသန်စွမ်းသောစိတ်ဆန္ဒပင်ဖြစ်သည်။ ရင့်ကျက်သောခရစ်ယာန်များသည် မိမိတို့သခင်ခရစ်တော်၌ဆက်၍ကြီးထွားတိုးတက်ရန် လိုနေသေးသည်ဟုအသိအမှတ်ပြုထားကြသည်။ ရင့်ကျက်သောခရစ်ယာန်သည် အတိတ်ကိုဘေးဖယ်၍အနာဂတ်ထဲသို့အားသွန်ခွန်စိုက် ပြေးသွားနေသောသူဖြစ်သည်။ ရင့်ကျက်သောခရစ်ယာန်တစ်ဦးသည် အတိတ်မှကျရှုံးမှုများ(သို့)အောင်မြင်မှုများက အနာဂတ်လုပ်ငန်းများအားဆီးတားနှောင့်ယှက်မည့်အရေးကို ခွင့်ပြုမည်မဟုတ်ပါ။ ဖိလိပ္ပိမြို့၌ဤပြဿနာနှင့်ရုန်းကန်နေသူများအထဲ၌ ဤသမ္မာတရားကိုပို၍နက်နဲစွာထုတ်ဖော်ပြသဖို့ ရှင်ပေါလုသည်ဘုရားသခင်ကို ယုံကြည်စိတ်ချထားခဲ့သည် (အခန်းငယ်

၁၅ ကိုကြည့်ပါ)။

ရှင်ပေါလုက ဤအကြောင်းအရာနှင့်ပတ်သက်၍ မိမိ၏အယူအဆကို အခန်းငယ် ၁၆ တွင် နိဂုံးချုပ်ထားခြင်းဖြင့် ဖိလိပ္ပိယုံကြည်သူများအား ၎င်းတို့ရယူနိုင်ခဲ့ကြသည့်ဘုရားသခင်အား သိကျွမ်းနားလည်ထားခြင်းကို လက်တွေ့ရှင်သန်ကြရန် စိန်ခေါ်တိုက်တွန်းခဲ့ပါသည်။ ဘုရားသခင်သည် သင့်အားမည်သည့်သင်ခန်းစာများကိုသွန်သင်ပေးခဲ့ပြီးဖြစ်ပါသနည်း။ အလားတူသင်ခန်းစာများကိုကျွန်ုပ်တို့အကြိမ်ပေါင်းမည်မျှထပ်တလဲလဲ သင်ယူကြရပါမည်နည်း။ ရှေ့သို့တိုးမည့်အစားနောက်သို့သာဆုတ်ခွာခဲ့သောအချိန်များ ကျွန်ုပ်ဘဝတွင်ရှိခဲ့ပါသည်။ ကျွန်ုပ်သင်ယူခဲ့ရသောသင်ခန်းစာကို အသက်တာ၌လက်တွေ့ရှင်သန်ရန် မစွမ်းဆောင်နိုင်ခဲ့သောအချိန်များလည်းရှိခဲ့ပါသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့တစ်ဦးချင်းစီကို ကျွန်ုပ်တို့၏ဝိညာဉ်ရေးခရီးတွင် တိကျသေချာသောအဆင့်တစ်ခုသို့ ဆောင်ယူသွားခဲ့ပါသည်။ သို့သော်လည်းကျွန်ုပ်တို့သည် ထိုအဆင့်၏အောက်တွင်အမြဲလိုလိုရှင်သန်ခဲ့ကြသည်။ ဘုရားသခင်သည်အချို့သောနယ်ပယ်များတွင် ကျွန်ုပ်တို့၏ယုံကြည်ချက်များကိုဆန့်ထုတ်ပေးခဲ့သော်လည်း အခြားအဆီးအတားများကို ကျွန်ုပ်တို့ကြုံရချိန်တွင်ဘုရားသခင်ကိုကျွန်ုပ်တို့မယုံကြည်နိုင်သလိုဖြစ်လာခဲ့သည်။ ဘုရားသခင်သည် ခြေထောက်နှင့်လျှောက်ဖို့ကျွန်ုပ်တို့ကိုပြောသော်လည်း ကျွန်ုပ်တို့ကလေးဘက်တွားသွားနေကြသည်။ ဘုရားသခင်သည် မိမိတန်ခိုးတော်ကိုသက်သေခံပြီး ကျွန်ုပ်တို့အတွက်အံ့ဖွယ်တံခါးများကိုဖွင့်ပေးခဲ့သော်လည်း သူလုပ်နိုင်ပါသည်ဟု ကျွန်ုပ်တို့ကိုပြသခဲ့သောအရာများကိုပြုလုပ်ရန်သူ့ကိုမယုံကြည်ရဲခဲ့ကြပါ။ ကျွန်ုပ်တို့သည်အားသွန်ခွန်စိုက်ရှေ့ဆက်ပြေးမည်ဆိုလျှင် ကျွန်ုပ်တို့သည်ဘုရားသခင်က သွန်သင်ပေးခဲ့သောသင်ခန်းစာများကိုသတိရ၍ နာခံခြင်းဖြင့်စတင်လိုက်လျှောက်ဖို့လိုအပ်သည်။

## စဉ်းစားသုံးသပ်ရန်အချက်များ

- သခင်ခရစ်တော်ကိုသင်သိပါသလား။ သူကိုပို၍သိလိုသောစိတ်ဆန္ဒသင့်တွင်ရှိပါသလား၊ သူ့ကိုပို၍သိဖို့သင်မည်သည့်အတိုင်းအတာအထိသွားပါမည်နည်း။
- ဤကျမ်းချက်က ခရစ်တော်အတွက် ကျွန်ုပ်တို့၏လုပ်နိုင်စွမ်းကို အပြည့်အဝအသုံးချခြင်းနှင့်စပ်လျဉ်း၍ မည်သည့်အရာကိုသွန်သင်ပေးပါသနည်း။ သခင်ခရစ်တော်အတွက် သင့်ရဲ့လုပ်နိုင်စွမ်းကိုအဆုံးအထိအသုံးပြုဖူးပါသလား။ သခင်ခရစ်တော်သည် သင့်အားဖြင့်လည်းကောင်း၊ သင့်အထဲ၌လည်းကောင်းမည်မျှထပ်၍လုပ်ဆောင်နိုင်ပါသည်ဟု ယုံကြည်ထားပါသနည်း။
- ဝိညာဉ်ရေးရာ၌ရှေ့သို့တိုးနိုင်ဖို့ မည်သည့်အရာကိုသင်မေ့ပျောက်ပစ်ဖို့လိုပါသနည်း။ သင်မေ့ပျောက်ပစ်ရန်လိုအပ်သော ဆုံးရှုံးခဲ့မှုများရှိပါသလား။ သင်ခွင့်လွှတ်ပေးဖို့လိုအပ်သောသူများရှိပါသလား။
- သခင်ခရစ်တော်၌ရရှိထားသောအရာများကို လက်တွေ့ရယူရှင်သန်နိုင်ခဲ့ပါသလား။ အလားတူသင်ခန်းစာကို သခင်ဘုရားကသင့်အားထပ်တလဲလဲသွန်သင်ပေးနေဖို့လိုနေပါသေးသလား၊ ရှင်းပြပါ။

## ဆုတောင်းရန်အချက်များ

- ဘုရားသခင်ကိုပို၍သိကျွမ်းလိုသောစိတ်ဆန္ဒအား သင့်ကိုတိုး၍ပေးသနားရန်တောင်းလျှောက်ပါ။ အားသွန်ခွန်စိုက်ရှေ့သို့မပြေးခြင်းအတွက်ခွင့်လွှတ်

ပေးဖို့တောင်းဆိုပါ။

- အပြစ်ဒုစရိုက်နှင့်သေခြင်းတို့ကိုအောင်နိုင်ခဲ့သော ဘုရားသခင်၏ရှင်ပြန်ထမြောက်ခြင်းတန်ခိုး၌ ရှင်သန်ရန်သင့်အားခွင့်ပြုပေးဖို့တောင်းပါ။
- အတိတ်မှသင့်ရဲကျရှုံးမှုများကို ခွင့်လွှတ်ပေးခဲ့သည့်အတွက် ဘုရားသခင်ကို ကျေးဇူးတင်ချီးမွမ်းပါ။ ယခုမှစ၍ရှေ့သို့ချီတက်သွားနိုင်ရန် သာ၍ကြီးမားသောရဲရင့်ခြင်းကို သင့်အားပေးသနားဖို့တောင်းပါ။
- သင့်အားသွန်သင်ပေးနေသော သင်ခန်းစာများကိုသင်ယူရန် ကျေးဇူးတော်ကိုသွန်းလောင်းပေးဖို့ သခင်ဘုရားအားတောင်းလျှောက်ပါ။

## ၆
## လက်ဝါးကပ်တိုင်၏ရန်သူများ

---

**ဖိလိပ္ပိ ၃း၁၇-၂၁ ကိုဖတ်ရှုပါ။**

ရှင်ပေါလုကမိမိ၏ဝိညာဉ်ရေးရာကြီးထွားခြင်းတူ အားသွန်ခွန်စိုက်ရှေ့သို့ပြေးရန်ဆန္ဒကိုဖော်ပြခဲ့သည်။ ဤအပိုင်းတွင် ရှင်ပေါလုကဖိလိပ္ပိယုံကြည်သူများအားမိမိ၏ပုံဥပမာကိုအတုယူ၍ လိုက်လျှောက်ကြရန်စိန်ခေါ် တိုက်တွန်းခဲ့သည်။

မိမိ၏ဝိညာဉ်ရေးရာလျှောက်လှမ်းမှုတွင် များစွာရှေ့ဆက်လျှောက်လှမ်းဖို့လိုအပ်လျက်ရှိကြောင်း ရှင်ပေါလုနားလည်သဘောပေါက်ထားသည်ကို ကျွန်ုပ်တို့သိရှိနားလည်ထားဖို့လိုအပ်သည်။ သူ၏အသက်တာ၌ အရာအားလုံးအစီအစဉ်တကျရှိနေသောကြောင့် သူ့ရဲ့ပုံဥပမာကိုအတုယူ၍လိုက်လျှောက်ကြရန် ရှင်ပေါလုကအခြားသူများကိုမဖိတ်ခေါ် ခဲ့ပါ။ မိမိသည်ခရီးဆုံးပန်းတိုင်ကိုမရောက်သေးကြောင်းပထမဆုံးဝန်ခံခဲ့သူဖြစ်သည်။ ဤအခန်းကြီး၏ကနဦးဖော်ပြထားချက်များတွင်ဤအချက်မှာ အလွန်ရှင်းလင်းလှသည်။

ထိုသို့ဆိုသော်လည်း အကျိုးကိုခံရပြီး စုံလင်ခြင်းသို့ရောက်ရပြီဟုငါမဆိုလို၊

အကြင်အကျိုးကိုပေးခြင်းငှာ ခရစ်တော်သည်ငါ့ကိုကိုင်ဖမ်းတော်မူ၏။ ထို အကျိုးကိုကိုင်မိခြင်းငှာ ငါပြေး၍လိုက်သေး၏။ ညီအစ်ကိုတို့ ငါကိုင်မိပြီဟု ကိုယ့်ကိုကိုယ်မထင်သော်လည်း ငါပြုသောအမှုတစ်ခုဟူမူကားနောက်ကျ သောအရာတို့ကိုမမှတ်ဘဲ ရှေ့၌ရှိသောအရာတို့ကိုလှမ်းကမ်း၍ယေရှုခရစ် အားဖြင့်ငါ့ကိုအထက်အရပ်မှ ဘုရားသခင်ခေါ်တော်မူခြင်းနှင့်ဆိုင်သော ဆုကိုရခြင်းငှာ ပန်းတုံးတိုင်သို့ငါအားသွန်ခွန်စိုက်ပြေး၍လိုက်သည် (ငယ် ၁၂-၁၄)။

ရှင်ပေါလုကဖိလိပ္ပိယုံကြည်သူများအား လုပ်ဆောင်ကြဖို့ပြောပြနေသော အရာမှာသခင်ခရစ်တော်နှင့် ပို၍သဏ္ဍာန်တူလာရန် အားသွန်ခွန်စိုက်ပြေးသည့် မိမိ၏စိတ်သဘောထားကို ရယူကြရန်ဖြစ်သည်။ ရှင်ပေါလုကသူသည်စုံလင်စွာ မရင့် ကျက်သေးကြောင်းကိုသိနေခဲ့ပါသော်လည်း သူသည်သခင်ခရစ်တော်ကိုတုပရန် ဆက်လက်၍ကြိုးပမ်းခဲ့ပါသည်။ ကျွန်ုပ်တို့၏ဝိညာဉ်ရေးကဏ္ဍတွင် ကျွန်ုပ်တို့အမှန် တကယ်တုပလိုက်လျှောက်နိုင်သော ပုဂ္ဂိုလ်တစ်ဦးတည်းသာရှိသည် ထိုသူမှာသခင် ယေရှုခရစ်တော်ဖြစ်သည်။ သခင်ယေရှုတစ်ပါးတည်းကသာလျှင် အပြစ်ဒုစရိုက်နှင့် ကင်းလွတ်သောပကတိကောင်းမွန်ပြည့်စုံသည့် အသက်တာကိုရှင်သန်ခဲ့သည်။ ကျွန်ုပ်တို့သည်အခြားသူတစ်ဦးတစ်ယောက်၏ နောက်လိုက်ဖြစ်လာလျှင် ကျွန်ုပ်တို့ သည်ဘုရားသခင်သတ်မှတ်ထားသော စံချိန်စံညွှန်းကိုပြည့်မီမည်မဟုတ်ပါ။ ရှင်ပေါလုကဖိလိပ္ပိယုံကြည်သူများအား မိမိ၏ပုံဥပမာကိုအတုယူလိုက်လျှောက်ကြ ရန်ပြောခဲ့စဉ်က ဤအချက်ကိုနားလည်သဘောပေါက်ထားခဲ့သည်။ သူသည်သခင် ခရစ်တော်ကိုတုပနေသမျှ သူ့ကိုတုပကြဖို့ ရှင်ပေါလုကဖိလိပ္ပိယုံကြည်သူများကိုအလို

ရှိခဲ့သည်။ တိမောသေအားရေးသားပေးပို့ခဲ့သောစာစောင်တွင် မိမိအကြောင်းကို ရှင်ပေါလုကဤသို့ပြောခဲ့သည်-

> ယေရှုခရစ်သည်အပြစ်ရှိသောသူတို့ကိုကယ်တင်ခြင်းငှာ ဤလောကသို့ကြွလာတော်မူသည်ဟူသောစကားသည် သစ္စာစကားဖြစ်၏။ အကြွင်းမဲ့ခံယူအပ်သောစကားလည်းဖြစ်၏။ အပြစ်ရှိသောသူတို့တွင် ငါသည်အကြီးဆုံးဖြစ်သည် (၁ တိ ၁း၁၅)။

ရှင်ပေါလုက မိမိကိုယ်ကိုအပြစ်သားများ၌ အဆိုးဆုံးအပြစ်သားဖြစ်ကြောင်း မည်သို့သုံးသပ်ထားသည်ကိုသတိပြုပါ။ မိမိ၏လူ့ဇာတိကိုပြည့်စုံခြင်းနှင့်စပ်လျဉ်း၍ ရှင်ပေါလုတွင်လှည့်စားလိုစိတ်မရှိခဲ့ပါ။ ရှင်ပေါလုက သူသည်အပြစ်သားတစ်ယောက်ဖြစ်ကြောင်းကိုသိရှိနေခဲ့သည်။ ယနေ့တွင်ကျွန်ုပ်တို့လုံးပမ်းနေရသောအရာများကိုသူလည်းလုံးပမ်းနေခဲ့ရသည်။ တစ်ဖန် ရောမ ၇း၁၄-၁၅ တွင် ရှင်ပေါလုက ဤသို့ရေးသားခဲ့သည်-

> ထိုမှတစ်ပါးပညတ်တရားသည် ဝိညာဉ်ပကတိနှင့်စပ်ဆိုင်သည်ကို ငါတို့သိကြ၏။ ငါမူကားဇာတိပကတိရှိ၏။ အပြစ်တရားလက်၌ကျေးကျွန်ဖြစ်၏။ အကြောင်းမူကား၊ ငါသည်ကိုယ်ကျင့်သောအကျင့်ကိုမနှစ်သက်၊ ကျင့်ချင်သောအကျင့်ကိုမကျင့်၊ ရွံရှာသောအကျင့်ကိုကျင့်၏။

သို့သော် ရှင်ပေါလု၌ရှိ၍ကျွန်ုပ်တို့၌ရှိဖို့ရာလိုအပ်သည့်အရာတစ်ခုရှိနေ

သည်။ ထိုအရာမှာ သခင်ယေရှုကမိမိ၌ဖြစ်စေလိုသော အရာအားလုံးဖြစ်လာရန်နှင့်သခင်ယေရှုကိုပို၍သိကျွမ်းလာရန်ဟူသော ရှင်ပေါလု၏တောက်လောင်နေသောစိတ်ဆန္ဒပင်ဖြစ်သည်။ ရှင်ပေါလုပကတိပြည့်စုံသောသူမဟုတ်ခဲ့ပါ။ သို့သော်သူသည်ပြည့်စုံခြင်းဆီသို့ အားသွန်ခွန်စိုက်ပြေးနေပါသည်။ အရာခပ်သိမ်း၌လူအများကတုပလိုက်လျှောက်မည့်ပုံဥပမာကိုကျွန်ုပ်တို့ထဲမှမည်သူကမျှ တည်ဆောက်နိုင်ကြမည်မဟုတ်ပါ။ သို့သော် ကျွန်ုပ်တို့လုပ်နိုင်သောအရာမှာ သခင်ခရစ်တော်အတွက် မွန်မြတ်သောအမှုတော်၌ အားသွန်ခွန်စိုက်ပြေးသော ရှင်ပေါလု၏ စိတ်ထားကိုရယူခြင်းဖြစ်သည်။ လူတို့က ကျွန်ုပ်တို့အထဲ၌ပြည့်စုံခြင်းကို တွေ့မြင်ခဲ့ကြသည်မဟုတ်ပါ။ သို့သော် အားသွန်ခွန် စိုက်ပြေးလိုသော ဤစိတ်ဆန္ဒကိုကျွန်ုပ်တို့၌တွေ့မြင်စေကြရမည်။ သခင်ခရစ်တော် ကိုလည်းကောင်း၊ အခြားသူများကိုလည်းကောင်းချစ်ခြင်း၌ ကျွန်ုပ်တို့တိုးပွားနေကြ သည်ကိုမြင်စေကြရမည်။ ဤသည်မှာ ရှင်ပေါလုကဖိလိပ္ပိယုံကြည်သူတို့အားလိုက် လျှောက်ရန်မှာကြားခဲ့သောအရာပင်ဖြစ်သည်။

ရှင်ပေါလုက ဖိလိပ္ပိယုံကြည်သူများအား သခင်ယေရှုကိုသိကျွမ်းခြင်းသို့ အားသွန်ခွန်စိုက်ပေးရာတွင် ၎င်းတို့သည်လက်ဝါးကပ်တိုင်ကို ရန်ဘက်ပြု၍ကျင့်သောသူများနှင့်ရင်ဆိုင်တွေ့ကြုံရမည့်အကြောင်းကို ပြောပြခဲ့သည်။ အခန်းငယ် ၁၇ တွင်ရှင်ပေါလုကဖိလိပ္ပိယုံကြည်သူများအား သခင်ယေရှုကသူတို့အားပေးခဲ့သောပုံသက်သေနှင့်အညီ ကျင့်သောသူများကိုမှတ်သား၍ ထိုသူတို့၏မွန်မြတ်သောပုံဥပမာကိုလိုက်လျှောက်တုပကြရန်ပြောခဲ့သည်။

မြောက်မြားစွာသောသူတို့သည် လက်ဝါးကပ်တိုင်ကိုရန်ဘတ်ပြု၍ ကျင့်သောသူများကဲ့သို့နေထိုင်ခဲ့ကြသောကြောင့် ရှင်ပေါလုဝမ်းနည်းကြေကွဲခဲ့ရသည် (ငယ် ၁၈)။ ဤပုဂ္ဂိုလ်များအားလုံးသည် အသင်းတော်၏ပြင်ပ၌ရှိနေကြသည်ဟု

ယုံကြည်လျှင်ပို၍သင့်တော်ပါလိမ့်မည်။ သို့သော် ရှင်ပေါလုကပြောကြားနေသည့် ပုဂ္ဂိုလ်များမှာ သူတို့အလယ်သို့ဝင်ရောက်လာသောသူများဖြစ်သည်ဟု ယူဆရသည်။ ဤပုဂ္ဂိုလ်များသည် ယုံကြည်သူများအနေဖြင့် အရေးဖျားလှီးခြင်းမင်္ဂလာကို မခံယူလျှင် ကောင်းကင်နိုင်ငံသို့မဝင်စားနိုင်ဟူသော မှားယွင်းသည့်အယူဝါဒကိုသွန်သင်ပေးနေကြသည့် ရှင်ပေါလုကဤစာစောင်၏အစပိုင်း၌ ဖော်ပြထားသောသူများဖြစ်နိုင်ပါသလား။ ဤပုဂ္ဂိုလ်များသည် မည်သူမည်ဝါပင်ဖြစ်စေ သူတို့သည်အသင်းတော်အတွက်ခြိမ်းခြောက်မှုတစ်ခုဖြစ်နေခဲ့ကြသည်။

ရှင်ပေါလုကဤပုဂ္ဂိုလ်များအကြောင်းကို အခန်းငယ် ၁၉ တွင်ဖော်ပြထားခဲ့သည်။ ပထမဦးစွာရှင်ပေါလုက သခင်ခရစ်တော်၏ရန်သူများ၏ ပျက်စီးခြင်း၌ အဆုံးသတ်သောလမ်းပေါ်၌ ရောက်နေကြသည်ဟုဆိုထားသည်။ တရားစီရင်ခြင်းသည်ရောက်ရှိလာတော့မည်ဖြစ်ပြီး ထိုပုဂ္ဂိုလ်များသည် ထိုတရားစီရင်ခြင်းဆီသို့ တည့်တည့်မတ်မတ်ဦးတည်သွားနေကြသည်။ သူတို့သည် ဤလောက၌နေထိုင်စဉ်တွင်စိတ်ကူးပေါက်သည့်အတိုင်းနေထိုင်ခဲ့ကြပြီး တစ်နေ့တွင်သန့်ရှင်းတော်မူသောဘုရားသခင်နှင့်မျက်နှာချင်းဆိုင်ခဲ့ကြရလိမ့်မည်။ သူတို၏အဆုံးသတ်ရောက်လာကြောင်းကိုသူတို့မေ့ကြည့်ရင်း သဘောပေါက်ခဲ့ကြလိမ့်မည်။ အသင်းတော်ကိုရန်ဘက်ပြု၍လုပ်ဆောင်ခဲ့သောအရာများအတွက်လည်းကောင်း၊ သူတို့ဖန်တီး၍ဖြစ်ပေါ်စေခဲ့သည့် ကြီးစွာသောပျက်စီးဆုံးရှုံးမှုများအတွက်လည်းကောင်း တရားစီရင်ခြင်းကိုခံကြရမည်ဖြစ်သည်။

ဒုတိယအနေဖြင့် ရှင်ပေါလုကဖိလိပ္ပိယုံကြည်သူများအား လက်ဝါးကပ်တိုင်ကိုရန်ဘတ်ပြု၍ကျင့်သောဤလူများ၏ ဘုရားမှာငှင်းတို့၏ဝမ်းဗိုက်ဖြစ်ကြောင်းပြောခဲ့သည်။ ဆိုလိုသည်မှာ ဤပုဂ္ဂိုလ်များအဓိကထားသောအရာမှာ မိမိတို့၏ဇာတိ

အာသာကိုဖြေပျောက်စေခြင်းပင်ဖြစ်သည်။ သူတို့၏စိတ်ဆန္ဒများသူတို့၏ဝမ်းဗိုက်များနှင့်သူတို့၏အသက်တာများကို ဤလောကရှိကောင်းသောအရာများဖြင့်ဖြည့်တင်းကြရန်ဖြစ်သည်။ ဤဘဝ၌သူတို့ထားရှိသောပန်းတိုင်များမှာ မိမိတို့အတွက်ရသမျှအရာများကိုသိမ်းကျုံးယူရန်ဖြစ်သည်။ သူတို့သည်လောဘရမ္မက်များနှင့်စွဲလမ်းခြင်းများ၏စိုးမိုးချုပ်ကိုင်ထားခြင်းကိုခံကြရသည်။ သူတို့သည်ကိုယ်ခန္ဓာလိုအင်များနှင့်တောင့်တခြင်းများ၏အုပ်စိုးခြင်းကိုခံကြရသည်။ သူတို့သည်ဝိညာဉ်ရေးရာကိစ္စများကိုစိတ်မဝင်စားပါ။ ရှင်ပေါလုကမိမိ၏စာဖတ်ပရိတ်သတ်အားလက်ဝါးကပ်တိုင်ကိုရန်ဘက်ပြု၍ကျင့်သော ဤလူများ၏စိတ်သည်လောကီအရာကိုသာစွဲလမ်းနေကြသည်ဟုပြောခဲ့သည်။

နောက်ဆုံးအနေဖြင့် ရှင်ပေါလုကဖိလိပ္ပိယုံကြည်သူများအား လက်ဝါးကပ်တိုင်ကိုရန်ဘက်ပြု၍ကျင့်သော ဤပုဂ္ဂိုလ်များကိုထင်ပေါ်ကျော်ကြားမှုမှာ သူတို့၏အရှက်ကွဲခြင်းပင်ဖြစ်သည်ဟုပြောပြထားသည်။ ဤပုဂ္ဂိုလ်များက မည်သည့်အရာအတွက်ဝါကြွားနေခဲ့ကြပါသနည်း။ သူတို့သည်မိမိတို့စွမ်းဆောင်နိုင်ခဲ့သောအရာများကိုဝါကြွားနေကြပါသည်။ သူတို့၏ချမ်းသာကြွယ်ဝမှုများအတွက် ဝါကြွားခဲ့ကြသည်။ သူတို့၏စည်းကမ်းမဲ့သောပျော်ပွဲရွှင်ပွဲများနှင့် အကုသိုလ်စိတ်ဆန္ဒများအတွက်ဝါကြွားခဲ့ကြသည်။ လွန်ခဲ့သောအချိန်က ကျွန်ုပ်သည် ကော်ဖီဆိုင်များတွင်စာရေးခြင်း ဖြင့်အချိန်ကိုအသုံးပြုခဲ့သည်။ တစ်ခါတစ်ရံတွင် အနီးရှိစားပွဲမှစကားလုံးများကို မကြားချင်ခဲ့သော်လည်းကြားခဲ့ရသည့်အချိန်များရှိခဲ့သည်။ လွန်ခဲ့သောည၌ဘီယာ အခွက်ပေါင်းမည်မျှသောက်ခဲ့ကြောင်းကို ကြွားနေသောလူများကိုလည်း ကျွန်ုပ်ကြားဖူးခဲ့သည်။ သူတို့၏ကာမဂုဏ်ဇာတ်လမ်းများနှင့်စာရိတ္တဖောက်ပြန်မှုများကိုဝါကြွားနေခဲ့ကြသည်။ အမှန်ဆိုရလျှင် ဤအချင်း

အရာများအတွက် သူတို့အရှက်ရနေကြရ မည်ဖြစ်သော်လည်း သူတို့အရှက်မရခဲ့ပါ။ သူတို့အားနောက်ဆုံးတွင်အရှက်တကွဲနှင့် အကျိုးနည်းစေမည့်အရာများကို သူတို့ဝါကြွားနေခဲ့ကြသည်။

သခင်ခရစ်တော်နှင့်အမှန်တကယ်သက်ဆိုင်သောသူတို့မှာ ထိုသူတို့နှင့် အလွန်ကွာခြားပါသည်။ သခင်ခရစ်တော်နှင့်အမှန်တကယ် သက်ဆိုင်သောသူများသည်သခင်ခရစ်တော်ကိုသိကျွမ်းရန် အားသွန်ခွန်စိုက်ပြေးရာ၌ ရှင်ပေါလု၏ပုံဥပမာကိုတုပလိုက်လျှောက်ခဲ့ကြသည်။ သူတို့သည်ကောင်းကင်နိုင်ငံသားများအဖြစ်ခံယူထားကြသည်။ သူတို့သည်သခင်ယေရှုပြန်လည်ကြွဆင်းလာချိန်ကို မျှော်လင့်တောင့်တနေခဲ့ကြပါသည်။ ထိုသခင်သည် ပြန်လည်ကြွဆင်းလာ၍ သူတို့၏ကိုယ်ခန္ဓာကို ပြောင်းလဲ၍သူတို့သည်သခင်ဘုရားကဲ့သို့ ဖြစ်လာကြမည်ဖြစ်သည်။ သူတို့သည် ဤလောကီခန္ဓာ၏ လောဘရမ္မက်နှင့်တောင့်တမှုများမှာ လွတ်မြောက်ခဲ့ကြပါလိမ့်မည်။ ဤကိုယ်ခန္ဓာအသစ်နှင့်အတူ ထာဝရရှင်သန်ရန် သူတို့သည်ခရစ်တော်၏မျက်မှောက်တော်ကိုဝင်ရောက်ကြရမည်ဖြစ်သည်။ ဤသည်မှာသူတို့အတွက်အကြီးမားဆုံးသော ဝမ်းမြောက်ခြင်းဖြစ်သည်။ သူတို့သည်သခင်ဘုရားပြန်လည်ကြွဆင်းလာ၍ မိမိအားပြောင်းလဲဖို့တောင့်တမျှော်လင့်နေကြပါသည်။ သို့သော် လက်ရှိအချိန်တွင်သူတို့သည် ချည့်နဲ့အားနည်းသောဤလောကီကိုယ်ခန္ဓာ၌ သခင်ဘုရားကိုဘုန်းတော်ထင် ရှားစေဖို့အားသွန်ခွန်စိုက် ဆက်၍ပြေးခဲ့ကြပါလိမ့်မည်။

ဤကျမ်းချက်၌ဆန့်ကျင်ခြားနားချက်တစ်ခုကို တွေ့မြင်ကြဖို့လိုအပ်သည်။ တစ်ဖက်တွင်လက်ဝါးကပ်တိုင်ကိုရန်ဘက်ပြု၍ ကျင့်သောသူများရှိကြသည်။ ဤပုဂ္ဂိုလ်များသည် လောကီအရာများကိုစွဲလမ်းကြသည်။ သူတို့သည် ဤလောကကြီးကသူတို့အားပေးသမျှသောအရာများဖြင့် မိမိတို့၏ဝမ်းဗိုက်ကိုလည်းကောင်း၊ မိမိတို့

အသက်တာကိုလည်းကောင်း ဖြည့်တင်းထားကြသည်။ အနီးအနားရှိလူများ၏ လေးစားကြည်ညိုမှုကိုခံရခြင်းတွင် အားရကျေနပ်ခဲ့ကြသည်။ သူတို့၏စိတ်နှလုံးသည်ဤလောကီအရာများကိုသာစွဲလမ်းနေကြသည်။

အခြားတစ်ဖက်တွင် သခင်ဘုရားကိုသိကျွမ်းရန် အားသွန်ခွန်စိုက်ပြေးသူများရှိသည်။ သူတို့သည်မိမိတို့၏မျက်လုံးများကိုဤလောကအရာမှဖယ်ရှား၍ဘုရားသခင်ကိုစူးစိုက်ထားကြသည်။ ဤလောကအရာများသည် သူတို့အတွက်အချည်းနှီးနှင့်အခွံဗလာသက်သက်သာထင်မှတ်ရသည်။ သူတို့၏အားရကျေနပ်မှုနှင့်စိတ်ဆန္ဒများသည် ဤလောကရှိမည်သည့်အရာကမျှမပေးနိုင်သည့် ကျေနပ်အားရမှုများနှင့် သူတို့ကိုပြည့်ဝစေမည့် သခင်ယေရှုတစ်ပါးတည်း၌သာရှိသည်။

ဤလောကတွင် ဤလောကကိုရှာကြံသောသူနှင့် ကယ်တင်ရှင်ကိုရှာကြံသောလူဟူ၍ လူနှစ်မျိုးဆက်၍ရှိနေပါသည်။ ကျွန်ုပ်တို့အားလုံးသည် ဤအုပ်စုနှစ်စုမှတစ်စုနှင့်အမြဲသက်ဆိုင်ကြရသည်။ သင်သည်ယနေ့တွင်မည်သည့်အုပ်စုနှင့်သက်ဆိုင်ပါသနည်း။

**စဉ်းစားသုံးသပ်ရန်အချက်များ**

- ဤကျမ်းချက်တွင် ရှင်ပေါလုကလူအမျိုးအစားနှစ်မျိုးကို ဖော်ပြထားပါသည်။ သင်သည်မည်သည့်အမျိုးအစားနှင့် အနီးစပ်ဆုံးတူပါသနည်း။
- သခင်ယေရှုကိုသိကျွမ်းလိုသော သင့်စိတ်ဆန္ဒသည်သင့်ရဲ့တကိုယ်ရေအသက်တာကိုမည်သည့်အတိုင်းအတာအထိ လွှမ်းမိုးထားပါသနည်း။
- ကျွန်ုပ်တို့၏ပကတိပြည့်စုံကောင်းမွန်သော တစ်ခုတည်းသောပုံဥပမာမှာ မည်သူနည်း။ သင့်အတွက် "အားသွန်ခွန်စိုက်ပြေး" ခြင်းပုံဥပမာကိုပေးသော အခြားပုဂ္ဂိုလ်များရှိပါသလားရှင်းပြပါ။

- "အားသွန်ခွန်စိုက်ပြေး" ခြင်းတွင် ရှင်ပေါလုသည် ပုံဥပမာတစ်ခုဖြစ်ခဲ့သည်။ သင့်အသက်တာသည်လည်း ဤအလားတူ "အားသွန်ခွန်စိုက်ပြေး" ခြင်းတွင်အတိုင်းအတာမည်မျှအထိ ပုံဥပမာဖြစ်နေပါသနည်း။
- လွန်ခဲ့သောနှစ်များတွင် သင်သည်သခင်ခရစ်တော်နှင့် လျှောက်လှမ်းခြင်းတွင်ကြီးထွားတိုးပွားခဲ့ပါသလား။

## ဆုတောင်းရန်အချက်များ

- သခင်ဘုရားကိုသိကျွမ်းရန်နှင့် တွေ့ကြုံခံစားရန် သင့်စိတ်ဆန္ဒများကိုပြန်လည်ဆန်းသစ်ပေးဖို့ သခင်ဘုရားထံ၌တောင်းလျှောက်ပါ။
- သင့်ရဲ့အာရုံစူးစိုက်မှုကို ဘုရားသခင်ထံမှဖယ်ရှား၍ ဤလောကအရာများ၌သာထားခဲ့သောအချိန်များအတွက် ခွင့်လွှတ်ပေးဖို့သခင်ဘုရားထံ၌ တောင်းလျှောက်ပါ။
- သခင်ဘုရား၌ကြီးထွားတိုးတက်ခြင်းမရှိနိုင်အောင် သင့်ကိုဆီးတားထားသောသင့်အသက်တာမှအစိတ်အပိုင်းများကိုဖော်ပြပေးဖို့ သခင်ဘုရားထံ၌တောင်းလျှောက်ပါ။
- ကျွန်ုပ်တို့တုပလိုက်လျှောက်နိုင်သည့် ပကတိပြည့်စုံကောင်းမွန်သောပုံဥပမာကိုကျွန်ုပ်တို့အားပေးခဲ့သောကြောင့် သခင်ယေရှုကိုကျေးဇူးတင်ချီးမွမ်းပါ။

၁၀
# မြဲမြံစွာတည်နေကြလော့

**ဖိလိပ္ပိ ၄း၁-၉ ကိုဖတ်ရှုပါ။**

နောက်ဆုံးဆင်ခြင်နှလုံးသွင်းခြင်းအနည်းငယ်တွင် ကျွန်ုပ်တို့သည်ရှင်ပေါလု ကဖိလိပ္ပိယုံကြည်သူများအား ၎င်းတို့၏သခင်ဘုရားနှင့်ဆက်ဆံရင်းနှီးမှုတွင်အား သွန်ခွန်စိုက်ပြေးကြဖို့ ခွန်အားပေးခဲ့ကြောင်းကိုတွေ့ခဲ့ကြသည်။ ရှင်ပေါလုကသူတို့ အားလုပ်လေသမျှတွင် သခင်ယေရှုကိုမိမိတို့၏ပုံဥပမာအဖြစ် ရယူတုပကြဖို့ခွန်အား ပေးခဲ့သည်။ ဤဘဝတွင်သူတို့သည် ပကတိပြည့်စုံကောင်းမွန်မည်မဟုတ်သော်လည်းသူတို့သည်ကိုယ့်ကိုကိုယ် သခင်ယေရှုနှင့်ပို၍ပို၍ သဏ္ဌာန်တူလာခြင်း အတွက်ပေးအပ်ထားကြရမည်ဖြစ်သည်။

ဤအပိုင်းတွင် ရှင်ပေါလုကဖိလိပ္ပိယုံကြည်သူများအား ၎င်းတို့၏ခရစ်ယာန် အသက်တာမှအလွန်သီးသန့်ဖြစ်သော အစိတ်အပိုင်းများ၌ စိန်ခေါ်တိုက်တွန်းထား ပါသည်။ ပထမဦးစွာ ရှင်ပေါလုကမိမိနှင့်ယုံကြည်သူများ၏ ဆက်ဆံရင်းနှီးမှုကိုပြန် လည်အတည်ပြုထားခဲ့သည်။ ရှင်ပေါလုကသူတို့အားချစ်ကြောင်းနှင့် အလွန်လွမ်းဆွတ်ကြောင်းကိုပြောပြခဲ့သည်။ သူတို့နှင့်အတူမရှိနိုင်ခြင်းအတွက်သတိရနေခဲ့သည်။

ဖိလိပ္ပိမြို့ရှိယုံကြည်သူများသည် ရှင်ပေါလုအတွက်ထူးခြားသော ကောင်းကြီးမင်္ဂလာတစ်ပါးဖြစ်ခဲ့သည်။ သူတို့သည်မိမိ၏ကြီးမားသောဝမ်းမြောက်ခြင်းနှင့် ဦးရစ်သရဖူဖြစ်ကြသည်ဟု ရှင်ပေါလုကမှတ်ယူထားခဲ့သည်။ အားကစားသမားတစ်ယောက်အတွက်ဦးရစ်သရဖူဆိုသည်မှာ အောင်မြင်ခြင်းသင်္ကေတတစ်ခုဖြစ်သည်။ အားကစားသမားတစ်ဦးကဲ့သို့ ရှင်ပေါလုကလည်း ဖိလိပ္ပိယုံကြည်သူများအားမိမိ၏ဦးရစ်သရဖူအဖြစ်လည်းကောင်း၊ မိမိသာသနာပြုခြင်း၏ အသီးအပွင့်ဖြစ်ထွန်းခြင်းသင်္ကေတအဖြစ်လည်းကောင်း တန်ဖိုးထားခဲ့သည်။ ရှင်ပေါလုသည်သူတို့၌လည်းကောင်း၊ သူတို့နှင့်သခင်ဘုရား၏ ဆက်ဆံရင်းနှီးမှုလည်းကောင်း အထူးဝမ်းသာအားရလျက်ရှိနေခဲ့သည်။

သို့သော် ရှင်ပေါလုကဖိလိပ္ပိယုံကြည်သူများအား ၎င်းတို့သည်မြဲမြံစွာတည်နေကြ၍သခင်ဘုရားက သူတို့၌ဖြစ်စေလိုသောအရာအားလုံးကိုဖြစ်လာစေဖို့ဆိုလျှင်အကြောင်းအရာအချို့ဖြစ်ပျက်တည်ရှိရမည့်အကြောင်း ရှင်ပေါလုကပြန်လည်အသိပေးထားခဲ့သည်။ ဤကျမ်းချက်၌ရှင်ပေါလုလိပ်မူထားသော ထိုအကြောင်းအရာတစ်ခုစီကိုလေ့လာသုံးသပ်ကြည့်ကြပါစို့။

### *ဆက်ဆံရင်းနှီးမှုများ*

အသင်းတော်၏အသင်းဝင်များအနက်မှ ပုဂ္ဂိုလ်နှစ်ဦးကိုတစ်ဦးနှင့်တစ်ဦးမည်သို့စိတ်သဘောထားညီညွတ်ကြရမည့်အကြောင်း မိန့်ကြားခြင်းဖြင့် ရှင်ပေါလုကအစပြုထားခဲ့သည်။ ထိုပုဂ္ဂိုလ်နှစ်ဦး၏အမည်ကိုပင်ဖော်ပြထားသည်။ ဧဝေါဒိနှင့်သန္တုတ်တို့သည် တစ်ယောက်နှင့်တစ်ယောက် ပေါင်းသင်း၍မရလောက်အောင်နှစ်ဦးကြား၌ပြဿနာအထင်အရှားရှိနေခဲ့ကြသည်။ ဤပြဿနာသည်လူထုအကြား

၌သခင်ဘုရား၏အမှုတော်ကိုထိခိုက်စေခဲ့သည်။ ဤအမျိုးသမီးနှစ်ယောက်သည် သတင်းကောင်းတရားတော်၏အမှု၌ ရှင်ပေါလုနှင့်အတူပါဝင်လုပ်ဆောင်ခဲ့ကြသည် ကိုသတိပြုပါ။ ရှင်ပေါလုကသူတို့ကိုလုပ်ဖော်ဆောင်ဖက်များအဖြစ်လည်းကောင်း၊ စစ်မှန်သောယုံကြည်သူများအဖြစ်လည်းကောင်း အသိအမှတ်ပြုခဲ့သည်။ သူတို့ သည်သတင်းကောင်းတရားတော်၏ အစေခံကျွန်များဖြစ်ခဲ့ကြသော်လည်းသူတို့ သည်အချင်းချင်းပြဿနာတက်ခဲ့ကြသည်။ သူတို့၏ပြဿနာမှာ မည်ကဲ့သို့သော ပြဿနာဖြစ်ကြောင်းကို ပြောပြမထားသော်လည်း ထိုပြဿနာသည်ဤအမျိုးသမီး နှစ်ယောက်ဆက်ဆံရင်းနှီးမှုကို ချိုးဖျက်နိုင်လောက်အောင်ထူးခြားနေခဲ့ပါသည်။ ရှင်ပေါလုကဖိလိပ္ပိယုံကြည်သူများကို ဤအမျိုးသမီးနှစ်ယောက်အား အကူအညီ ပေးကြဖို့စိန်ခေါ်တိုက်တွန်းခဲ့သည်။ အသင်းတော်မှမည်သို့မည်ပုံ အကူအညီပေးရ မည်ကိုမူ ရှင်ပေါလုကကျွန်ုပ်တို့အားပြောပြမထားခဲ့ပါ။

ရှင်ပေါလုက ဤအမျိုးသမီးနှစ်ဦးအား "သခင်ဘုရား၌" တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားညီညွတ်ကြရန် စိန်ခေါ်ထားသည်မှာ စိတ်ဝင်စားဖွယ်ဖြစ်သည် (ငယ် ၂)။ ရှင်ပေါလုကမည်သည့်အရာကိုဆိုလိုခဲ့ပါသနည်း။ လေ့လာကြည့်ကြပါစို့။ ဘဝအစိတ်အပိုင်းများတွင် ကျွန်ုပ်တို့သည်ကျွန်ုပ်တို့၏ ညီအစ်ကိုမောင်နှမများနှင့် ဘယ်သောအခါတွင်မျှ ပြည့်ပြည့်ဝဝသဘောတူကြမည်မဟုတ်ပါ။ ကျွန်ုပ်တို့အထဲမှ အချို့ကထူးခြားသောဝတ်ပြုကိုးကွယ်ခြင်းပုံစံကို နှစ်သက်မည်ဖြစ်ပြီး အချို့ကလည်း အခြားပုံစံကိုပို၍သဘောကျနှစ်သက်ခဲ့ကြပါမည်။ ခရစ်တော်၏ကိုယ်ခန္ဓာတော်တွင် ကျွန်ုပ်တို့သည်ပုံစံအမျိုးမျိုးဖြင့်ကွဲပြားနေနိုင်ကြပြီး ဤမတူညီမှုများမှာကောင်းသော မတူညီမှုများဖြစ်နိုင်ပါသည်။ ဘုရားသခင်က ကျွန်ုပ်တို့ကိုလူတိုင်းနှင့်အရာရာတိုင်း တွင်သဘောတူညီကြဖို့မခေါ်ခဲ့ပါ။ သို့သော် ဘုရားသခင်ကကျွန်ုပ်တို့ကို "သခင်

ဘုရား၌” သဘောတညီတညွတ်တည်းဖြစ်ကြဖို့ ဆင့်ခေါ်ထားပါသည်။ “သခင်ဘုရား၌” သဘောတညီတညွတ်တည်းဖြစ်ခြင်းဟု ကျွန်ုပ်တို့ပြောဆိုသောအခါ ကျွန်ုပ်တို့ သည်သခင်ဘုရားက ကျွန်ုပ်တို့အချင်းချင်းအကြား၌ သဘောတညီတညွတ်တည်း ဖြစ်စေလိုသောအရာများ၌ သဘောတူညီခြင်းကိုပြောဆိုကြခြင်းဖြစ်သည်။ ဆိုလိုသည်မှာ ကျွန်ုပ်တို့၏ညီအစ်ကိုမောင်နှမများသည် ဟန်ပန်အမူအရာ၌လည်းကောင်း၊ ဦးစားပေးအရာများ၌လည်းကောင်း၊ အရေးမကြီးသောယုံကြည်ချက်ဝါဒနားလည်သဘောပေါက်မှုများ၌လည်းကောင်း ကျွန်ုပ်တို့နှင့်မတူကြသော်လည်း ကျွန်ုပ်တို့အားလုံးသခင်ဘုရား၌ ညီအစ်ကိုမောင်နှမများဖြစ်ကြသည်ကိုအသိအမှတ် ပြုနေခြင်းဖြစ်သည်။ ကျွန်ုပ်တို့အမြင်ချင်းမတူကြသော်လည်း တစ်ဦးကိုတစ်ဦးချစ်ခင်လေးစားကြဖို့လိုအပ်သည်။ ဘုရားသခင်ကမိမိ၏ဘုန်းတော်အတွက် ကျွန်ုပ်တို့အားတစ်စိတ်တစ်ဝမ်းတည်းဖြစ်၍ အတူတကွလက်တွဲလုပ်ဆောင်ကြရန်ဆင့်ခေါ်ထားသည့် အဓိကအစိတ်အပိုင်းများတွင် ကျွန်ုပ်တို့သည်လက်ချင်းချိတ်၍စည်းလုံးညီညွတ်ကြဖို့ ဘုရားသခင်ကကျွန်ုပ်တို့ကိုဆင့်ခေါ်ထားပါသည်။ ဤနေရာတွင်ကျွန်ုပ် တို့သည်အခြေခံကျသော သမ္မာတရားယုံကြည်ချက်များကို ငြင်းပယ်ကြသောသူများ အကြောင်းကိုပြောနေခြင်းမဟုတ်ပါ။ ရှင်ပေါလုကဤနေရာတွင် သခင်ဘုရားကို ချစ်၍ထိုသခင်ထံ၌ အစေခံကြသောအမျိုးသမီးနှစ်ယောက်အကြောင်းကိုပြောပြနေပါသည်။ အသေးအမွှာဖြစ်သောပုဂ္ဂိုလ်ရေးရာမတူညီမှုများနှင့် ဦးစားပေးနှစ်သက်မှုများ၏သွေးခွဲမှုကို ကျွန်ုပ်တို့ဘယ်နှစ်ကြိမ်ဘယ်နှခါခွင့်ပြုခဲ့ကြပါသနည်း။ ဦးစားပေးနှစ်သက်မှုများသည် ခရစ်တော်၏ကိုယ်ခန္ဓာတော်ကို ဘယ်သောအခါတွင်မျှသွေးမခွဲသင့်ပါ။ ကျွန်ုပ်တို့၏အချိန်များကို အသေးအမွှားမတူညီမှုများ၌ အမြဲလိုလိုသုံး ဖြုန်းခဲ့ကြသည်။ ဤမတူ

ညီမှုများကိုမည်သို့ဘေးဖယ်ထား၍ တစ်ဦးကိုတစ်ဦးလေး စားကြရန်မည်သို့ စိတ်သဘောထားချင်း ညီညွတ်စေကြရမည်ကို သင်ယူရမည့်အချိန် ရောက်လာပြီဖြစ်သည်။ ဤသည်မှာရှင်ပေါလုက ဖိလိပ္ပိမြို့ရှိအသင်းတော်အား ဆင့်ခေါ်၍လုပ်ဆောင်စေသောအရာဖြစ်သည်။ ဘုရားသခင်၏နိုင်ငံတော်အဖို့အလို့ငှာ ဤအမျိုးသမီးနှစ်ဦးသည် မိမိတို့၏မတူညီချက်များကို လက်ခံပေးကြရန် သင်ယူ၍တစ်ယောက်နှင့်တစ်ယောက် ပြန်လည်သင့်မြတ်ကြရမည်ဖြစ်သည်။

ကျွန်ုပ်တို့၏ခေတ်ကာလရှိ အသင်းတော်ကြီးသည် မြောက်မြားစွာသောအကြောင်းကိစ္စရပ်များအပေါ်၌ စိတ်ဝမ်းကွဲနေခဲ့ပါသည်။ ကျွန်ုပ်တို့၏မတူညီချက်များကိုသာရှေ့တန်းတင်ခဲ့ကြသည်။ အသင်းတော်တစ်ပါးက မွေးကင်းစကလေးငယ်များကိုရေနှစ်ခြင်းမင်္ဂလာခံယူစေ၍ အခြားအသင်းတော်တစ်ပါးကအရွယ်ရောက်ပြီးသောယုံကြည်သူများကိုသာ ရေနှစ်ခြင်းမင်္ဂလာခံယူစေသည်။ အသင်းတော်တစ်ပါးကတိတ်ဆိတ်၍ရိုသေကိုင်းရှိုင်းမှုကိုပြသော ဝတ်ပြုကိုးကွယ်ခြင်းဖြင့်ဘုရားသခင်ကိုဂုဏ်ပြုချီးမြှောက်ကြရမည်ဟုယုံကြည်သည်။ အခြားအသင်းတော်တစ်ပါးကလည်းလက်ခုပ်တီးခြင်း၊ ကခုန်ခြင်းများဖြင့်လွတ်လွတ်လပ်လပ် ကိုးကွယ်ဆည်းကပ်ကြသည်။ ကျွန်ုပ်တို့ကိုစိတ်ဝမ်းကွဲစေနိုင်သောအရာများ၏ အမည်စာရင်းမှာအဆုံးမရှိဖြစ်နေသည်။ ကျွန်ုပ်တို့သည် ငြိမ်ငြိမ်စွာတည်နေကြဖို့ဆိုလျှင် ကျွန်ုပ်တို့၏ဦးစားနှစ်သက်မှုများကို မည်သို့ဖြေရှင်း၍၊ အချင်းချင်းမည်သို့လက်တွဲ၍အမှုတော်ဆောင်ကြရမည်ကိုသင်ယူကြရလိမ့်မည်။ စစ်မှန်သောယုံကြည်သူများကြား၌ရှိသောဤမတူညီချက်များသည် သခင်ဘုရား၏အမှုတော်ကို မည်၍မည်မျှဟန့်တားခဲ့ပါသနည်း။ ဝတ်ပြုကိုးကွယ်ခြင်းနည်းလမ်း (သို့) အရေးမကြီးသောအယူဝါဒသွန်သင်ချက်များ၌ ကျွန်ုပ်တို့နှင့်မတူသောသူများကိုလည်း ဘုရားသခင်ကကောင်းကြီးပေးပါ

သည်ဟူသောအချက်ကို ကျွန်ုပ်တို့အသိအမှတ်ပြုဖို့အချိန်ရောက်ပြီဖြစ်သည်။ အခြားယုံကြည်သူများနှင့်ငြင်းခုန်ရင်း၊ အချိန်ဖြုန်းနေမည့်အစား ကျွန်ုပ်တိုသည်ကိုယ်တော်ရှင်၏နိုင်ငံတော်အဖို့အလို့ငှာ အတူတကွလက်တွဲလုပ်ဆောင်ရန် သင်ယူကြဖို့လိုအပ်သည်။

### *ဝမ်းမြောက်ခြင်း*

ဖိလိပ္ပိယုံကြည်သူများအထံသို့ ရှင်ပေါလုဆောင်ယူလာသောနောက်ထပ်အကြောင်းအရာတစ်ခုမှာ ဝမ်းမြောက်ခြင်းအကြောင်းပင်ဖြစ်သည်။ ရှင်ပေါလုအတွက်ပျော်ရွှင်ခြင်း၊ ဝမ်းမြောက်ခြင်းသည် ခရစ်ယာန်အသက်တာ၏ အဓိကပါဝင်ပစ္စည်းများဖြစ်ကြသည်။ ရောမမြို့ရှိယုံကြည်သူများထံ၌ ရှင်ပေါလုပြောပြထားချက်ကိုနားထောင်ကြည့်ပါ။

> "ဘုရားသခင်၏နိုင်ငံတော်သည် အစားအသောက်၌မတည်၊ ဖြောင့်မတ်ခြင်း၊ ငြိမ်သက်ခြင်း၊ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့်ခံရသောဝမ်းမြောက်ခြင်း၌တည်၏" (ရောမ ၁၄း၁၇)။

ရှင်ပေါလုအတွက်ဘုရားသခင်၏နိုင်ငံတော်ကို စကားလုံးသုံးလုံးဖြင့်အနှစ်ချုပ်နိုင်သည်။ ထိုစကားလုံးသုံးလုံးမှာ ဖြောင့်မတ်ခြင်း၊ ငြိမ်သက်ခြင်းနှင့်ဝမ်းမြောက်ခြင်းတို့ဖြစ်သည်။ ရှင်ပေါလုကဝမ်းမြောက်ခြင်းကို အလွန်အရေးကြီးသောအရာအဖြစ်ရှုမြင်ထားသည်မှာ စိတ်ဝင်စားစရာကောင်းလှသည်။

ရှင်ပေါလုကဖိလိပ္ပိယုံကြည်သူများအား သူတို့သည်သခင်ဘုရား၌အစဉ်ဝမ်းမြောက်ကြရမည့်အကြောင်းကိုပြောခဲ့သည်။ သူသည်ဤအကြောင်းကိုအခန်း

ငယ် ၄ တွင် အလေးအနက်ထားသည့်အနေဖြင့် နှစ်ကြိမ်ထပ်၍ပြောဆိုထားသည်။ ဤနေရာ၌ရှင်ပေါလုပြောပြနေသော ဝမ်းမြောက်ခြင်းသည်သခင်ဘုရား၌ဝမ်းမြောက်ခြင်းဖြစ်သည်။ ရှင်ပေါလုကကျွန်ုပ်တို့၏ပတ်ဝန်းကျင်၌ တွေ့မြင်နေရသောမကောင်းခြင်းများ၌ဝမ်းမြောက်ကြရန် ကျွန်ုပ်တို့ကိုပြောမထားပါ။ သို့သော် ရှင်ပေါလုကကျွန်ုပ်တို့ကို "သခင်ဘုရား၌"ဝမ်းမြောက်ကြရန်ဆင့်ခေါ်ထားသည်။ ကျွန်ုပ်တို့သခင်ဘုရားကိုသိကျွမ်းသောအခါ ထိုအရာသည်အသက်တာအပြောင်းအလဲကြီးတစ်ခုကိုဖန်တီးပေးပါသည်။ သူသည်သခင်ဘုရားဖြစ်၍ အရာအားလုံးကိုကျွန်ုပ်တို့၏ကောင်းကျိုးအတွက်လုပ်ဆောင်သွားမည်ဖြစ်သောကြောင့် ကျွန်ုပ်တို့ဝမ်းမြောက်နိုင်ကြပါသည်။ ကျွန်ုပ်တို့မည်သည့်အရာကို ရင်ဆိုင်နေရသည်ဖြစ်စေ သူသည်ကျွန်ုပ်တို့ကိုဂရုစိုက်စောင့်ရှောက်နေသောကြောင့် ကျွန်ုပ်တို့ဝမ်းမြောက်နိုင်ကြပါသည်။ ကျွန်ုပ်တို့၏နာကျင်မှုများနှင့်ခက်ခဲဆင်းရဲခြင်းများတွင် ကြီးမားသောဝမ်းမြောက်ခြင်းကိုခံစားကြမည်မဟုတ်သော်လည်း ကျွန်ုပ်တို့သည်ကျွန်ုပ်တို့ကို နက်နက်နဲနဲချစ်တော်မူသောဘုရားသခင်၏လက်ထဲ၌ရှိနေကြသည်ဟူသောအချက်ကြောင့် ဝမ်းမြောက်နေနိုင်ကြပါသည်။ ကျွန်ုပ်တို့၏နာကျင်မှုများနှင့် ခက်ခဲပင်ပန်းခြင်းထဲမှ မျက်နှာကိုလွှဲ၍ သခင်ဘုရားအပေါ်၌ အာရုံစိုက်ထားကြသောအခါ ဝမ်းမြောက်ရန်အကြောင်းအရင်းများစွာရှိလာပါသည်။

ငြိမ်ငြိမ်စွာတည်နေခြင်းနှင့်သခင်ဘုရား၌ ဝမ်းမြောက်ခြင်းတို့အကြားတွင်ဆက်စပ်မှုရှိနေပါသည်။ သခင်ဘုရား၌ဝမ်းမြောက်နေရန် ကျွန်ုပ်တို့သင်ယူကြဖို့မှာဘုရားသခင်၏အလိုတော်ပင်ဖြစ်သည်။ ဘုရားသခင်နှင့်ကျွန်ုပ်တို့၏ဆက်ဆံရင်းနှီးမှုသည် စိတ်လှုပ်ရှားဖွယ်အရာဖြစ်နေရမည်။ သခင်ဘုရား၌ငြိမ်ငြိမ်စွာတည်နေဖို့တစ်ခုတည်းသောနည်းလမ်းမှာ ကျွန်ုပ်တို့ရင်ဆိုင်ကြုံတွေ့နေရသော ပြဿနာ၏တစ်ဖက်အလွန်

အထိမည်သို့ရှုမြင်ရမည်ကို သင်ယူကြရန်ဖြစ်သည်။

သခင်ခရစ်တော်၌ မည်သို့ဝမ်းမြောက်ရမည်ကိုလည်းကောင်း၊ ကျွန်ုပ်တို့အတွက်ထားရှိသော ထိုသခင်၏ရည်ရွယ်ချက်များ၌ မည်သို့ဝမ်းမြောက်ရမည်ကိုလည်းကောင်းကျွန်ုပ်တို့သင်ယူနားလည်ကြသောအခါ ကျွန်ုပ်တို့၏ကိုးကွယ်ဆည်းကပ်ခြင်းနှင့်အစေခံခြင်းသည်လည်း ထူးခြားကွဲပြားလာလိမ့်မည်။ ဝမ်းမြောက်ခြင်းမရှိသောနှလုံးသားနှင့် သခင့်ထံသို့တိုးဝင်ခြင်းဖြင့် ကျွန်ုပ်တို့သည်သခင်ယေရှုကိုဂုဏ်ပြုချီးမြောက်ကြသည်မဟုတ်ပါ။ ကျွန်ုပ်၏ကယ်တင်ခြင်းနှင့်ယှဉ်သော ဝမ်းမြောက်ခြင်း၌ရှင်သန်နေထိုင်ရန်မှာ ဘုရားသခင့်ဆန္ဒဖြစ်သည်။ ကျွန်ုပ်၏ပတ်ဝန်းကျင်အခြေအနေများမှာပြောင်းလဲသွားနိုင်သော်လည်း သခင်ယေရှုသည်ဘယ်သောအခါတွင်မျှပြောင်းလဲမည်မဟုတ်ပါ။ ကျွန်ုပ်တို့အတွက်ထားရှိသော ကိုယ်တော်၏ရည်ရွယ်ချက်များနှင့်ချစ်ခြင်းမေတ္တာတရားသည် အစဉ်တည်မြဲနေမည်။ ဤအတွက်ကြောင့် ကျွန်ုပ်ဝမ်းမြောက်ပါသည်။ ကျွန်ုပ်ရင်ဆိုင်ကြုံတွေ့ရသော နာကျင်မှုနှင့်ခက်ခဲပင်ပမ်းခြင်းများ၌ ဝမ်းမြောက်နိုင်မည်မဟုတ်သော်လည်း ကျွန်ုပ်၏ကယ်တင်ရှင်သည်ဤအရာအားလုံးထက်သာ၍ကြီးမြတ်ပါသည်ဟူသောအချက်တွင် ကျွန်ုပ်ဝမ်းမြောက်နေနိုင်ပါသည်။ ကျွန်ုပ်သည်ကိုယ်တော်၏ဂတိတော်များနှင့် ထောက်ပံ့မစမှုများတွင် ဝမ်းမြောက်နိုင်ပါသည်။ ဝမ်းမြောက်နေသောခရစ်ယာန်တစ်ဦးသည် ဤလောက၌ ဘုရားသခင်အမှန်တကယ်ရှိကြောင်းကိုပြသခြင်းဖြင့် ဤလောကအတွက်သက်သေတစ်ပါးကိုပိုင်ဆိုင်ထားပါသည်။

### *ဖြေးညှင်းခြင်းသဘော*

အခန်းငယ် ၅ တွင် ရှင်ပေါလုကယုံကြည်သူများအား ၎င်းတို့၏ဖြည်းညှင်း

ခြင်း(နူးညံ့သိမ်မွေ့ခြင်း)သဘောကို လူအပေါင်းတို့ရှေ့၌ထင်ရှားစေကြရန် စိန်ခေါ်တိုက်တွန်းခဲ့သည်။ ဤဖြေးညှင်းခြင်းသဘောကို ၎င်းတို့၏မိတ်ဆွေများနှင့်၎င်းတို့ချစ်ရသောသူများအထံ၌သာပြသရမည်မဟုတ်၊ ၎င်းတို့၏ရန်သူများအထံတွင်လည်းပြသကြရမည်။

ဖြေးညှင်းခြင်းသဘောသည် ကျွန်ုပ်တို့အသက်တာ၌ရောက်ရှိလာသောအရာများအားလုံးကို ဂရုဏာတရားနှင့်အတူလက်ခံပေးနိုင်သည့် အရည်အသွေးတစ်ခုဖြစ်သည်။ သခင်ယေရှုသည် မတရားစွပ်စွဲခံရ၍ ရိုက်နှက်ထိုးကြိတ်ခြင်းကိုခံခဲ့ရစဉ်က ဤဖြည်းညှင်းခြင်းသဘောကို သက်သေပြခဲ့ပါသည်။ သူသည်မိမိ၏ရန်သူများအား ကြင်နာသနားတတ်သောစိတ်ဖြင့် ပြန်လည်တုန့်ပြန်ခဲ့သည်။ သတေဖန်ကျောက်ခဲနှင့်ပေါက်၍အသတ်ခံရစဉ်က မိမိ၏ရန်သူတို့အား၎င်းတို့ကျူးလွန်သောအမှုအတွက် ဝွေမယူဖို့ဘုရားသခင်ကိုအသနားခံခဲ့ပါသည်။ ဖြည်းညှင်းခြင်းသဘောသည်လက်စားချေလိုစိတ်မရှိပါ။ ဖြည်းညှင်းခြင်းသဘောသည် သူတစ်ပါးကိုထိခိုက်နစ်နာအောင်ရှာကြံသောသူများအားလုံးကို ကောင်းကြီးမင်္ဂလာဖြင့်တုန့်ပြန်သည်။ ဖြည်းညှင်းခြင်းသဘောဆိုသည်မှာ အပြစ်လုပ်သောသူများအပေါ်၌ခွင့်လွှတ်ခြင်း၊ မေတ္တာထားခြင်းနှင့်ကြီးမားသောစိတ်ရှည်သည်းခံခြင်းကို ပြသခြင်းဖြစ်သည်။

ရှင်ပေါလုကဖိလိပ္ပိယုံကြည်သူများအား သခင်ဘုရားသည်အနီးအပါး၌ရှိနေသောကြောင့် သူတို့သည်ဖြည်းညှင်းခြင်းသဘောရှိကြရမည်ဟု ပြောခဲ့ကြောင်းကိုသတိပြုပါ။ ဆိုလိုသည်မှာ သူတို့ဆင်းရဲခြင်းဒုက္ခကိုတွေ့ကြုံခံစားစဉ်တွင် သခင်ဘုရားသည်အနီးအပါး၌ရှိတော်မူသည်။ ရန်သူများကသူတို့ကိုဆဲရေးစော်ကား၍ ညှင်းပမ်းနှိပ်စက်သောအခါ သခင်ဘုရားသည်သူတို့၏အနီးအပါးတွင် ရှိတော်မူသည်။ သူတို့၏အနီးအပါးတွင်ရှိနေသောကြောင့် မည်သည့်အရာများဖြစ်ပျက်နေကြသည်ကို သ

ခင်ဘုရားသိတော်မူသည်။ သူတို့ခံစားနေရမှုများကို သခင်ဘုရားကလျစ်လျူရှုခဲ့မည် မဟုတ်ပါ။ သူတို့ကိုကြည့်ရှုစောင့်မ၍ သူတို့ကိုပြစ်မှားသောသူများအားသခင်ဘုရား ကကိုင်တွယ်ဖြေရှင်းပါလိမ့်မည်။ သူတို့အနေဖြင့်လက်စားချေဖို့မလိုပါ။ သူတို့ လုပ်ရ မည့်အလုပ်မှာ နာခံခြင်းဖြင့်ရှင်သန်၍ ချစ်ခြင်း၊ နူးညံ့သိမ်မွေ့ခြင်းတို့ဖြင့်တုန့်ပြန် ရန်ဖြစ် သည်။ ဘုရားသခင်သည်မကောင်းမှုဒုစရိုက်ကိုတရားစီရင်၍ သူတို့ကိုကြည့်ရှု စောင့်မမည်ဖြစ်သောကြောင့်သူတို့အနေဖြင့်မည်သည့်နည်းနှင့်မဆို တုန့်ပြန်ဖို့မလိုပါ။

## *စိုးရိမ်စိတ်ကိုတွန်းလှန်ခြင်း*

အခန်းငယ် ၆ တွင် ရှင်ပေါလုကဖိလိပ္ပိယုံကြည်သူများကို အဘယ်အမှုတွင် မျှစိုးရိမ်ခြင်းမရှိကြဖို့ပြောခဲ့သည်။ အရာအားလုံးဖြစ်ချင်တိုင်းဖြစ်နေကြသည်ဟု ကျွန်ုပ် တို့ခံစားသောအခါ ကျွန်ုပ်တို့အမြဲလိုလိုစိုးရိမ်လာတတ်ကြသည်။ နောက်တစ်နာရီ တွင်မည်သည့်အရာဖြစ်ပျက်မည်ကို ကျွန်ုပ်တို့မသိနိုင်သောကြောင့် စိုးရိမ်လာတတ် ကြသည်။ သို့သော် ဘုရားသခင်၏သားသမီးဖြစ်ကြသည့်အလျောက် ကျွန်ုပ်တို့ သည်မိမိတို့၏တောင်းပန်လိုသောအရာများကိုလည်းကောင်း၊ ဝန်ထုပ်ဝန်ပိုးများကို လည်းကောင်း၊ လိုအပ်ချက်များကိုလည်းကောင်း ဆုတောင်းခြင်း၌သခင်ဘုရားထံ မည်သို့ကြားလျှောက်ရမည်ကို သင်ယူကြရမည်။ ဘုရားသခင်သည်ကြီးမြတ်၍ချစ် ခြင်းမေတ္တာနှင့်ပြည့်သောဘုရားဖြစ်၍ကျွန်ုပ်တို့မှာသူ၏သားသမီးများဖြစ်ကြကြောင်း ကိုနားလည်သဘောပေါက်ထားရမည်။ ကျွန်ုပ်တို့၏လိုအပ်ချက်များအားလုံးကို လက်တော်ထဲ၌အပ်နှံ၍ ထိုအရာများအတွက်သူကိုကိုးစားကြရမည်။ ရှင်ပေါလုက ဖိလိပ္ပိယုံကြည်သူများအား ကျေးဇူးတော်ချီးမွမ်းခြင်းနှင့်တကွ ဘုရားသခင်ထံ၌ ဆုတောင်းခြင်း၊ အသနားခံခြင်းတို့ကိုပြုလုပ်ကြရမည်ဟု ပြောဆိုကြောင်းကိုသတိပြု

ပါ (အခန်းငယ် ၆ ကိုကြည့်ပါ)။ သခင်ဘုရားသည်ကျွန်ုပ်တို့ကိုပြုစုစောင့်ရှောက်ပေးနေပါသည်ဟုကျွန်ုပ်တို့သိနေသောကြောင့် ဤအရာကိုကျွန်ုပ်တို့အားလုံးကပြုလုပ်ကြရမည်။ ကျွန်ုပ်တို့သည်ဘုရားသခင်၏ လက်တော်ထဲ၌ရှိနေကြလျှင် မည်သည့်အရာကိုကျွန်ုပ်တို့စိုးရိမ်ဖို့လိုပါမည်နည်း။ ကျွန်ုပ်တို့၏လိုအပ်ချက်များကိုဖြည့်ဆည်းနိုင်လောက်အောင် ဘုရားသခင်ကြီးမြတ်ပါသလား၊ ကျွန်ုပ်တို့၏လိုအပ်ချက်များကိုအထံတော်သို့ဆောင်ယူလာကြရန် ကျွန်ုပ်တို့ကိုမခေါ်ခဲ့ပေဘူးလား၊ မိမိ၏သားသမီးရင်းချာများသဖွယ် ကျွန်ုပ်တို့ကိုမချစ်ပေဘူးလား။

ရှင်ပေါလုကဖိလိပ္ပိယုံကြည်သူများအား ၎င်းတို့၏လိုအပ်ချက်များကိုသခင်ဘုရားအထံ၌အပ်နှံ၍ ယုံကြည်ကိုးစားဖို့သင်ယူခဲ့ကြမည်ဆိုလျှင် သခင်ဘုရား၏ငြိမ်သက်ခြင်းသည် သူတို့၏နှလုံးသားများကို ပြည့်ဝစေခဲ့မည်ဟုပြောခဲ့သည်။ ထိုငြိမ်သက်ခြင်းသည် ၎င်းတို့၏စိတ်ဝိညာဉ်ကို သခင်ယေရှုခရစ်တော်၌ကွယ်ကာပေးထားပါလိမ့်မည်။ စိုးရိမ်စိတ်သည် ကျွန်ုပ်တို့၏ဝမ်းမြောက်ခြင်းနှင့်ငြိမ်သက်ခြင်းကိုဆုံးရှုံးသွားစေရန် မည်သို့မကြာခဏဖန်တီးခဲ့ပါသနည်း။ စိုးရိမ်းခြင်းစိတ်သည်ကျွန်ုပ်တို့အားဘာမှမဟုတ်သောအရာ၌ စိုးရိမ်သောကရောက်အောင် မည်သို့မကြာခဏဖန်တီးခဲ့ပါသနည်း။ တစ်ခါတစ်ရံတွင် ဤစိုးရိမ်ခြင်းစိတ်သည် ကျွန်ုပ်တို့၏အာရုံစူးစိုက်မှုကိုသခင်ယေရှုအထံပါးမှ ဖွယ်ခွာသွားစေပါသည်။ ကျွန်ုပ်တို့၏စိတ်သည်မယုံကြည်မှု၊ မကိုးစားနိုင်မှုများနှင့်ပြည့်လာသည်။ သင့်ရဲ့စိတ်နှလုံးကိုမကောင်းမှုဒုစရိုက်မှကွယ်ကာထားလိုလျှင် သင်တို့၏စိတ်နှလုံးများကို ဘုရားသခင်၏ငြိမ်သက်ခြင်းဖြင့်ပြည့်နေစေကြရမည်။ သင့်ကိုသင်စိုးရိမ်စိတ်ရှိလာပြီးဟုမြင်လျှင်သင့်ရဲ့ပြဿနာများနှင့်လိုအပ်ချက်များကို သခင်ဘုရားထံ၌ဆက်ကပ်အပ်နှံရန် အချိန်ယူဖို့လိုအပ်သည်။ သင်သည်ဤပြဿနာအားလုံးကိုယူ၍ သခင့်၏ခြေရင်း၌ချထားအပ်နှံ

ဖို့လို ပါသည်။ သခင့်ရဲ့ငြိမ်သက်ခြင်းသည် သင့်နှလုံးသားထဲသို့စီးဝင်ပြည့်လျှံလာပြီး သင့်အားကွယ်ကာပေးသည့်အချိန်အထိ သခင်ဘုရားကိုသင့်စောင့်စားဖို့လိုအပ်သည်။ ယုံကြည်သူတစ်ဦးအနေဖြင့် ကျွန်ုပ်တို့၏ပုံသက်သေများကို စိုးရိမ်ခြင်းစိတ်ကို အမြစ်ဖြတ်ဖယ်ရှား၍ ကျွန်ုပ်တို့၏လိုအပ်ချက်များ၌ ကျွန်ုပ်တို့ကိုဖေးမစောင့်ရှောက်ပေး သောကောင်းကင်ဘုံရှိ ကျွန်ုပ်တို့၏အဖကိုယုံကြည်ကိုးစားကြရန် ဆင့်ခေါ်ထားပါသည်။

## ဆင်ခြင်တွေးတောခြင်း

ရှင်ပေါလုကဖိလိပ္ပိယုံကြည်သူများအား နောက်ထပ်ပြုလုပ်ဖို့စိန်ခေါ်ထားသောအရာရှိသည်။ အခန်းငယ် ၈ တွင် ရှင်ပေါလုကဖိလိပ္ပိယုံကြည်သူများအား အပြုသဘောမဆောင်သော ဆင်ခြင်တွေးတောမှုများကို ၎င်းတို့၏စိတ်နှလုံးထဲမှ အမြစ်ပြတ်ဖယ်ရှားကြဖို့စိန်ခေါ်တိုက်တွန်းခဲ့သည်။ ထိုမကောင်းသောအတွေးများကို တွေးတောဆင်ခြင်နေမည့်အစား မှန်ကန်သော၊ မွန်မြတ်သော၊ ဖြောင့်မတ်သော၊ စင်ကြယ်သော၊ နှစ်လိုဖွယ်ဖြစ်သော၊ ချီးမွမ်းဖွယ်ကောင်းသော၊ ထူးကဲပြောင်မြောက်သော၊ ချီးကျူးထိုက်သောအတွေးများကို ဆင်ခြင်တွေးတောရမည်ဟုပြောခဲ့သည်။ ကျွန်ုပ်တို့၏စိတ်နှလုံးထဲသို့ဝင်ရောက်လာရန် ခွင့်ပြုလိုက်သည့် သန့်ရှင်းသောအတွေးများနှင့်ပုံရိပ်များအထဲတွင် ဆက်လက်၍ကိန်းအောင်းနေကြပြီး ကျွန်ုပ်တို့အတွက် ပြဿနာများကိုပေါ်ပေါက်စေကြသည်။ သင့်စိတ်နှလုံးထဲသို့မည်ကဲ့သို့သောအရာများကိုဝင်ရောက်လာဖို့ခွင့်ပြုနေပါသနည်း။ မည်ကဲ့သို့သောအရာကိုသင်ဖတ်ရှုနေပါသနည်း။ သင့်အိမ်တွင် ရုပ်မြင်သံကြားစက်ရှိလျှင် သင်မည်သည့်အရာကိုကြည့်နေပါသနည်း။ သင့်ရဲစိတ်နှလုံးထဲကို မကောင်း သောအတွေးများ၊ စိတ်ထားများဖြင့်

ဖြည့်တင်းထားလျှင်ထိုအရာများသည်သင့်အသက်တာတွင်ထင်ရှားမြင်သာလာမည်မဟုတ်ပေဘူးလား။ သင့်ရဲ့ကိုယ်ခန္ဓာနှင့်စိတ်နှလုံး သည်သန့်ရှင်းသော ဝိညာဉ်တော်၏ဗိမာန်တော်ဖြစ်သည်။ ထိုဗိမာန်တော်ထဲသို့ မည်ကဲ့သို့သောလွှမ်းမိုးခြယ်လှယ်ပိုင်သည့်အရာများကို ဝင်ခွင့်ပြုနေပါသနည်း။

အခန်းငယ် ၈ တွင် ရှင်ပေါလုကကျွန်ုပ်တို့အား မကောင်းသောအရာများကိုကျွန်ုပ်တို့၏စိတ်နှလုံးအတွင်းသို့ ဝင်ခွင့်ပြုမည့်အစား စင်ကြယ်သော၊ ထူးကဲပြောင်မြောက်သော၊ ချီးကျူးထိုက်သောအရာများကို ဆင်ခြင်တွေးတောရမည်ဟုပြောထားသည်။ ခရစ်တော်၌တည်သောကျွန်ုပ်တို့၏ ညီအစ်ကိုမောင်နှမများပေါ်၌ အပြုသဘောမဆောင်သောစိတ်နှင့် ပြစ်တင်ဝေဖန်နေမည့်အစား သူတို့၏အရည်အချင်းကောင်းများကိုသာတွေ့နိုင်ရန်ရှာကြံရမည်။ သင့်ရဲ့စိတ်နှလုံးထဲ၌ဆိုးညစ်သောအတွေးများကိုစိုက်ပျိုးထားလျှင် မည်ကဲ့သို့သောအသီးအပွင့်များကို သင်တွေ့ရမည်ဟုမျှော်လင့်ပါသနည်း။ အခြားတစ်ဖက်တွင် သင်သည်စင်ကြယ်၍ထူးကဲပြောင်မြောက်သောအတွေးနှင့်ပုံရိပ်များကို စိုက်ပျိုးလျှင် ဤအရာသည်သင့်ရဲ့လုပ်ဆောင်ချက်များနှင့်ဆက်ဆံရေးများကို အကျိုးသက်ရောက်စေမည်မဟုတ်ပါလား။

## *ရှင်ပေါလု၏ပုံဥပမာကိုတုပလိုက်လျှောက်ခြင်း*

ဤလက်တွေ့ကျသောအကြောင်းအရာများအပြင် ရှင်ပေါလုကဖိလိပ္ပိယုံကြည်သူများအား သူ့အထံမှငင်းတို့သင်ယူခဲ့ကြရသောအရာများကို လက်တွေ့လုပ်ဆောင်ကြဖို့တိုက်တွန်းစိန်ခေါ်ခဲ့သည်။ ဤအရာသည်ရှင်ပေါလုကသူတို့အားသွန်သင်ပေးခဲ့သောသမ္မာတရားများနှင့် ဆက်နွှယ်သကဲ့သို့ ရှင်ပေါလုသူတို့နှင့်အတူရှိစဉ်အသက်တာအားဖြင့် သက်သေပြခဲ့သောသမ္မာတရားများနှင့်လည်း ဆက်နွှယ်

နေသည်။ ရှင်ပေါလုကမိမိသည်ဖိလိပ္ပိယုံကြည်သူများအကြားတွင် ကောင်းမွန်စွာ အသက်ရှင်ခဲ့ကြောင်းစိတ်ချနေခဲ့သည်။ ရှင်ပေါလု၏စိတ်ဆန္ဒမှာ သမ္မာတရားကို သွန်သင်ပေးရုံသာမဟုတ်၊ ထိုသမ္မာတရားကိုအသက်တာ၌ လက်တွေ့ရှင်သန်ရန် ဖြစ်သည်။ ရှင်ပေါလုကဖိလိပ္ပိယုံကြည်သူများ ဤအချင်းအရာကိုလက်တွေ့လုပ် ဆောင်ကြသည်နှင့်အမျှ ဘုရားသခင်၏ငြိမ်သက်ခြင်းသည် သူတို့နှင့်အတူရှိနေမည့် အကြောင်း အခန်းငယ် ၉ တွင်ပြန်လည်အသိပေးခဲ့သည်။ ဘုရားသခင်သည်သူတို့ ကိုခွန်အားသစ်များပေး၍ လိုအပ်သည့်အရာများကိုတပ်ဆင်ပေးပါလိမ့်မည်။ ထိုသို့ အားဖြင့်သူတို့သည် ဘုရားသခင်ဖြစ်စေလိုသည့်အတိုင်း ဖြစ်လာကြမည်ဖြစ်သည်။

ဤနောက်ဆုံးအပိုင်းတွင် ရှင်ပေါလုသည်အလွန်လက်တွေ့ဆန်လာခဲ့ သည်။ ရှင်ပေါလုအတွက်ခရစ်ယာန်အသက်တာဆိုသည်မှာ အယူဝါဒသွန်သင် ချက်များနှင့်သမ္မာတရားအကြောင်းသက်သက်သာမဟုတ်ခဲ့ပါ။ အလွန်စစ်မှန်သော လောက၌လက်တွေ့ရှင်သန်ခြင်းအကြောင်းလည်းဖြစ်သည်။ ခရစ်ယာန်အသက်တာ ဆိုသည်မှာ ကျွန်ုပ်တို့နှင့်နည်းလမ်းအမျိုးမျိုးဖြင့် မတူကွဲပြားနေကြသောသူများနှင့် ဆက်ဆံပေါင်းသင်းခြင်းအကြောင်းဖြစ်သည်။ကျွန်ုပ်တို့အသက်တာ၌ကြုံတွေ့ရသော အဆီးအတားများရှိလင့်ကစား ဝမ်းမြောက်စွာဖြင့်မည်သို့သင်ယူရမည်ဟူသော အကြောင်းဖြစ်သည်။ ဘုရားသခင်သည်ကျွန်ုပ်တို့ကိုဂရုစိုက်စောင့်ရှောက်နေပါသည် ဟုသိထားရင်း ဝိညာဉ်တော်၏နူးညံ့သိမ်မွေ့မှု၌အသက်ရှင်ပြီး စိုးရိမ်ခြင်းစိတ်ကို မည်သို့မောင်းထုတ်ဖယ်ရှာရမည်ဟူသောအကြောင်းဖြစ်သည်။ ခရစ်ယာန်အသက် တာ၌အကြီးမားဆုံး ရုန်းကန်လှုပ်ရှားရသည့်အရာမှာ သင့်တင့်မှန်ကန်သောအယူ ဝါဒသွန်သင်ချက်များကို သင်ယူလေ့လာခြင်းမဟုတ်ပါ။ ထိုအယူဝါဒသွန်သင်ချက် များကိုကျွန်ုပ်တို့၏နေ့စဉ်အသက်တာ၌ လက်တွေ့ရယူရှင်သန်ခြင်းဖြစ်သည်။ မယုံ

ကြည်သူများကကျွန်ုပ်တို့ကိုကြည့်ကြသောအခါ ကျွန်ုပ်တို့ယုံကြည်ထားသည့်အရာကိုပြောပြခြင်း၌စိတ်မဝင်စားကြပါ။ ကျွန်ုပ်တို့ဝန်ခံထားသော အယူဝါဒသွန်သင်ချက်၏အလင်းထဲ၌ ကျွန်ုပ်တို့မည်သို့ရှင်သန်ကြသည်ကို ပို၍စိတ်ဝင်စားကြသည်။

ယနေ့တွင် သင်သည်ယုံကြည်သူတစ်ဦးဟုတ်ပါသလား၊ ဤအချင်းအရာသည်သင့်အနီးပါတ်ဝန်းကျင်ရှိလူများနှင့်ဆက်ဆံရာ၌ ထင်သာမြင်သာရှိနေပါသလား။ သခင်ဘုရားကိုအစေခံရာ၌လည်းကောင်း၊ သခင်ဘုရားကိုသိကျွမ်းရာ၌လည်းကောင်းသင်ခံစားရသည့်ဝမ်းမြောက်ခြင်းတွင် ဤအချင်းအရာထင်ရှားမြင်သာပါသလား။ ဆင်းရဲခြင်းဒုက္ခနှင့်စစ်ကြောခြင်းများအလယ်ရှိ သင့်ရဲ့အပြုသဘောဆောင်သောစိတ်ထားများနှင့် နူးညံ့သိမ်မွေ့ခြင်းများ၌ ဤအချင်းအရာထင်ရှားမြင်သာပါသလား။ ရှင်ပေါလုကဖိလိပ္ပိယုံကြည်သူများအား မြို့မြို့စွာတည်နေကြဖို့စိန်ခေါ်တိုက်တွန်းခဲ့ချိန်တွင် သူသည်၄င်းတို့အားမိမိတို့၏ယုံကြည်ချက်ကို စစ်မှန်သောဘဝ၌မည်သို့ရှင်သန်စေကြရမည်ကိုသင်ယူကြရန် စိန်ခေါ်တိုက်တွန်းနေခဲ့ပါသည်။

## စဉ်းစားသုံးသပ်ရန်အချက်များ

- ယနေ့တွင် သင်နှင့်ပြဿနာရှိသော ယုံကြည်သူများရှိပါသလား။ ယုံကြည်သူများအချင်းချင်းစိတ်သဘောထားလုံးလုံးတိုက်ဆိုင်နိုင်ကြပါမည်လား။ ဤဆက်ဆံရင်းနှီးမှုများနှင့်စပ်လျဉ်း၍ ရှင်ပေါလုကဤနေရာတွင် ကျွန်ုပ်တို့အားမည်သည့်အရာကို ပြုလုပ်ကြဖို့တိုက်တွန်းစိန်ခေါ်ထားပါ သည်။
- ယနေ့တွင်သင်သည်သခင်ဘုရား၌ အဘယ်မျှဝမ်းမြောက်နေပါသနည်း။ သခင်ဘုရား၌သာ၍ကြီးမားသော ဝမ်းမြောက်ခြင်းကိုရရှိခံစားရန် သင့်အားဟန့်တားနေသောအရာကားအဘယ်နည်း။

- အသက်တာတွင် မည်သည့်အရာကသင့်ကိုစိုးရိမ်ပူပန်စေပါသနည်း။ ဤစိုးရိမ်ခြင်းစိတ်များနှင့်စပ်လျဉ်း၍ မည်သည့်အရာကိုပြုလုပ်ဖို့ ရှင်ပေါလုကသင့်ကိုစိန်ခေါ်တိုက်တွန်းပါသည်။
- ယနေ့တွင် သင့်စိတ်နှလုံးထဲသို့ မည်သည့်အတွေးများကိုဝင်လာဖို့ခွင့်ပြုနေသည်ကိုပြန်လည်သုံးသပ်ကြည့်ပါ။ ဤအပြုသဘောမဆောင်သောစိတ်ထားများနှင့်အတူ အတွေးများနှင့်စပ်လျဉ်း၍ မည်သည့်အရာကိုပြုလုပ်ဖို့လိုသနည်း။

**ဆုတောင်းရန်အချက်များ**

- သခင်ဘုရား၌ သာ၍ဝမ်းမြောက်ရန် ကူညီမစပေးဖို့တောင်းလျှောက်ပါ။
- သင့်ရဲ့စိုးရိမ်ခြင်းများကို သခင်ဘုရားအထံပါးသို့ဆောင်ယူလာရန် အချိန်အနည်းငယ်ယူပါ။ ဘုရားသခင်သည် မိမိ၏ငြိမ်သက်ခြင်းနှင့်လည်းကောင်း၊ သင့်အားအမြဲဂရုစိုက်စောင့်ရှောက်ပါမည်ဟူသော အသိတရားနှင့်လည်းကောင်းသင့်အားပြည့်နေစေဖို့တောင်းလျှောက်ပါ။
- သင့်ကိုမတရားဖိနှိပ်သောသူ (သို့) သင့်ကိုမကောင်းပြောသောသူများသင့်အနီးပတ်ဝန်းကျင်တွင်ရှိပါသလား။ ထိုသူတို့အပေါ်၌နူးညံ့သိမ်မွေ့ခြင်းစိတ်ကိုထားရှိရန်ပေးသနားဖို့ သခင်ဘုရားထံ၌တောင်းလျှောက်ပါ။
- သင့်အသိုင်းအဝိုင်းအတွင်းရှိ  အခြားအသင်းတော်တစ်ပါးအတွက်ဆုတောင်းပေးဖို့ အချိန်အနည်းငယ်ယူပါ။ ထိုသူတို့အတွက်ဘုရားသခင်ကိုကျေးဇူးတင်ချီးမွမ်း၍ သူတို့၏အမှုတော်လုပ်ငန်းများ၌ သူတို့ကိုကောင်းကြီးပေးရန်တောင်းလျှောက်ပါ။

၁၁

## ခပ်သိမ်းသောအမှုတို့၌ ရောင့်ရဲကြလော့

---

**ဖိလိပ္ပိ ၄း၁၀-၂၃ ကိုဖတ်ရှုပါ။**

ဖိလိပ္ပိယုံကြည်သူများအားရေးသားပေးပို့ခဲ့သော စာစောင်၏နောက်ဆုံးအပိုင်းတွင်ရှင်ပေါလုက သူဒုက္ခရောက်နေသည့်အချိန်၌ ရရှိခံစားခဲ့သောအထောက်အပံ့များနှင့်ခွန်အားပေးမှုများအတွက် ဖိလိပ္ပိယုံကြည်သူများအားကျေးဇူးတင်စကားပြောခဲ့သည်။ ဒုက္ခရောက်ချိန်သည်မည်သည့်အရာနှင့်တူသည်ကို ရှင်ပေါလုသိရှိခဲ့ပါသည်။ သူသည်သခင်ဘုရားကိုအစေခံနေသော်လည်း လိုအပ်ချက်များရှိလာသောအချိန်လည်းရှိလာသည်။ လိုအပ်မှုဟူသောအရာကို ရှင်ပေါလုနားလည်သဘောပေါက်ခဲ့သည်။ ဤအချင်းအရာကဖိလိပ္ပိယုံကြည်သူများ သူ့ထံသို့ပို့လိုက်သောလက်ဆောင်ပစ္စည်းများအပေါ်၌ နက်နက်နဲနဲတန်ဖိုးထားစေခဲ့သည်။

အခန်းငယ် ၁၀ တွင် ရှင်ပေါလုကဖိလိပ္ပိယုံကြည်သူများအား မိမိကိုကြည့်ရှုပြုစုချင်သောသူတို့၏စေတနာစိတ်များ ပြန်လည်သစ်လွင်ပြည့်စုံလာခဲ့သည့်အချက်အပေါ်၌အလွန်ဝမ်းမြောက်ကြောင်းပြောခဲ့သည်။ ဖိလိပ္ပိယုံကြည်သူများသည်ရှင်ပေါလုအတွက်အမြဲတမ်းအမှုထားခဲ့ကြသည်။ သို့သော် ထိုအမှုထားမှုကိုလက်

တွေ့ပြသရန် သူတို့၌အခွင့်အရေးအမြဲမရှိခဲ့ပါ။ ဤပြန်လည်သစ်လွင်ပြည့်စုံလာသော အမှုထားခြင်းကို ဧပေဖြောဒိတ်မှတဆင့်ပေးပို့လိုက်သော လက်ဆောင်ပစ္စည်းများ ဖြင့်သက်သေပြခဲ့ကြသည်ဟုထင်ရသည် (ငယ် ၁၈ ကိုကြည့်ပါ)။ ရှင်ပေါလုက နေမကောင်းဖြစ်နေသောဧပေဖြောဒိတ်ကို ဖိလိပ္ပိယုံကြည်သူများထံသို့ပြန်လည်စေလွှတ်ဖို့ဖြစ်လာခဲ့သည် (၂း၂၅ ကိုကြည့်ပါ)။ ဖိလိပ္ပိအသင်းတော်ထံမှရောက်သော ဤလက်ဆောင်ပစ္စည်းများအတွက် ရှင်ပေါလုကနက်နက်နဲနဲကျေးဇူးတင်ခဲ့သည်။

အခန်းငယ် ၁၁ တွင် ရှင်ပေါလုကအသင်းတော်အား ၎င်းတို့ထံမှလက်ဆောင်ပစ္စည်းများကို မမျှော်ကိုးခဲ့ကြောင်းပြောခဲ့သည်။ ရှင်ပေါလုသည်မိမိရောက်လေရာနေရာ၊ ဖြစ်လေရာဘဝတွင်တင်းတိမ်ရောင့်ရဲဖို့ သင်ယူခဲ့ပြီးဖြစ်သည်။ သူ့ဘဝကိုဤအတိုင်းဆက်သွားဖို့လည်းပျော်ရွှင်လျက်ရှိသည်။ သို့သော် ဤလက်ဆောင်ပစ္စည်းများသည်သူ့အတွက်အမှန်တကယ် အထောက်အကူဖြစ်စေပါလိမ့်မည်။ ဤအတွက်ကြောင့် ရှင်ပေါလုမှာကျေးဇူးတင်စိတ်များနှင့်ပြည့်နေခဲ့ရသည်။

မိမိတို့သွားလေရာ၌ ဘုရားသခင်၏လူများက မိမိတို့အပေါ်၌ကောင်းကြီးမင်္ဂလာမိုးများသွန်းဖြိုးစေကြလိမ့်မည်ဟု ယုံကြည်နေကြသောအမှုဆောင်များ ရှင်ပေါလုတို့၏ခေတ်တွင်ရှိခဲ့ကြသည်။ ကျွန်ုပ်တို့ခေတ်တွင်လည်း အသင်းတော်က ပေးမည့်ငွေကြေးပေါ်၌တိုင်းတာ၍ အသင်းတော်များကိုရွေးချယ်လည်ပတ်နေသော သင်းအုပ်များရှိပါသည်။ ကျွန်ုပ်တို့၏နာခံမှု၊ မနာခံမှုကိုငွေကြေးအားတိုင်းတာဆုံးဖြတ်စေမျိုးကိုရှင်ပေါလုကငြင်းပယ်ခဲ့သည်။ ငွေပေးမည့်သူရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ရှင်ပေါလုသည်ဘုရားသခင်ကသွားစေလိုသောနေရာတိုင်းကို သွားခဲ့ပါလိမ့်မည်။ မိမိရောက်လေရာနေရာတွင် တင်းတိမ်ရောင့်ရဲတတ်ဖို့ ရှင်ပေါလုသင်ယူခဲ့ရပါသည်။ ဆာလောင်မွတ်သိပ်ခြင်းကို ရင်ဆိုင်ရမည်ဆိုပါကလည်း လုပ်ဆောင်ဖို့

အသင့်ဖြစ်နေခဲ့သည်။ ရှင်ပေါလုသည် မိမိ၏ဘဝကံကြမ္မာကိုမညည်းတွားခဲ့ပါ။ နောက်ဆုံး ဆင်ခြင်နှလုံးသွင်းခြင်း၌ ရှင်ပေါလုကဖိလိပ္ပိယုံကြည်သူများကို မည်သည့်အမှုတွင်မျှ စိုးရိမ်ခြင်းမရှိကြဖို့စိန်ခေါ်တိုက်တွန်းခဲ့ကြောင်းကို ကျွန်ုပ်တို့တွေ့မြင်ခဲ့ကြသည်။ ထိုသို့ စိုးရိမ်နေမည့်အစား သူတို့တောင်းဆိုသောအရာများကို သခင်ဘုရားထံ၌ဆောင်ယူ လာ၍သခင်ဘုရား၏ရည်ရွယ်ချက်များနှင့် ထောက်ပံ့ပေးကမ်းမှုများကိုယုံကြည်ကိုးစားကြရမည်ဖြစ်သည်။

ဘုရားသခင်၏အလိုတော်နှင့်ရည်ရွယ်ချက်များတွင် ဆက်ကပ်အပ်နှံသောအခါ၌သာလျှင် စစ်မှန်သောတင်းတိမ်ရောင့်ရဲခြင်း ကျွန်ုပ်တို့ထံသို့ရောက်လာနိုင်ပါသည်။ တင်းတိမ်ရောင့်ရဲမှုဆိုသည်မှာ ကျွန်ုပ်တို့ရောက်လေရာဘဝအခြေအနေ၌ ကျွန်ုပ်တို့အတွက်ထားရှိသော ဘုရားသခင်၏ရည်ရွယ်ချက်များကို ယုံကြည်လက်ခံခြင်း၏အသီးအပွင့်ဖြစ်သည်။ တင်းတိမ်ရောင့်ရဲခြင်းဆိုသည်မှာ ဘုရားသခင်၏ရည်ရွယ်ချက်များသည် ကျွန်ုပ်တို့အကျိုးစီးပွား အတွက်ဖြစ်သကဲ့သို့ နိုင်ငံတော်ချဲ့ထွင်ခြင်းအတွက်လည်းဖြစ်သည်ဟု ယုံကြည်စိတ်ချထားခြင်း၏ရလာဒ်ဖြစ်သည်

ရှင်ပေါလုအတွက်မူ ဘုရားသခင်သည်အေးချမ်းသာယာသောအချိန်ကောင်းများကိုသာထိန်းချုပ်ထားသည်မဟုတ်၊ ခက်ခဲကြမ်းတမ်းသောအချိန်ဆိုးများကိုလည်းထိန်းချုပ်ထားပါသည်။ လိုအပ်ချက်များနှင့်အတူရှင်သန်ခြင်းသည် မည်သည့်အရာနှင့်တူကြောင်းကိုရှင်ပေါလုသိနေခဲ့သည်။ ဆာလောင်မွတ်သိပ်ခြင်းကိုရင်ဆိုင်ဖြတ်သန်းခဲ့ရသောအချိန်များရှိခဲ့သည်။ ပေါများကြွယ်ဝခြင်း၌ ရှင်သန်နေထိုင်ခြင်းသည် မည်သည့်အရာနှင့်တူကြောင်းကိုလည်းသိခဲ့သည်။ ဤဘဝအခြေအနေနှစ်ခုလုံးတွင် မည်သို့တင်းတိမ်ရောင့်ရဲနေရမည်ကို သင်ယူခဲ့ရပါသည်။ ရှင်ပေါလုသည် မိမိ၏ခွန်အားဗလကိုသခင်ယေရှုထံမှ လက်ခံရရှိထားသောကြောင့်

သူသည်ဘဝအခြေအနေ အမျိုးမျိုးတွင်တင်းတိမ်ရောင့်ရဲလျက် ရှင်သန်နိုင်ခဲ့သည်။ ဤအချင်းအရာကိုမိမိအား ခွန်အားနှင့်ပြည့်စုံစေသော သခင်ခရစ်တော်အားဖြင့်လုပ်ဆောင်ခဲ့ကြောင်း ရှင်ပေါလုက ဖိလိပ္ပိယုံကြည်သူများကို ပြန်လည်အသိပေးခဲ့သည်။ တင်းတိမ်ရောင့်ရဲခြင်းသည် ရှင်ပေါလုအတွက်ဘုရားသခင်၏ ဆုလက်ဆောင်ဖြစ်သည်။

ကြွယ်ဝချမ်းသာသည့်ဘဝအခြေအနေတွင် တင်းတိမ်ရောင့်ရဲဖို့မှပို၍လွယ်ကူလိမ့်မည်ဟု လူအချို့ကထင်ကောင်းထင်ခဲ့ကြမည်။ သို့သော် အမှန်မှာကြွယ်ဝခြင်း၌ရှင်သန်နေထိုင်ကြသောသူများသည် အနည်းငယ်သာရှိသောသူများထက် တင်းတိမ်ရောင့်ရဲဖို့ ပို၍ကြိုးစားရုန်းကန်ကြရသည်။ ပိုရှိလေလေပိုရချင်လေလေဖြစ်သည်။ ကျွန်ုပ်တို့ကိုပို၍ဝန်းရံလာလေလေ ထိုအရာကိုကျွန်ုပ်တို့ပိုလိုချင်လေလေပင်ဖြစ်သည်။ ထို့ကြောင့် ကြွယ်ဝခြင်း၌ရှင်သန်ကြသောသူများပင်လျှင် တင်းတိမ်ရောင့်ရဲခြင်းကိုသင်ယူကြရသည်။

တင်းတိမ်ရောင့်ရဲခြင်းသည် ခရစ်ယာန်အသက်တာတွင် အလွန်အရေးပါသည်။ တင်းတိမ်ရောင့်ရဲမှုမရှိခြင်း၏ရလာဒ်ကို အချိန်အနည်းငယ်သုံးသပ်ကြည့်ကြပါစို့။ တင်းတိမ်ရောင့်ရဲမှုမရှိခြင်းသည် ရိုးသားမှုမရှိခြင်း၊ စိတ်ဆိုးဒေါသထွက်ခြင်း၊ ခိုက်ရန်ပြုခြင်းများကိုဖြစ်စေပါသည်။ တင်းတိမ်ရောင့်ရဲမှုမရှိခြင်းသည် မနာလိုဝန်တိုခြင်းနှင့်အမျက်ဒေါသတို့ရှင်သန်ကြီးထွားရာမြေဖြစ်သည်။ ဤအတွက်ကြောင့်ပင်နိုင်ငံများအချင်းချင်းစစ်ခင်းနေကြသည်။ ဤအချင်းအရာသည် လူ့အသက်ကိုသတ်ခြင်း၊ ခိုးယူလုယက်ခြင်း၊ အကြမ်းဖက်မှုစသည်တို့ကိုဖြစ်စေသော တရားခံဖြစ်သည်။ တင်းတိမ်ရောင့်ရဲမှုမရှိခြင်းသည် လူတို့ကိုထိန်းချုပ်၍၄င်းတို့၏ဘုရားဖြစ်လာသည်။ သူတို့၏အသက်တာများသည် ထပ်၍ထပ်၍ ရှာကြံခြင်းတို့၌အလေးထားကြတော့

သည်။ နောက်ဆုံးတွင် ကျေနပ်အားရမှုမရှိခြင်းသည် ၎င်း၏အောင်နိုင်သူများအားလုံးကိုချေမှုန်းဖျက်ဆီးပါလိမ့်မည်။ ရှင်ပေါလုကတင်းတိမ်ရောင့်ရဲခြင်းပညာကိုသင်ယူတတ်မြောက်ခဲ့ပါသည်။ ရှင်ပေါလုကဲ့သို့ကျွန်ုပ်တို့သည်လည်း တင်းတိမ်ရောင့်ရဲတတ်ခြင်းကိုသင်ယူကြရန် အဘယ်မျှအရေးကြီးပါသနည်း။ တင်းတိမ်ရောင့်ရဲမှုမရှိခြင်းသည် ဘုရားသခင်၏အလိုတော်နှင့်ရည်ရွယ်ချက်များကို ငြင်းဆန်၍မိမိ၏အားရကျေနပ်မှုနှင့် မိမိ၏ကိုယ်ပိုင်နည်းလမ်းကိုသာရှာကြံပါသည်။

ရှင်ပေါလုက ဖိလိပ္ပိယုံကြည်သူများသည် မိမိ၏သာသနာလုပ်ငန်းတစ်လျှောက်တွင် အံ့ဖွယ်ကောင်းကြီးမင်္ဂလာများဖြစ်ခဲ့ကြကြောင်းကို ရှင်ပေါလုကအသိအမှတ်ပြုခဲ့သည်။ အခြားအသင်းတော်များက ပေးကမ်းဝေငှခြင်းမလုပ်သောအခါတွင်ဖိလိပ္ပိယုံကြည်သူများသည် မိမိတို့၌ရှိနေသည့်အရာကို ရှင်ပေါလုအားပေးမျှခဲ့ကြသည်။ ရှင်ပေါလု၏အမှုတော်ကို သူတို့ဘယ်သောအခါကမျှ မမေ့ပျောက်ခဲ့ကြပါ။ မာကေဒေါနိပြည်မှထွက်ခွာသွားခဲ့ချိန်ကလည်း ဖိလိပ္ပိယုံကြည်သူများက ရှင်ပေါလုအားမည်သို့ပေးကမ်းကူညီခဲ့သည်ကို ပြန်လည်အသိပေးခဲ့သည်။ သက်သာလောနိတ်မြို့၌ရှိစဉ်၌လည်း ဖိလိပ္ပိယုံကြည်သူများထံမှ လက်ဆောင်ပစ္စည်းများလက်ခံရရှိခဲ့ကြောင်းကို အခန်းငယ် ၁၆ တွင် ရေးသားခဲ့သည်။ ယခုတွင်လည်း ဖိလိပ္ပိယုံကြည်သူမျးသည် ဧပဖြောဒိတ်မှတဆင့် သူ့ထံသို့လက်ဆောင်ပစ္စည်းများကိုပေးပို့ခဲ့ကြပြန်သည် (ငယ် ၁၈ ကိုကြည့်ပါ)။ ဤလက်ဆောင်ပစ္စည်းများမှာ မွှေးကြိုင်သောရနံ့နှင့်ပြည့်စုံသည့် ဘုရားသခင်ကိုပူဇော်ရာယဇ်ဖြစ်ခဲ့သည်။ မိမိအားဤသို့ပေးကမ်းခြင်းဖြင့် သူတို့သည်ဘုရားသခင်အား ပေးကမ်းခဲ့ကြသည့်အဖြစ်ကိုရှင်ပေါလုနားလည်ခဲ့သည်။ ဘုရားသခင်က ဤလုပ်ရပ်ကိုအမှတ်တမဲ့နှင့်ပစ်ထားခဲ့မည်မဟုတ်ပါ။ ဤလက်ဆောင်ပစ္စည်းများပေးခြင်းသည်ဖိလိပ္ပိယုံကြည်သူများ၏ကောင်း

ကင်ဘဏ်စာရင်းတွင် မှတ်တမ်းတင်ရေးမှတ်ထားမည်ဖြစ်သောကြောင့် ရှင်ပေါလု ဝမ်းမြောက်နေခဲ့သည်။

ဤယုံကြည်သူများက မိမိတို့၏လက်ဆောင်ပစ္စည်းများကို ထိုသို့ပေးကမ်းရန် စွန့်လွှတ်အနစ်နာခံကြရသော်လည်း ဘုရားသခင်သည်သူတို့၏လိုအပ်ချက်များကို ပြန်လည်ဖြည့်ဆည်းပေမည့်အကြောင်း ရှင်ပေါလုသိခဲ့ပါသည်။ နာခံခြင်းအားဖြင့် မိမိတို့၏အနီးပတ်ဝန်းကျင်မှလူများကို ၎င်းတို့၏လိုအပ်ချက်များ၌ လက်ကမ်း၍ ကူညီပေးခဲ့ကြသည်နှင့်အမျှ ဘုရားသခင်ကလည်း သူတို့ကိုထောက်ပံ့ကူညီပါလိမ့်မည်။ ကျွန်ုပ်တို့နားလည်သဘောပေါက်ထားဖို့ လိုအပ်သောအခြေခံစည်းမျဉ်းတစ်ခု ရှိသည်။

လိုအပ်လျက်ရှိသောသူများကို ကူညီပေးကမ်းနိုင်ဖို့ ဘုရားသခင်သည်ကျွန်ုပ်တို့ကိုကူညီပေးကမ်းထားခြင်းဖြစ်သည်။ ကျွန်ုပ်တို့၌လိုအပ်ချက်များရှိနေသည်မှာ မှန်ပါသည်။ ဘုရားသခင်ကထိုလိုအပ်ချက်များကိုလည်း ထောက်ပံ့ပေးကမ်းပါလိမ့်မည်။ သို့သော် ကျွန်ုပ်တို့လက်ထဲရှိအရင်းအမြစ်များကို ကျွန်ုပ်တို့အဖို့စုဆောင်းသိုလှောင်ထား၍ မိမိစိတ်ကြိုက် အသုံးပြုဖို့မဟုတ်ပါ။ ကျွန်ုပ်တို့၌ရှိသမျှသောအရာများကို သခင်ဘုရားထံ၌ဆက်ကပ်အပ်နှံထား၍ ထိုအရင်းအမြစ်များကိုဘုရားသခင်က မည်သို့အသုံးပြုစေလိုသည်ကိုသိနိုင်ဖို့ဘုရားသခင်၏ လမ်းပြမှုကိုနှလုံးတံခါးများဖွင့်၍ ကြိုဆိုရမည်။ ဘုရားသခင်ကတိတော်ရှိထားသည်မှာ ကျွန်ုပ်တို့၏အရင်းအမြစ်များကို ဘုရားသခင်လမ်းညွှန်သည့်အတိုင်းအသုံးပြုလျှင် ကျွန်ုပ်တို့လိုအပ်သောအခါတွင်လည်း သူသည်ကျွန်ုပ်တို့ကိုစောင့်မကြည့်ရှုတော်မူမည်ဟူ၍ဖြစ်သည်။ ဤသည်မှာသမ္မာကျမ်းစာ၏ရှင်းလင်းထင်ရှားသောသွန်သင်ချက်ဖြစ်သည်။ ဒေသနာကျမ်းကိုပြုစုရေးသားခဲ့သူက ကျွန်ုပ်တို့အား "သင်၏အစာကိုရေပေးမှာ

ပစ်ချလော့။ ကာလကြာမြင့်မှတစ်ဖန်တွေ့လေဦးမည်”ဟုပြောပြထားသည်(ဒေသနာ ၁၁း၁)။ သုတ္တံကျမ်း ၁၁း၂၅ တွင် အလားတူအယူအဆကိုတစ်ဖန်ထပ်၍ဖော်ပြထားသည်မှာ “စွန့်ကြဲတတ်သောသူသည်ကြွယ်ဝလိမ့်မည်။ သူတစ်ပါးကိုရေလောင်းသောသူသည် ကိုယ်တိုင်ရေလောင်းခြင်းအကျိုးကိုခံရလိမ့်မည်” ဟူ၍ဖြစ်သည်။

ဤသွန်သင်ချက်များကိုယူ၍ ကြွယ်ဝခြင်းသတင်းကောင်းတစ်ပါးအကြောင်းကို သွန်သင်ပေးဖို့အသုံးပြုကြသောသူများရှိသည်။ သူတို့၏သဒ္ဒါတရားထက်သန်မှုကို အလျှံအပယ်ဆုချရန်ဘုရားသခင်ကိုတောင်းဆိုခြင်းဖြင့် ချမ်းသာကြွယ်ဝလာကြဖို့ရှာကြံကြပါသည်။ ပေးကမ်းစွန့်ကြဲသည့်ပမာဏထက်ပိုများသောပမာဏကိုရရှိမည့်အကြောင်း ပေးကမ်းစွန့်ကြဲကြဖို့အခြားသူများကိုလည်း တိုက်တွန်းကြသည်။

ဤသွန်သင်ခြင်းကိုအောက်ဖော်ပြပါအကြောင်းအရာများကြောင့် ကျွန်ုပ်တို့အထူးဂရုစိုက်ဖို့လိုအပ်သည်။ ပထမအနေဖြင့် ပို၍များသောပမာဏကိုရရှိဖို့ပေးကမ်းစွန့်ကြဲကြရန်ကျွန်ုပ်တို့သွန်သင်ပေးကြလျှင် ကျွန်ုပ်တို့သည်လောဘကြီးမှုနှင့် တင်းတိမ်ရောင့်ရဲမှုမရှိခြင်းကိုအားပေးနေကြခြင်းဖြစ်သည်။ ဤနေရာ၌ရှင်ပေါလုသွန်သင်ပေးထားသောအရာမှ ကျွန်ုပ်တို့၏ဖြစ်တည်မှုအခြေအနေကို တင်းတိမ်ရောင့်ရဲကြရမည်ဟူ၍ဖြစ်သည်။ ရုပ်ဝတ္ထုကောင်းကြီးမင်္ဂလာများပြန်လည်ရရှိဖို့ပေးကမ်းစွန့်ကြဲကြရန် လူတို့အားခွန်အားပေးတိုက်တွန်းခြင်းသာဖြစ်သည်။ ဤကဲ့သို့သောသွန်သင်ခြင်းသည် ဝိညာဉ်ပကတိနှင့်ဆိုင်သောအရာများကိုမဟုတ်၊ လောကနှင့်ဆိုင်သောအရာများကို အလေးထားရန်သွန်သင်ပေးခြင်းမျိုးဖြစ်သည်။

ဒုတိယအနေဖြင့် ဤသွန်သင်ချက်သည် သခင်ခရစ်တော်၏အသက်တာနှင့်လည်းကောင်း၊ တမန်တော်ကြီးများ၏အသက်တာနှင့်လည်းကောင်း ကိုက်ညီမှုမရှိ

ပါ။ သခင်ယေရှုထက်ပို၍ပေးကမ်းစွန့်ကြဲခဲ့မည့်သူမရှိပါ။ သို့ပင်ဖြစ်သော်ငြားလည်း သခင်ယေရှုက မိမိ၏ခေါင်းကိုချဖို့ပင်နေရာတစ်နေရာသူ၌မရှိခဲ့ကြောင်းပြောခဲ့သည်။ လုကာ ၉း၇၈ တွင် သခင်ယေရှုကဤသို့ဖေါ်ပြခဲ့သည် -

> "မြေခွေးသည်မြေတွင်းရှိ၏ မိုးကောင်းကင်၌ကျင်လည်သောငှက်သည် နားနေရာအရပ်ရှိ၏။ လူသားမူကား ခေါင်းချရာမျှမရှိဟု မိန့်တော်မူ၏။"

ရှင်ပေါလုက မိမိသည်ဆာလောင်မွတ်သိပ်ခြင်းကို ရင်ဆိုင်ခဲ့ရသည့်အချိန်များရှိသည်ဟု ကျွန်ုပ်တို့အားပြောပြထားသည်။ ဤကျမ်းချက်၏ကျမ်းဘောင်တစ်ခုလုံးသည် ချမ်းသာကြွယ်ဝချိန်တွင်သာမဟုတ်၊ ပင်ပန်းဆင်းရဲခြင်းတွင်လည်း မည်သို့တင်းတိမ်ရောင့်ရဲရမည်ကိုသင်ယူဖို့အကြောင်းဖြစ်သည်။ သခင်ယေရှုနှင့်ရှင်ပေါလုတို့လောက်မည်သူကမျှပေးကမ်းစွန့်ကြဲခြင်းကိုမလုပ်ခဲ့ကြပါ။ သို့ဖြစ်လင့်ကစား ဤလောက၌ရှင်သန်ချိန်တွင် မိမိတို့၏ကိုယ်ပိုင်ပစ္စည်းဟုပြောရန်အလွန်နည်းခဲ့ပါသည်။ သူတို့သည်ပြည့်ပြည့်ဝဝကောင်းကြီးခံစားခဲ့ကြသော်လည်း နေစရာအိမ် (သို့)လောကီပိုင်ဆိုင်မှုဟူ၍မရှိခဲ့ကြပါ။

နောက်ဆုံးအနေဖြင့် ကျွန်ုပ်တို့သိမြင်နားလည်ထားဖို့လိုအပ်သည့်အရာမှာ ဘုရားသခင်ထံမှပြန်လည်လက်ခံရရှိဖို့ပေးကမ်းစွန့်ကြဲကြရန် လူတို့ကိုကျွန်ုပ်တို့သွန်သင်ပေးသောအခါ ထိုပေးကမ်းစွန့်ကြဲခြင်း၏နောက်ကွယ်ရှိ စိတ်သဘောထားနှင့်ပတ်သက်၍ ကျွန်ုပ်တို့တကယ်ပြဿနာကြီးတစ်ခုကိုဖန်တီးနေကြပါသည်။ သခင်ယေရှုပေးကမ်းစွန့်ကြဲစဉ်က အတ္တမဲ့စွာပြုလုပ်ပေးကမ်းခဲ့သည်။ တစ်နည်းအားဖြင့်ဆိုရလျှင်သခင်ယေရှုသည် ပြန်လည်ရရှိဖို့မမျှော်လင့်ဘဲ ပေးကမ်းစွန့်ကြဲခဲ့သည်။

ကျွန်ုပ်တို့ပေးကမ်းစွန့်ကြဲနေခြင်း၏အဓိကအကြောင်းအရင်းမှာ ပြန်လည်ရရှိဖို့ဆို လျှင် ကျွန်ုပ်တို့သည်သခင်ဘုရားကိုပေးကမ်းနေကြခြင်းမဟုတ်ပါ။ ကိုယ့်ကိုယ် ပေးကမ်းနေကြခြင်းသာဖြစ်သည်။

ဤသတိပေးချက်များကိုပေးပြီးနောက်တွင် သမ္မာတရားတစ်ခုကျန်နေသေး သည်။ သခင်ခရစ်တော်အတွက်ပေးကမ်းစွန့်ကြဲခြင်းဖြင့် ဖိလိပ္ပိအသင်းတော်မှာ ကောင်းကြီးမင်္ဂလာခံစားခဲ့ရသည်။ သူတို့သည်ကောင်းကင်ဘုံ၌ဘဏ္ဍာများကို သို ထားကြသည်။ ဘုရားသခင်သည်သင့်အားပေးကမ်းစွန့်ကြဲဖို့လမ်းပြနေ၍ လိုအပ် ချက်များကိုသင့်စိတ်နှလုံးသာထည့်သွင်းပေးနေလျှင် ထိုအရာကိုနာခံဖို့တွန့်ဆုတ် မနေပါနှင့်။ ဘုရားသခင်သည်မိမိလုပ်နေသောအရာကိုသိပါသည်။ နာခံခြင်းဖြင့် အသက်ရှင်ပါ။ သင့်ရဲ့လိုအပ်ချက်များတွင် ဘုရားသခင်ကကူညီစောင့်ရှောက်ပါ လိမ့်မည်။ ဤနေရာရှိအဓိကအချက်မှာ သင့်ရဲ့အရင်းအမြစ်များကိုအသုံးပြုရာ၌ ဘုရားသခင်ကိုနာခံခြင်းဖြစ်သည်။ ရှင်ပေါလုသည် ဘုရားသခင်လမ်းပြခဲ့သည့် အတိုင်းပေးကမ်းရာတွင် ကြီးမားသောကောင်းကြီးမင်္ဂလာကိုခံစားခဲ့သည်။ ဖိလိပ္ပိ ယုံကြည်သူများသည်လည်း ၎င်း၏သဒ္ဓါတရားထက်သန်မှုအတွက် ကြွယ်ဝစွာ ကောင်းကြီးမင်္ဂလာခံစားရမည့်အကြောင်းကို ရှင်ပေါလုမျှော်လင့်ခဲ့သည်။ ဤ အတွက်ကြောင့်ရှင်ပေါလုသည်မိမိ၏ထောက်ပံ့ပေးကမ်းရှင် ဘုရားသခင်ကို ဘုန်းကြီးခြင်းဆက်သခဲ့သည် (၄ယ် ၂၀ ကိုကြည့်ပါ)။

ရှင်ပေါလုက မိမိ၏စာစောင်ကိုမိမိနှင့်အတူရှိနေကြသော ညီအစ်ကိုများထံ မှ တကိုယ်ရေးနှုတ်ခွန်းဆက်သခြင်းအချို့နှင့်အတူ နိဂုံးချုပ်ထားသည် (၄ယ် ၂၁)။ အထူးနှုတ်ခွန်းဆက်သခြင်းသည် ကဲသာဘုရင်၏နန်းတော်၌နေသောသူများထံမှ ရောက်လာခဲ့သည်။ ရှင်ပေါလုအကျဉ်းသားတစ်ဦးအဖြစ် ဤနေရာ၌နေထိုင်ခဲ့စဉ်

တွင် အသက်တာပြောင်းလဲသည်။ ရှင်ပေါလုအကျဉ်းသားတစ်ဦးအဖြစ် ဤနေရာ၌နေထိုင်ခဲ့စဉ်တွင် အသက်တာပြောင်းလဲခဲ့သူများရှိသည်ဟု ယူဆရသည်။ ဘုရားသခင်သည်ရှင်ပေါလုအတွက် ရည်ရွယ်ချက်တစ်ခုရှိခဲ့သည်။ ထောင်နန်းစံနေရချိန်တွင်လည်း ဘုရားသခင်သည် မိမိ၏နိုင်ငံတော်အတွက်ဝိညာဉ်များကို လက်လှမ်းယူရန်ရှင်ပေါလုကိုအသုံးပြုခဲ့သည်။ ရှင်ပေါလုသည် မိမိထောင်နန်းစံရခြင်းကိုလည်း တင်းတိမ်ရောင့်ရဲခဲ့သည်။ အကြောင်းမှာထိုအရပ်၌ သခင်ဘုရား၏ရည်ရွယ်ချက်ကို ရှင်ပေါလုတွေ့ရှိခဲ့သောကြောင့်ဖြစ်သည်။

ဤကျမ်းချက်၌တင်းတိမ်ရောင့်ရဲခြင်းနှင့်စပ်လျဉ်း၍ ရှင်ပေါလုက ကျွန်ုပ်တို့ကိုသွန်သင်ပေးစရာများစွာရှိနေပါသည်။ ကျွန်ုပ်တို့သည် ကျေနပ်အားရမှုရှိ၍ ဝမ်းမြောက်နေသောနှလုံးသားများကိုပေးအပ်ထားကြရမည်။ ကျွန်ုပ်တို့ရောက်လေရာဘဝအခြေအနေတွင် ဘုရားသခင်ကိုရှာကြံကြရမည်။ ကျွန်ုပ်တို့နှလုံးသားတံခါးများကိုဖွင့်လျှင် အသက်တာဘဝလမ်း၌ဝင်ရောက်လာသော စစ်ကြောခြင်းများ၌ပင် ကျွန်ုပ်တို့သည်ဘုရားကိုလည်းကောင်း၊ ထိုသခင်၏ရည်ရွယ်ချက်များကိုလည်းကောင်းရှာတွေ့ခဲ့ကြပါလိမ့်မည်။ ဤအချင်းအရာအတွက် ကျွန်ုပ်တို့ဝမ်းမြောက်နိုင်ကြပါသည်။ ရှင်ပေါလုကတင်းတိမ်ရောင့်ရဲခြင်းပညာကို သင်ယူခဲ့ပါသည်။ ကျွန်ုပ်တို့ရောသင်ယူပြီးပြီးလား။

## စဉ်းစားသုံးသပ်ရန်အချက်များ

- တင်းတိမ်ရောင့်ရဲသောသူများသည် မိမိတို့၏ဘဝအခြေအနေတွင် ဘုရားသခင်ကိုတွေ့မြင်နိုင်ခဲ့ကြပြီး ထိုသခင်၏ရည်ရွယ်ချက်များ၌ အသက်တာကို ဆက်ကပ်အပ်နှံထားနိုင်ခဲ့ကြသည်။ ဤအနက်ဖွင့်ဆိုချက်ကို သင်သဘော

တူပါသလား၊ ဤအချင်းအရာသည်ယနေ့သင်ရောက်ရှိနေသောဘဝအခြေအနေနှင့်မည်သို့ဆက်စပ်နေပါသနည်း။

- တင်းတိမ်ရောင့်ရဲခြင်းသည် အဘယ့်ကြောင့်အလွန်အရေးကြီးပါသနည်း။ တင်းတိမ်ရောင့်ရဲမှုမရှိခြင်းသည် မည်သည့်အရာကိုဖြစ်စေပါသနည်း။
- ပြန်လည်ရရှိနိုင်ဖို့ပေးကမ်းပါဟူသောစိတ်ထားကို ကိုင်တွယ်ဖြေရှင်းဖို့ အဘယ့်ကြောင့်အရေးကြီးပါသနည်း။ ဤအရာသည်သမ္မာကျမ်းစာနှင့် ကိုက်ညီသောသမ္မာတရားဟုတ်ပါသလား။
- ပြန်လည်ရရှိဖို့ပေးကမ်းပါဟူသောအချက်နှင့် နာခံခြင်းအားဖြင့်ပေးကမ်းပါဟူသောအချက်တို့၏ ကွဲပြားခြားနားချက်ကားအဘယ်နည်း။

## ဆုတောင်းရန်အချက်များ

- ယခုသင်ရောက်နေသောဘဝအခြေအနေကို သင်တင်းတိမ်ရောင့်ရဲနေပါသလား၊ မည်သို့တင်းတိမ်ရောင့်ရဲရမည်ကို သင့်အားသွန်သင်ပေးဖို့သခင်ဘုရားထံ၌တောင်းလျှောက်ပါ။
- ဘုရားသခင်သည် သင့်ကိုပေးကမ်းစွန့်ကြဲဖို့တို့ထိသောအခါ၌ ထိုအရာကိုနာခံ၍ပေးကမ်းစွန့်ကြဲလိုသောစိတ်နှလုံးကို ပေးသနားဖို့ဘုရားသခင်ထံ၌တောင်းလျှောက်ပါ။
- ဘုရားသခင်သည် မိမိ၏အရင်းအမြစ်များကို သင့်အားယုံကြည်အပ်နှံထားသည့်အတွက်ကျေးဇူးတင်ချီးမွမ်းပါ။ ထိုအရင်းအမြစ်များသည်တစ်ဦးတည်းပိုင်သောအရာဖြစ်သည်ဟု ထင်မှတ်ခဲ့သောအချိန်များအတွက် ခွင့်လွှတ်ပေးဖို့သခင်ဘုရားကိုတောင်းလျှောက်ပါ။

# ကောလောသဲဩဝါဒစာစောင်ကိုနိဒါန်းပျိုးခြင်း

---

***ရေးသားပြုစုသူ***

မိမိ၏စာပေရေးသားပုံအစဉ်အလာအတိုင်း တမန်တော်ရှင်ပေါလုကကိုယ့်ကိုကိုယ်ကောလောသဲဩဝါဒစာစောင်အား ရေးသားပြုစုခဲ့သူအဖြစ် ကောလောသဲ ၁း၁ တွင်ဖော်ပြထားသည်။ ဤစာစောင်ကိုရေးသားချိန်တွင် ရှင်ပေါလုသည်ရောမမြို့ရှိအကျဉ်းထောင်ထဲရှိနေခဲ့သည်။ ရှင်ပေါလုက မိမိ၏စာဖတ်သူတို့အား "ငါနှင့်အတူအကျဉ်းခံရသောသူအာရိတ္တာခု" ကသူတို့အားလုံးကိုနှုတ်ဆက်ပါသည်ဟုပြောထားသော ကောလောသဲ ၄း၁၀ ရှိ မှတ်ချက်အားဖြင့် ဤအချင်းအရာမှာသိသာထင်ရှားနေပါသည်။ ထို့အပြင် ရှင်ပေါလုကလည်း ကောလောသဲမြို့ရှိယုံကြည်သူများအား သံခြေကျင်များဖြင့်ချည်နှောင်ခြင်းကိုခံထားရသောသူကိုသတိရအောက်မေ့နေကြဖို့တောင်းဆိုခဲ့သည် (ကောလောသဲ ၄း၁၈)။

***နောက်ခံအကြောင်းအရာ***

ကောလောသဲမြို့သည် ဖြူးဂိပြည်ဒေသရှိစီးပွားရေးအချက်အချာကျသောမြို့ကြီးတစ်မြို့ဖြစ်သည်။ ဤအသင်းတော်ကို ရှင်ပေါလုလည်းပတ်ခဲ့သည့်အထောက်

အထားများမရှိသော်လည်း ရှင်ပေါလုသည်သူတို့၏ယုံကြည်ချက်နှင့် ချစ်ခြင်းမေတ္တာတို့ကိုကြားသိခဲ့ပြီး သူတို့အတွက်ပုံမှန်ဆုတောင်းပေးခဲ့သည် (၁း၄-၉)။

အသင်းတော်၌အဓိကဝိညာဉ်ရေးခေါင်းဆောင်မှာ ဧပေဖြာဟုခေါ်သောအမျိုးသားတစ်ဦးဖြစ်သည်။ ဧပေဖြာကိုရှင်ပေါလုကကောင်းစွာသိကျွမ်းခဲ့၍ သူ့ကို “ငါတို့ချစ်သောကျွန်ချင်း”ဟုခေါ်ဝေါ်ခဲ့သည် (ကောလောသဲ ၁း၇)။

ဖိလေမုန်(ကောလောသဲမြို့၌နေထိုင်သူ)အထံ၌ ရေးသားပေးပို့ခဲ့သောမိမိ၏စာစောင်တွင် ရှင်ပေါလုကဧပေဖြာအား “ငါနှင့်အတူအကျဉ်းခံရသော”သူဟုခေါ်ဆိုခဲ့သည် (ဖိလေမုန် ၁း၂၃)။ ဤအချက်ကကျွန်ုပ်တို့အားပြောပြနေသည်မှာကောလောသဲဩဝါဒစာစောင်အားရေးသားနေချိန်တွင် ဧပေဖြသည်ရှင်ပေါလုနှင့်အတူအကျဉ်းစံနေခဲ့ဟန်ရှိသည်ဟူသောအချက်ဖြစ်သည်။ ရှင်ပေါလုသည်ဧပေဖြ၏နှုတ်ခွန်းဆက်သခြင်းကို ကောလောသဲအသင်းတော်ထံသို့ရေးပို့ခဲ့ပြီး ဤသစ္စာရှိသောအစေခံ ဧပေဖြကသူတို့၏ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာခြင်းအတွက်စိုးရိမ်ပူပန်လျက် အစဉ်ဆုတောင်းပေးခဲ့ကြောင်း ရှင်ပေါလုကပြောခဲ့သည် (ကောလောသဲ ၄း၁၂)။ တုခိတ်သည်ဩနေသိမ်နှင့်အတူ ဤစာစောင်ကိုရှင်ပေါလုထံမှ ကောလောသဲယုံ ကြည်သူများဆီသို့ယူလာခဲ့သည် (ကောလောသဲ ၄း၇-၉)။

ကောလောသဲမြို့၌ မှားယွင်းသောမိစ္ဆာဆရာများလှည့်လည်သွားလာနေကြောင်းကိုအရိပ်အမြွက်အနေဖြင့် ဤစာစောင်တစ်ခုလုံးတွင်တွေ့ရသည်။ ကောလောသဲ ၂း၈ တွင် ရှင်ပေါလုကယုံကြည်သူများအား “လှည့်စားတတ်သောလောကီပညာ” တို့၏ထိန်းချုပ်ကျွန်ပြုခြင်းကိုမခံကြဖို့ စိန်ခေါ်တိုက်တွန်းခဲ့သည်။ ယုဒလူမျိုးတို့၏ပညတ်တရားကိုဦးစားပေးရှင်သန်တတ်ခြင်းသဘော (ကောလောသဲ ၂း၁၆-

၁၇)နှင့် ကောင်းကင်တမန်များကိုကိုးကွယ်ခြင်း (ကောလောသဲ ၂း၁၈)များကိုလည်း ကိုးကားဖော်ပြထားသည်။ အသင်းတော်သည် ဤမှားယွင်းမှုများ၌သားကောင်ဖြစ် မသွားမည့်အကြောင်း ရှင်ပေါလုနှင့်ဧပေဖြတို့အတွက် အလွန်အရေးကြီးသည်။

ကောလောသဲယုံကြည်သူများသည် သခင်ယေရှုနှင့်ထိုသခင်ပြုလုပ်ခဲ့သော အမှုတော်ကိုအာရုံစိုက်၍ မြို့ထဲ၌ကျင်လည်နေသော မိစ္ဆာဆရာများကြောင့်လမ်းလွဲ မသွားဖို့ခွန်အားပေးတိုက်တွန်းရန် ဤကောလောသဲသြဝါဒစာကိုရေးခဲ့သည်။ အခန်း ကြီး ၃ နှင့် ၄ တွင် ရှင်ပေါလုက ခရစ်ယာန်အသိုင်းအဝိုင်းအတွင်း၌ သန့်ရှင်းစင် ကြယ်သောအသက်တာဖြင့် ရှင်သန်နေထိုင်ကြရန် လက်တွေ့ကျသောသွန်သင်လမ်း ညွှန်ချက်အချို့ကိုဖော်ပြပေးထားသည်။ ရှင်ပေါလုက ကောလောသဲယုံကြည်သူ များအားဖောက်ပြန်ပျက်စီးနေသော ဇာတိသဘောတွင်သေခြင်းဖြင့် သန့်ရှင်းစင် ကြယ်သောအသက်တာဖြင့်အသက်ရှင်၍ တစ်ဦးကိုတစ်ဦးချစ်ခြင်းမေတ္တာ၌ဆက် ကပ်အပ်နှံထားကြဖို့တိုက်တွန်းစိန်ခေါ်ခဲ့သည်။ ရှင်ပေါလု၏စိတ်ဆန္ဒမှာ ဤယုံကြည် သူများတစ်ဦးကိုတစ်ဦးချစ်ခြင်း၌ ဆက်လက်၍သာလွန်ကောင်းမွန်နေကြရန်ပင်ဖြစ် သည်။

## *ယနေ့ခေတ်ကာလအတွက်ဤစာစောင်အသုံးဝင်ပုံ*

ကောလောသဲအသင်းတော်သည် ယုံကြည်ခြင်းနှင့်ချစ်ခြင်းတို့တွင်ထင်ရှား သောအသင်းတော်တစ်ပါးဖြစ်သော်လည်း သူတို့သည်မှားယွင်းသောသွန်သင် ချက်များ၏ဝန်းရံထားခြင်းကိုခံနေကြရသည်။ ရန်သူသည်ဘုရားသခင်၏လူများကို နှုတ်ကပတ်တော်သမ္မာတရားမှ သွေဖယ်လမ်းလွဲသွားရန်အလွန်တက်ကြွစွာလုပ်ရှား နေသည့်အကြောင်း ဤစာစောင်ကကျွန်ုပ်တို့ကိုပြသထားသည်။ ကောလောသဲ

ဩဝါဒစာစောင်သည် ယနေ့ခေတ်အသင်းတော်များစွာ၌ ဖြစ်ပျက်နေသောပညတ်တရားကိုဦးစားပေးလိုက်နာခြင်းဝါဒဘက်၌ ကိုင်းညွှတ်နေမှုများကိုပြောပြထားပြီး သခင်ခရစ်တော်အတွက် ကျွန်ုပ်တို့လုပ်ဆောင်ပေးနိုင်သောအရာများ၌မဟုတ်၊ သခင်ခရစ်တော်ကကျွန်ုပ်တို့အတွက် လုပ်သွားခဲ့ပြီးသောအရာ၌ ကျွန်ုပ်တို့၏စိတ်ချယုံကြည်မှုကိုအပြည့်အဝထားကြရန် စိန်ခေါ်တိုက်တွန်းထားပါသည်။ ဤစာစောင်တွင်ရှင်ပေါလုကယုံကြည်သူများ မိတ်သဟာယဖွဲ့ခြင်း၌ နေထိုင်လှုပ်ရှားခြင်းတို့၏အဓိပ္ပါယ်နှင့်စပ်လျဉ်း၍ အရေးကြီးသောသွန်သင်လမ်းညွှန်ချက်များကိုပေးထားသည်။ သမ္မာတရားကိုကာကွယ်စောင့်ရှောက်၍ တစ်ဦးနှင့်တစ်ဦးချစ်ခြင်းမေတ္တာ၌လည်းကောင်း၊ ဆက်ကပ်အပ်နှံမှု၌လည်းကောင်း လျှောက်လှမ်းရှင်သန်ကြရန် ဤစာစောင်ယနေ့ခေတ်ကျွန်ုပ်တို့အသင်းတော်အတွက် စိန်ခေါ်မှုတစ်ခုဖြစ်သည်။

၁၂
# ကောလောသဲတို့၏ ယုံကြည်ခြင်းနှင့်ချစ်ခြင်း

---

**ဖိလိပ္ပိ ၁း၁-၁၂ ကိုဖတ်ရှုပါ။**

ဤစာစောင်သည် တမန်တော်ရှင်ပေါလုက ကောလောသဲမြို့ရှိယုံကြည်သူများအားရေးသားပေးပို့ခဲ့သောစာစောင်ဖြစ်သည်။ ရှင်ပေါလုက မိမိနှုတ်ခွန်းဆက်သမှုကိုတိမောသေ၏နှုတ်ခွန်းဆက်သမှုနှင့်တကွ သူတို့အထံသို့မည်သို့ရေးသားပေးပို့ခဲ့သည်ကိုသတိပြုပါ။ တိမောသေ၏အမည်နာမကိုဖော်ပြထားခြင်းက ရှင်ပေါလုနှင့်တိမောသေတို့၏ကြားရှိ ဆက်ဆံရင်းနှီးမှုကိုဖော်ပြနေပါသည်။ အချို့ကတိမောသေသည်ရှင်ပေါလု၏အတွင်းရေးမှူးအဖြစ် လုပ်ကိုင်ခဲ့သည်ဟုယုံကြည်ထားကြသည်။ ဤစာစောင်ကိုရှင်ပေါလုရေးသားခဲ့ချိန်တွင် သူသည်အကျဉ်းထောင်ထဲ၌ရှိနေခဲ့သည်။

ကျွန်ုပ်တို့စတင်ဖတ်ရှုသည်နှင့်အမျှ ရှင်ပေါလုကကိုယ့်ကိုကိုယ် ဘုရားသခင်၏အလိုတော်အားဖြင့် သခင်ယေရှုခရစ်၏တမန်တော်တစ်ပါးဖြစ်ကြောင်း ကြေငြာခဲ့သည်ကိုသတိပြုပါ။ ဤသည်မှာ ရှင်ပေါလုကမိမိအဖို့ရှာကြံကြိုးစားခဲ့သောအမည်ရာထူးမဟုတ်ပါ။ ထိုခေတ်ထိုကာလ၌ တမန်တော်ဖြစ်ချင်သူအမြောက်အမြားရှိခဲ့

ကြသည်။ မြောက်မြားစွာသောသူတို့က မိမိတို့သည်အမည်ရာထူးကိုအသင်းတော်၌ရရှိထားကြကြောင်းကြေငြာခဲ့သော်လည်း သူတို့သည်မှားယွင်းသောပရောဖက်များသာဖြစ်ခဲ့ကြသည်။ သခင်ဘုရားသည် ရှင်ပေါလုအတွက်သီးသန့်ရည်ရွယ်ချက်တစ်ခုရှိခဲ့သည်။ ရှင်ပေါလုသည် ဤအမည်ရာထူး(သို့)အလုပ်ကိုသွား၍ရှာကြံကြိုးစားဖို့မလိုခဲ့ပါ။ ဘုရားသခင်ကသူ့ကိုပေးခဲ့သည်။ အသင်းတော်၌ရာထူးရာခံနှင့်အာဏာ တို့ကိုရှာကြံသောပုဂ္ဂိုလ်များကို ကျွန်ုပ်တွေ့ဖူးပါသည်။ သင်သည်ဘုရားသခင်၏ အလိုတော်ကိုရှာကြံလျှင် ဘုရားသခင်သည်ထိုနေရာကိုသင့်အားဖော်ပြပါလိမ့်မည်။ ဤရာထူးနေရာကို ဘုရားသခင်ကသင့်အားပေးခဲ့ပါသည်ဟူသောအချက်သည် သင့်အနီးအနားရှိလူများ၌ သိသာထင်ရှားနေပါလိမ့်မည်။ ထိုသို့ဖြစ်ရန်ဘုရားသခင်က တံခါးများကိုဖွင့်ပေးပါလိမ့်မည်။ သင့်အားဆင့်ခေါ်၍ လုပ်ဆောင်စေခဲ့သောအရာ များကိုဘုရားသခင်ကကောင်းကြီးပေးပါလိမ့်မည်။ ရှင်ပေါလုကမိမိသည်တမန်တော် တစ်ပါးဖြစ်ကြောင်းကိုသိခဲ့ပါသည်။ အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်ကသူ့ကို ရှင်းရှင်းလင်းလင်းပြသခဲ့သောကြောင့်ဖြစ်သည်။

ရှင်ပေါလုသည် ကောလောသဲယုံကြည်သူတို့ကိုနှုတ်ခွန်းဆက်သခဲ့သည်။ ဤယုံကြည်သူများနှင့်စပ်လျဉ်း၍ ရှင်ပေါလုက အခန်းငယ် ၂ တွင် ပြောပြထားချက်ကိုသတိပြုပါ။ ရှင်ပေါလုကသူတို့ကို “သန့်ရှင်း၍သစ္စာရှိသောညီအစ်ကိုတို့” (သန့်ရှင်းသူတည်းဟူသောခရစ်တော်ကို ယုံကြည်သောညီအစ်ကို)ဟုခေါ်ခဲ့သည်။ ဤအချက်သည်ကောလောသဲအသင်းတော်၏ အကြောင်းအချို့ကိုပြောပြနေသည်။ ကောလောသဲအသင်းတော်သည် သန့်ရှင်းသောအသင်းတော်၊ ဘုရားသခင်နှင့်ဘုရားသခင်၏ရည်ရွယ်ချက်များအတွက် သီးသန့်ခွဲထုတ်ထားသောအသင်းတော်

ဖြစ်သည်။ ဘုရားသခင်အတွက်ခွဲခန့်ထားသည်သာမက ဤအသင်းတော်သည် သစ္စာလည်းရှိခဲ့သည်။ ဤနေရာ၌တွေ့ရသောအသင်းတော်သည် သတင်းကောင်း တရားတော်အပေါ်၌သစ္စာရှိသောအသင်းတော်ဖြစ်၍ သန့်ရှင်း၍သစ္စာရှိခြင်း၌ သက်သေကောင်းရှိခဲ့သောအသင်းတော်ဖြစ်သည်။ ဤအတွက် ရှင်ပေါလုကသူတို့ ကိုချီးကျူးခဲ့သည်။

ရှင်ပေါလုကောလောသဲယုံကြည်သူများအား သူတို့အတွက်ဆုတောင်းပေး သောအခါတွင် သူတို့၏ယုံကြည်ခြင်းနှင့်သန့်ရှင်းသူတို့ကိုချစ်သော သူတို့၏ချစ်ခြင်း မေတ္တာအကြောင်းကို ကြားသိရသောကြောင့် သူတို့အတွက်ဘုရားသခင်ကိုအမြဲ ကျေးဇူးတင်ချီးမွမ်းခဲ့သည်ဟုပြောခဲ့သည် (၄ယ် ၃)။ သူတို့သည်တစ်ဦးကိုတစ်ဦး ချစ်ကြရုံသာမဟုတ်၊ အခြားသောယုံကြည်သူမိတ်ဆွေများအားလုံးကိုလည်း ချစ်ခဲ့ ကြသည်။ သူတို့၏ချစ်ခြင်းမေတ္တာအတွက်လူသိများခဲ့ကြသည်။ ဤအချင်းအရာ သည်အစွမ်းထက်သောသက်သေတစ်ပါးမဟုတ်ပါလား။ ရှင်ပေါလုသည်ကော လောသဲယုံကြည်သူများ၏ ဤယုံကြည်ခြင်းနှင့်ချစ်ခြင်းကို လေ့လာသုံးသပ်ရန်အချိန် ယူခဲ့သည်။ ဤယုံကြည်ခြင်းနှင့်ချစ်ခြင်းသည် သတင်းကောင်းတရားတော်အားဖြင့် ကောင်းကင်ဘုံ၌သိုထားသော မျှော်လင့်ချက်မှပေါက်ဖွားလာခြင်းဖြစ်သည်ဟုသူတို့ ကိုပြောခဲ့သည်။ ဤနေရာ၌ရှင်ပေါလုပြောဆိုနေသည့်အရာကို လေ့လာသုံးသပ် ကြည့်ကြပါစို့။

ယုံကြည်ခြင်းနှင့်ချစ်ခြင်းသည် ကောင်းကင်ဘုံ၌ကျွန်ုပ်တို့အတွက်သိုလှောင် ထားသောမျှော်လင့်ချက်မှပေါက်ဖွားလာသည်။ ဤမျှော်လင့်ခြင်းကအဘယ်အရာ နည်း။ ယုံကြည်သူများဖြစ်ကြသည့်အားလျော်စွာ ကျွန်ုပ်တို့၏မျှော်လင့်ခြင်းသည် သခင်ယေရှုခရစ်အားဖြင့်လည်းကောင်း၊ လက်ဝါးကပ်တိုင်ထက်၌ သခင်ပြုလုပ်ခဲ့

သောအမှုအားဖြင့်လည်းကောင်း ကျွန်ုပ်တို့၏အပြစ်ဒုစရိုက်များကိုခွင့်လွှတ်ခံရခြင်း အမှုပင်ဖြစ်သည်။ ကျွန်ုပ်တို့၏မျှော်လင့်ချက်မှာ ဤခွင့်လွှတ်ခံရခြင်းအားဖြင့်တစ်နေ့တွင်ကျွန်ုပ်တိုသည်ဘုရားသခင်၏ မျက်မှောက်တော်သို့ဝင်ရ၍ အပြစ်ဒုစရိုက်၏ သက်ရောက်မှုများနှင့်လွတ်ကင်းလျက် ဘုရားသခင်နှင့်ထာဝရစံစားမည်ဟူသော အချက်ဖြစ်သည်။ ကျွန်ုပ်တို့၏မျှော်လင့်ချက်မှာ ကျွန်ုပ်တို့၏ဖန်ဆင်းရှင်နှင့်ပကတိပြည့်စုံသော ဆက်ဆံပေါင်းသင်းမိတ်သဟာယဖွဲ့ခြင်း၌ ရှင်သန်နေထိုင်ရမည်ဟူသောအချက်ဖြစ်သည်။

ဤအရာသည် ကျွန်ုပ်တို့၏မျှော်လင့်ချက်ဖြစ်ခဲ့လျှင် ၎င်းသည်ကျွန်ုပ်တို့၌ယုံကြည်ခြင်းနှင့်ချစ်ခြင်းကို မည်သို့ပြုလုပ်ဖန်တီးပါသနည်း။ သခင်ယေရှုက ကျွန်ုပ်တို့အတွက်လုပ်ဆောင်သွားခဲ့သောအမှုကို ကြည့်ရှုကြသည်နှင့်အမျှကျွန်ုပ်တို့၏ယုံကြည်ချက်မှာခွန်အားသစ်များနှင့်ပြည့်ဝလာသည်။ စစ်ကြောခြင်းရောက်လာကောင်းရောက်လာပေမည်။ သို့သော် ကျွန်ုပ်တို့သည်ကောင်းကင်ထက်ကိုမျှော်ကြည့်သည်နှင့်အမျှ ကျွန်ုပ်တို့၏စိတ်ဓာတ်ကြံ့ခိုင်မှုများသည် ခွန်အားသစ်များနှင့်ပြည့်လာသည်။ ကောင်းကင်ဘုံသည် ကျွန်ုပ်တို့၏အိမ်တော်ဖြစ်ကြောင်းကို ကျွန်ုပ်တို့သိနေသောကြောင့် စစ်ကြောခြင်းများကိုကျွန်ုပ်တို့ရင်ဆိုင်ရဲကြသည်။ ဤလောက၌ကျွန်ုပ်တို့တွင်ဖြစ်ပျက်သောအရာများသည် အဆုံးသတ်မဟုတ်ပါ။ ကောင်းကင်ဘုံ၌တည်သော ဤမျှော်လင့်ခြင်း၏ စိတ်ချယုံကြည်မှုသင့်၌မရှိခဲ့လျှင်သင်သည်ယနေ့တွင်မည်သည့်နေရာ၌ ရောက်နေမည့်အဖြစ်ကိုစိတ်ကူးကြည့်ပါ။ ကောင်းကင်ဘုံကိုမျှော်ကြည့်၍ အသက်စာအုပ်၌သင့်ရဲ့အမည်စာရင်းကိုမမြင်နိုင်လျှင်သင်မည်သည့်အခြေအနေတွင်ရှိနေမည်နည်း။ ကောင်းကင်ဘုံ၌တည်ရှိသော ကျွန်ုပ်တို့၏မျှော်လင့်ခြင်းသည် ကောင်းကင်ဘုံအောက်၌ရှိသော ကျွန်ုပ်တို့၏ယုံ

ကြည်ခြင်းကို အားမကောင်းလာစေဘူးလား။

ကောင်းကင်ဘုံ၌တည်သော ဤယုံကြည်ခြင်းသည် ကျွန်ုပ်တို့၏ချစ်ခြင်း၌ ကျွန်ုပ်တို့အားကောင်းလာစေပါသည်။ ကျွန်ုပ်တို့၌ရှိသောမျှော်လင့်ခြင်းသည် သခင်ယေရှု၏ခွင့်လွှတ်ခြင်းနှင့်ဆက်စပ်နေပါသည်။ ကျွန်ုပ်တို့ဖြစ်တည်နေသည့်အတိုင်း သခင်ယေရှုသည်ကျွန်ုပ်အားလက်ကမ်း၍ချစ်ပါသည်။ သခင်ယေရှုသည်ကျွန်ုပ်တို့ကိုချစ်၍ကျွန်ုပ်တို့အတွက်နေရာတစ်နေရာကို ကောင်းကင်ဘုံ၌ပြင်ဆင်နေပါသည်ဟုသိနေခြင်းသည် သူ့ကိုပြန်ချစ်ရန်ကျွန်ုပ်တို့ကိုအားပေးပါသည်။ ဤအရာသည် သခင်ယေရှုကမိန့်မှာခဲ့သည့်အတိုင်း ကျွန်ုပ်တို့တစ်ယောက်နှင့်တစ်ယောက်ချစ်ကြဖို့ကိုလည်းအားပေးပါသည်။ သခင်ယေရှုနှင့်သခင်ယေရှုက ကျွန်ုပ်အတွက်ထားရှိသောမျှော်လင့်ခြင်းကိုသိရှိထားသောသူများသည် ပုံမှန်သဘာဝအားဖြင့်ပြန်ချစ်နိုင်ကြသည်။ သခင်ယေရှုသည် ကျွန်ုပ်တို့ကိုဦးစွာချစ်ခဲ့သောကြောင့် ကျွန်ုပ်တို့သည် သူ့ကိုပြန်ချစ်နိုင်ကြခြင်းဖြစ်သည်။ ကျွန်ုပ်တို့၌ရှိသောမျှော်လင့်ခြင်းသည်သူတစ်ပါးကိုချစ်ဖို့ချစ်ခြင်းများဖြင့် ကျွန်ုပ်တို့ကိုဖြည့်တင်းပေးသောကြောင့် ကျွန်ုပ်တို့အနေဖြင့်ချစ်နိုင်ကြခြင်းဖြစ်သည်။

ဤမျှော်လင့်ခြင်းသည် သတင်းကောင်းတရားတော်၏ သမ္မာတရားအားဖြင့် ကျွန်ုပ်တို့အားဆက်သွယ်အသိပေးခဲ့ခြင်းဖြစ်ကြောင်းကို အခန်းငယ် ၅ တွင်သတိပြုပါ။ အပြစ်သားများကိုကယ်တင်ရန်ကြွလာခဲ့သော ကယ်တင်ရှင်အကြောင်းသတင်းကောင်းကိုကျွန်ုပ်တို့အားပြောပြသော သတင်းကောင်းတရားတော်၏ဒေသနာတော်ကိုကျွန်ုပ်တို့မကြားနာခဲ့ရလျှင် ဤအံ့ဖွယ်မျှော်လင့်ခြင်းအကြောင်းကို ကျွန်ုပ်တို့ဘယ်သောအခါတွင်မျှသိခဲ့ကြရမည်မဟုတ်ပါ။ သတင်းကောင်းတရားတော်ကကျွန်ုပ်တို့အထံ၌ဆောင်ယူလာခဲ့သောအရာသည် အံ့ဖွယ်သမ္မာတရားတစ်ပါးမဟုတ်ပါလား။

ဤတရားတော်နှင့်သခင်ယေရှု၌ရှိနိုင်သော မျှော်လင့်ချက်ကိုမကြားရသေးသောသူများရှိပါသည်။ ဤအရာကိုသူတို့အားပြောပြရန်မှာ ကျွန်ုပ်တို့၏တာဝန်ဖြစ်သည်။

ရိုးရှင်းသောဤသတင်းကောင်းတရားတော်၏ ဒေသနာတော်သည်ဤလောကတခွင်၌အသီးအပွင့်များကို သီးပွင့်နေကြကြောင်း ရှင်ပေါလုကကောလောသဲယုံကြည်သူများပြန်လည်အသိပေးခဲ့သည်။ သတင်းကောင်းတရားတော်၏ဒေသနာမှာ နားလည်ရန်ခက်ခဲသောဒေသနာမဟုတ်ပါ။ သို့သော်ဤဒေသနာသည်၎င်းကို ကြားနာကြမည့်သူများအား ကောင်းကင်ရတနာသိုက်ကိုဖော်ထုတ်ပေး၍အပြစ်လွှတ်ခြင်းသတင်းကိုပြောပြပါသည်။ ဤသမ္မာတရားကိုယုံကြည်၍လက်ခံသောသူများသည် အခြေခံကျကျအသက်တာပြောင်းလဲသွားခဲ့ကြသည်။ သတင်းကောင်းတရားတော်သည် မြေသြဇာကောင်းသောနှလုံးသားများတွင် အသီးအပွင့်များကိုသီးပွင့်စေပါသည်။ သတင်းကောင်းတရားတော်၏ သမ္မာတရားကိုလက်ခံရန်ဖွင့်ထားသောနှလုံးသားများရှိနေရာတိုင်းတွင် ဤရိုးရှင်းသောဒေသနာသည်၎င်း၏အလုပ်ကိုလုပ်ဆောင်၍ ထိုအသက်တာကိုပြောင်းလဲပစ်ပါလိမ့်မည်။ အလင်းတရားပေါ်ထွက်လာ၍မှောင်မိုက်မှာပျောက်ကွယ်သွားပါသည်။ အသက်တာသည်စတင်၍အဓိပ္ပါယ်ရှိလာသည်။ ရှင်သန်ရပ်တည်နေခြင်း၏ အဓိပ္ပါယ်နှင့်ရည်ရွယ်ချက်များဘဝတွင်ရှိလာသည်။ ကောလောသဲမြို့မှယုံကြည်သူများသည် ဤဒေသနာကိုကြားနာခဲ့ကြ၍ထိုဒေသနာသည် ၎င်းတို့၏အသက်တာကိုပြုပြင်ပြောင်းလဲခဲ့သည်။ သတင်းကောင်းတရားတော်၏မျိုးစေ့သည် သူတို့၏နှလုံးသားများတွင်ယုံကြည်ခြင်းနှင့်ချစ်ခြင်းအသီးအပွင့်ကိုသီးပွင့်ပါသည်။

အခန်းငယ် ၇ တွင် ရှင်ပေါလုကကျွန်ုပ်တို့အား ကောလောသဲယုံကြည်သူများသည် ရိုးရှင်းသောဤသတင်းကောင်းတရားတော်၏ ဒေသနာကိုပေဖြပဟုခေါ်

သော အစေခံတစ်ဦးထံမှ ကြားနာခဲ့ကြကြောင်းကိုပြောပြခဲ့သည်။ ရှင်ပေါလုက သူ့ကိုသတင်းကောင်းတရားတော်၏ သစ္စာရှိသောအစေခံဟု ချီးကျူးခဲ့သည်။ ရှင်ပေါလုသည် ကောလောသဲယုံကြည်သူများ၏ ယုံကြည်ခြင်းနှစ်ချစ်ခြင်းအကြောင်းကို ဧပေဖြထံမှကြားခဲ့ပါသည်။

ဤနေရာ၌ ကျွန်ုပ်တို့တွေ့မြင်ဖို့လိုအပ်သည့်အရာမှာ ရိုးရှင်းသောသတင်းကောင်းတရားတော်၏တန်ခိုးတော်ဖြစ်သည်။ ဧပေဖြသည် သတင်းကောင်းတရားတော်ကို ကောလောသဲမြို့၌ ဟောပြောခဲ့သည်။ ရလာဒ်မှာထိုမြို့ကိုပြောင်းလဲရန် ဘုရားသခင်ဝိညာဉ်တော်၏ တန်ခိုးကြီးသောလုပ်ဆောင်မှုပင်ဖြစ်သည်။ ဧပေဖြပြုလုပ်ခဲ့သောအမှုတော်၏အောင်မြင်မှု လျှို့ဝှက်ချက်မှာ ရိုးရှင်းသောသမ္မာတရားကို ဟောပြောခဲ့ခြင်းဖြစ်သည်။ ကောလောသဲယုံကြည်သူများ၏နှလုံးသားနှင့် အသက်တာတွင် အပြောင်းအလဲကိုဖန်တီးရန် သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးပေးခြင်းခံထားသောအရာမှာ သတင်းကောင်းတရားတော်ပင်ဖြစ်သည်။ ရိုးရှင်းသောဤဒေသနာသည် အသက်တာကိုပြောင်းလဲနိုင်သောတန်ခိုးရှိသည်။ ဤဒေသနာသည် အမှောင်ထုကိုမောင်းထုတ်ဖယ်ရှားပစ်၍ ဝိညာဉ်ရေးရာ၌မျက်စိကန်းနေသူများ၏ မျက်စိကိုဖွင့်ပေးခဲ့သည်။ ရိုးရှင်းသောဤဒေသနာ၏တန်ခိုးတော်ကို ကျွန်ုပ်တို့အထင်မသေးဝံ့ပါ။ ဤဒေသနာသည် ကောလောသဲမြို့ပြောင်းလဲခဲ့ပြီး အခြားမြို့များ၊ မြို့ကြီးများကိုလည်း ကောလောသဲမြို့ကဲ့သို့ပြောင်းလဲခဲ့ပါသည်။

ကောလောသဲယုံကြည်သူများ၏ ယုံကြည်ခြင်းနှင့်ချစ်ခြင်းကို ရှင်ပေါလုကြားသိခဲ့ရချိန်တွင်သူတို့အတွက် စတင်၍ဆုတောင်းပေးခဲ့သည်။ ကောလောသဲယုံကြည်သူများအတွက် ရှင်ပေါလု၏ဆုတောင်းချက်ကိုသတိပြုပါ။ ဝိညာဉ်ရေးရာဉာဏ်ပညာနှင့် နားလည်သဘောပေါက်ခြင်းတို့အားဖြင့် ဘုရားသခင်သည်မိမိ၏

အလိုတော်ကိုသိနားလည်ခြင်းအား သူတို့၌ဖြည့်တင်းပေးမည့်အကြောင်း ရှင်ပေါလု ဆုတောင်းခဲ့သည်။ ဘုရားသခင်သည် ကောလောသဲယုံကြည်သူတို့အား ကယ်တင်ခဲ့ခြင်းမှာ အံ့ဖွယ်အမှုဖြစ်ခဲ့ပါသည်။ သို့သော်ဤကယ်တင်ခြင်းသည် အစသာဖြစ်ခဲ့ပါသည်။ နောက်ထပ်သူတို့၌လိုအပ်ခဲ့သောအရာမှာမိမိတို့၏ကယ်တင်ခြင်း၌ ဘုရားသခင်၏အလိုတော်နှင့်ရည်ရွယ်ချက်ကို ရှာကြံရန်ဖြစ်သည်။ ဘုရားသခင်သည် သူတို့ကို ရည်ရွယ်ချက်တစ်ခုအတွက်ကယ်တင်ခဲ့သည်။ ဘုရားသခင်သည် သင့်ကို အဘယ်ကြောင့်ကယ်တင်ခဲ့သနည်း။ ဘုရားသခင်၏သားသမီးတစ်ယောက်အနေဖြင့် ဘုရားသခင်ကသင့်အတွက်ထားရှိသောရည်ရွယ်ချက်မှာအဘယ်နည်း။ ဘုရားသခင်သည် သင့်အားမည်သည့်ဝိညာဉ်ဆုကျေးဇူးများကိုပေးထားပါသနည်း။ သင့်ကိုမည်သည့်နေရာမှ သူ့အားအစေခံစေလိုပါသနည်း။ သတင်းကောင်းတရားတော်အားဖြင့် ဘုရားသခင်၏ကယ်တင်ခြင်းအကြံအစည်ကို သိရှိလာပြီးနောက်တွင် ကောလောသဲယုံကြည်သူများသည် ဤမေးခွန်းများကိုဖြေဆိုကြဖို့ လိုအပ်ခဲ့သည်။ သူတို့သည်ဘုရားသခင်၏အလိုတော်နှင့် ရည်ရွယ်ချက်တို့ကိုသိနားလည်နိုင်သောဉာဏ်ပညာကိုရရှိကြဖို့ ရှင်ပေါလုကဆုတောင်းပေးခဲ့သည်။

ဤဉာဏ်ပညာသည် သဘာဝအားဖြင့်ဖြစ်တည်လာသော ဉာဏ်ပညာမဟုတ်ကြောင်းကိုသတိပြုပါ။ ရှင်ပေါလုကကောလောသဲယုံကြည်သူများအား ဘုရားသခင်သည် ၎င်းတို့အားဝိညာဉ်ရေးရာဉာဏ်ပညာနှင့် နားလည်သဘောပေါက်ခြင်းတို့ဖြင့် ဖြည့်တင်းပေးရန်မိမိဆုတောင်းနေခဲ့ကြောင်းပြောခဲ့သည်။ သဘာဝအားဖြင့် ဖြစ်တည်လာသောဉာဏ်ပညာနှင့် ဝိညာဉ်ရေးရာဉာဏ်ပညာတို့ကြားတွင် ကြီးမားသောကွာခြားမှုကြီးတစ်ခုရှိသည်။ ရှင်ပေါလု၏ဆုတောင်းချက်မှာ ဘုရားသခင်သည်ကောလောသဲယုံကြည်သူများအား ၎င်းတို့သည် သခင်ယေရှုကိုသိရှိ

လာခဲ့ပြီဖြစ်ကြသောကြောင့် ၄င်းတို့အတွက်ထားရှိသောဘုရား သခင်၏အကြံ အစည်နှင့်လည်ကောင်း၊ ရည်ရွယ်ချက်နှင့်လည်ကောင်းဆက်စင်နေသော ဘုရား သခင်၏စိတ်နှလုံးကို ဘုရားသခင်ကသူတို့ကိုပေးသနားရန်ဖြစ်သည်။ သူတို့သည် ဘုရားသခင်ရည်ရွယ်သည့်အတိုင်းဖြစ်လာကြရန် ရှင်ပေါလုကအလိုရှိခဲ့သည်။

ကောလောသဲယုံကြည်သူများသည် အသက်တာကိုသခင်ယေရှုနှင့် ထိုက် လျှောက်စွာကျင့်၍ အရာရာ၌ဘုရားသခင်အား ကျေနပ်ဝမ်းသာစေသောနည်းလမ်း ဖြင့် ရှင်သန်ကြမည့်အကြောင်း ရှင်ပေါလုကဆုတောင်းခဲ့သည် (၎ယ် ၁၀)။ သူတို့ သည် ဘုရားသခင်အားမည်သို့ကျေနပ်နှစ်သက်စေတော်မူနိုင်မည့်အကြောင်းကို ရှင်ပေါလုကဆက်လက်၍ရှင်းပြခဲ့သည်။ ပထမဆုံး၊ သူတို့သည် အသီးအပွင့်များ သီးပွင့်ခြင်းဖြင့် ဘုရားသခင်ကိုကျေနပ်နှစ်သက်စေနိုင်ကြသည်ဟူသောအချက်ဖြစ် သည်။ မိမိ၏သားသမီးများသည် နိုင်ငံတော်အတွက်အသီးအပွင့်များ သီးပွင့်ကြရန် မှာ ဘုရားသခင်၏အလိုတော်ဖြစ်သည်။ ကျွန်ုပ်တို့သည် မိမိတို့၏ဝိညာဉ်ဆုကျေးဇူး များအား အသုံးပြုနေကြသည်ကို ဘုရားသခင်ကတွေ့မြင်လိုသည်။ သင်သည် အရာရာ၌ဘုရားသခင်ကိုကျေနပ်နှစ်သက်စေလိုလျှင် နိုင်ငံတော်အတွက်အသီး အပွင့်များသီးပွင့်စေဖို့ သင့်၌ပေးအပ်ထားသောဝိညာဉ်ဆုကျေးဇူးများကို တိုးတက် ကြီးပွားလာစေရမည်။

ဒုတိယအနေဖြင့် အရာရာ၌ဘုရားသခင်ကိုကျေနပ်အားရစေခြင်းတွင် ဘုရားသခင်အားကြားသိသောဉာဏ် တိုးပွားခြင်းလည်းပါကြောင်းကို ရှင်ပေါလုက ရေးသားခဲ့သည်။ ဤအချင်းအရာကို ကွဲပြားသောနည်းလမ်းနှစ်သွယ်ဖြင့် ပြည့်စုံ စေနိုင်သည်။ ထိုနည်းလမ်းနှစ်သွယ်မှာ သမ္မာကျမ်းစာ၌ ဘုရားသခင်ကိုရှာကြံခြင်း နှင့် နှုတ်ကပတ်တော်သမ္မာကျမ်းစာကိုနာခံခြင်း၌ဘုရားသခင်ကို တွေ့ကြုံခံစားခြင်း

တို့ဖြစ်သည်။ ဘုရားသခင်အကြောင်းသာ၍သိကျွမ်းနားလည်ရန် ရည်ရွယ်ချက်အတွက် သမ္မာကျမ်းစာကိုလေ့လာခြင်းသည် ကောင်းသောအရာဖြစ်သော်လည်း ထိုသမ္မာတရား၏စစ်မှန်မှုကို သင့်ရဲ့နေ့စဉ်အသက်တာ၌တွေ့ကြုံခံစားခြင်းမရှိလျှင် သင်သည်ဘုရားသခင်ကိုအမှန်တကယ်မသိကျွမ်းပါ။ သင်သည်ဘုရားသခင်၏ချစ်ခြင်းမေတ္တာအကြောင်းကိုဖတ်ရှု၍ ထိုအရာကိုစိတ်ထဲတွင်သိနေနိုင်ပါသော်လည်း ထိုအရာကိုလက်တွေ့အသက်တာ၌ မခံစားမချင်းသင်သည် ဘုရားသခင်၏ချစ်ခြင်းမေတ္တာကိုအမှန်မသိခဲ့သေးပါ။ ဘုရားသခင်သည် ယုံကြည်သူများအားအမှုတော်၌မည်သို့အစွမ်းအစလုပ်ပိုင်ခွင့်ကိုပေး၍ လိုအပ်ချက်အသီးသီးကိုမည်သို့ထောက်ပံ့ပေးကမ်းခဲ့ကြောင်းကိုဖတ်ရှုနိုင်သော်လည်း ထိုအရာကိုကိုယ်တွေ့ကြုံတွေ့ခံစားခြင်းမရှိမချင်း သင်သည်ဤအရာကိုအမှန်တကယ်မသိသေးပါ။ ဘုရားသခင်ကိုသိကျွမ်းခြင်းဉာဏ်တိုးပွားခြင်းသည် ဘုရားသခင်နှင့်ဆိုင်သော သမ္မာတရားကိုသိကျွမ်းနားလည်ခြင်းသာမဟုတ်၊ ထိုအရာကိုလက်တွေ့ဘဝ၌ တွေ့ကြုံခံစားခြင်းလည်းဖြစ်သည်။

တတိယအနေဖြင့် ရှင်ပေါလုက ကောလောသဲယုံကြည်သူများကို ဘုရားသခင်အားအရာရာ၌ ကျေနပ်အားရစေဖို့ဆိုလျှင် သူတို့သည်ဘုရားသခင်တန်ခိုးတော်၏ ခွန်အားအစွမ်းအစပေးသနားခြင်းကို လိုအပ်ကြလိမ့်မည်ဟုပြောခဲ့သည် (ငယ် ၁၁)။ သူတို့သည်ခံနိုင်ရည်ရှိခြင်း၊ ခွင့်လွှတ်သည်းခံခြင်း၊ ကျေးဇူးတင်ချီးမွမ်းခြင်းစသည်အရာသုံးခုအတွက် ဘုရားသခင်၏တန်ခိုးတော်ကို လိုအပ်ခဲ့ကြသည်။ ကြီးမားသောခံနိုင်ရည်ရှိဖို့ အားသစ်သွန်းလောင်းပေးခြင်းကို သူတို့လိုအပ်ခဲ့သည်။ ဘုရားသခင်ကသူတို့ကိုဆင့်ခေါ်၍ လုပ်ဆောင်စေသောအမှုတော်သည် လွယ်ကူသက်သာသောအမှုဖြစ်မည်မဟုတ်ပါ။ ခက်ခဲပင်ပန်းခြင်းနှင့် စစ်ကြောခြင်းတို့ကို

လမ်းတစ်လျှောက်တွင် ရင်ဆိုင်တွေ့ကြုံကြရမည်။ ထို့ကြောင့်သူတို့သည် အရာရာ၌ ဘုရားသခင်ကိုကျေနပ်အားရစေလိုကြလျှင် အခက်အခဲကိုအဆုံးတိုင်ကြံ့ကြံ့ခံ ရင်ဆိုင်သွားနိုင်ဖို့ ခွန်အားသစ်များသွန်းလောင်းပေးခြင်းကို လိုအပ်ခဲ့ကြသည်။

စိတ်ရှည်သည်းခံခြင်းရှိဖို့လည်း သူတို့သည်ခွန်အားသစ်များသွန်းလောင်း ပေးခြင်းကိုလိုအပ်ခဲ့ကြသည်။ စိတ်ရှည်သည်းခံခြင်းဆိုသည်မှာ လေးလံသောဝန် ထုပ်တစ်ခု၏အောက်တွင် လက်လျှော့အရှုံးပေးခြင်းမရှိပဲ တင်းခံနေနိုင်သောအစွမ်း အစဖြစ်သည်။ အထက်မှဖိအားများနှင့်ထိုးလာပြီး အခြေအနေများခက်ခဲလာသော အချိန်တွင် ကောလောသဲယုံကြည်သူများသည် ဘုရားသခင်ကသူတို့ကို ဖြေလွှတ် မပေးမချင်း (သို့) ထိုအရာအားဖြင့် ပြီးမြောက်စေဖို့ရည်ရွယ်ထားချက်များအားလုံး မပြီးမြောက်မချင်း ထိုဖိအားအောက်၌ဆက်လက်ရှင်သန်နေရန် ကြီးမားသော စိတ်ရှည်သည်းခံခြင်းရှိဖို့လိုအပ်ခဲ့ကြပါမည်။ ထိုဖိအားများအောက်၌ရှိနေသာအချိန် များတွင် ဘုရားသခင်သည်သူတို့ကိုပုံစံသွင်းပြုပြင်၍ ခွန်အားသစ်များသွန်းလောင်း ပေးခဲ့ပါလိမ့်မည်။ ကောလောသဲယုံကြည်သူများသည် မိမိတို့ရင်ဆိုင်ရသော ပြဿနာများကိုရှောင်ပြေးမသွားဘဲ၊ ထိုပြဿနာများသည် သခင်ခရစ်တော်၌ သူတို့ ၏မြှုပ်နှံထားမှုနှင့် ဆုံးဖြတ်အပ်နှံထားမှုများကို ခိုင်မာလာစေမည့်အကြောင်း ရှင်ပေါလုက ဆုတောင်းခဲ့သည်။ သင်သည်ခရစ်ယာန်တစ်ဦးဖြစ်လျှင် ဆန့်ကျင် တိုက်လှန်မှုများကိုကြုံတွေ့ရပါမည်။ ဘုရားသခင်ကိုအရာရာတိုင်း၌ ကျေနပ်အားရ စေလိုလျှင် ထိုဆန့်ကျင်တိုက်လှန်ခြင်းကို သင့်အားခွန်အားသစ်သွန်းလောင်းစေရ ပါလိမ့်မည်။ သင်သည်ထိုအရာကိုရှောင်ပြေး၍မရပါ။ ထိုအရာ၌သစ္စာရှိရှိနေနေရ ပါမည်။

ကောလောသဲယုံကြည်သူများသည် ဝမ်းမြောက်စွာဖြင့်ဘုရားသခင်ကို

ကျေးဇူးတင်ချီးမွမ်းနိုင်ရန် ခွန်အားသစ်သွန်းလောင်းပေးခြင်းကိုလိုအပ်ခဲ့ကြပါလိမ့်မည်။ ဝမ်းမြောက်ခြင်းကိုကြာရှည်ထိန်းသိမ်းထားရန်မှာမလွယ်ပါ။ အခက်အခဲများကြုံတွေ့လာသောအခါတွင် သဘာဝအားဖြင့်လုပ်လေ့လုပ်ထရှိသောအရာမှာ မအီမသာညည်းတွားခြင်းနှင့် မကျေမနပ်တိုင်တန်းခြင်းတို့ဖြစ်သည်။ သို့သော်သူတို့သည် ဘုရားသခင်ကိုအရာရာ၌ကျေနပ်အားရစေလိုလျှင် ကျေးဇူးသိတတ်သောသူများဖြစ်ရပေမည်။ မည်သူကမျှဘုရားသခင်ကိုညည်းတွားခြင်းနှင့် သံသယပွားခြင်းတို့ဖြင့်မကျေနပ်စေနိုင်ပါ။ ဘုရားသခင်သည် သူတို့ကြုံတွေ့နေရသောစစ်ကြောခြင်းများအားဖြင့် မိမိ၏ရည်ရွယ်ချက်များကို အထမြောက်ပြည့်စုံစေနေသောကြောင့် ကောလောသဲယုံကြည်သူများသည် ကျေးဇူးတင်တတ်သောစိတ်ရှိကြဖို့လိုအပ်ခဲ့သည်။ အခြားစိတ်နေသဘောထားများက ဘုရားသခင်၏ရည်ရွယ်ချက်များကိုမပြည့်စုံစေသောကြောင့် သူတို့သည်ကျေးဇူးတင်တတ်သောစိတ်ကိုရှိထားကြဖို့လိုအပ်သည်။

ကောလောသဲယုံကြည်သူများအနေဖြင့် မြောက်များစွာသောအရာများအတွက် ကျေးဇူးတင်နေကြရမည့်အကြောင်း ရှင်ပေါလုကပြန်လည်အသိပေးရင်းနိဂုံးချုပ်ထားသည်။ အခန်းငယ် ၁၂ တွင် ရှင်ပေါလုက သူတို့အား သန့်ရှင်းသူတို့၏နိုင်ငံတော်အမွေကိုဆက်ဆံဝင်စားရန် ဘုရားသခင်ကသူတို့ကိုအရည်အချင်းပြည့်မီစေခဲ့ကြောင်းပြောခဲ့သည်။ သူတို့ကိုယ်တိုင်အရည်အချင်းမပြည့်မီစေနိုင်ခဲ့ပါ။ အရည်အချင်းပြည့်မီခြင်းကို ဘုရားသခင်ကပြုလုပ်ခဲ့ပါသည်။ ဘုရားသခင်က ဤအရာကို မိမိ၏သားတော်အားဖြင့်ပြုလုပ်ခဲ့ပါသည်။ မိမိ၏သားတော်သခင်ယေရှုအားဖြင့် ဘုရားသခင်သည် ကောလောသဲယုံကြည်သူများ၏အပြစ်ကိုခွင့်လွှတ်ပေးခဲ့၍ မိမိ၏သားသမီးများအဖြစ်ပြုလုပ် ဖန်တီးခဲ့သည်။ ဘုရားသခင်၏ခွင့်လွှတ်

ခြင်းခံသားသမီးများဖြစ်ကြသည့်အားလျော်စွာ သူတို့သည်ဘုရားသခင့်အလင်းနိုင်ငံတော်၌ အမွေခံထိုက်သူများဖြစ်လာကြသည်။

ကောလောသဲယုံကြည်သူများမိမိတို့၏ယုံကြည်ခြင်း၌ တိုးပွားလာခြင်းကိုရှင်ပေါလုတွေ့မြင်လိုခဲ့သည်။ သခင်ခရစ်တော်၌သူတို့ပြောင်းလဲလာကြခြင်းသက်သက်ကိုသာတွေ့မြင်ရန်ရှင်ပေါလုမတင်းတိမ်ခဲ့ပါ။ ရှင်ပေါလုကသူတို့ကို ရင့်ကျက်၍သူတို့၌ဘုရားသခင်ရည်ရွယ်ထားသည့်အတိုင်းဖြစ်လာကြဖို့ လိုချင်ခဲ့သည်။ အလားတူစိတ်ဆန္ဒမျိုးရှင်ပေါလုက ကျွန်ုပ်တို့အားလုံးအပေါ်၌လည်းထားရှိခဲ့ပါမည်။ ကျွန်ုပ်တို့သည်ဘုရားသခင်ကိုသိကျွမ်းခြင်းဉာဏ်၌လည်းကောင်း၊ တွေ့ကြုံခံစားခြင်း၌လည်းကောင်း တိုးပွားနေကြပါသလား။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏အသက်တာအတွက်ထားရှိသောဘုရားသခင်၏ အံ့ဖွယ်ရည်ရွယ်ချက်ကိုသိကျွမ်းခြင်းနှင့် တွေ့ကြုံခံစားခြင်းတို့၌ တိုးပွားနေကြပါသလား။

## စဉ်းစားသုံးသပ်ရန်အချက်များ

- ကျွန်ုပ်တို့၏မျှော်လင့်ခြင်းသည် ကျွန်ုပ်တို့၏ယုံကြည်ခြင်းကို မည်သို့ခွန်အားပေးသန်မာစေပါသနည်း။ ဥပမာတစ်ခုဖြင့်ရှင်းပြပါ။
- ရိုးရှင်းသောသတင်းကောင်းတရားတော်၏ တန်ခိုးတော်နှင့်ပတ်သက်၍ဤနေရာတွင် ကျွန်ုပ်တို့မည်သည့်အရာကိုသင်ယူရပါသနည်း။
- သင့်ကိုကယ်တင်ရာ၌ ဘုရားသခင်၏သီးသန့်ရည်ရွယ်ချက်ကားအဘယ်နည်း။ ဘုရားသခင်သည်သင့်အားမည်သည့်အရာကိုပြုလုပ်ဖို့ (သို့) မည်သူဖြစ်လာဖို့ဆင့်ခေါ်ခဲ့ပါသနည်း။
- ယုံကြည်သူတစ်ဦးအနေဖြင့် မည်သည့်စစ်ကြောခြင်းများကို ကြုံကြုံခံရင်ဆိုင်

ဖို့ဘုရားသခင်သင့်ကိုဆင့်ခေါ်ခဲ့ပါသနည်း။

**ဆုတောင်းရန်အချက်များ**

- သင့်အားပေးသနားခဲ့သော ကောင်းကင်ဘုံ၌တည်သည့် မျှော်လင့်ခြင်းအတွက် သခင်ဘုရားကိုကျေးဇူးတင်ချီးမွမ်းပါ။
- သင့်အသက်တာအတွက်ကြံစည်ထားသော ဘုရားသခင်၏ရည်ရွယ်ချက်များနှင့် အကြံအစည်များကို ရှင်းရှင်းလင်းလင်းသိသာဖို့တောင်းလျှောက်ပါ။
- သင့်ရဲ့ဝမ်းမြောက်ခြင်းစိတ်နှင့် ကျေးဇူးတင်တတ်ခြင်းစိတ်တို့ကို တိုးပွားလာစေရန် ဘုရားသခင်ကိုတောင်းလျှောက်ပါ။
- ဘုရားသခင်ကိုအသိဉာဏ်သက်သက်အားဖြင့် သိကျွမ်းခြင်းမဟုတ်ဘဲ၊ ဘုရားသခင်၏ဖြစ်တည်မှုအမှန်ကို နေ့စဉ်အသက်တာ၌တွေ့ကြုံခံစားနိုင်ရန် စွမ်းဆောင်ပေးဖို့ဘုရားသခင်ကိုတောင်းလျှောက်ပါ။

၁၃

# သူသည်

**ကောလောသဲ ၁း၁၃-၂၀ ကို ဖတ်ရှုပါ**

နောက်ဆုံးဆင်ခြင်နှလုံးသွင်းခြင်းတွင် ရှင်ပေါလုက ကောလောသဲယုံကြည်သူများအား ၎င်းတို့အတွက်မိမိ၏ဆုတောင်းချက်အကြောင်းကို ပြန်လည်အသိပေး၍ ပြောပြခဲ့သည်။ ရှင်ပေါလုကသူတို့သည် မိမိတို့တွေ့ကြုံခံစားရသောကယ်တင်ခြင်းမှ ကြီးထွားတိုးပွားခြင်းနှင့် အသီးအပွင့်သီးပွင့်ခြင်းသို့ ရွေ့လျားကူးပြောင်းကြရန် ဆုတောင်းပေးခဲ့သည်။ ဤသည်မှာသခင်ဘုရားကသူတို့အတွက် လုပ်ဆောင်ပေးခဲ့သည့်အရာအတွက် ၎င်းတို့၏သင့်တင့်မှန်ကန်သည့် တစ်ခုတည်းသာရှိသော တုန့်ပြန်မှုဖြစ်သည်။ အခန်းကြီး(၁)၏နောက်တစ်ပိုင်းတွင် ရှင်ပေါလုက ကောလောသဲယုံကြည်သူများအားသခင်ယေရှုက သူတို့အတွက်လုပ်ဆောင်သွားခဲ့သောအရာကို ပြန်လည်အသိပေးထားပါသည်။

ရှင်ပေါလုက ကောလောသဲယုံကြည်သူများအတွက် သခင်ယေရှုပြုလုပ်သွားခဲ့သောအရာကို ပြန်လည်ဖော်ထုတ်ခြင်းဖြင့်စတင်ခဲ့သည်။ အခန်းငယ် ၁၃

တွင် ရှင်ပေါလုက သူတို့အားထာဝရဘုရားသခင်သည် ၎င်းတို့ကို "မှောက်မိုက်တန်ခိုး"မှ ကယ်နှုတ်ခဲ့သည်ဟုပြောခဲ့သည်။ ဤမှောင်မိုက်ခြင်းသည် စာတန်၏အပြစ်ဒုစရိုက်နှင့် ပုန်ကန်ဖီဆန်ခြင်း နိုင်ငံတော်ဖြစ်သည်။ ယနေ့တွင်ဤဒုစရိုက်နယ်ပယ်၌ ပိတ်မိနေသူများစွာရှိသည်။ သူတို့သည်အပြစ်ဒုစရိုက်ကျေးကျွန်ဖြစ်ခြင်း၏ နှောင်ကြိုးများဖြင့်ရစ်ပတ်ခံထားကြရသည်။ သူတို့သည်ဤလောကနှင့်၎င်း၏စည်းစိမ်များအတွက်ရှင်သန်ကြပြီး သခင်ယေရှု၏ဖြစ်တည်မှုအမှန်နှင့် သူယူဆောင်လာသောမျှော်လင့်ခြင်းတို့ကိုမမြင်နိုင်ကြပါ။ ဤနိုင်ငံတော်နှင့်သက်ဆိုင်နေသောသူများသည် တစ်နေ့တွင်ဘုရားသခင်၏တရားစီရင်ခြင်းကိုခံရမည်ဖြစ်သောကြောင့် သူတို့ကို ဤနိုင်ငံတော်မှ ကယ်နှုတ်ဖို့လိုအပ်သည်။

ရှင်ပေါလုကမှောင်မိုက်တန်ခိုးအကြောင်းကိုပြောပြခဲ့သည်။ တန်ခိုးဆိုသည် စကားလုံးသည် "တန်ခိုး၊ အခွင့်အာဏာ (သို့) ထိန်းချုပ်ခြင်း"ဟူ၍ အဓိပ္ပါယ်ရှိသည်။ ရှင်ပေါလုက ကောလောသဲယုံကြည်သူများအား နတ်ဆိုး၏မှောင်မိုက်ခြင်းက တစ်ချိန်တစ်ခါ၌၎င်းတို့ကိုထိန်းချုပ်ထားခဲ့ကြောင်းပြောပြနေခဲ့သည်။ သူတို့သည် ၎င်း၏တန်ခိုးနှင့်အခွင့်အာဏာအောက်တွင်ပိတ်လှောင်ခြင်းခံခဲ့ကြရသည်။ သူတို့သည် ဤဆိုးညစ်သောတန်ခိုးမှလွတ်မြောက်ရန် မိမိတို့၏ခွန်အားဗလအားဖြင့် ကြိုးစားရန်မဖြစ်နိုင်ကြောင်းကို အထက်ပါအကြောင်းအရာကပြသနေပါသည်။ သူတို့သည် အပြစ်ဒုစရိုက်၏လွှမ်းမိုးခြင်းနှင့် ထိန်းချုပ်မှုအောက်တွင်သာ ဆက်၍ရှိနေကြပြီး တစ်ဦးတစ်ယောက်ကလာရောက်၍ မကယ်မချင်းဤနေရာတွင်သာရှိနေကြပါမည်။ သူတို့သည်အလွန်ဆိုးရွားသောအခြေအနေတစ်ခုတွင်ရှိနေခဲ့ကြပါသည်။ သူတို့သည် ကိုယ်ကိုယ်ကိုမလွတ်မြောက်စေနိုင်ခဲ့ကြပါ။ တစ်စုံတစ်ခုမဖြစ်ပျက်လာလျှင် သူတို့သည်ဘုရားသခင်၏တရားစီရင်ခြင်းဆီသို့မျှော်လင့်ချက်မဲ့စွာဦးတည်သွားနေကြ

ပါသည်။

ရှင်ပေါလုက ကောသောလသဲယုံကြည်သူများအား မှောင်မိုက်တန်ခိုးနှင့် ဘုရားသခင်၏အဆုံးမရှိသောဒဏ်ခတ်စီရင်ခြင်းမှ ၎င်းတို့ကိုကယ်တင်ပေးခဲ့သောသူမှာ သခင်ယေရှုဖြစ်ကြောင်းပြန်လည်အသိပေးခဲ့သည်။ သခင်ခရစ်တော်သည် နတ်ဆိုး၏တန်ခိုးကိုချိုးဖျက်၍ သူတို့ကို၎င်း၏ချည်နှောင်ခြင်းများမှ ဖြေလွှတ်ပေးခဲ့သည်။ ထာဝရဘုရားသခင်သည်သူတို့ကို "ချစ်တော်မူသောသားတော်၏ နိုင်ငံတော်ထဲသို့ သွင်းတော်မူ၏။" ယုံကြည်သူများသည် သားတော်၏နိုင်ငံတော်ထဲသို့သွတ်သွင်းခံရကြောင်းကိုသတိပြုပါ။ ဤအချင်းအရာက ဘုရားသခင်သည် ကျွန်ုပ်တို့အပေါ်၌ထားရှိသောစိတ်သဘောထားကိုပြောပြနေပါသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့ရယူမွေးစား၍ မိမိသားတော်၏နိုင်ငံတော်ထဲသို့သွတ်သွင်းတော်မူခဲ့သည်။ ကျွန်ုပ်တို့သည် သခင်ယေရှုခရစ်နှင့်အတူ အစဉ်ထာဝရဘုရားသခင်နှင့် အတွင်းကျကျရင်းနှီးမှုတို့ကို အမွေခံကြရမည်ဖြစ်သည်။

သခင်ယေရှုအားဖြင့် ကျွန်ုပ်တို့သည်မြောက်များစွာသော ကောင်းကြီးမင်္ဂလာများကိုရရှိလက်ခံခဲ့ကြသည်။ အခန်းငယ် ၁၄ တွင် ရှင်ပေါလုက ကျွန်ုပ်တို့သည် ရွေးနှုတ်ကယ်တင်ခြင်းနှင့် ခွင့်လွှတ်ခြင်းတို့ကိုရရှိခဲ့ကြသည်ဟုပြောပြထားသည်။ တစ်စုံတစ်ခုကိုရွေးနှုတ်ခြင်းဆိုသည်မှာ ပြန်လည်ဝယ်ယူခြင်းဖြစ်သည်။ အပြစ်ဒုစရိုက်ကြောင့် ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်ရန်သူများဖြစ်ခဲ့ကြပြီး၊ မှောင်မိုက်နိုင်ငံ၏ နိုင်ငံသားများ ဖြစ်ခဲ့ကြသည်။ သခင်ယေရှုသည်မိမိ၏ အသက်ကိုရင်း၍ ကျွန်ုပ်တို့ကိုမှောင်မိုက်နိုင်ငံထဲမှ ကယ်တင်ခဲ့သည်။ သူသည်ကျွန်ုပ်တို့ကိုရန်သူ့အထံမှဝယ်ယူရန် အဆုံးစွန်သော အဖိုးအခကိုပေးခဲ့ပါသည်။ ထိုသို့အားဖြင့် ကျွန်ုပ်တို့သည် ခွင့်လွှတ်ခြင်းဝတ်ရုံဖြင့် ခြုံလွှမ်းခံရသောဘုရားသခင်၏ သားသမီး

များဖြစ်လာနိုင်ခဲ့ကြသည်။ ကျွန်ုပ်တို့သည် အပြစ်သားများဖြစ်ခဲ့ကြ၍ ဘုရားသခင်ကို ဆန့်ကျင်ပုန်ကန်ခဲ့ကြသော်လည်း ယခုတွင်မူ ထိုအရာများအားလုံးကို ခွင့်လွှတ်ပေးခဲ့ပြီးဖြစ်သည်။ ဘုရားသခင်၏ရှေ့မှောက်တော်တွင် ကျွန်ုပ်တို့သည် ယခင်က အပြစ်မကျူးလွန်ခဲ့ဖူးသောသူများကဲ့သို့ သန့်ရှင်းဖြူစင်နေကြပါသည်။ ကျွန်ုပ်တို့သည် ဤကဲ့သို့သော မေတ္တာတရားနှင့်မထိုက်တန်သော်လည်း သခင်ခရစ်တော်၏ အသေခံခြင်းအားဖြင့် ကျွန်ုပ်တို့ကိုအခမဲ့ပေးထားပါသည်။ ယခုတွင်ဘုရားသခင် ကျွန်ုပ်တို့ကိုငုံကြည့်သောအခါ သူသည်ကျွန်ုပ်တို့ကိုသခင်ယေရှုကဆောင်ယူလာခဲ့သောခွင့်လွှတ်ခြင်းဖြင့် သန့်စင်ထားသောမိမိသားသမီးများအဖြစ်မြင်ပါသည်။ ဘုရားသခင်သည်ကျွန်ုပ်တို့၏အပြစ်ကိုစွဲကိုင်၍ ကျွန်ုပ်တို့ကို အပြစ်ဖို့မည်မဟုတ်တော့ပါ။ အဘယ်ကြောင့်ဆိုသော် သားတော်၏အသွေးတော်အားဖြင့် ထိုအရာများအတွက်ပေးဆပ်ခဲ့ပြီးဖြစ်သောကြောင့်ဖြစ်သည်။

ရှင်ပေါလုက သခင်ယေရှုကို "မျက်မြင်မရသောဘုရားသခင်၏ပုံသဏ္ဌာန်တော်ဖြစ်၏"ဟု ကြွေးကြော်ထားသည် (ငယ် ၁၅)။ ပုံသဏ္ဌာန်ဆိုသည်မှာ အခြားအရာတစ်ခု၏ကိုယ်စားပြုချက်(သို့) ပကတိပုံတူတစ်ခုဖြစ်သည်။ ဤနေရာတွင် ရှင်ပေါလုက သခင်ယေရှုသည် မျက်မြင်မရသောဘုရားသခင်၏ မျက်မြင်၍ရသော သရုပ်ပြခြင်းတစ်ခုဖြစ်သည်ဟုပြောခဲ့သည်။ တစ်နည်းအားဖြင့်ဆိုရလျှင် သခင်ယေရှုသည် ကျွန်ုပ်တို့အလယ်၌နေထိုင်ရန် လာရောက်ခဲ့စဉ်က ဘုရားသခင်မည်သူဖြစ်သည်ကို ကျွန်ုပ်တို့ အားပြသခဲ့သည်။ သခင်ခရစ်တော်ကိုကျွန်ုပ်တို့ကြည့်သောအခါ ကျွန်ုပ်တို့သည် ခမည်းတော်ဘုရားကိုမြင်ကြသည်။ ကျွန်ုပ်တို့သည်ခမည်းတော်ဘုရား၏ကြံအင် လက္ခဏာများကို သားတော်၌တွေ့မြင်ရသည်။ ဘုရားသခင်၏ နှလုံးသားကို သခင်ယေရှု၌ကျွန်ုပ်တို့တွေ့မြင်ကြရသည်။ ဘုရားသခင်မည်သူဖြစ်

သည်ကို ကျွန်ုပ်တို့သိလိုလျှင် ကျွန်ုပ်တို့သည်သခင်ယေရှုကို သမ္မာကျမ်းစာ၌ ကြည့်ရှုကြရမည်။ အဘယ်ကြောင့်ဆိုသော် သူသည်ဘုရားသခင်ဖြစ်တည်မှု၏ ပကတိပြည့်စုံ၍ရှင်းလင်းသော ပုံကားချပ်တစ်ခုဖြစ်သောကြောင့်ဖြစ်သည်။

အခန်းငယ် ၁၅ ကလည်း သခင်ယေရှုသည် "ဝေနေယျသတ္တဝါအပေါင်းတို့တွင်လည်းသားဦးဖြစ်တော်မူ၏"ဟု ကျွန်ုပ်တို့ကိုပြောပြထားသည်။ သမ္မာကျမ်းစာရှိခေတ်ကာလများတွင် မိသားစုတစ်ခုမှသားဦးသည်အထူးအခွင့်အရေးတစ်ခုကို ရရှိကြသည်။ သူသည်ထူးခြားသောတာဝန်ဝတ္တရားတစ်ခုကိုလည်းရယူထားရသည်။ သူသည် ဖခင်ဖြစ်သူပိုင်ဆိုင်သောအိမ်ခြံမြေယာ (သို့) နိုင်ငံတော်ကိုအမွေဆက်ခံရမည်ဖြစ်သည်။ သားဦးဖြစ်သည့်အလျောက် သူ့ကိုထူးခြားသောနည်းလမ်းဖြင့် ဂုဏ်ပြုချီးမြှောက်၍ ရိုသေလေးစားကြရမည်ဖြစ်သည်။ သခင်ယေရှုသည် ဝေနေယျသတ္တဝါများအားလုံး၏အထက်၌ ဤအရိုက်အရာကိုရရှိထားသည်။ ခမည်းတော်ဘုရားသည်အရာခပ်သိမ်းကိုသားတော်၏ ထိန်းချုပ်မှုအောက်တွင်ထားထားသည်။ သခင်ယေရှုသည် အမြင့်ဆုံးသောသားတော်ဖြစ်၍ ထာဝရဘုရားသခင်ဖြစ်ကာ ခပ်သိမ်းသောအရာတို့ကိုအုပ်စိုးသူဖြစ်သည်။ ထိုသို့ဖြစ်သောကြောင့် သူရိုသေလေးစားခြင်း၊ ဂုဏ်သိက္ခာတင်ခြင်းတို့နှင့်ထိုက်တန်သည်။ သခင်ယေရှုသည် ဤလောက၌ဘုရားသခင်တည်ထောင်နေသော ဝိညာဉ်ရေးရာမိသားစုသစ်၏ အဦးအခေါင်ဖြစ်သည်။ ဤမိသားစုသည် ခမည်းတော်ဘုရား၏ သားသမီးများဖြစ်လာကြသော ခွင့်လွှတ်ခြင်းခံ၍ ရွေးနှုတ်ခံထားသည့်မိသားစုဖြစ်သည်။

အရာခပ်သိမ်းသည် သခင်ယေရှုအားဖြင့်လည်းကောင်း၊ သခင်ယေရှုအတွက်လည်းကောင်းဖန်ဆင်းခံထားရကြောင်းကို အခန်းငယ် ၁၆ တွင် သတိပြုပါ။ သခင်ယေရှုသည် ဖန်ဆင်းခြင်းခံထားရသူမဟုတ်ပါ။ သူကိုယ်တိုင်က ဖန်ဆင်းရှင်ဖြစ်

သည်။ ရှင်ပေါလုကကောင်းကင်ပေါ်နှင့်မြေကြီးပေါ်၌ရှိသမျှသောအရာတို့သည် သခင်ခရစ်တော်အားဖြင့်လည်းကောင်း၊ သခင်ခရစ်တော်အတွက်လည်းကောင်း ဖြစ်တည်လာခဲ့ကြသည်ဟု ကျွန်ုပ်တို့ကိုပြောပြထားသည်။ ဤလောကကြီးနှင့် ၎င်း၏ အထဲရှိမျက်စိဖြင့်မြင်နိုင်သောအရာ၊ မမြင်နိုင်သောအရာများအားလုံးကို သခင်ယေရှု ပိုင်သည်။ မျက်စိဖြင့်မြင်နိုင်သော တောင်ကုန်းတောင်တန်းများ၊ မျက်စိဖြင့်မမြင်နိုင် သော လေတို့ကိုလည်းသူပိုင်ပြီး သူ၏ဖန်ဆင်းမှုများဖြစ်ကြသည်။ အထက်ကောင်း ကင်အာကာသရှိ တန်ခိုးအာဏာစက်များအားလုံးကိုလည်း သူဖန်ဆင်းခဲ့ပြီး၊ ထို တန်ခိုးအာဏာစက်တို့သည် အဆုံးတွင်သူ့ကိုဘုန်းတော်ထင်ရှားစေခဲ့ကြပါလိမ့် မည်။ အုပ်ချုပ်သူမင်းအစိုးရများနှင့် တိုင်းနိုင်ငံအားလုံးတို့သည် သခင်ဘုရား၏ ရည်ရွယ်ချက်များကို ထမ်းဆောင်နေခဲ့ကြပါသည်။ တရားစီရင်ခြင်းနေ့တွင် ၎င်းတို့ အားလုံးသည် သူ၏ရှေ့မှောက်တွင်ဒူးထောက်၍ သူ့ကိုအရာခပ်သိမ်းတို့၏အရှင် အဖြစ်အသိအမှတ်ပြုကြပါလိမ့်မည်။

အခန်းငယ် ၁၇ တွင် ရှင်ပေါလုက ကျွန်ုပ်တို့အားသခင်ယေရှုသည် ခပ်သိမ်း သောအရာများအားလုံးမဖြစ်တည်မီတွင် ရှိနေခဲ့ကြောင်း ပြန်လည်အသိပေးထား ပါသည်။ ကျွန်ုပ်တို့မျက်စိဖြင့်မြင်နေကြသည့် ဤကမ္ဘာလောက၌ရှိသော အရာ ခပ်သိမ်းတို့ကို မဖြစ်တည်မီတွင် သခင်ယေရှုကရှိနေခဲ့ပြီးဖြစ်သည်။ သူသည်ကျွန်ုပ် တို့၏ချီးမွမ်းခြင်း၊ ကြည်ညိုလေးစားခြင်းအားလုံးနှင့် ထိုက်တန်သောထာဝရဘုရား သခင်ဖြစ်သည်။ ဘုရားသခင်ဖြစ်သည့်အားလျော်စွာ သခင်ယေရှုသည် ဤကမ္ဘာ လောကကြီးကို အစီအစဉ်တကျ ဆုပ်ကိုင်ထားပြီးအသက်ရှင်ခြင်းနှင့်တကွ မိမိ၏ ဖန်ဆင်းခြင်းကိုဇီဝအသက်မှုတ်သွင်းခဲ့ပါသည်။

အခန်းငယ် ၁၈ တွင် ရှင်ပေါလုက ကောလောသဲယုံကြည်သူများအား

ထို သခင်ယေရှုသည် ယုံကြည်သူများ၏ကိုယ်ခန္ဓာဖြစ်သောအသင်းတော်၏ ဦးခေါင်းဖြစ်သည်ဟုပြောခဲ့သည်။ စစ်မှန်သောအသင်းတော်တွင် မှောင်မိုက်ခြင်းနိုင်ငံမှကယ်နှုတ်ခြင်းကိုခံရပြီး၊ အပြစ်လွှတ်ခြင်းကိုရရှိထားသောသူများပါဝင်သည်။ သခင်ယေရှုသည် ထိုသူတို့အားလုံး၏အချုပ်အခြာအာဏာရှိသော အုပ်စိုးရှင်ဖြစ်သည်။

ရှင်ပေါလုကဆက်လက်၍ သခင်ယေရှုသည် "မူလအရင်း" (အစအဦး)ဖြစ်သည်ဟုပြောထားသည်။ ဤအရာသည်ကမ္ဘာလောကကြီးအား ဖန်ဆင်းခြင်းကို ရည်ညွှန်းထားခြင်းဖြစ်ကြောင်း ကျွန်ုပ်တို့တွေ့ရှိလေ့လာခဲ့ပြီးဖြစ်သည်။ သူသည် ဘုရားသခင်က မိမိအတွက်သီးသန့်ခွဲခြားထားသောဝိညာဉ်ရေးဖန်ဆင်းခြင်း၏ မူလအရင်း (အစအဦး)လည်းဖြစ်သည်။ လက်ဝါးကပ်တိုင်ပေါ်၌ အသေခံခြင်းဖြင့် သခင်ယေရှုသည်အသင်းတော်တည်းဟူသော ယဇ်ပရောဟိတ်များ၏နိုင်ငံတော်ကို မိမိအတွက်ဖန်ဆင်းခဲ့သည်။ သခင်ယေရှု၏အသေခံခြင်းသည် ဘုရားသခင်၏မိသားစုအထဲ၌ ဝိညာဉ်ရေးအရပြန်လည်မွေးဖွားနိုင်ရန်လမ်းကို ကျွန်ုပ်တို့အတွက်ဖွင့်ပေးခဲ့ပါသည်။ သခင်ယေရှုသည် ဤအသစ်သောဖန်ဆင်းခြင်း၏ မူလအစဖြစ်သည်။

ထို့အပြင် သခင်ယေရှုသည် "သေသောသူတို့တွင် သားဦးဖြစ်(လည်း)သည်။ သူသည် မိမိကိုဆီးတားဖမ်းချုပ်မထားနိုင်သော သေခြင်းကိုအောင်နိုင်၍ ထိုသေခြင်းမှပြန်လည်ထမြောက်ခဲ့သည်။ လူသားမျိုးနွယ်ပေါ်၌သေခြင်းတရား၏အချုပ်အနှောင်ကိုချိုးဖျက်ခဲ့သည်။ ဤအရာက ကျွန်ုပ်တို့ကိုယုံကြည်သူများအဖြစ်နှင့် မျှော်လင့်ချက်ကိုပေးပါသည်။ သူ့အားဖြင့်ကျွန်ုပ်တို့သည်လည်း သေခြင်းကို အနိုင်ယူနိုင်ကြပါသည်။ ကျွန်ုပ်တို့၏အောင်မြင်မှုမျှော်လင့်ချက်သည် သခင့်အပေါ်တွင် တည်မှီနေသည်။

အရာခပ်သိမ်းတွင်သူသည် အထွဋ်အမြတ်အရာနှင့်ထိုက်တန်သည်။ တစ်နည်းအားဖြင့်ဆိုရလျှင် အရာခပ်သိမ်းတွင်သူသည် ပထမနေရာနှင့်ထိုက်တန်သည်။ သူသည် ကျွန်ုပ်တို့၏ချီးမွမ်းခြင်း၊ ကြည်ညိုလေးစားခြင်းအားလုံးနှင့်ထိုက်တန်သည်။ သူသည်ကျွန်ုပ်တို့၏ဖန်ဆင်းရှင်ဖြစ်၍ ကျွန်ုပ်တို့ကိုနေ့စဉ်နှင့်အမျှကွယ်ကာစောင့်မပေးသောသူဖြစ်သည်။ သူသည်ကျွန်ုပ်တို့၏ကယ်တင်ရှင်ဖြစ်၍ ကျွန်ုပ်တို့၏ ဦးခေါင်းလည်းဖြစ်သည်။ သူသာမပါလျှင် ကျွန်ုပ်တို့မည်သည့်အရာမျှရှိကြလိမ့်မည်မဟုတ်ပါ။ သူသာမပါလျှင် ကျွန်ုပ်တို့ရှိခဲ့ကြမည်မဟုတ်ပါ။ သူ့ကိုအရာခပ်သိမ်းအတွက် ကျွန်ုပ်တို့အကြွေးတင်နေပါသည်။

အခန်းငယ် ၁၉ တွင် ရှင်ပေါလုကကောလောသဲယုံကြည်သူတို့အားဘုရားသခင်သည် မိမိ၏ခပ်သိမ်းသောပြည့်စုံခြင်းသည် သခင်ခရစ်တော်၌ ကိန်းဝပ်နေစေဖို့အလိုရှိကြောင်းကို ပြောပြခဲ့သည်။ ပြောရမည်ဆိုလျှင် ခမည်းတော်ဘုရား၏ဖြစ်တည်မှုအားလုံးသည် သားတော်၏ဖြစ်တည်မှုအားလုံးပင်ဖြစ်သည်။ သခင်ယေရှုသည်မိမိ၌ဘုရားသခင်၏တန်ခိုးတော်နှင့် အခွင့်အာဏာကိုအပြည့်အဝပိုင်ဆိုင်ထားသည်။ သူသည်ဘုရားသခင်ဟူသောစကားလုံး၏ အဓိပ္ပါယ်အားလုံးဖြစ်သည်။ သားတော်ကိုဂုဏ်ပြုချီးမြှောက်ခြင်းသည် ဘုရားသခင်ကိုဂုဏ်ပြုချီးမြှောက်ခြင်းဖြစ်သည်။ သားတော်သည် ခမည်းတော်ကဲ့သို့ချီးမွမ်းခြင်းနှင့် ကိုးကွယ်ဆည်းကပ်ခြင်းနှင့် ထိုက်တန်သည်။ သားတော်ကိုဂုဏ်အသရေပျက်စေခြင်းသည် ခမည်းတော်ကိုဂုဏ်အသရေပျက်စေခြင်းပင်ဖြစ်သည်။ သားတော်သည် ဘုရားအတိဖြစ်သည်။

သားတော်အားဖြင့်ခမည်းတော်သည် မြေကြီးပေါ်နှင့်ကောင်းကင်ပေါ်ရှိအရာအားလုံးကို မိမိနှင့်ပြန်လည်သင့်မြတ်စေခဲ့သည် (ငယ် ၂၀)။ ဤအချင်းအရာကိုလက်ဝါးကပ်တိုင်ထက်၌ သွန်းလောင်းခဲ့သောမိမိသားတော်၏အသွေးတော်မှ

တဆင့်ငြိမ်းချမ်းရေးကိုတည်ဆောက်ခြင်းဖြင့်ပြုလုပ်ခဲ့သည်။ ဤနေရာတွင် ကျွန်ုပ်တို့သုံးသပ်ဖို့အကြောင်းအရာအချို့ရှိသည်။

ခမည်းတော်နှင့်သားတော်တို့၏ စိတ်ဆန္ဒတို့ကိုသတိပြုပါ။ အရာခပ်သိမ်းကို သူတို့နှင့်ပြန်လည်သင့်မြတ်စေရန်မှာ ခမည်းတော်နှင့်သားတော်တို့၏ စိတ်ဆန္ဒပင်ဖြစ်သည်။ အထူးသဖြင့်ရှင်ပေါလုကကျွန်ုပ်တို့အား ဘုရားသခင်သည် မြေကြီးပေါ်၌ရှိသောအရာ၊ ကောင်းကင်၌ရှိသောအရာများကို ပြန်လည်သင့်မြတ်စေခဲ့သည်ဟုပြောပြခဲ့ပါသည်။ အပြစ်ဒုစရိုက်သည် ဘုရားသခင်နှင့်လူသားကြားတို့ကို စည်းခြားစေခဲ့သည်။ ဘုရားသခင်သည် ဤလောကကိုပစ်ထားခဲ့နိုင်ပါသည်။ သူသည် ကျွန်ုပ်တို့အားလုံးကို ကျွန်ုပ်တို့၏အပြစ်ဒုစရိုက်နှင့် ဆန့်ကျင်ပုန်ကန်ခြင်းတို့တွင် သေကြေပျက်ကီးကြရန် ခွင့်ပြုဖို့ရွေးချယ်နိုင်ခဲ့ပါသည်။ သို့သော်ဤသို့မပြုလုပ်ချင်ခဲ့ပါ။ သူနှင့်ပြန်လည်ဆက်ဆံခွင့်ကို ပြန်ပေးချင်ခဲ့သည်။ ဤသည်မှာ ဘုရားသခင်၏ နှလုံးသားဖြစ်သည်။ သင်သည်ဤကဲ့သို့သောဂရုစိုက်မှုနှင့် ချစ်ခြင်းတို့နှင့် မထိုက်တန်ပါဟု ကိုယ့်ကိုယ်ကိုထင်မှတ်နေနိုင်ပါသည်။ သင်သည်အပြစ်ဒုစရိုက်နှင့် ဆန့်ကျင်ပုန်ကန်တတ်ခြင်းတို့တွင်နေထိုင်ခဲ့၍ ဘုရားသခင်သည်သင့်ကိုအမှန်တကယ် ခွင့်မလွှတ်နိုင်ပါဟုထင်ကောင်းထင်မှတ်နိုင်ပါသည်။ ဤလောက၏ဖန်ဆင်းရှင်လည်းဖြစ်၊ တာရှည်ခံနိုင်စွမ်းပေးသောအရှင်လည်းဖြစ်၊ အုပ်စိုးရှင်လည်းဖြစ်သော ဘုရားသခင်၏စိတ်ဆန္ဒမှာ ကမ္ဘာမြေပေါ်ရှိ အပြစ်သားများနှင့် ကောင်းကင်ဘုံရှိ သန့်ရှင်းသောဘုရားသခင်တို့၏ အကြားရှိမိတ်သဟာယဖွဲ့ခြင်းကို ဆီးတားထားသော အဆီးအတားအနှောက်အယှက်အားလုံးကိုချိုးဖျက်၍ ချစ်ခြင်းမေတ္တာဖြင့် ကျွန်ုပ်တို့ဆီသို့ လက်ကမ်း၍လှမ်းလာရန်ဖြစ်သည်။ ဘုရားသခင်၏ကြီးမားသောစိတ်ဆန္ဒမှာ မိတ်သဟာယဖွဲ့ခြင်း၌ ကျွန်ုပ်တို့ကိုပြန်လည်ထားရှိရန်ဖြစ်သည်။ ဤအချင်းအရာကို

သင်နားလည်ချင်မှနားလည်ပေလိမ့်မည်။ သို့သော်ထိုနားမလည်နိုင်ခြင်းကို ဘုရားသခင်မှသင့်ကိုပေးကမ်းထောက်ပံ့လိုနေသောအရာကို လက်မခံနိုင်အောင် မဆီးတားစေပါနှင့်။ ဘုရားသခင်သည် မိမိအဖို့သင့်ကိုအမှန်လိုချင်ပါသည်။ သင့်ကိုအပြစ်ဒုစရိုက်၏အမှောင်နိုင်ငံထဲမှကယ်နှုတ်နိုင်ဖို့ မိမိ၏သားတော်ကို ဤလောက၌ မွေးဖွားရှင်သန်၍အသေခံရန်လိုလိုလားလားစေလွှတ်ခဲ့ပါသည်။ ဘုရားသခင်ကိုနှင်မထုတ်ပါနှင့်။

ဤနေရာ၌ ကျွန်ုပ်တို့တွေ့မြင်ဖို့လိုအပ်သည့်အရာမှာ အရာခပ်သိမ်းတို့ကိုမိမိနှင့်ပြန်လည်သင့်မြတ်စေရန်မှာ ဘုရားသခင်စိတ်ဆန္ဒဖြစ်ကြောင်း ရှင်ပေါလုကကျွန်ုပ်တို့အားပြောပြနေသောအချက်ဖြစ်သည်။ အဓိကပြောပြလိုသည့်အချက်မှာဖန်ဆင်းခြင်းအားလုံးသည် အပြစ်ဒုစရိုက်၏သက်ရောက်မှုများကိုခံစားခဲ့ရသည်။ ဤလောကသို့အပြစ်တရားဝင်ရောက်လာခဲ့သည့်အချိန်မှစ၍ ကမ္ဘာကြီးသည်၎င်း၏ ကျိန်ခြင်းအမင်္ဂလာကိုမအီမသာညည်းတွားရင်းခံစားနေခဲ့ရပါသည်။ အာဒံသည် မိမိ၏မိသားစုများအသီးအနှံကိုစားရဖို့ခက်ခဲပင်ပန်းစွာအလုပ်လုပ်ခဲ့ရသည်။ ရုပ်ဝတ္ထုပစ္စည်းများသည် ဆွေးမြေ့၍အိုဟောင်းရင့်ရော်ကြရသည်။ ရောဂါများနှင့်အမျိုးမျိုးသောဖျားနာခြင်းများက ကမ္ဘာကြီးကိုရုပ်ပျက်ဆင်းပျက်ဖြစ်စေခဲ့သည်။ ကပ်ရောဂါဆိုးများနှင့် ကံဆိုးမိုးမှောင်ကျခြင်းများသည် နေရာတိုင်းတွင်ဖြစ်ပျက်နေသည်။ ဖန်ဆင်းခြင်းအားလုံးသည် အပြစ်ဒုစရိုက်ကြောင့် ခက်ခဲပင်ပန်းခြင်းကိုခံစားနေရပါသည်။

ရှင်ပေါလုက ကျွန်ုပ်တို့အားဘုရားသခင်၏စိတ်ဆန္ဒမှာ အရာခပ်သိမ်းကိုပြန်လည်သင့်မြတ်စေရန်ဖြစ်သည်ဟု ပြောပြခဲ့စဉ်က သူသည်ဖန်ဆင်းခြင်းကိုလည်းထည့်သွင်းရည်ညွှန်းခဲ့ပါသည်။ ဤကမ္ဘာလောကကြီးကိုလည်းကောင်း၊ မိမိ၏

သားသမီးများကိုလည်းကောင်း ကောင်းကြီးမင်္ဂလာများပြန်လည်ချပေးရန်မှာ ဘုရားသခင်၏စိတ်နှလုံးသာဖြစ်သည်။ ဤအချင်းအရာ၏သက်သေအထောက်အထားများကိုဓမ္မဟောင်းကျမ်းတွင်တွေ့ရသည်။ ဘုရားသခင်၏လူတို့က ဘုရားသခင်ကိုကျောခိုင်းခဲ့ကြသောအခါ သူတို့၏ကောက်ပဲသီးနှံများမှာလည်း ထိုအပြုအမူ၏အကျိုးအဆက်ကိုခံစားခဲ့ကြရသည်။ ဘုရားသခင်၏ကောင်းကြီးမင်္ဂလာများကိုဘုရားသခင်၏လူတို့ထံမှ ရုပ်သိမ်းခဲ့ရုံသာမဟုတ် ၎င်းတို့၏ပြည်မှလည်းရုပ်သိမ်းခဲ့ပါသည်။ ဤအရာ၏ထင်ရှားသောပုံသာဓကကို ဟောရှေအနာဂတ္တိကျမ်းတွင်တွေ့ရသည် -

"အို ဣသရေလအမျိုးတို့၊ ထာဝရဘုရား၏အမိန့်ကိုနားထောင်ကြလော့။ ထာဝရဘုရားသည် ပြည်သူပြည်သားတို့နှင့် တရားတွေ့မှုရှိတော်မူ၏။ အကြောင်းမူကား၊ သူတို့သည်သစ္စာမရှိ၊ ဂရုဏာမရှိ၊ ဘုရားသခင်ကိုမသိကြ၊ ကျိန်ဆဲခြင်း၊ မုသာစကားကိုပြောခြင်း၊ လူအသက်ကိုသတ်ခြင်း၊ သူ့ဥစ္စာကိုခိုးခြင်း၊ သူ့မယားကိုပြစ်မှားခြင်းတို့၌ အဆီးအတားမရှိ၊ လူ့အသက်ကိုသတ်သောအပြစ်အထပ်ထပ်ရှိကြ၏။ ထို့ကြောင့်ပြည်သည် ငြိုငြင်လိမ့်မည်။ ပြည်သားအပေါင်းတို့တကွ တောသားရဲ၊ မိုးကောင်းကင်ငှက်တို့သည် အားလျော့ကြလိမ့်မည်။ ပင်လယ်ငါးတို့သည်လည်း ကုန်ကြလိမ့်မည်" (ဟောရှေ ၄း၁-၃)။

နာခံမှုမရှိခြင်းနှင့် ပင်လယ်ငါးတို့၏အရေအတွက်တို့ကြားတွင် ဆက်စပ်မှုရှိနေသည်။ တိုင်းပြည်အတွင်း၌ သစ္စာမရှိမှုများကြောင့် ပင်လယ်မှငါးတို့သည် သေကြေပျက်စီးကြရသည်။ ကောင်းကင်ထက်မှငှက်တို့နှင့် တောမှသားရဲတို့သည်လည်း

အလားတူခံစားကြရသည်။ ဤကမ္ဘာမြေပေါ်မှအပြစ်ဒုစရိုက်၏အကျိုးသက်ရောက်မှုများမှာ ကြောက်ခန်းလိလိပင်ဖြစ်သည်။

ဘုရားသခင်ထံသို့ ကျွန်ုပ်တို့စိတ်နှလုံးအကြွင်းမဲ့ဖြင့် ပြန်လှည့်လာကြသောအခါ ကျွန်ုပ်တို့၏အသက်တာ၌သာအပြောင်းအလဲများဖြစ်လာသည်မဟုတ်၊ ကျွန်ုပ်တို့၏တိုင်းပြည်တွင်လည်း အပြောင်းအလဲများရှိလာသည်။ ၆ ရာ ၇း၁၃-၁၄ မှ စကားလုံးများကိုနားဆင်ကြည့်ပါ။

> "မိုးမရွာစေခြင်းငှာ ငါသည်မိုးခေါင်စေသော်၎င်း၊ ကျိုင်းတို့သည်မြေအသီးအနှံကိုကိုက်စားစေခြင်းငှာ ငါမှာထားသော်၎င်း၊ ငါ့လူတို့၌ကာလနာကိုစေလွှတ်သော်၎င်း၊ ငါ့နာမဖြင့်သမုတ်သောငါလူတို့သည် ကိုယ်ကိုနှိမ့်ချသဖြင့် ငါမျက်နှာကိုရှာလျှက်ဆုတောင်းပဌနာပြု၍ အဓမ္မလမ်းကိုလွှဲရှောင်လျှင် ငါသည်ကောင်းကင်ဘုံ၌နားထောင်မည်။ သူတို့အပြစ်ကိုဖြေ၍ သူတို့ပြည်ကိုချမ်းသာပေးမည်။"

လူတို့၏အပြစ်ဒုစရိုက်ကြောင့် တိုင်းပြည်မှာလည်းဒုက္ခရောက်ခဲ့ရသည်။ ရာဇဝင်ချုပ်ဒုတိယစောင်ကိုရေးသားပြုစုခဲ့သောသူက ဘုရားသခင်၏လူတို့သည် ကိုယ့်ကိုယ်ကိုနှိမ့်ချ၍ ၎င်းတို့၏အပြစ်ဒုစရိုက်မှ လွှဲရှောင်လျှင် ဘုရားသခင်သည် ၎င်းတို့ကိုသာမဟုတ်၊ ၎င်းတို့၏တိုင်းပြည်ကိုလည်းချမ်းသာပေးမည်ဖြစ်သည်ဟု ကျွန်ုပ်တို့အားပြောပြပါသည်။

ဘုရားသခင်၏စိတ်ဆန္ဒမှာ ကျွန်ုပ်တို့နှင့်ပြန်လည်သင့်မြတ်ရုံသာမဟုတ် မိမိဖန်ဆင်းထားသောအရာများနှင့်လည်း ပြန်လည်သင့်မြတ်လိုကြောင်း ဤအချင်းအရာမှ ကျွန်ုပ်တို့သိရပါသည်။ ဘုရားသခင်သည် မိမိဖန်ဆင်းထားသောအရာများ

ကို မူလအခြေအနေ၌ပြန်လည်ထားရှိလိုသည်။ သူသည်ဤကမ္ဘာမြေကြီးကို ကျွန်ုပ်တို့၏ကောင်းကြီးမင်္ဂလာအရင်းအမြစ်တစ်ခုအဖြစ် ဖန်ဆင်းခဲ့သည်။ သို့သော် အပြစ်ဒုစရိုက်ကြောင့်၎င်းသည် ကျိန်ခြင်းအမင်္ဂလာဖြစ်လာခဲ့သည်။ ဘုရားသခင်၏စိတ်ဆန္ဒမှာ ဤကျိန်ခြင်းအမင်္ဂလာကိုပြောင်းပြန်လှန်ရန်ဖြစ်သည်။ စာတန်နှင့်အပြစ်ဒုစရိုက်တို့သည် ဘုရားသခင်၏ကောင်းကြီးမင်္ဂလာကို ချွတ်ယူသွားခဲ့ကြသည်။ အပြစ်ဒုစရိုက်သည် ဘုရားသခင်၏ကောင်းကြီးမင်္ဂလာကို ဤကမ္ဘာမြေကြီးထဲမှ ချွတ်ယူသွားခဲ့ပြန်သည်။ ဘုရားသခင်သည် မိမိ၏ကောင်းကြီးမင်္ဂလာကို သခင်ခရစ်တော်အားဖြင့် ဤကျိန်ခြင်းခံနေရများအားလုံး၌ တိုးချဲ့ချင်နေပါသည်။ သခင်ခရစ်တော်ပေးသောခွင့်လွှတ်ခြင်းတရား၏တန်ခိုးတော်သည် အပြစ်ဒုစရိုက်၏ကျိန်ခြင်းအမင်္ဂလာက ကျွန်ုပ်တို့ထံမှ ယူသွားသောအရာများအားလုံးကိုပြန်ပေးနိုင်ပါသည်။

## စဉ်းစားသုံးသပ်ရန်အချက်များ

- ဤကျမ်းချက်အရ ကျွန်ုပ်တို့သည် သခင်ခရစ်တော်ထံမှ မည်သည့်ကောင်းကြီးမင်္ဂလာများကို လက်ခံရရှိခဲ့ကြပါသနည်း။
- ရှင်ပေါလုက သခင်ယေရှုသည်သားဦးဖြစ်သည်ဟု ကျွန်ုပ်တို့အားပြောခဲ့ရာတွင် မည်သည့်အရာကိုဆိုလိုခဲ့ပါသနည်း။ ဤအရာ၏သွယ်ဝိုက်သက်ရောက်မှုများကာ အဘယ်နည်း။
- မိမိ၏ဖန်ဆင်းခြင်းအပေါ်၌ထားရှိသောဘုရားသခင်၏ စိတ်နှလုံးသားမှာ အဘယ်နည်း။
- လူတို့သည် သခင်ယေရှုက၎င်းတို့၏အသက်တာ၌ပြုလုပ်လိုသောအရာ

အပေါ်၌ စိတ်နှလုံးတံခါးများကိုဖွင့်ထားရန် အဘယ်ကြောင့်အခက်အခဲတွေ့နေကြပါသနည်း။

- မှောင်မိုက်၏ထိန်းချုပ်စိုးမိုးမှုအောက်၌ရှိနေခြင်းသည် မည်သည့်အရာနှင့်တူသနည်း။ ဘုရားသခင်အမြတ်နိုးဆုံးသောသားတော်၏ နိုင်ငံ၌ နိုင်ငံသားဖြစ်ရခြင်းသည် သင့်အသက်တာ၌မည်သည့်အပြောင်းအလဲများကို ဖန်တီးခဲ့ပါသနည်း။
- ဖန်ဆင်းခြင်းအပေါ်၌ရှိသော အပြစ်ဒုစရိုက်၏သက်ရောက်မှုကား အဘယ်နည်း။

## ဆုတောင်းရန်အချက်များ

- မှောင်မိုက်တန်ခိုးမှ သင့်ကိုကယ်ယူရာ၌ သခင်ယေရှုပြုလုပ်ခဲ့သောအရာအတွက် ကျေးဇူးတင်ချီးမွမ်းပါ။
- ဤမှောင်မိုက်တန်ခိုးကိုသင့်ကိုကယ်ယူခဲ့သည့်အပြစ်ကို သင်မသိလျှင် ယနေ့တွင်သင့်အားဖြေလွှတ်ပေးရန် သခင်ဘုရားကိုတောင်းလျှောက်ပါ။
- သခင်ခရစ်တော်၌ မည်သည့်ကောင်းကြီးမင်္ဂလာထူးကို သင်လက်ခံရရှိခဲ့ပါသနည်း။ ဤကောင်းကြီးမင်္ဂလာအတွက် ကျေးဇူးတင်ချီးမွမ်းရန်အချိန်အနည်းငယ်ယူပါ။
- မှောင်မိုက်တန်ခိုး၏အောက်၌ ယနေ့တိုင်ရှိနေသော မိတ်ဆွေများ (သို့) ချစ်ရသောသူများသင့်၌ရှိနေလျှင် ထိုသူတို့ကိုဖြေလွှတ်ပေးဖို့ သခင်ဘုရားကိုတောင်းလျှောက်ပါ။

၁၄

# စုံလင်ခြင်းသို့ရောက်၍ ဆက်သအံ့သောငှာ

---

**ကောလောသဲ ၁း၂၁-၂၉ ကို ဖတ်ရှုပါ**

ရှင်ပေါလုက ကောလောသဲယုံကြည်သူများအား သားတော်ယေရှု၏ ကားတိုင်ထက်၌အသေခံခြင်းအားဖြင့် အရာခပ်သိမ်းကိုမိမိနှင့်ပြန်လည်သင့်မြတ်စေရန်မှာ ခမည်းတော်၏စိတ်ဆန္ဒဖြစ်ကြောင်းပြောပြခဲ့သည်။ သတင်းကောင်းတရားတော်အားဖြင့် ဘုရားသခင်နှင့်ပြန်လည်သင့်မြတ်ခဲ့ကြသောသူများ ကောလောသဲမြို့တွင်ရှိခဲ့ကြသည်။ ဤပုဂ္ဂိုလ်များသည် သခင်ယေရှုပြုခဲ့သောအမှုကိုလက်ခံယုံကြည်ခဲ့ကြပြီး ခမည်းတော်နှင့်အမှန်ကန်ဆုံးသောဆက်ဆံရင်းနှီးခွင့်၌ ပြန်လည်ထားရှိခြင်းကိုခံကြရသည်။ ရှင်ပေါလုက ကောလောသဲယုံကြည်သူများအား ကယ်တင်ခြင်းဟူသောအရာသည် အစပထမပိုင်းသာဖြစ်ကြောင်းကိုပြောပြခဲ့သည်။ သူတို့သည် ဘုရားသခင်၏အမျက်တော်ရှုခြင်းမှကယ်တင်ခြင်းကိုခံထားရသောကြောင့် ထိုဘုရားသခင်နှင့် ဆက်ဆံရင်းနှီးမှုတွင် တိုးတက်ကြီးထွားလာကြဖို့လိုအပ်သည်။ ခရစ်တော်၏ကိုယ်ခန္ဓာကို သခင်ဘုရားနှင့်ဆုံတွေ့စေရန်ပြင်ဆင်ဖို့မှာ မိမိ၏အမှုတော်ဖြစ်ကြောင်းရှင်ပေါလုခံစားခဲ့သည်။ သူသည်ကောလောသဲယုံကြည်သူများကို

ပကတိပြည့်စုံ၍ သန့်ရှင်းသောအခြေအနေမျိုးဖြင့် သခင်ဘုရားထံ၌ဆက်သလိုခဲ့သည်။

တမန်တော်ကြီးက ကောလောသဲယုံကြည်သူများကို ၄င်းတို့သခင်ဘုရားကို မသိကျွမ်းမီအချိန်၌ရှိနေခဲ့ကြသောအခြေအနေကို ပြန်လည်အသိပေးခဲ့သည်။ သူတို့သည်ဘုရားသခင်နှင့်ခွဲထားခြင်းကိုခံရ၍ သူတို့၏စိတ်နှလုံးတွင်လည်း ဘုရားသခင်နှင့်ရန်သူများသဖွယ်ခံစားခဲ့ကြသည်။ ထိုအခြေအနေ၌ သူတို့ရှိနေခဲ့ကြသည့်အချိန်ကသူတို့သည်ဘုရားသခင်နှင့်မပတ်သက်ချင်ခဲ့ကြပါ။ ဘုရားသခင်ကိုယ်စားပြုရပ်တည်ပေးသောအရာအားလုံးကို သူတို့ဆန့်ကျင်ရပ်တည်ခဲ့ကြသည်။ ဘုရားသခင်သည်သန့်ရှင်းခြင်းကို ကိုယ်စားပြုရပ်တည်ခဲ့သော်လည်း သူတို့သည်အပြစ်ဒုစရိုက်၌ရှင်သန်ခဲ့ကြသည်။ ဘုရားသခင်သည်အကျင့်စာရိတ္တကောင်းခြင်းကို ကိုယ်စားပြုရပ်တည်ခဲ့သော်လည်း သူတို့သည်အကျင့်စာရိတ္တဖောက်ပြန်ခြင်းတွင် ရှင်သန်ခဲ့ကြသည်။ ဘုရားသခင်သည် သူတို့၏စိတ်နှလုံးနှင့် အဝေးဆုံးနေရာတွင်ရှိသောအရာဖြစ်သည်။ သို့သော်ဤအရာထက်ပိုသည့်အချက်မှာ သူတို့သည်ဘုရားသခင်၏ရန်သူများဖြစ်ကြသည့်အလျှောက် တရားစီရင်ခြင်းကိုသူတို့အတွက် ခွဲခန့်ထားခဲ့သည်။ သူတို့သည်အပယ်ငရဲ၌ချခံရခြင်းဖြင့် ဘုရားသခင်နှင့်ထာဝရကွဲကွာခြင်းသို့ဦးတည်နေခဲ့ကြသည်။ သူတို့သည် မိမိတို့၏အပြစ်ဒုစရိုက်နှင့်ဆန့်ကျင်ပုန်ကန်ခြင်းတို့ကြောင့် ဘုရားသခင်၏အမျက်ဒေါသအောက်၌ရှိနေကြပြီး သူတို့အပေါ်၌ထားရှိသော ထိုအမျက်ဒေါသ၏အကျိုးအဆက်ကို သူတို့ခံစားကြရမည်ဖြစ်သည်။

ကောလောသဲယုံကြည်သူများသည် တစ်ချိန်တစ်ခါ၌ ဘုရားသခင်၏ ရန်သူများဖြစ်ခဲ့ကြသော်လည်း ကားတိုင်တော်အားဖြင့် သူတို့သည်ဘုရားသခင်နှင့် ပြန်လည်သင့်မြတ်ခဲ့ကြပြီးဖြစ်သည်။ အပြစ်ဒုစရိုက်အတွက်ပြစ်ဒဏ်ခတ်ခြင်းမှာ သေခြင်း

ဖြစ်သည် (ရောမ ၆း ၂၃)။ သူတို့သည်သေဖို့ထိုက်တန်ခဲ့သော်လည်း သခင်ယေရှု သည် သူတို့အတွက်အသေခံခဲ့သည်။ သခင်ယေရှုသည် သူတို့၏အပြစ်ဒဏ်ကို မိမိအပေါ်၌တင်ဆောင်၍ သူတို့အတွက်အဖိုးအခကိုပေးခဲ့သည်။ သခင်ခရစ်တော် ပြုလုပ်ခဲ့သောအရာကိုလက်ခံယုံကြည်ခြင်းဖြင့် ဤကောလောသဲယုံကြည်သူများ သည် အပြစ်ဒဏ်မှလွတ်ကင်းခဲ့ကြရသည်။ ဘုရားသခင်နှင့်သူတို့အကြားရှိ အဆီး အတားများမှာ ဖယ်ရှားခံရပြီး သူတို့၏ဆက်ဆံရင်းနှီးမှုမှာလည်း မူလအခြေအနေသို့ ပြန်လည်ရောက်ရှိခဲ့သည်။ သူတို့ခံရမည့်အပြစ်ဒဏ်ကို သခင်ခရစ်တော်က ပေးဆပ် ပေးခဲ့ခြင်းအားဖြင့် သူတို့သည်ဘုရားသခင်နှင့်ပြန်လည်သင့်မြတ်ခဲ့ကြသော်လည်း သူတို့သည်ပကတိပြည့်စုံသောသူများမဖြစ်သေးကြောင်းကိုသတိပြုပါ။ အခန်းငယ် ၂၂ တွင် ရှင်ပေါလုက ကောလောသဲယုံကြည်သူများကို အပြစ်အနာအဆာနှင့် ကင်းပြီးပြစ်တင်စွပ်စွဲရန်မရှိ၍ မိမိ၏ရှေ့တော်၌ သန့်ရှင်းစင်ကြယ်ခြင်းနှင့်အတူ ဆက် သရန်ဘုရားသခင်သည် သူတို့ကိုသခင်ခရစ်တော်အားဖြင့် ပြန်လည်သင့်မြတ်စေခဲ့ ခြင်းဖြစ်ကြောင်း ပြောပြခဲ့သည်။ "ရန်" (to) ဟူသောစကားလုံးကို "ရန်ရည်ရွယ်၍" (in order to) ဟူ၍ အနက်ပြန်၍ရပါသည်။ ကောလောသဲယုံကြည်သူများသည် ရည်ရွယ်ချက်တစ်ခုအတွက် သခင်ခရစ်တော်နှင့် တစ်လုံးတစ်ဝတည်းပြန်လည် ပေါင်းစည်းခံခဲ့ကြရသည်ဟု ရှင်ပေါလုကပြောနေပါသည်။ ထိုရည်ရွယ်ချက်မှာ အပြစ်ဒုစရိုက်မှသူတို့ကိုဖြေလွှတ်ပေးရန်ဖြစ်သည်။ ကယ်တင်ခြင်းဆိုသည်မှာ ဘုရား သခင်ကသူတို့အသက်တာ၌ပြုလုပ်လိုသောအရာများ၏အစပထမပိုင်းသာဖြစ်သည်။

ယုံကြည်သူများဖြစ်ကြသည့်အလျောက် ကျွန်ုပ်တို့၏အသက်တာ၌ လုပ် ဆောင်ဖို့လိုအပ်သည့်အရာများရှိနေသေးကြောင်းကို ကျွန်ုပ်တို့သိထားကြသည်။ အပြစ်ဒုစရိုက်နှင့်လည်းကောင်း၊ ဇာတိစိတ်နှင့်လည်းကောင်း စစ်ပွဲဆင်နွှဲနေကြရန်

သမ္မာကျမ်းစာက ကျွန်ုပ်တို့ကိုစိန်ခေါ်ထားပါသည်။ အပြစ်ဒုစရိုက်၏အဖိုးအခကို ပေးဆပ်ပြီးဖြစ်သော်လည်း ဤအရာကကျွန်ုပ်တို့အားအပြစ်ဒုစရိုက်နှင့် ဘယ်သော အခါတွင်မျှကျတော့မည်မဟုတ်ဟု မဆိုလိုထားပါ။ သခင်ဘုရားက ကျွန်ုပ်တို့ကို လူဟောင်းဟူသောဖောက်ပြန်ခြင်းသဘော၌သေကြ၍ မိမိအတွက်အသက်ရှင်ကြ ရန် ဆင့်ခေါ်ထားသည် (ရော ၈း၁၃)။ ဤအရာမှာ ကျွန်ုပ်တို့၏ဝိညာဉ်ရေးရာ အသက်တာ၌ ဆက်လက်၍ဖြစ်ပျက်နေမည့်အရာဖြစ်သည်။

ဇာတိပကတိစိတ်နှင့်၎င်း၏ဆိုးညစ်သောတတ်မက်မှုများကို ကိုင်တွယ်ဖြေ ရှင်းခြင်းအမှုသည် ၎င်းတို့ဘက်မှကြိုးစားအားထုတ်မှုမပါဘဲ လုပ်ရသောအမှုမဟုတ် ကြောင်းကို ရှင်ပေါလုက ကောလောသဲယုံကြည်သူများကို ရှင်းရှင်းလင်းလင်းပြော ပြထားသည်။ အခန်းငယ် ၂၃ တွင် ရှင်ပေါလုကသူတို့ကိုဘုရားသခင်ရှေ့တော်၌ အပြစ်အနာအဆာနှင့်ကင်းပြီး ဖြစ်တင်စွပ်စွဲရန်မရှိ၍ သန့်ရှင်းစင်ကြယ်နေဖို့ဆိုလျှင် သူတို့အနေဖြင့် မိမိတို့၏ယုံကြည်ခြင်း၌တည်နေ၍ သတင်းကောင်းတရားတော်၌ ပေးသနားထားသောမျှော်လင့်ခြင်းတွင် တည်ဆောက်ကြပြီး မယုတ်မလျော့ဘဲရှိနေ ကြရမည်ဟုပြောပြထားသည်။ ဤမျှော်လင့်ချက်သည် ဆန့်ကျင်ပုန်ကန်တတ်သော လူများကို၎င်းတို့၏အပြစ်ဒုစရိုက်မှ ကယ်တင်ရန်ကြွလာသော သခင်ယေရှု၏ တရား ဒေသနာတော်ပင်ဖြစ်သည်။ ယုံကြည်သူများအနေဖြင့် ကျွန်ုပ်တို့သည် ဤမျှော်လင့် ချက်ကို မျက်ခြေပြတ်ခံ၍မရပါ။ ကျွန်ုပ်တို့သည်ဇာတိပကတိစိတ်က သခင် ခရစ်တော်၌ရရှိထားသော ကျွန်ုပ်တို့၏အပြစ်ခွင့်လွှတ်ခံရခြင်း၏စစ်မှန်မှု၌ ရှင်သန် နေထိုင်ခြင်းကိုဟန့်တားနှောက်ယှက်ခွင့်မပြုသင့်ပါ။ ဤမျှော်လင့်ချက်တွင် ကျွန်ုပ် တို့စွဲစွဲမြဲမြဲရပ်တည်နေကြရမည့်အကြောင်းမှာ ကျွန်ုပ်တို့၏အောင်မြင်ခြင်းသည် သခင် ခရစ်တော်၌သာရှိနေကြောင်းဖြစ်သည်။

ယုံကြည်ခြင်း၌ ဆက်လက်လျှောက်လှမ်းခြင်းတွင် ရုန်းကန်လှုပ်ရှားရခြင်းများလည်းပါသည်။ ခရစ်ယာန်တို့၏ဘဝခရီးသည် လွယ်ကူချောမောသောလမ်းခရီးဖြစ်လိမ့်မည်ဟု ဘုရားသခင်မည်သည့်အခါကမျှ ကတိမပေးခဲ့ပါ။ အချို့သောသူများသည် အလွန်ကြီးမားသောဆန့်ကျင်ရန်လုပ်ခြင်းများကို ရင်ဆိုင်တွေ့ကြုံခဲ့ရပြီး၊ သေခြင်းကိုပင်မြည်းစမ်းခဲ့ကြရသည်။ သခင်ယေရှုလုပ်ဆောင်ခဲ့သောအမှုတော်အားဖြင့် ဘုရားသခင်နှင့်ပြန်လည်သင့်မြတ်နေခဲ့ကြသော ယုံကြည်သများပင်လျှင် ၄င်းတို့အသက်တာ၏အချို့သောကဏ္ဍများတွင် ဘုရားသခင်ကိုအကြွင်းမဲ့အပ်နှံခြင်းမပြုကြရသေးပေ။ သင်သည်သခင်ယေရှု၏ယဇ်ပူဇော်ခံခြင်းကိုလက်ခံယုံကြည်၍ ဘုရားသခင်၏သားသမီးတစ်ဦးဖြစ်ကောင်းဖြစ်နေပါလိမ့်မည်။ သို့သော်သင်သည် သန့်ရှင်းစင်ကြယ်ခြင်းအတွက် ကြိုးစားအားထုတ်နေပါသလား။ ကောလောသဲယုံကြည်သူများထံ၌လည်းကောင်း၊ ကျွန်ုပ်တို့အားလုံးထံ၌လည်းကောင်း ပြုလုပ်ခဲ့သောရှင်ပေါလု၏စိန်ခေါ်ချက်မှာ အရာခပ်သိမ်း၌ သန့်ရှင်းစင်ကြယ်စွာပြုမူနေထိုင်ခြင်းကို ကျွန်ုပ်တို့၏ရည်မှန်းချက်ပန်းတိုင်အဖြစ်သတ်မှတ်ဖန်တီးကြရန်ဖြစ်သည်။

ရှင်ပေါလုသည် မိမိကိုယ်ကို သတင်းကောင်းတရားတော်၏ အစေခံကျွန်ဖြစ်သည်ဟုရှုမြင်ခဲ့သည် (ငယ် ၂၄)။ ရှင်ပေါလုသည် မိမိ၏အသက်တာကို၎င်း သတင်းကောင်းတရားတော်အား ဟောပြောခြင်း၌လည်းကောင်း၊ လူတို့ကို၎င်း မျှော်လင့်ချက်၌ လက်တွေ့ရှင်သန်နေထိုင်ကြရန် ကူညီပံ့ပိုးပေးခြင်း၌လည်းကောင်း ဆက်ကပ်ထားခဲ့သည်။ ရှင်ပေါလုက လူတို့ကိုသခင်ခရစ်တော်၌ သူတို့အားပေးသနားထားသောကယ်တင်ခြင်းကို လမ်းညွှန်ပြသပေးခြင်းသည်သာလျှင် မိမိ၏တာဝန်မဟုတ်ကြောင်း၊ ထိုကယ်တင်ခြင်း၌ရင့်ကျက်လာကြရန် သူတို့ကိုကူညီပံ့ပိုးပေးရန်မှာလည်း မိမိတာဝန်ဖြစ်ကြောင်းခံစားခဲ့သည်။ ဧဝံဂေလိပြုလုပ်ခြင်းနှင့်

တပည့်တော်ဖန်တီးမွေးထုတ်ပေးခြင်းသည် လက်ချင်းချိတ်၍သွားလာကြသည်။ ကျွန်ုပ်တို့သည်ကလေးငယ်တစ်ယောက်ကို မွေးဖွားသန့်စင်ပေး၍ ထိုကလေးငယ်ကို ပစ်ထား၍အဝေးကိုထွက်မသွားကြပါ။ ထိုကလေးငယ်ရင့်ကျက်ကြီးထွားလာသည့်အချိန်အထိ ကျွန်ုပ်တို့ကျွေးမွေးစောင့်ရှောက်ပေးကြပါသည်။ ဤအတိုင်းပင် ရှင်ပေါလုက ကောလောသဲယုံကြည်များအပေါ်၌ခံစားခဲ့သည်။ ကောလောသဲယုံကြည်သူများ ဘုရားသခင်၏နိုင်ငံတော်၌ဝင်းစားကြသည်ကိုမြင်ရခြင်းသည်သာလျှင် မိမိ၏တာဝန်မဟုတ်၊ သန့်ရှင်း၍အပြစ်တင်ခွင့်နှင့်ကင်းသော သားသမီးများအဖြစ်သခင်ယေရှုကိုဆက်ဆံရန်မှာလည်း မိမိ၏တာဝန်ဖြစ်သည်ဟု ရှင်ပေါလုခံစားခဲ့သည်။

အခန်းငယ် ၂၄ သည် နားလည်ဖို့အနည်းငယ်ခက်ခဲနိုင်ပါသည်။ ရှင်ပေါလုက ကောလောသဲယုံကြည်သူများအား ၎င်းတို့အတွက်ဆင်းရဲခြင်းဒုက္ခကို ခံစားရန်ကိုလည်းကောင်း၊ သခင်ခရစ်တော်၏ဆင်းရဲခြင်းဒုက္ခခံစားရခြင်း၌လိုအပ်ခဲ့သောအရာများကို ဖြည့်ဆည်း၍ဆင်းရဲခံရန်ကိုလည်းကောင်း မိမိဝမ်းမြောက်ပါသည်ဟုပြောခဲ့ပါသည်။ ဤအရာကိုကျွန်ုပ်တို့မည်သို့နားလည်ကြရမည်နည်း။ ရှင်ပေါလုသည် ကားတိုင်ထက်၌အပြီးအပြတ်လုပ်ဆောင်ခဲ့သောအမှုကို မေ့မိန်သေးသိမ်သွားစေရန် မရည်ရွယ်ခဲ့ကြောင်းကို ကျွန်ုပ်တို့သိထားဖို့လိုအပ်သည်။ ကားတိုင်ထက်၌ ခံစားခဲ့သောဆင်းရဲခြင်းဒုက္ခအားဖြင့် သခင်ယေရှုသည် ကျွန်ုပ်တို့၏ကယ်တင်ခြင်းအတွက် ဖြည့်ဆည်းရန်လိုအပ်သောအရာများအားလုံးကို ဖြည့်ဆည်းပေးဆုံစေခဲ့ပါသည်။ ကျွန်ုပ်တို့၏ပြည့်ဝပြည်စုံသောရွေးနှုတ်ခြင်းအတွက် ခံစားသွားရန်လိုအပ်သောအရာအားလုံးကိုခံစားခဲ့ပါသည်။

ရှင်ပေါလုက ကောရိန္သုသြဝါဒစာဒုတိယစောင်တွင် သခင်ခရစ်တော်ခံစား

ခဲ့သောဆင်းရဲခြင်းဒုက္ခများသည် ကျွန်ုပ်တို့၏အသက်တာ၌ ပြည့်လျှံလျှက်စီးဝင်နေပါသည်ဟုပြောဆိုထားသည်မှာ-

> အဘယ်ကြောင့်နည်းဟူမူကား၊ ခရစ်တော်ကြောင့်ငါတို့ခံရသော ဒုက္ခဝေဒနာအလွန်များပြားသည်နည်းတူ၊ ခရစ်တော်၏ကျေးဇူးအားဖြင့်ငါတို့ခံရသောသက်သာခြင်းသည် အလွန်များပြား၏ (၂ကော ၁း၅)။

ဘုရားသခင်၏သားသမီးများနှင့် ခရစ်တော်၏နောက်လိုက်များဖြစ်ကြသည့်အလျှောက် ကျွန်ုပ်တို့သည်သခင်ခရစ်တော်အတွက် ဆင်းရဲခြင်းဒုက္ခကိုခံစားကြရပေမည်။ ဤလောကတွင်ဘုရားသခင်၏နိုင်ငံတော်ကို စွန့်လွှတ်အနစ်နာခံ၍ပေးဆပ်ခြင်းများနှင့် ချဲ့ထွင်ကြရသည်။ ဘုရားသခင်၏အမှုတော်ကို ကျယ်ပြန့်စေ၍နိုင်ငံတော်ကိုတည်ထောင်ကြမည်ဆိုလျှင် စွန့်လွှတ်အနစ်နာခံခြင်းသည် ဦးစွာလာရမည်အကြောင်းမှာ သခင်ခရစ်တော်ကလည်း စွန့်လွှတ်အနစ်နာခံ၍ ဆင်းရဲခြင်းဒုက္ခကိုခံစားခဲ့သောကြောင့်ဖြစ်သည်။ ထို့အပြင် သခင်ယေရှု၏ပုံဥပမာကို လိုက်လျှောက်ရန်ဆန္ဒရှိနေကြသောကြောင့် စွန့်လွှတ်အနစ်ခံခြင်းသည် ဦးစွာဖြစ်ပေါ်ရမည်။ ခက်ခဲစွာရုန်းကန်လှုပ်ရှားရခြင်းနှင့် နာကျင်မှုမပါလျှင် တိုက်ပွဲကိုအနိုင်ရဖို့မည်သည့်စစ်သူရဲကမျှ မျှော်လင့်ထားမည်မဟုတ်ပါ။ သခင်ယေရှု၏နာမတော် ဘုန်းတော်ထင်ရှားဖို့နှင့် ဤလောက၌သခင်ယေရှု၏ နိုင်ငံတော်ကိုတည်ထောင်ရန်အတွက် ကျွန်ုပ်တို့သည်လည်းအရာအားလုံးကိုစွန့်လွှတ်စွန့်စားခဲ့ကြပါသည်။ သခင်ယေရှုအဖို့အလို့ငှာ ကျွန်ုပ်တို့ရှေ့ဆက်ချီတွက်ကြသည်နှင့်အမျှ ကျွန်ုပ်တို့သည်သူ၏ဆင်းရဲခြင်းဒုက္ခ၌ပါဝင်ဆင်နွဲကြပါသည်။

အခန်းငယ် ၂၅ တွင် ရှင်ပေါလုက ကောလောသဲယုံကြည်သူများအား

ဘုရားသခင်၏နှုတ်ကပတ်တရားတော်ကို အကုန်အစင်ဟောပြောဖို့ ဘုရားသခင်က သူ့ကိုတာဝန်ပေးအပ်ထားကြောင်းပြောပြခဲ့သည်။ ဤနှုတ်ကပတ်တော်သည် ခေတ်ကာလပတ်လုံးဝှက်ထားလျှက်ရှိသော်လည်း ယခုတွင်မူ တပါးအမျိုးများနှင့် ယုဒအမျိုးများမှ သန့်ရှင်းသူများထံ၌ဖော်ထုတ်ပြသထားပြီဖြစ်သည်။ ထိုဝှက်ထားလျှက်ရှိခဲ့သော နှုတ်ကပတ်တော်မှာ အဘယ်အရာနည်း။ ရှင်ပေါလုက ထိုနှုတ်ကပတ်တရားတော်မှာ "သင်တို့အထဲ၌တည်တော်မူသောခရစ်တော်ပေတည်း"ဟု ပြောခဲ့သည် (ငယ် ၂၇)။ ဤအရာကိုအသေးစိတ်လေ့လာသုံးသပ်ကြည့်ကြပါစို့။

အချိန်တည်းဟူသောကာလစတင်ချိန်မှစ၍ လူသားမျိုးနွယ်တစ်ခုလုံး၌ အခြေခံ ပြဿနာတစ်ခုရှိနေခဲ့သည်။ ထိုပြဿနာမှာ အပြစ်ဒုစရိုက်ပြဿနာဖြစ်၍ ၎င်းသည်ကျွန်ုပ်တို့ကိုဘုရားသခင်နှင့်ကင်းကွာစေခဲ့ပါသည်။ ဤပြဿနာကြောင့် လူသားမျိုးနွယ်တစ်ခုလုံးသည် ဘုရားသခင်နှင့်ထာဝရကင်းကွာသွားဖို့ ခွဲခန့်ခံထားခဲ့ရသည်။ ဧဒင်ဥယျာဉ်ကြီးထဲတွင် ဘုရားသခင်က အပြစ်ဒုစရိုက်၏ ထိန်းချုပ်အုပ်စိုးမှုကိုဖြိုခွဲဖျက်ဆီးမည်ဟု ကတိပြုခဲ့သည်။ နောင်လာမျိုးဆက်သစ်များတွင် ဤကတိတော်မည်သို့ဖြစ်ပျက်လာမည်ကို လူတို့အံ့အားသင့်နေခဲ့ကြသည်။ အပြစ်ကြီးသောလူသားများနှင့် သန့်ရှင်းသောဘုရားသခင်မည်သို့ပေါင်းစည်းနိုင်ခဲ့ပါမည်နည်း။ ဤသည်မှာ အလွန်နက်ရှိုင်းသော နက်နဲမှုဖြစ်ခဲ့သည်။ ကယ်တင်ရှင်နှင့်ကယ်တင်ခြင်းအကြံအစည်တို့သည် မျိုးဆက်များစွာထံမှဝှက်ထားခဲ့သည်။ သို့သော်ရှင်ပေါလုက ကောလောသဲယုံကြည်သူများအား ထိုအကြံအစည်သည် သခင်ယေရှုအားဖြင့် ထုတ်ဖော်ပြသခဲ့ပြီးဖြစ်သည်ဟုပြောခဲ့သည်။

ဘုရားသခင်သည် မိမိလူတို့၏စိတ်နှလုံးနှင့် အသက်တာတွင်မိမိသားတော်၏ ဝိညာဉ်တော်ကိုထားရှိသွားပါတော့မည်။ ဤအချင်းအရာအားဖြင့်ဆိုလိုထား

သည်မှာ ဘုရားသခင်သည်သူတို့၏အပြစ်ဒုစရိုက်ကိုသာ ခွင့်လွှတ်ပေးခဲ့သည် မဟုတ်၊ မိမိ၏သဏ္ဌာန်တော်နှင့်အညီဖြစ်တည်လာကြရန် သူတို့ကိုအစွမ်းအစပေး ခဲ့သည်။ သူတို့အထဲ၌ရှိသောသားတော်သည် သူတို့ကိုခမည်းတော်၏မျက်မှောက် တော်၌ ဘုန်းကြီးခြင်း၊ မျှော်လင့်ချက်ကိုသူတို့အားပေးခဲ့လိမ့်မည်။ သူတို့သည် တစ် နေ့တွင်ခမည်းတော်ဘုရားရှေ့၌အပြစ်အနာအဆာကင်း၍ ပြစ်တင်ခွင့်နှင့်လွတ် သောသန့်ရှင်းသူများအဖြစ်နှင့် ဆက်သခြင်းကိုခံရဖို့သခင်ယေရှုသည်သူတို့၏ တစ်ခု တည်းသောမျှော်လင့်ချက်ဖြစ်သည် (မဿဲ ၁၀း၃၂)။ လက်ဝါးကပ်တိုင်ထက်၌ပြုခဲ့ သော အမှုအားဖြင့်လည်းကောင်း၊ ယုံကြည်သူများ၏စိတ်နှလုံးနှင့်အသက်တာ၌ ပြုခဲ့သောအမှုအားဖြင့်လည်းကောင်း၊ ယုံကြည်သူများ၏စိတ်နှလုံးနှင့်အသက်တာ၌ အမြဲတမ်းကိန်းဝပ်နေခြင်းအားဖြင့်လည်းကောင်း၊ သခင်ခရစ်တော်သည် ခမည်းတော် ၏အကြံအစည်နှင့်ရည်ရွယ်ချက်များကို သူတို့၌အထမြောက်ပြည့်စုံစေပါလိမ့်မည်။

ယနေ့ခေတ်တွင် ကျွန်ုပ်တို့သည်အဘယ်မျှကြီးသောအခွင့်အရေးကို ရရှိနေ ကြပါသနည်း။ ဘုရား၏အကြံအစည်များဖွင့်ချပြသနေမှုကို ကျွန်ုပ်တို့တွေ့မြင်ကြရ သည်။ ကယ်တင်ရှင်ကိုလည်းကျွန်ုပ်တို့တွေ့မြင်ကြရသည်။ ဘုရားသခင်၏သန့်ရှင်း သောဝိညာဉ်တော်သည် ကျွန်ုပ်တို့အထဲ၌ရှိနေခြင်း၏ အဖြစ်မှန်ကိုကျွန်ုပ်တို့တွေ့ကြုံ ခံစားနေကြသည်။ ခမည်းတော်ရှေ့၌ဘုန်းကြီးခြင်းဟူသော အံ့ဖွယ်မျှော်လင့်ချက် ကို ကျွန်ုပ်တို့၏စိတ်နှလုံးသားများထဲ၌ သိထားကြသည်။ အခန်းငယ် ၂၈ တွင် ရှင်ပေါလုက ကောလောသဲယုံကြည်သူများကို ဉာဏ်နက်နဲခြင်းအားဆုံးမတိုက်တွန်း ခြင်း၊ သွန်သင်ပေးခြင်းများဖြင့် မိမိထုတ်ဖော်ဟောကြားနေကြောင်း ပြန်လည်အသိ ပေးခဲ့သည်။

ဆုံးမတိုက်တွန်းခြင်းဆိုသည်မှာ သတိပေးခြင်း (သို့) ရှောင်ကြဉ်ရန်သတိ

ပေးခြင်းဖြစ်သည်။ ရှင်ပေါလုသည် မိမိ၏တရားနာပရိတ်သတ်များကို ဆုံးမတိုက်တွန်းခဲ့ပါသည်။ ဤဒေသနာတော်၏သတိပေးချက်ကို ကျွန်ုပ်တို့၏ခေတ်ကာလတွင်တစ်ဖန်ပြန်လည်ကြားနာကြဖို့လိုအပ်ကောင်းလိုအပ်နေပါလိမ့်မည်။ သခင်ခရစ်တော် ဤဒေသနာတော်နှင့်ဆက်စပ်နေသော အရေးပါသည့်သွယ်ဝိုက်သက်ရောက်မှုများ ကျွန်ုပ်တို့၏အသက်တာတွင်ရှိနေပါသည်။ ဘုရားသခင်၏ဝိညာဉ်တော်သည် ကျွန်ုပ်တို့အထဲ၌ရှိနေလျှင် ကျွန်ုပ်တို့သည် ထိုဝိညာဉ်တော်ကို ဝမ်းနည်းကြေကွဲစေကြရဲမည်မဟုတ်ပါ။ သခင်ခရစ်တော်၏ဝိညာဉ်တော် ကျွန်ုပ်တို့အထဲ၌ရှိကြောင်းကို ကျွန်ုပ်တို့နားလည်ထားလျှင် ကျွန်ုပ်တို့၏အပြောအဆို၊ အသွားအလာ၊ အပြုအမူများတွင် သတိထားကြပါလိမ့်မည်။ သခင်ခရစ်တော်၏ဝိညာဉ်တော် ကျွန်ုပ်တို့၏အထဲ၌ရှိခြင်းဖြင့် ကျွန်ုပ်တို့သည်ထူးခြားသောသူများဖြစ်နေကြသည်။ ဤလောကကြီး၏ ရှေ့မှောက်တွင်ပုံသက်သေကောင်းများကို ထိန်းသိမ်းကြရမည်။ ကျွန်ုပ်တို့သည်သခင်ယေရှု၏ကိုယ်စားလှယ်များဖြစ်ကြသည်။ ကျွန်ုပ်တို့၏ကိုယ်ခန္ဓာသည် သန့်ရှင်းသောဝိညာဉ်တော်ကိန်းဝပ်ရာနေရာဖြစ်သည်။ ဤအချင်းအရာသည် အသက်တာနှင့်အပြုအမူများကို ပြောင်းလဲရပေမည်။ ရှင်ပေါလု၏စိတ်နှလုံးသားမှာ ယုံကြည်သူများရင့်ကျက်လာ၍ သခင်ခရစ်တော်၌ဖြစ်သင့် ဖြစ်ထိုက်ကြသည့်အတိုင်း ဖြစ်လာကြခြင်းကိုတွေ့မြင်ရန်ဖြစ်သည်။

ဆုံးမတိုက်တွန်းခြင်းနှင့်ဆိုင်သည့် နောက်ထပ်ရှုမြင်ပုံတစ်ခုရှိသည်။ လူတို့သည် ခရစ်ယာန်အသက်တာကို မိမိအထင်အမြင်အတိုင်း နေထိုင်ကျင့်ကြံရန် အကြိမ်မည်မျှကြိုးစားအားထုတ်ခဲ့ကြပါသနည်း။ သူတို့က ကုသိုလ်ကောင်းမှုများသည် ဘုရားသခင်၏နိုင်ငံတော်၌နေရာတစ်နေရာကို ထိုက်ထိုက်တန်တန်ရရန်လုံလောက်သည်ဟုယုံကြည်ထားကြသည်။ “သင်တို့အထဲ၌တည်တော်မူသော

ခရစ်တော်”၏ တရားဒေသနာက ကျွန်ုပ်တို့အားကယ်တင်ခြင်းအတွက် အခြားလမ်းမရှိပါဟု ပြန်လည်အသိပေးထားပါသည်။ သခင်ခရစ်တော်တစ်ပါးတည်းသာလျှင် ကျွန်ုပ်တို့၏ ကယ်တင်ခြင်းဖြစ်သည်။ သခင်ခရစ်တော်တစ်ပါးတည်းကသာလျှင် ဘုရားသခင်နှင့် ကျွန်ုပ်တို့အကြားတွင်ပြန်လည်သင့်မြတ်ခြင်းကို ဖြစ်စေနိုင်ပါသည်။ ကယ်တင်ခြင်းအတွက် လူသားတို့၏ကြိုးစားအားထုတ်မှု၌ ယုံကြည်ကိုးစားခြင်း၏ အချည်းနှီးဖြစ်ခြင်းကို ရှင်ပေါလုက သတိပေးခဲ့သည်။ ရှင်ပေါလုကမိမိ၏စာဖတ်ပရိတ်သတ်အား သူတို့၌ရှိထားသောဘုန်းအသရေကိုမျှော်လင့်ခြင်းသည် သူတို့အထဲ၌ရှိသော သခင်ခရစ်တော်၏ဝိညာဉ်တော် မျက်မှောက်ပြုခြင်းပင်ဖြစ်သည်။

ရှင်ပေါလုက ဤသမ္မာတရားကို မိမိသွားလေရာရာ၌သွန်သင်ပေးခဲ့သည်။ ကျွန်ုပ်တို့လေ့လာတွေ့မြင်ခဲ့ကြသည့်အတိုင်း ကျွန်ုပ်တို့အထဲ၌သခင်ခရစ်တော်ကိန်းဝပ်နေထိုင်နေသည်ဟူသော ဤသမ္မာတရားတွင် သွယ်ဝိုက်သောအဓိပ္ပါယ်သက်ရောက်မှုအမျိုးမျိုးရှိသည်။ ဤသမ္မာတရားသည် ကျွန်ုပ်တို့၏ရှင်သန်နေထိုင်ပြုမူပုံများကို ပြောင်းလဲသင့်ပါသည်။ ရှင်ပေါလု၏စိတ်ဆန္ဒမှာ ခရစ်ယာန်များအား သခင်ခရစ်တော်၏မျက်မှောက်ပြုခြင်းကိုငင်းတို့၏အထဲ၌ လက်ခံရရှိပြီးနောက်ပိုင်းတွင် မည်သို့ရှင်သန်နေထိုင်ကြရမည်ကို သွန်သင်ပေးရန်ဖြစ်သည်။ ရှင်ပေါလုက ဤတရားတော်အားဖြင့် သတိပေးဆုံးမ၍ သွန်သင်တိုက်တွန်းပေးနေရခြင်းမှာ ကြားနာရသောသူများအနေဖြင့် အကျင့်စာရိတ္တလက္ခဏာတို့၌ စုံလင်ခြင်းသို့ရောက်လာကြရန်ဖြစ်ကြောင်းကိုသတိပြုပါ (ငယ် ၂၈ ကိုကြည့်ပါ)။ သင်သည်ရင့်ကျက်၍ သခင်ခရစ်တော်နှင့်သဏ္ဍာန်တူလိုလျှင် သင်သည် “သင်တို့၌တည်သောသခင်ခရစ်တော်” ဟူသောတရားတော်ကိုနားလည်ဖို့လိုအပ်သည်။ သင်သည်ခရစ်ယာန်အသက်တာကို မိမိ၏ခွန်အားဗလဖြင့် ရှင်သန်ကျင့်ကြံခြင်းကိုရပ်တန့်၍ ဘုရား

သခင်၏ဝိညာဉ်တော်ကိုသင့်ရဲ့လမ်းပြနှင့် သင့်ရဲ့ခွန်အားဗလဖြစ်စေလိုက်ပါ။ သူ တစ်ပါးတည်းကသာလျှင် သင့်ကိုစုံလင်စေနိုင်ပါသည်။

ရှင်ပေါလု၏ ပြင်းပြသောစိတ်ဆန္ဒမှာ ယုံကြည်သူများစုံလင်သောရင့်ကျက်ခြင်း၌ တိုးပွားလာသည်ကိုတွေ့မြင်ရန်ဖြစ်သည်။ ဤအချင်းအရာကိုပြုလုပ်ဖို့ သူ၌ရှိသမျှသောစွမ်းအင်များဖြင့် ကြိုးစားအားထုတ်ရန် ရုန်းကန်လှုပ်ရှားခဲ့သည်ကို အခန်းငယ် ၂၉ တွင် သတိပြုပါ။ ယုံကြည်သူများကို စုံလင်စေခြင်းအမှုတော်၌ ပါဝင်အမှုတော်ဆောင်သောသူများက ဤအလုပ်မှာအဘယ်မျှခက်ခဲပင်ပန်းသည်ကို သဘောပေါက်ကြသည်။ ဤနည်းလမ်းဖြင့်အစေခံကြသောသူများအတွက် ဘုရားသခင်ကိုချီးမွမ်းပါသည်။ ယနေ့ထက်တိုင် ဘုရားသခင်သည် သင်းအုပ်များ၊ သွန်သင်သူဆရာများ၊ ဧဝံဂေလိဆရာများကို ပြုစုမွေးထုတ်ခဲ့ပါသည်။ သူတို့သည် ယုံကြည်သူများကိုလည်းပတ်ခြင်း၊ နားထောင်ပေးခြင်း၊ အကြံပြုနှစ်သိမ့်ပေးခြင်း၊ တိုက်တွန်းခွန်အားပေးခြင်းတို့ဖြင့် အမှုတော်ဆောင်ကြပါသည်။ သူတို့သည်ခရစ်တော်၏ကိုယ်ခန္ဓာတော်အတွက် အချိန်နာရီများစွာကို အသုံးပြု၍ အိပ်ပျက်ညများစွာကိုဖြတ်သန်းခဲ့ကြသည်။ သူတို့ဆုတောင်းကြသည်။ ဟောပြောကြသည်။ ငိုကြွေးခဲ့ကြပါသည်။ သူတို့ဤအချင်းအရာကိုပြုလုပ်ခဲ့ရခြင်းမှာ သူတို့၏အကြီးမားဆုံးသောဝမ်းမြောက်ခြင်းသည် ရှင်ပေါလုကဲ့သို့ ယုံကြည်သူများစုံလင်ခြင်းသို့ ဦးတည်ရွေ့လျားနေကြသည်ကို မြင်ရခြင်းဖြစ်သည်။

အခန်းငယ် ၂၉ တွင် ကျွန်ုပ်တို့လေ့လာသုံးသပ်သွားဖို့လိုအပ်သည့် နောက်ထပ်အရေးကြီးသောအသေးစိတ်အကြောင်းအရာတစ်ခုရှိနေသေးသည်။ ရှင်ပေါလုသည် မိမိ၏အစွမ်းဖြင့်ကြိုးစားအားထုတ်၍ ရုန်းကန်လှုပ်ရှားခဲ့ခြင်းမဟုတ်၊ သူအထဲ၌ ကိန်းဝပ်နေသောသခင်ခရစ်တော်၏ဝိညာဉ်တော်အားဖြင့် ပေးသနားခံရသော

တန်ခိုးစွမ်းအင်ဖြင့် ကြိုးစားအားထုတ်၍လုပ်ရှားရုန်းကန်ခဲ့သည်ကိုသတိပြုပါ။ ဤအချက်ကိုမေ့လျော့လွဲချော်သွားဖို့ ကျွန်ုပ်တို့အတွက်အဘယ်မျှလွယ်ကူပါသနည်း။ ရှင်ပေါလု၏အကန့်အသတ်မဲ့သောတန်ခိုးစွမ်းအင်သည် သူရဲ့ပင်ကိုယ်တန်ခိုးစွမ်းရည်မဟုတ်ပါ။ ရှင်ပေါလုက သူရဲ့တန်ခိုးစွမ်းအင်များကို သူ့အသက်တာ၌ရှိနေသောဘုရားသခင့်ဝိညာဉ်တော်၏ တန်ခိုးတော်ပြုပြင်အားထုတ်တော်မူခြင်းဖြစ်သည်ဟုအသိအမှတ်ပြုခဲ့သည်။ အရာခပ်သိမ်း၌ ဘုရားသခင်၏ဝိညာဉ်တော်ကိုကျွန်ုပ်တို့အားလမ်းပြဦးဆောင်စေသောအခါ အရာအားလုံးထူးခြားလာပါသည်။ သန့်ရှင်းသူတို့အားစုံလင်စေခြင်းအမှုသည် သန့်ရှင်းသောဝိညာဉ်တော်၏အမှုဖြစ်သည်။ ကျွန်ုပ်တို့သည်စိတ်နှလုံးတံခါးများကိုဖွင့်ကြမည်ဆိုလျှင် သခင်ခရစ်တော်၏ဝိညာဉ်တော်သည် ကျွန်ုပ်တို့ကိုဦးဆောင်လမ်းပြ၍ စေ့ဆော်တိုက်တွန်းပါလိမ့်မည်။ ဤအမှုတော်ကိုဆောင်ဖို့သူသည် ကျွန်ုပ်တို့ကိုခွန်အားသစ်များ သွန်းလောင်းပေး၍ လိုအပ်သည်များကိုတပ်ဆင်ပေးပါလိမ့်မည်။ ကျွန်ုပ်တို့အားဖြင့်ဤအမှုတော်ကိုထမ်းဆောင်ရန်ထိုသခင်ကိုကျွန်ုပ်တို့အဘယ်မျှလိုအပ်နေကြပါသနည်း။

ဘုရားသခင်သည်သခင်ခရစ်တော်၌ ကျွန်ုပ်တို့ကိုကယ်တင်ပေးဖို့ စုံလင်ခြင်းအဖြစ်ကိုရောက်စေဖို့ ဘုရားသခင်ကကျွန်ုပ်တို့လက်လှမ်းခဲ့ကြောင်းကို ဤကျမ်းချက်တွင် ကျွန်ုပ်တို့တွေ့ရသည်။ ဝိညာဉ်တော်သည် ကျွန်ုပ်တို့အထဲ၌လည်းကောင်း၊ ကျွန်ုပ်တို့အားဖြင့်လည်းကောင်း အမှုတော်ဆောင်နိုင်ဖို့ သခင်ယေရှုအားဖြင့် တံခါးများပွင့်သွားခဲ့ပါသည်။ မိမိတို့၏အသက်တာကို သခင်ယေရှုနှင့်အစပြုခဲ့ပြီးသောသူများသည် ပန်းတိုင်ကိုချောမောစွာရောက်သွားကြသည်ကိုမြင်ရဖို့မှာ ရှင်ပေါလု၏ဆန္ဒဖြစ်သည်။ ထိုနောက်ဆုံးသောနေ့၌ သူတို့သည်သခင်ခရစ်တော်၏ရှေ့၌ သန့်ရှင်းစင်ကြယ်လျှက် အပြစ်တင်ခွင့်နှင့်ကင်းသောသူများအဖြစ်နှင့်ရှိနေကြသည်ကို

ရှင်ပေါလုလိုချင်ခဲ့သည်။ ထို့ကြောင့်ထိုအချိန်ထိရှင်ပေါလုကြိုးစားအားထုတ်လျှက် ရုန်းကန်လှုပ်ရှားခဲ့ပါသည်။ ကျွန်ုပ်တို့၏ခေတ်ကာလတွင်လည်း သခင်ခရစ်တော်နှင့် သာ၍နီးစပ်လာဖို့အရေးကို အလွန်လိုချင်တောင်းတသောသူများကို ဘုရားသခင် မွေးထုတ်ချီးမြှောက်ပါစေ။ ဝိညာဉ်တော်၏အစွမ်းအစပေးခြင်းနှင့် လမ်းပြဦးဆောင် ခြင်း၌ ဘုရားသခင်ကကျွန်ုပ်တို့ကိုဖြစ်လာစေဖို့ရည်ရွယ်ထားသည်အတိုင်း ကျွန်ုပ်တို့ ဖြစ်လာဖို့ သခင်ခရစ်တော်၏ဝိညာဉ်တော်သည် ကျွန်ုပ်တို့၏အသက်တာကို အပြည့် အဝ ထိန်းချုပ်လမ်းပြပါစေသော်။

**စဉ်းစားသုံးသပ်ရန်အချက်များ**

- ဘုရားသခင်သည် ကျွန်ုပ်တို့ကိုအပြစ်ဒုစရိုက်မှ အဘယ်ကြောင့်ကယ်တင် ခဲ့ပါသနည်း။ ကယ်တင်ခြင်းသည်အဆုံးသတ်နိဂုံးလား၊ အစပြုလား၊ ရှင်း ပြပါ။
- ကျွန်ုပ်တို့အထဲ၌တည်တော်မူသောခရစ်တော်ဟူသောအချက်၏ အရေး ပါပုံအကြောင်းကို ဤနေရာတွင်ကျွန်ုပ်တို့မည်သို့လေ့လာကြရပါသနည်း။ ကျွန်ုပ်တို့အထဲ၌တည်တော်မူသောခရစ်တော်ဟူသော တရားတော်ကို ကျွန်ုပ်တို့သိရှိနားလည်ထားကြဖို့ အဘယ်ကြောင့်အရေးကြီးပါသနည်း။
- သခင်ခရစ်တော်သင့်အထဲ၌ရှိနေကြောင်းကို သင်မည်သို့သိပါသနည်း။ ထို အရာ၏အထောက်အထားများကာအဘယ်နည်း။
- ဤကျမ်းချက်တွင် ရှင်ပေါလုက ယုံကြည်သူများအပေါ်၌ထားရှိသော စိတ်ဆန္ဒကာအဘယ်နည်း။ ဤကဲ့သို့သောစိတ်ဆန္ဒကို ကျွန်ုပ်တို့၏ အသင်းတော်များတွင် ယနေ့မျှဝေအသုံးပြုနေကြပါသလား။

## ဆုတောင်းရန်အချက်များ

- မိမိ၏သန့်ရှင်းသောဝိညာဉ်တော်ကို ကျွန်ုပ်တို့အထဲ၌ သွတ်သွင်းပေးသနားတော်မူသည့်အတွက် သခင်ဘုရားကိုကျေးဇူးတင်ချီးမွမ်းပါ။
- သင့်၌မည်သည့်အရာစုံလင်လာဖို့လိုနေပါသနည်း။ ချိုးဖျက်ဖြိုခွဲဖို့လိုအပ်သည့်အရာများကို ချိုးဖျက်ဖြိုခွဲ၍ ပျောက်ကင်းစေဖို့လိုအပ်သည့်အရာများကို ပျောက်ကင်းစေဖို့သခင်ဘုရားကိုတောင်းလျှောက်ပါ။ သင့်ကိုမိမိအထံပါသို့လည်းကောင်း၊ သင့်ဘဝအတွက်ထားရှိသော မိမိ၏ရည်ရွယ်ချက်များသို့လည်းကောင်း သင့်ကိုဆွဲခေါ်ဖို့သခင်ဘုရားကို တောင်းလျှောက်ပါ။
- သန့်ရှင်းသူများကို စုံလင်ခြင်းအဖြစ်သို့ရောက်ကြရန် ကူညီပံ့ပိုးပေးရာ၌ ဘုရားသခင်၏လက်တော်တွင် တန်ဆာပလာတစ်ခုအနေဖြင့် သင်မည်သို့အသုံးတော်ခံနိုင်ကြောင်းကို ဖော်ပြပေးရန် သခင်ဘုရားကိုတောင်းလျှောက်ပါ။
- သင့်အသက်တာရှိဝိညာဉ်တော်၏စုံလင်ခြင်းအမှုကို ပြုလုပ်နေခြင်း၌ ပြည့်ပြည့်ဝဝဆက်ကပ်အပ်နှံနိုင်ဖို့ ကျေးဇူးတော်ကိုပေးသနားရန် ဘုရားသခင်ထံ၌ တောင်းလျှောက်ပါ။

## ၁၅
# နားလည်နိုင်သောပြည့်စုံသည့်ဉာဏ်၏စည်းစိမ်အပေါင်း

---

**ကောလောသဲ ၂း၁-၇ ကို ဖတ်ရှုပါ**

ရှင်ပေါလု၏ စိတ်သဘောထားနှင့်ပတ်သက်၍ ကျွန်ုပ်တို့သင်ယူကြရသည့် အရာတစ်ခုရှိလျှင် ထိုအရာမှာ ယုံကြည်သူများ၏ရင့်ကျက်ခြင်းနှင့် တိုးပွားခြင်း အတွက် စိတ်နှလုံးထဲ၌အံ့ဖွယ်ဝန်ထုပ်ကြီးတစ်ခုကို သယ်ပိုးထားသည်ဟူသော အချက်ဖြစ်ပေလိမ့်မည်။ နောက်ဆုံးဆင်ခြင်နှလုံးသွင်းခြင်းတွင် ရှင်ပေါလုက ကျွန်ုပ် တို့အားသူ၏စိတ်ဆန္ဒမှာ ကောလောသဲယုံကြည်သူများအား သန့်ရှင်းစင်ကြယ် လျှက် အပြစ်တင်ခွင့်နှင့်ကင်းသောအခြေအနေဖြင့် သခင်ခရစ်တော်အထံ၌ ဆက် သရန်ဖြစ်သည်ဟုပြောခဲ့သည်။ သူသည်ယုံကြည်သူများ သခင်ခရစ်တော်၌ကြီးထွား တိုးပွားလာကြ၍ အရာခပ်သိမ်း၌ ဘုရားသခင်ရည်ရွယ်ခဲ့သည့်အတိုင်းဖြစ်လာကြ သည်ကို မြင်တွေ့ရန်ဟူသောတောင့်တမှုတစ်ခု၏ မောင်းနှင်တွန်းပို့ခြင်းကိုခံခဲ့ ရသည်။

အခန်းကြီး ၂ ကို ကျွန်ုပ်တို့စတင်သည်နှင့်အမျှ ကောလောသဲယုံကြည်သူ

များနှင့် ၎င်းတို့သခင်ခရစ်တော်၌ကြီးထွားတိုးပွားခြင်းအတွက်ထားရှိသော ရှင်ပေါလု၏ တောင့်တမှုကိုကျွန်ုပ်တို့ဆက်လက်တွေ့မြင်ကြရသည်။ ကောလောသဲယုံကြည်သူများအတွက်လည်းကောင်း၊ လောဒိကိမြို့အနီးတစ်ဝိုက်ရှိ ယုံကြည်သူများအတွက်လည်းကောင်း၊ မိမိမည်မျှရုန်းကန်လှုပ်ရှားခဲ့သည်ကို သူတို့အားသိစေလိုခဲ့ကြောင်း ရှင်ပေါလုက ကောလောသဲယုံကြည်သူများကိုပြောခဲ့သည်။ ရှင်ပေါလု၏ပုဂ္ဂိုလ်များထဲမှ မတွေ့မြင်ဖူးခဲ့သောသူများရှိနေသော်လည်း သူ၏စိတ်နှလုံး၌ သူတို့အတွက် ရုန်းကန်လှုပ်ရှားနေခဲ့ပါသည်။

ရှင်ပေါလုသည် မိမိ၏စိတ်ဝိညာဉ်တို့၌ အဘယ်မျှရုန်းကန်လှုပ်ရှားနေကြောင်းကို တွေ့မြင်ရသည်မှာ စိတ်ဝင်စားစရာဖြစ်သည်။ ကျွန်ုပ်တို့အတွက် နားနေချိန်ရှိသကဲ့သို့ အပြင်းအထန်ပင်ပင်ပန်းပန်းလုပ်ကိုင်ရသောအချိန်လည်းရှိသည်။ ခရစ်ယာန်အသက်တာတွင် ရုန်းကန်လှုပ်ရှားခြင်းမျိုးဘယ်သောအခါတွင်မျှ မရှိသင့်ဟု ပြောဆိုသောသူများရှိသည်။ ဘုရားသခင်၏နိုင်ငံတော်ချဲ့ထွင်ခြင်းအတွက် ပြင်းပြသောဆန္ဒရှိသူများသည် ဤရုန်းကန်လှုပ်ရှားခြင်းမျိုးကိုကြုံတွေ့ကြရပါလိမ့်မည်။ ကျွန်ုပ်တို့သည်အကောင်းနှင့်အဆိုး နှစ်ခုကြားရှိတိုက်ပွဲတစ်ခုတွင် ရောက်နေကြကြောင်းသိထားဖို့လိုအပ်သည် (ဧဖက် ၆း၁၂)။ ကျွန်ုပ်တို့သည် ဘုရားသခင်၏နိုင်ငံတော်အတွက် ပြင်းပြသောဆန္ဒများရှိနေလျှင် သခင်ဘုရား၏ဘုန်းတော်သည် အနိုင်အရှုံးအခြေအနေတစ်ခု၌ရှိနေသောအခါ ကျွန်ုပ်တို့သည် နာကျင်မှုနှင့်မချိမဆန့်ဝေဒနာများကိုခံစားကြပေလိမ့်မည်။ အပြစ်ဒုစရိုက်၌ပျောက်ဆုံးသွားသောသူများအတွက် ကျွန်ုပ်တို့ဝမ်းနည်းကြေကွဲကြရသည်။ အသက်တာ၌ရှိသောအပြစ်ဒုစရိုက်၏ အမာခံနယ်မြေများ၌ ထိခိုက်အနာတရဖြစ်နေသူများ၊ ရုန်းကန်နေကြရသောသူများအတွက် နှလုံးနာကြရသည်။ လူတို့၏အသက်တာနှင့်စိတ်နှလုံးသားများ၌

နိုင်ငံတော်ကိုချဲ့ထွင်ခြင်းအတွက် ဘုရားသခင်ကိုကျွန်ုပ်တို့အော်ဟစ်တောင်းပန်ကြပေလိမ့်မည်။

ရှင်ပေါလုသည်ဘုရားသခင်၏နိုင်ငံတော်အတွက် ပြင်းပြသောဆန္ဒရှိသူတစ်ဦးဖြစ်သည်။ ဤပြင်းပြသောစိတ်ဆန္ဒကပင် ဘုရားသခင်၏ဘုန်းတော်အတွက် မပင်မပန်းလုပ်ဆောင်ရန်နက်နဲသော ရုန်းကန်ခြင်းနှင့်တောင့်တမှုများကိုဖြစ်စေခဲ့သည်။ ကျွန်ုပ်တို့အားလုံးသည် ဤကဲ့သို့သောဆန္ဒပြင်းပြမှုမျိုးကိုရှိထားကြဖို့လိုအပ်သည်။ သင့်ရဲ့သာသနာလုပ်ငန်းတွင် သင်ကိုမည်သည့်အရာက ရုန်းကန်လှုပ်ရှားစေပါသနည်း။ သင့်နှလုံးသားကိုမည်သည့်အရာက ချိုးဖဲ့ကြေကွဲစေပါသနည်း။ နိုင်ငံတော်အတွက် သင့်ရဲ့ပြင်းပြသောဆန္ဒမှာ အဘယ်အရာနည်း။ ဘုရားသခင်က ကျွန်ုပ်တို့ကိုငြိမ်ဝပ်စွာနေခြင်းအခွင့်ကိုပေးသောအချိန်များရှိပါသည်။ ဤသို့ပြုလုပ်ရခြင်းမှာ ကျွန်ုပ်တို့ကိုအမှုတော်ဆောင်ခြင်း၌ တွန်းပို့မောင်းနှင်ရန်ဖြစ်သည်။ ဤရုန်းကန်လှုပ်ရှားရခြင်းသည် ကျွန်ုပ်တို့ကို ဝိညာဉ်ရေးရာ၌ ဇိမ်ရှိရှိနေတတ်ခြင်း၊ ပေါ့ပေါ့ဆဆနေတတ်ခြင်း၊ ပျင်းရိလေးတွဲစွာနေတတ်ခြင်းတို့မှ ဟန့်တားပေးပါလိမ့်မည်။

အခန်းငယ် ၂ တွင် ရှင်ပေါလုက ကောလောသဲယုံကြည်သူများအား မိမိ၏ရုန်းကန်လှုပ်ရှားခြင်းမည်သည့်အရာဖြစ်သည်ကို ပြောပြခဲ့သည်။ ရှင်ပေါလု၏ စိတ်နှလုံးသည် ကောလောသဲယုံကြည်သူများနှင့် လောဒိကိယုံကြည်သူများ၏ စိတ်နှလုံးများ၌ ခွန်အားသစ်များရှိလာပြီး၊ ချစ်ခြင်းတရား၌ပေါင်းစည်းကြခြင်းဖြင့် သခင်ခရစ်တော်၌ရှိသောသူတို့၏ အရိုက်အရာကိုစုံလင်စွာနားလည်သဘောပေါက်ခြင်း၏ စည်းစိမ်အပေါင်းကိုရရှိခံစားကြရန်ဖြစ်သည်။ ဤနေရာ၌ရှင်ပေါလုပြောပြနေသောအရာကို ကျွန်ုပ်တို့လေ့လာသုံးသပ်ဖို့လိုအပ်သည်။

ရှင်ပေါလု၏စိတ်ဆန္ဒမှာ ဤလူများသခင်ခရစ်တော်၏ချစ်ခြင်းမေတ္တာ၌ ခွန်အားသစ်များရရှိကြရန်ဖြစ်သည်။ ဤသူများသည် သခင်ယေရှုကို မိမိတို့၏ ကယ်တင်ပိုင်ရှင်အဖြစ်သိရှိထားခဲ့ကြပြီးဖြစ်ကြောင်း ကျွန်ုပ်တို့မှတ်ယူနိုင်သည်။ သူတို့သည် ဘုရားသခင်၏သားသမီးများဖြစ်ကြသော်လည်း ခွန်အားပေးတိုက်တွန်းခြင်းကို လိုအပ်လျက်ရှိကြသည်။ ယုံကြည်သူများပင်လျှင် သခင်ယေရှု၌မိမိတို့ရရှိထားသောအရာ၏ စစ်မှန်မှုကိုမမြင်နိုင်အောင် အလင်းကွယ်နေနိုင်ပါသည်။ ဤလောက၏ ပြုစုယုယမှုနှင့်အလေးထားစရာများသည် သခင်ခရစ်တော်၏တင့်တယ်ခြင်းကို ဖုံးကွယ်ထားနိုင်ပါသည်။ ဂရုစိုက်စောင့်ရှောက်ရမည့်အရာများ တာဝန်ဝတ္တရားများသည် ကျွန်ုပ်တို့ကိုစိတ်သောကရောက်စေပါသည်။ သာသနာလုပ်ငန်းသည် ကျွန်ုပ်တို့ကိုလွှမ်းမိုးထားနိုင်ပါသည်။ ကျွန်ုပ်တို့သည် သခင်ခရစ်တော်နှင့်ဆက်ဆံရင်းနှီးမှုတွင်နှစ်သိမ့်အားပေးခြင်းနှင့် ပြန်လည်လန်းဆန်းခြင်းတို့ကို မကြာခဏပြုလုပ်ကြဖို့လိုအပ်သည်။

ရှင်ပေါလုသည် ဤယုံကြည်သူများချစ်ခြင်းမေတ္တာ၌ တစ်လုံးတစ်ဝတည်းဖြစ်ကြသည်ကိုတွေ့မြင်လိုခဲ့သည်။ ယုံကြည်သူများတွင် ကွဲပြားသောပင်ကိုစရိုက်များနှင့် ကွဲပြားသောဦးစားပေးအရာများရှိနေကြသည်မှာ အံ့သြဖွယ်မဟုတ်ပါ။ ကျွန်ုပ်တို့သည် အမြင်ချင်းအမြဲတမ်းမတူကြပါ။ ဤအချင်းအရာသည်ခရစ်တော်၏ကိုယ်ခန္ဓာ၌ စိတ်ဝမ်းကွဲမှုကိုဖြစ်စေနိုင်ပါသည်။ ဤစိတ်ဝမ်းကွဲများက ကျွန်ုပ်တို့အားချစ်တော်မူသော သခင်ခရစ်တော်၏ချစ်ခြင်းမေတ္တာကိုမမြင်နိုင်အောင် ဖုံးကွယ်ထားနိုင်ပါသည်။ ချစ်ခြင်းမေတ္တာအားဖြင့်လည်းကောင်း၊ ယုံကြည်လက်ခံပေးခြင်းအားဖြင့်လည်းကောင်း လက်ကမ်းပေးခြင်းဖြင့် ကျွန်ုပ်တို့သည် ညီအစ်ကိုမောင်နှမများအပေါ်၌ သခင်ခရစ်တော်၏ ချစ်ခြင်းမေတ္တာကို လက်တွေ့ပြသကြပါသည်။ သခင်ဘုရား

သည်မိမိ၏သားသမီးများအား အဘယ်မျှချစ်သည်ကို ကျွန်ုပ်တို့နားလည် လာသော အခါ ကျွန်ုပ်တို့သည်သူတို့အပေါ်၌ မဟုတ်မမှန်ပြောဆိုခြင်းမျိုးကို လိုလား ကြမည်မဟုတ်ပါ။ သခင်ခရစ်တော်၏ကိုယ်ခန္ဓာ၌တစ်ဦးနှင့်တစ်ဦးချစ်ခြင်းအားဖြင့် တစ်စိတ်တစ်ဝမ်း တည်းပေါင်းစည်းနေကြသည်ကို ရှင်ပေါလုမြင်တွေ့လိုခဲ့သည်။ ဤအချင်းအရာ သည် မိမိ၏သားသမီးများကို ချစ်သောဘုရားသခင်၏ချစ်ခြင်းမေတ္တာကို အချင်းချင်း အပေါ်၌လည်းကောင်း၊ ဤလောကကြီးအပေါ်၌လည်းကောင်း လက်တွေ့သက်သေပြခြင်းတစ်ခုဖြစ်သည်။

ရှင်ပေါလုသည် ယုံကြည်သူများကို "နက်နဲသောအရာကိုနားလည်နိုင်သော ဝိစီကိစ္စာနှင့်ကင်းစင်သော ဉာဏ်၏စည်းစိမ်းအပေါင်းနှင့်ပြည့်စုံ၍ စိတ်နှလုံး သက်သာစေမည်အကြောင်း" ချစ်ခြင်းမေတ္တာ၌ပေါင်းစည်း၍ ခွန်အားသစ်များရယူကြရန်အလိုရှိခဲ့သည် (၄ယ် ၂)။ ခွန်အားသစ်များရယူခြင်းနှင့် သခင်ခရစ်တော်၌ရှိသောစည်းစိမ်အပေါင်းကို နားလည်သဘောပေါက်ခြင်းတို့ကြားတွင် ဆက်စပ်မှုတစ်ခုရှိနေသည်။ ဤဆက်စပ်မှုကို ကျွန်ုပ်တို့လေ့လာသွားဖို့လိုအပ်ပါသည်။

ကိုယ်ခန္ဓာတော်၌ စိတ်ဝမ်းကွဲခြင်းသည် သခင်ခရစ်တော်၌ရှိသော ကျွန်ုပ်တို့၏ စည်းစိမ်အပေါင်းကို မမြင်နိုင်အောင်ဖုံးကွယ်ထားပါလိမ့်မည်။ ဘုရားသခင်သည် မိမိ၏ချစ်ခြင်းမေတ္တာကိုသယ်ပို့ရာ၌ မိမိ၏လူတို့ကိုအမြဲအသုံးပြုလေ့ရှိသည်။ သခင်ဘုရားသည်သင့်ကိုခွန်အားသစ်များသွန်းလောင်းပေးလိုသောအခါ အထိုအရာကို ညီအစ်ကိုမောင်နှမတစ်ယောက်ယောက်ကို သင့်ထံသို့စေလွှတ်ခြင်းဖြင့် အမြဲပြုလုပ်လေ့ရှိသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အသက်တာရှိ လိုအပ်ချက်များကို ဖြည့်ဆည်းပံ့ပိုးပေးလိုသောအခါ ကျွန်ုပ်တို့လိုအပ်သောအရာကို ပိုင်ဆိုင်ထားသော သူတစ်ယောက်ယောက်ကိုဆင့်ခေါ်၍ ကျွန်ုပ်တို့အထံ၌ဝေမျှစေပါလိမ့်မည်။ ကျွန်ုပ်

တို့သည်လမ်းညွှန်မှုများနှင့် ဦးဆောင်မှုများကိုလိုအပ်သောအခါ ဘုရားသခင်သည် ဘုရားတရားကိုင်းရှိုင်းသောသူများကို ကျွန်ုပ်တို့အားအကြံပြု နှစ်သိမ့်ပေးရန်အသုံး ပြုပါလိမ့်မည်။ သို့သော်ကိုယ်ခန္ဓာတော်သည် သခင်ဘုရားကိုနားထောင်ဖို့ ငြင်းဆန် ပြီး ဘုရားသခင်၏စေ့ဆော်ချက်ကိုနာခံရန်ငြင်းပယ်သောအခါ မည်သို့ဖြစ်ကြရ သနည်း။ ကျွန်ုပ်တို့အနီးအနား၌တွေ့မြင်နေရသည့်အရာမှာ ယုံကြည်သူများ အချင်း ချင်းငြင်းခုံခြင်းနှင့် မိမိတို့၏အကျိုးစီးပွားကိုထောက်ထားငဲ့ညှာခြင်းသာဖြစ်နေသော အခါ ကျွန်ုပ်တို့အနေဖြင့် သခင်ခရစ်တော်၌ရှိသောကျွန်ုပ်တို့၏စည်းစိမ်အပေါင်း ကို တွေ့မြင်နိုင်ရန်မျှ အဘယ်မျှပို၍ခက်ခဲလာပါသနည်း။ ကိုယ်ခန္ဓာတော်သည် နာမတော်ကိုစွဲယူလျှက် အချင်းချင်းတစ်ယောက်နှင့်တစ်ယောက် ဖေးမကူညီကြ သောအခါ ကျွန်ုပ်တို့သည် သခင်ခရစ်တော်၌ရှိသော ကျွန်ုပ်တို့၏စည်းစိမ်အပေါင်း ကို တွေ့မြင်ကြရပါသည်။ ကျွန်ုပ်တို့အချင်းချင်းတစ်ယောက်နှင့်တစ်ယောက် ဖေးမ ကူညီကြသောအခါ ဤလောကကြီးကလည်း သခင်ခရစ်တော်၏ကြွယ်ဝခြင်း စည်းစိမ်အပေါင်းကိုမြင်တွေ့ကြပါသည်။

ကောလောသဲယုံကြည်သူများနှင့် လောကိဒိယုံကြည်သူများသည် စိတ်နှလုံး သက်သာ၍ ချစ်ခြင်းမေတ္တာထုံးဖွဲ့ကြကာ သခင်ခရစ်တော်၌ ၎င်းတို့ပိုင်ဆိုင်ထား သော အရာကိုပြည့်စုံစွာနားလည်သဘောပေါက်ခြင်း၏ ကြွယ်ဝခြင်းစည်းစိမ်ကို ရရှိကြ မည့်အကြောင်း ရှင်ပေါလုက ဆုတောင်းပေးခဲ့သည်။ သို့သော်သခင်ခရစ် တော်၌ ၎င်းတို့ပိုင်ဆိုင်သောအရာကိုသိရှိနားလည်ခြင်းသည် အဆုံးနိဂုံး မဟုတ်သေးကြောင်းကိုသတိပြုပါ။ ပေါလုကသူတို့အား ထိုပြည့်စုံစွာနားလည် နိုင်သော ဉာဏ်၏စည်းစိမ်အပေါင်းကိုရရှိစေလိုသည်။ ထိုသို့အားဖြင့် သူတို့သည် သခင်ခရစ်တော်ကို သိကျွမ်း၍ ဘုရားသခင်ကသူတို့၌ဖေါ်ပြခဲ့သည့် နက်နဲသော

အရာများကို နားလည်လာကြမည်ဖြစ်သည်။ သင်သည်သခင်ခရစ်တော်ကို အမှန် မသိရှိပဲ၊ သခင်ခရစ်တော်၌ သင်ပိုင်သောအရာကိုသိနိုင်ပါသည်။ သင်သည်သခင် ယေရှုထံမှလာသောငြိမ်သက်ခြင်းနှင့် ဝမ်းမြောက်ခြင်းများအကြောင်းကို ပြောနေ နိုင်သော်လည်း ထိုအရာကို အမှန်တကယ်တွေ့ကြုံခံစားခြင်းမရှိလည်းဖြစ်နိုင်သည်။ သင်လိုအပ်သောအရာများ အားလုံးကိုဘုရားသခင်ကပံ့ပိုးကူညီနေပါသည် ဟူသောအကြောင်းကိုရေးသား ထားသောကျမ်းပိုဒ်များအားလုံးကို မှိုငြမ်း ကိုးကားနိုင်ပါသော်လည်း သင်သည်ထိုအမှန်တရားတွင် ရှင်သန်နေပါသလား။ သခင်ခရစ်တော်၌ရှိသော မိမိတို့၏စည်းစိမ်အပေါင်းတို့ကို ဦးနှောက်အသိဉာဏ် အားဖြင့်သိရှိနေသောခရစ်ယာန်များရှိနေကြသော်လည်း သူတို့သည်ထိုစည်းစိမ် အပေါင်း၌ နေ့စဉ်အသက်မရှင်ကြပါ။ သူတို့၏မယုံကြည်သူအိမ်နီးချင်းများကဲ့သို့ ပြုမူနေထိုင်ကြသည်။ ဦးနှောက်ဉာဏ်ဖြင့်သိကျွမ်းခြင်းသက်သက်သည် မလုံ လောက်ပါ။ အယူဝါဒသည် လက်တွေ့လုပ်ဆောင်ခံစားမှုနှင့်အတူတွဲဖက်နေရ မည်။

အခန်းငယ် ၃ တွင် ရှင်ပေါလုက ကျွန်ုပ်တို့အားသခင်ခရစ်တော်ကို သိကျွမ်း ခြင်း၏ စည်းစိမ်အပေါင်းကိုပြန်လည်အသိပေးထားသည်။ ရှင်ပေါလုက ကောလောသဲ ယုံကြည်သူများအား သခင်ယေရှု၌ ပညာဘဏ္ဍာ၊ ဉာဏ်ဘဏ္ဍာတို့ကိုဝှက်ထား လျှက်ရှိသည်ဟုပြန်လည်အသိပေးခဲ့သည်။ ဤစကြာဝဠာကြီးအား သခင်ယေရှုက ဖန်ဆင်းခဲ့သည့်အကြောင်းကို ကျွန်ုပ်တို့လေ့လာသိထားခဲ့ကြပြီးဖြစ်သည်။ ကျွန်ုပ်တို့ သည် ရာစုနှစ်ပေါင်းများစွာ ဤစကြာဝဠာကြီးကိုလေ့လာခဲ့ကြသော်လည်း ၎င်း၏ အတိမ်အနက်ကို ယနေ့အထိနားမလည်နိုင်ခဲ့ကြသေးပါ။ ဤစကြာဝဠာကိုဖန်ဆင်း ရာ၌ရှိခဲ့သောသခင်ယေရှု၏ ဉာဏ်ပညာသည်မဟာလူသားများကို ဦးနှောက်

ခြောက်စေခဲ့သည်။ သို့သော် ဤနက်နဲမှုများ၏အခြားတစ်ဘက်တွင် ဘုရားသခင်သည် ဤစကြာဝဠာကြီးအတွက် ထားရှိထားသောမိမိ၏ဝိညာဉ်ရေးရာ ရည်ရွယ်ချက်များကို သခင်ယေရှုအားဖြင့် ဖွင့်ချပြသခဲ့သည်။ ဘုရားသခင်သည် လူသားတစ်သိုက်ကိုမိမိအတွက်ဖန်ဆင်းခဲ့သည်။ သခင်ယေရှုသည်ထိုရည်ရွယ်ချက်၏ ဗဟိုချက်ဖြစ်သည်။ သခင်ယေရှုပြုခဲ့သောအမှုသာမရှိခဲ့လျှင် ကျွန်ုပ်တို့သည် ခမည်းတော်နှင့်ပေါင်းစည်းနိုင်ခဲ့ကြမည်မဟုတ်ပါ။ သူသည်သေခြင်းနှင့်သင်္ချိုင်းကိုအောင်နိုင်ခဲ့သည်။ သူသည်စာတန်မာရ်နတ်နှင့် အပြစ်ဒုစရိုက်ကိုအနိုင်ယူသွားခဲ့သည်။ သူသည်စကြာဝဠာကိုဖန်ဆင်း၍ ယနေ့ထက်တိုင်စောင့်မထားသည်။ ကျွန်ုပ်တို့၏ တွေးတောဆင်ခြင်နိုင်စွမ်း၊ အလုပ်လုပ်နိုင်စွမ်း၊ ပြောဆိုနိုင်စွမ်းအားလုံး၏ မူလအရင်းအမြစ်ဖြစ်သည်။ ဉာဏ်ပညာဘဏ္ဍာအားလုံးသည် သူ့တွင်ရှိသည်။ သူသည်အရာအားလုံးကိုသိနေသည်။ သူမပါပဲ မည်သည့်အရာမှမတည်ရှိနိုင်ပါ။ မိမိသည်သခင်ယေရှုအပေါ်၌ ကျေးဇူးတရားအားလုံးတင်ရှိနေကြောင်း ရှင်ပေါလုနားလည်ခဲ့သည်။

ကောလောသဲယုံကြည်သူများသည် ၎င်းတို့အလယ်၌ မှားယွင်းသောအယူဝါဒများကို သွန်သင်ပေးနေကြသည့်သူများ၏ အကျိုးသင့်အကြောင်းသင့်ဆွေးနွေးငြင်းခုန်မှုများ၏ လှည့်ဖြားခြင်းကိုမခံရမည့်အကြောင်း ရှင်ပေါလုက ဤအရာများကို သူတို့အားသွန်သင်ပေးခဲ့သည်။ ဤမှားယွင်းသောဆရာများသည် ကျိုးကြောင်းဆီလျော်စွာဖြင့် ဖန်တီးထားသောငြင်းခုန်ဆွေးနွေးချက်များကို ပိုင်ဆိုင်ထားကြပြီး ၎င်းတို့သည် အလွန်ဉာဏ်ရည်ဉာဏ်စွမ်းကြွယ်ဝသည်ဟု ထင်ရသော်လည်း သခင်ခရစ်တော်ထံမှသူတို့သင်ယူခဲ့ရသောအရာများနှင့် ဆန့်ကျင်ကွဲလွဲနေပါသည်။ သခင်ခရစ်တော်သည် ဉာဏ်ပညာအားလုံး၏ မူလအရင်းအမြစ်ဖြစ်ကြောင်း အချိန်ယူ၍စဉ်းစားဆင်ခြင်ကြရန် ရှင်ပေါလုက ကောလောသဲယုံကြည်သူများကို တောင်းဆို

နေခဲ့သည်။ ဤမှားယွင်းသောဆရာများမှာ မည်သို့ပင်ပါးနပ်ကျွမ်းကျင်နေကြစေကာမူ သူတို့နားမလည်သေးသောအရာများရှိပါသည်။ အဖဘုရားသခင်၏ရည်ရွယ်ချက်များအားဖွင့်ချပြသနေသူကို သင်ယုံကြည်မည်လား (သို့) အတိုင်း အတာတစ်ခု အထိသာနားလည်နိုင်စွမ်းသောအပြစ်ရှိလူသားကို သင်ယုံကြည်မည်လား။ ဤမှားယွင်းသောဆရာများ၏ ငြင်းခုံဆွေးနွေးချက်သည် ကျိုးကြောင်းဆီလျော်စွာဖန်တီးထားသော်လည်း ၎င်းတို့သည် ဘုရားသခင်နှင့်ဆန့်ကျင်ကွဲလွဲနေပါသည်။ ကျွန်ုပ်တို့သည်ဘုရားသခင်တစ်ပါးတည်းကိုသာ နာခံကြရမည်။ ကောလောသဲယုံကြည်သူများသည် ကျွမ်းကျင်ပါးနပ်သောဉာဏ်မိစ္ဆာဆရာများ၏ လှည့်ဖြားခံရမည်ကို ရှင်ပေါလုစိုးရိမ်ခဲ့သည်။ ရှင်ပေါလုသည် ဤယုံကြည်သူများနှင့် ရုပ်ခန္ဓာအားဖြင့် အတူရှိမနေနိုင်ခဲ့သော်လည်း သူတို့အတွက်စိုးရိမ်ပတ်သက်ပေးနေခြင်းဖြင့် သူတို့နှင့် စိတ်ဝိညာဉ်အားဖြင့် အတူရှိနေခဲ့ပါသည် (ငယ် ၅)။ သူ၏စိတ်နှလုံးနှင့် သူ၏ဆုတောင်းသံများသည် သူတို့အထံရောက်သွားခဲ့သည်။ ကောလောသဲ ယုံကြည်သူများသစ္စာရှိရှိနေထိုင်နေကြသည့်အဖြစ်သည် ရှင်ပေါလုကို ဝမ်းမြောက်ဝမ်းသာဖြစ်စေခဲ့သည်။ သူတို့သည်ထိုသစ္စာရှိခြင်းအရာ၌ဆက်လက်တည်တံ့ကြ၍ သူတို့အလယ်၌ရှိနေသော ဉာဏ်မိစ္ဆာပရောဖက်များနှင့် ဆရာများ၏လှည့်ဖြားခြင်းကိုမခံရ ကြဖို့ရှင်ပေါလုကဆုတောင်းပေးခဲ့သည်။

ဤမှားယွင်းသောမိစ္ဆာပရောဖက်များသည် ယနေ့ထက်တိုင်ရှိနေကြပါသည်။ သူတို့သည်အလွန်ဆွဲဆောင်မှုရှိသည်။ သူတို့၌ကျိုးကြောင်းဆီလျော်စွာ စနစ်တကျစီစဉ်ထားသောဆွေးနွေးငြင်းခုံချက်များရှိသည်။ သူတို့၏ကျိုးကြောင်းဆီလျော်စွာတွေးခေါ်ခြင်းများဖြင့် လူအမြောက်အများကို အယုံသွင်းကြသည်။ သို့သော်ကျွန်တော်တို့ကိုဆုံးဖြတ်ပိုင်သောအရာမှာ လူသား၏ယုတ္တိရှိရှိဆင်ခြင်တွေးခေါ်မှု

မဟုတ်ပါ။ လူသား၏ဆင်ခြင်တုံတရားလည်းမဟုတ်ပါ။ ဘုရားသခင်၏နှုတ်ကပတ်တော်သာဖြစ်သည်။ နှုတ်ကပတ်တော်သည် ဉာဏ်ပညာအားလုံး၏အရင်းအမြစ်ဖြစ်သောဘုရားသခင်ထံမှရောက်လာသည်။

သခင်ခရစ်တော်၌ ရင့်ကျက်ခြင်းဆိုသည်မှာ သခင်ခရစ်တော်သွန်သင်ပေးသောသမ္မတရားကိုသိကျွမ်းရုံသာမဟုတ်ပါ။ ထိုသမ္မာတရား၌ သစ္စာရှိရှိ ရှင်သန်ခြင်းဖြစ်သည်။ အခန်းငယ် ၆ တွင် ရှင်ပေါလုက ကောလောသဲယုံကြည်သူများကိုသခင်ခရစ်တော်အား သူတို့ယုံကြည်လက်ခံခဲ့သည့်တူ ထိုသခင်၌လျှောက်လှမ်းရှင်သန်ကြရန် စိန်ခေါ်တိုက်တွန်းခဲ့ပါသည်။ ဤကျမ်းဘောင်တွင် ရှင်ပေါလုသည် ကောလောသဲမြို့သို့ရောက်ရှိလာကြသည့် မှားယွင်းသောဆရာများအကြောင်းကိုပြောပြနေပါသည်။ ဤဆရာများတွင် ကျိုးကြောင်းဆီလျော်စွာဖန်တီးထားသောဆွေးနွေးငြင်းခုံချက်များရှိသော်လည်း ၄င်းတို့သည်သတင်းကောင်းအတုကို ဟောပြောခဲ့ကြသည်။ သူတို့သည်သခင်ခရစ်တော်က ကောလောသဲယုံကြည်သူများသွန်သင်ပေးခဲ့သည့်အခြေခံစည်းမျဉ်းဥပဒေသများနှင့် ဆန့်ကျင်ကွဲလွဲသော နေထိုင်ကျင့်ကြံပုံကိုအားပေးမြှင့်တင်နေခဲ့ကြသည်။ ရှင်ပေါလုက ကောလောသဲယုံကြည်သူများအား သခင်ခရစ်တော်ကိုသူတို့ယုံကြည်လက်ခံခဲ့ကြသည့်အတိုင်း ထိုသခင်၌လျှောက်လှမ်းရှင်သန်ကြရန်ပြောခဲ့သည်။ သူတို့သည်သခင်ခရစ်တော်ကို မည်သို့လက်ခံယုံကြည်ခဲ့ကြပါသနည်း။ သူတို့သည်ယုံကြည်ခြင်းဖြင့် သခင်ခရစ်တော်ကိုယုံကြည်လက်ခံခဲ့ကြသည်။ သူတို့သည်သခင့်အသံတော်ကိုကြား၍ နာခံလိုက်လျှောက်ခဲ့ကြသည်။ သခင်သွန်သင်၍ပေးအပ်ခဲ့သည့်အရာကိုလက်ခံရန်သူတို့၏နှလုံးသားတံခါးများကိုဖွင့်ထားခဲ့ကြသည်။

ကလေးကဲ့သို့အပြစ်ကင်းစင်သော ဤယုံကြည်ခြင်းနှင့်စပ်လျဉ်း၍ အလွန်

ထူးခြားရိုးစင်းသောအရာရှိသည်။ ထိုယုံကြည်ခြင်းသည် သမ္မာတရားကိုဘုရားသခင် သွန်သင်ပေးနေသည့်အလား ယုံကြည်လက်ခံသည်။ အကြောင်းမှာဘုရားသခင် သည် ခပ်သိမ်းသောဉာဏ်ပညာတို့၏ မူလအရင်းအမြစ်ဖြစ်သောကြောင့်ဖြစ်သည်။ သခင်ဘုရားကိုချစ်မြတ်နိုးသောသူများသည် ထိုသခင်၏နှုတ်ကပတ်တော်ကို ယုံကြည်ပါလိမ့်မည်။ သူတို့သည်လူသားထံမှအရင်းခံလာသည့် ထက်မြက်သော ဆွေးနွေးငြင်းခုံချက်များ (သို့) သွန်သင်ချက်အသစ်များ၏ လှည့်ဖြားခြင်းကိုခံကြရ မည်မဟုတ်ပါ။ သူတို့သည်ဘုရားသခင်ကိုခပ်သိမ်းသောဉာဏ်ပညာတို့၏ မူလ အရင်းအမြစ်အဖြစ်ရှုမြင်၍ ထိုဘုရားသခင်၌ရှင်သန်ခြင်းကိုလည်းကောင်း၊ ထိုဘုရား သခင်အားနာခံခြင်းကိုလည်းကောင်း နှစ်သက်ခုံမင်ကြသည်။ ဤကဲ့သို့သော စိတ်နေ သဘောထားမျိုးကို ကျွန်ုပ်တို့ယနေ့တွင်ပို၍လိုအပ်ကြသည်။

## စဉ်းစားသုံးသပ်ရန်အချက်များ

- သင်သည်သခင်ခရစ်တော်၌ မည်သည့်စည်းစိမ်ကြွယ်ဝမှုမျိုးရှိပါသနည်း။
- သာသနာလုပ်ငန်းတွင် သင့်ရဲ့ထူးခြားသောတောင့်တမှုဆန္ဒမှာအဘယ် နည်း။ သာသနာလုပ်ငန်း၌ မည်သည့်ရှုန်းကန်မှုအတွက်ဘုရားသခင် သင့်ကိုဆင့်ခေါ်ခွဲခန့်ခဲ့ပါသနည်း။
- သခင်ခရစ်တော်၌ ကျွန်ုပ်တို့ပိုင်ဆိုင်သော စည်းစိမ်အပေါင်းကိုသိခြင်းနှင့် ထိုအရာကိုလက်တွေ့၌တွေ့ကြုံခံစားခြင်းကို ကွဲပြားပုံမှာအဘယ်နည်း။
- ရှင်ပေါလုက ကောလောသဲယုံကြည်သူများကို သခင်ခရစ်တော်အား သူတို့ လက်ခံယုံကြည်ခဲ့သည့်အတိုင်း ထိုသခင်၌ရှင်သန်လျှောက်လှမ်းကြရမည် ဟု ပြောဆိုရာတွင် မည်သည့်အရာကိုဆိုလိုခဲ့ပါသနည်း။

- ကျွန်ုပ်တို့သည် လူသားထံမှအရင်းခံလာသော ထက်မြက်သည့်အယူဝါဒများနှင့် သွန်သင်ချက်များ၏ လှည့်ဖြားခြင်းကိုခံရဖို့ အဘယ်မျှလွယ်ကူပါသနည်း။ ဤအကြောင်းအရာနှင့်စပ်လျဉ်း၍ ရှင်ပေါလုက ကောလောသဲယုံကြည်သူများကို မည်သို့အကြံပြုထားပါသနည်း။

## ဆုတောင်းရန်အချက်များ

- ကြွယ်ဝစွာဖြင့်သင့်အားကောင်းကြီးပေးနေသော သခင်ဘုရားကိုကျေးဇူးတင်ချီးမွမ်းပါ။
- သင်သည်သခင်ဘုရား၏လက်ထဲ၌ တန်ဆာပလာတစ်ခုဖြစ်လာဖို့သင့်စိတ်နှလုံးတံခါးများကိုဖွင့်ပေးဖို့တောင်းလျှောက်ပါ။
- သင့်ရဲ့ဘဝအခြေအနေ (သို့) သာသနာလုပ်ငန်းတွင် ဘုရားသခင့်ကိုမျက်ခြေပြတ်ခဲ့သည့်အဖြစ်၌ သင့်ကိုသင်တွေ့ကြုံဖူးပါသလား။ သခင်ဘုရား၏မျက်မှောက်ပြုခြင်းနှင့်ဆိုင်သော သင့်ရဲ့နားလည်သဘောပေါက်ခြင်းကိုသစ်လွင်လန်းဆန်းလာစေဖို့ တောင်းလျှောက်ပါ။
- မိမိ၏နှုတ်ကပတ်တော်၌ သွန်သင်ပေးထားသောအရာကို ယုံကြည်စိတ်ချသောယုံကြည်ခြင်းကိုသင့်အားပေးသနားရန် သခင်ဘုရားအားတောင်းလျှောက်ပါ။ လူသားထံမှ အရင်းခံလာသောမှားယွင်းသည့်သွန်သင်ချက်များ၏လှည့်ဖြားခြင်းကို မခံရဖို့ ဘုရားသခင်အားစောင့်မပေးရန် တောင်းလျှောက်ပါ။

၁၆

# သခင်ခရစ်တော်နှင့်လူသားထုံးစံနည်းဥပဒေများ

---

**ကောလောသဲ ၂း၈-၂၃ ကို ဖတ်ရှုပါ။**

ဤစာစောင်၏ ကျမ်းဘောင်မှ ကျွန်ုပ်တို့နားလည်သဘောပေါက်ထားသည်မှာ ရှင်ပေါလုသွန်သင်ပေးခဲ့သောအရာနှင့်ဆန့်ကျင်ကွဲလွဲသော သွန်သင်ချက်နှင့်အတူ လူအချို့ ကောလောသဲမြို့သို့ရောက်လာခဲ့ကြသည်။ သူတို့သည် ကယ်တင်ခြင်းခံရဖို့သတ်မှတ်ထားသော ထုံးခံဓလေ့များနှင့်ပညတ်တရားများကိုလိုက်နာကျင့်ကြံရန်လိုအပ်သည်ဟူအချက်ကို အားပေးမြှင့်တင်နေကြသည်။ ဤအခန်းကြီးတွင်ရှင်ပေါလုသည် ထိုသူများကိုဆန့်ကျင်၍မားမားရပ်တည်ခဲ့သည်။

အခန်းငယ် ၈ တွင် ရှင်ပေါလုက ကောလောသဲယုံကြည်သူများအား အနှစ်သာရမဲ့၍ လှည့်စားတတ်သောအတွေးအခေါ်များအားဖြင့် မည်သူ၏ဖမ်းချုပ်ခြင်းကိုမျှမခံကြဖို့ ပြောဆိုသတိပေးခြင်းဖြင့်အစပြုထားသည်။ ဒဿနိကအတွေးအခေါ်ဆိုသည်မှာ ဤစကြာဝဠာကြီးကို နားလည်သဘောပေါက်ရန် လူသားကြိုးစားအားထုတ်မှုတစ်ခုဖြစ်သည်။ ဤဒဿနိကအတွေးအခေါ်သည် လူအဆက်ဆက်ခံသော

နည်းဥပဒေသနှင့် လောကီတရားတို့၌ အခြေပြုထားသည်။ သခင်ခရစ်တော်၏ တရားတော်၌အခြေမခံထားပါ။ ဤကဲ့သို့သောဒဿနိကအတွေးအခေါ်မျိုးကို အားပေးမြှင့်တင်နေကြသောသူများသည် မေးခွန်း၏အဖြေများအတွက် သမ္မာကျမ်းစာကိုလည်းကောင်း၊ သခင်ခရစ်တော်ကိုလည်းကောင်း မတိုင်ပင်ကြပါ။ သူတို့၏ပင်ကိုကျိုးကြောင်းဆီလျော်စွာတွေးခေါ်နိုင်ခြင်းကို အထူးတိုင်ပင်ကြသည်။ သူတို့၏ဆွေးနွေးတင်ပြချက်များတွင် အလွန်ကျိုးကြောင်းဆီလျော်ကြ၍ ကျွမ်းကျင်ပိုင်နိုင်ကြသည်။ သို့သော်သူတို့သည် မှားယွင်းခဲ့ကြသည်။ ကောလောသဲယုံကြည်သူများ ဤမှားယွင်းသောဆရာများနှင့် ၎င်းတို့၏ဒဿနိကအတွေးအခေါ်များ၏ လှည့်ဖြားခံရမည့်အဖြစ်ကို ရှင်ပေါလုမလိုချင်ခဲ့ပါ။

ဤဘဝအသက်တာ၏အဓိပ္ပါယ်ကို သခင်ခရစ်တော်မပါပဲ နားလည်ဖို့ကြိုးစားမှုမှန်သမျှသည် အမြဲတမ်းကျရှုံးကြပေလိမ့်မည်။ သခင်ခရစ်တော်၌သာ ဘဝသည် အဓိပ္ပါယ်ရှိသည်။ အခန်းငယ် ၉ တွင် ရှင်ပေါလုက ကောလောသဲယုံကြည်သူများအား သခင်ယေရှု၏လူ့ကိုယ်ခန္ဓာထဲတွင်ဘုရားသခင်၏ စုံလင်သောဖြစ်တည်မှုကိန်းဝပ်ရှင်သန်တော်မူကြောင်း ပြန်လည်အသိပေးခဲ့သည်။ တစ်နည်းအားဖြင့်ဆိုရလျှင် သခင်ယေရှုခရစ်သည် ဘုရားဖြစ်၍ ဤစကြာဝဠာကြီးနှင့် ၎င်း၏အထဲ၌ရှိသောအရာအားလုံး၏ဖန်ဆင်းရှင်ဖြစ်သည်။ သခင်ယေရှုသည် ရှင်သန်ခြင်း၏ရည်ရွယ်ချက်ကိုသိသည်။ ထိုရှင်သန်ခြင်း၏အဓိပ္ပါယ်နှင့်ရည်ရွယ်ချက်ကိုသိရှိစေဖို့ သူသည် ဤလောကသို့လူသားအဖြစ်နှင့် ကြွဆင်းလာခဲ့သည်။ ရှင်ပေါလု၏အဆိုအရ ရှင်သန်ခြင်းကိုနားလည်သဘောပေါက်နိုင်ဖို့ ဖန်ဆင်းရှင်နှင့် ကယ်တင်ရှင်ဖြစ်တော်မူသောသခင်ခရစ်တော်ထံသို့ ဦးတည်လှည့်ပြောင်းလာဖို့လိုအပ်သည်။

ဤစမှတ်မှစတင်၍ ရှင်ပေါလုက ကောလောသဲယုံကြည်သူများအား သခင်

ခရစ်တော်၌ရှိသော ၄င်းတို့၏အရိုက်အရာနှင့် ၄င်းတို့အားဖန်ဆင်းခဲ့ခြင်း၏ ရည်ရွယ်ချက်များကို ဆက်လက်၍ပြောပြထားသည်။ အခန်းငယ် ၁၀ တွင် ရှင်ပေါလုက သူတို့အား အထွဋ်အမြတ်အာဏာစက်ရှိသမျှတို့ အုပ်စိုးတော်မူသောသခင်ခရစ်တော်၌ လိုအပ်ချက်များအားလုံးအတွက် ပကတိပြည့်စုံလုံလောက်စွာပေးသနားထားကြောင်းပြောဆိုခြင်းဖြင့် အစပြုခဲ့သည်။ သခင်ခရစ်တော်ထက်သာလွန်သော တန်ခိုး (သို့) ဉာဏ်ပညာမရှိပါ။ သူသည်သခင်တကာတို့၏သခင်၊ ဘုရင်တကာတို့၏ဘုရင်ဖြစ်သည်။ နားလည်သဘောပေါက်ခြင်းတို့၏အဓိက အရင်းအမြစ်ဖြစ်တော်မူသောသခင်ခရစ်တော်နှင့် ပြည့်ဝနေကြသောယုံကြည်သူများကဲ့သို့သူတို့၌အခွင့်အရေးကိုပေးထားခဲ့ပြီးဖြစ်ကြောင်းပြောပြနေသည်။ သူတို့၌လိုအပ်သောဉာဏ်ပညာအတွက် ဤလောကကြီးမှီခိုအားထားဖို့မလိုအပ်ပါ။

ဒုတိယအနေဖြင့် အခန်းငယ်(၁၁)တွင် ရှင်ပေါလုက ကောလောသဲယုံကြည်သူများအား ဇာတိပကတိအပြစ်ကိုပယ်ရှင်းခြင်းဖြင့် သူတို့သည် သခင်ခရစ်တော်၌ အရေဖျားလှီးခြင်းကိုခံယူခဲ့ကြကြောင်း ပြန်လည်အသိပေးခဲ့သည်။ ဤအရေဖျားလှီးခြင်းမင်္ဂလာသည် ကိုယ်ခန္ဓာ၌လက်ဖြင့်ပြုလုပ်သော အရေဖျားလှီးခြင်းမဟုတ်ပါ။ ဝိညာဉ်ရေးရာနှင့်ဆိုင်သောအရေဖျားလှီးခြင်းဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုရလျှင် သခင်ယေရှုအထံပါးသို့ ဦးလှည့်၍ယုံကြည်လက်ခံကြသောအခါ သခင်ယေရှုသည် သူတို့ကိုဇာတိပကတိအပြစ်နှင့်ဆက်နွယ်ခြင်းမှ ဖြတ်တောက်လိုက်သည်။ သူတို့၌အသစ်သောစိတ်နှလုံးကိုပေးသနားခဲ့သည်။ သူတို့သည်ဘုရားသခင်၏ ရည်ရွယ်ချက်နှင့်အကြံအစည်များကိုပထမဆုံးအကြိမ်အဖြစ်နားလည်သဘောပေါက်လာနိုင်ကြသည်။ ဇာတိပကတိအပြစ်အား စွဲလမ်းခြင်းဆန္ဒများမှာ ချိုးဖျက်ခံခဲ့ရသည်။ ဘုရားသခင်၏ဝိညာဉ်တော်သည် သူတို့၏စိတ်နှလုံးများနှင့် တွေးတောပုံ

တွေးတောနည်းများကိုပြောင်းလဲခဲ့သည်။ ဇာတိဟောင်းမှာဖြတ်တောက် (အရေဖျား လှီး)ခံရသည်။ သူတို့သည်အတွေးအခေါ်၌ ပြုပြင်ပြောင်းလဲထားသောလူသစ်များ ဖြစ်လာကြသည်။ သူတို့သည်အချည်းနှီးဖြစ်သောလူ့အတွေးအခေါ်၌ မှီခိုအားထား ခြင်းမရှိကြတော့ပါ။ ဉာဏ်ပညာအားလုံး၏ မူလအရင်းအမြစ်နှင့် ချိတ်ဆက်ထား ခြင်းကိုခံကြရသည်။

အခန်းငယ် ၁၂ တွင် ရှင်ပေါလုက ကောလောသဲ ယုံကြည်သူများအား သူတို့သည် ရေနှစ်ခြင်းမင်္ဂလာခံယူခြင်းတွင် သခင်ခရစ်တော်နှင့် မြှုပ်နှံသင်္ဂြိုလ်ခြင်းကို ခံရ၍ ဘုရားသခင်၏တန်ခိုးတော်၌ ယုံကြည်ခြင်းဖြင့် ထိုသခင်နှင့်အတူ ရှင်ပြန် ထမြောက်ခဲ့ကြကြောင်း ဆက်၍ပြောခဲ့သည်။ ရှင်ပေါလုက သူတို့အားသခင် ခရစ်တော်နှင့်အတူရေနှစ်ခြင်းခံခဲ့ကြသည်ဟု ရှေးဦးစွာပြောခဲ့သည်။ ဤရေနှစ်ခြင်း ခံယူခြင်းမှာ သခင်ခရစ်တော်၏အသေခံခြင်းပင်ဖြစ်သည်။ သခင်ယေရှုက ဤ အကြောင်းအရာကို ရှင်လုကာခရစ်ဝင်ကျမ်း၌ ပြောထားခဲ့သည်။

> ဗတ္တိဇံကိုလည်း ငါခံစရာရှိ၏။ ထိုဗတ္တိဇံကိုမခံမီတိုင်အောင် ငါသည်အလွန် ငြီးငွေ့သောစိတ်ရှိ၏ (လုကာ ၁၂း၅၀)။

သခင်ယေရှု ဤစကားလုံးများကိုပြောကြားခဲ့ချိန်တွင် သူသည်ယောဟန် အားဖြင့် ဗတ္တိဇံကိုခံယူခဲ့ပြီးဖြစ်သည်။ ထို့ကြောင့်သူသည် ဤနေရာတွင်အခြားသော ဗတ္တိဇံခံခြင်းကိုပြောနေခြင်းဖြစ်သည်။ လုကာ ၁၂ ၏ ကျမ်းဘောင်အခြေအနေအရ ဤဗတ္တိဇံနှင့်စပ်လျဉ်း၍ သခင်ယေရှုစိတ်သောကရောက်နေရခြင်းမှာ ထိုဗတ္တိဇံခံ ခြင်းသည် အသေခံခြင်း ဗတ္တိဇံဖြစ်သောကြောင့်ဖြစ်သည်။

ရှင်ပေါလုက ရောမဩဝါဒ စာတွင် သေခြင်းကိုဗတ္တိဇံခံခြင်းသဖွယ်ပြောခဲ့

သည်မှာ-

ယေရှုခရစ်၌ဗတ္တိဇံကိုခံသောသူရှိသမျှတို့သည် အသေခံတော်မူခြင်း၌ ဗတ္တိဇံကိုခံကြသည်ဟု သင်တို့မသိသလော (ရောမ ၆း၃)။

ရှင်ပေါလုက ကောလောသဲယုံကြည်သူတို့အား သူတို့သည်သခင်ခရစ်တော်၏ ဗတ္တိဇံခံခြင်းတွင် ထိုသခင်နှင့်အတူ သင်္ဂြိုလ်ခံခဲ့ရသည်ဟုပြောဆိုရာတွင် သခင်ယေရှုသည် လက်ဝါးကပ်တိုင်ထက်၌အသေခံတော်မူခြင်း ဗတ္တိဇံကိုခံယူခဲ့ချိန်တွင် သူတို့သည်ဝိညာဉ်ရေးရာအဓိပ္ပါယ်မျိုးဖြင့်လည်းကောင်း၊ ဥပဒေထုံးစံမျိုးဖြင့်လည်းကောင်း ထိုသခင်နှင့်အတူ အသေခံခဲ့ကြကြောင်း ရှင်ပေါလုက သူတို့ကိုပြောပြနေခဲ့ပါသည်။ ကျွန်ုပ်တို့၏အပြစ်ဒုစရိုက်ကြောင့် သခင်မှာကားတိုင်ထက်၌တင်သတ်ခြင်းကိုခံခဲ့ရသည်။ ကားတိုင်ထက်၌ သူယူသွားခဲ့သောအရာမှာ ကျွန်ုပ်တို့ခံရမည့်အပြစ်ဒဏ်ဖြစ်သည်။ ဘုရားသခင်သည်ကောင်းကင်ဘုံမှငုံ့ကြည့်ရာတွင် သားတော်၏ပခုံးထက်၌ ကျွန်ုပ်တို့၏အပြစ်ဒုစရိုက်များတင်ထားသည်ကို မြင်တွေ့ခဲ့သည်။ ထို့ကြောင့်ခမည်းတော်သည် သားတော်ထံမှမျက်နှာကိုလွှဲ၍ သူ့ကို သန့်ရှင်းမွန်မြတ်သောအမျက်ဒေါသဖြင့် ဒဏ်ခတ်ခဲ့သည်။ ထိုသို့အားဖြင့် ကျွန်ုပ်တို့မှာအပြစ်လွတ်ခြင်းကိုခံကြရမည်ဖြစ်သည်။ သခင်ခရစ်တော်သည် ကျွန်ုပ်တို့၏အပြစ်ဒဏ်ကိုခံယူသွားချိန်တွင် ကျွန်ုပ်တို့သည် ထိုသခင်နှင့်အတူကားတိုင်ထက်၌ ဥပဒေသဘောတရားအရအသေသတ်ခြင်းကိုခံကြရသည်။ ထိုအရာသည်အပြစ်ဒဏ်ခတ်ခြင်းနှင့်သေခြင်းကို ကျွန်ုပ်တို့ကိုယ်တိုင်ခံယူခဲ့ကြသကဲ့သို့ဖြစ်သည်။

ရှင်ပေါလုကဆက်လက်၍ ကျွန်ုပ်တို့သည် သခင်ခရစ်တော်နှင့်အတူ အသေခံခဲ့သည်နည်းတူ ထိုသခင်နှင့်အတူ ရှင်ပြန်ထမြောက်ခဲ့ကြောင်းပြောဆိုထား

သည် (ငယ် ၂)။ သေဆုံးသွားသောသခင်ယေရှု၏ ရုပ်ခန္ဓာကို သင်္ချိုင်း၌မြှုပ်နှံသင်္ဂြိုလ် ချိန်တွင် ကျွန်ုပ်တို့မှာလည်း မြှုပ်နှံသင်္ဂြိုလ်ခြင်းကိုခံကြရသည်။ ခမည်းတော်သည် သခင်ယေရှုကိုသင်္ချိုင်းထဲမှ ဘုန်းအသရေတင့်သောခန္ဓာဖြင့် ထမြောက်စေခဲ့ချိန်တွင် ဘုရားသခင်သည် ကျွန်ုပ်တို့ကိုလည်းအောင်နိုင်သူအသက်တာအားဖြင့် ရှင်သန်ရန် ထမြောက်စေခဲ့ပါသည်။ ကျွန်ုပ်တို့သည် သခင်ရစ်တော်၏အောင်နိုင်ခြင်းမှ အကျိုး အမြတ်ခံစားခဲ့ကြရသည်။ ဘုရားသခင်သည် သခင်ခရစ်တော်၏သေခြင်းမှ ထမြောက်စေခဲ့ခြင်းသည် သခင်ခရစ်တော်ပေးခဲ့သောအဖိုးအခကို ဘုရားသခင် လက်ခံခဲ့သည်ဟူသော လက္ခဏာပင်ဖြစ်သည်။ အပြစ်ဒုစရိုက်၏တန်ဖိုးကို ချေးဖျက် ခဲ့ပြီးကြောင်း ဘုရားသခင်ကကြွေးကြော်နေပါသည်။ အပြစ်၏အဖိုးအခကိုပေးခဲ့ပြီး ဖြစ်သည်။ ကျွန်ုပ်တို့သည်အပြစ်လွှတ်ခြင်းကိုခံခဲ့ကြရပြီးဖြစ်သည်။

အခန်းငယ် ၁၂ တွင် ရှင်ပေါလုက တစ်ကြိမ်တစ်ခါက ကျွန်ုပ်တို့အားလုံး သည် မိမိတို့၏အပြစ်ဒုစရိုက်၌သေ၍ ကျွန်ုပ်တို့၏ဇာတိပကတိအပြစ်၌ အရေဖျား လှီးခြင်းမခံပဲ ရှင်သန်နေထိုင်ခဲ့ကြသည်ဟုဆိုထားသည်။ ဆိုလိုသည်မှာ ဇာတိပကတိ အပြစ်ကို ကျွန်ုပ်တို့ထံမှဖြတ်တောက်ဖယ်ရှားခြင်းမပြုမီတွင် ကျွန်ုပ်တို့သည် ၎င်း၏ ထိန်းချုပ်မှုအောက်တွင်ရှင်သန်နေထိုင်ခဲ့ကြသည်။ သခင်ယေရှုသည် ကျွန်ုပ် တို့၏အပြစ်ဒုစရိုက်ကို မိမိနှင့်အတူကားတိုင်ထက်သို့ယူဆောင်သွားခဲ့သည်။ အပြစ် ဒုစရိုက်ကိုအောင်နိုင်၍ အပြစ်၏အဖိုးအခကိုပေးဆပ်ခဲ့ပြီးသည်နှင့်အမျှ သူတို့ ကိုယ်စားသခင်ခရစ်တော်ပေးဆပ်သွားခဲ့သောအရာကို လက်ခံသူတိုင်းအပြစ် လွှတ်ခြင်းကိုလည်းခံကြရသည်။

သခင်ယေရှုသည် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်အပြစ်ဒုစရိုက်များအားလုံး အတွက် အသေခံခဲ့သည်။ ဤအချင်းအရာတွင် အလွန်အရေးပါသော သွယ်ဝိုက်

သက်ရောက်ခြင်းအဓိပ္ပါယ်များစွာရှိသည်။ ကျွန်ုပ်၏အပြစ်ဒုစရိုက်အတွက် အဖိုးအခကိုပေးဆပ်ပြီးခဲ့လျှင်၊ ကယ်တင်ခြင်းအတွက် ကျွန်ုပ်နောက်ထပ်လုပ်ဆောင်နိုင်သောအရာမရှိတော့ပါ။ အရာအားလုံးပြီးပြတ်သွားပြီဖြစ်သည်။ အခန်းငယ် ၁၄ တွင် ရှင်ပေါလုက ကောလောသဲယုံကြည်သူများအား သခင်ခရစ်တော်၏ အသေခံခြင်းသည် ဝိနည်းအထုံးအဖွဲ့နှင့်စပ်ဆိုင်သော လက်မှတ်(ပညတ်တရား)ကို တရားဝင်ပယ်ဖျက်ခဲ့သည်ဟုပြောထားသည်။ သခင်ယေရှုသည်ပညတ်တရား၏ ပြဋ္ဌာန်းချက်များအားလုံးကို ဖြည့် ဆည်းပြည့်စုံစေခဲ့၍ ဘုရားသခင်ကထိုပညတ်တရားတော်ကိုယူ၍ သခင်ယေရှုနှင့် အတူ ကားတိုင်ထက်၌သံမှိုဖြင့်စွဲရိုက်ခဲ့သည် (ငယ် ၁၄)။ ဆိုလိုသည်မှာ ပညတ် တရားတော်ကိုနာခံလိုက်လျှောက်ခြင်းသက်သက်ဖြင့်မည်သူမျှကယ်တင်ခြင်းကိုမရရှိနိုင်ပါ။ သခင်ယေရှုသည် တစ်ခုတည်းသောကယ်တင်ခြင်းလမ်းဖြစ်သည်။ ယခု ကျွန်ုပ်တို့ကျူးလွန်နေကြသော အပြစ်ဒုစရိုက်အားလုံးကို ကားတိုင်ကဖုံးကွယ်လွှမ်းခြုံထားသည်။ ကယ်တင်ခြင်းနှင့်ပတ်သက်လာလျှင် ပညတ်တရားတော်သည်တန်ဖိုးမရှိပါ။ ကျွန်ုပ်တို့သည် ပညတ်တရားတော်ကို နာခံလိုက်လျှောက်၍ ကောင်းမှုကုသိုလ်လုပ်ခြင်းဖြင့် ကောင်းကင်ဘုံ၌ဝင်စားနိုင်ပါသည်ဟူ၍ ထင်မှတ်ယုံကြည်နေခြင်းသည် ကားတိုင်ထက်၌ ကျွန်ုပ်တို့အတွက်ပြုလုပ်ပေးဆပ်သွားခဲ့သော သခင်ယေရှု၏လုပ်ရပ်ကိုနားမလည်ခြင်းသာဖြစ်သည်။ သွန်သင်ချက်များနှင့် ဝိညာဉ်အထုံးအဖွဲ့များကို နာခံလိုက်လျှောက်ခြင်းဖြင့် ကယ်တင်ခြင်းရရှိနိုင်သည်ဟူသောအရာကို အလေးထားသောထိုခေတ်ကာလရှိ မှားယွင်းသောသွန်သင်ချက်များ၏ မိုက်မဲမှုကို ရှင်ပေါလုကပြောဆိုအသိပေးဖို့ကြိုးစားနေပါသည်။ ဝိနည်းအထုံးအဖွဲ့များကို နာခံလိုက်လျှောက်ခြင်းဖြင့် ကောင်းကင်ဘုံဝင်စားရမည်ဟု ယုံကြည်နေခြင်းသည် သခင်ယေရှုအား ကျွန်ုပ်တို့၏

တစ်ပါးတည်းသောကယ်တင်ရှင်ဖြစ်ဖို့လိုအပ်မှုကို ငြင်းပယ်နေခြင်းပင်ဖြစ်သည်။

သခင်ယေရှုသည်အပြစ်ဒုစရိုက်နှင့် စပ်ဆိုင်သောအရာကို ကားတိုင်ထက်၌ ဖြေရှင်းခဲ့ရုံသာမက အထွဋ်အမြတ်၊ အာဏာစက်များကိုလည်း ဖျက်သိမ်းခဲ့သည် (ငယ် ၁၅)။ ဤအထွဋ်အမြတ် အာဏာစက်များမှာ မည်သည့်အရာများဖြစ်ကြသနည်း။ တစ်ဖက်တွင်ဤအထွဋ်အမြတ်အာဏာစက်များသည် လောကီတန်ခိုးအာဏာများနှင့် ၎င်း၏လောကီအတွေးအခေါ်များဖြစ်နိုင်သည်။ ရှင်သန်ခြင်းနှင့် စပ်လျဉ်း၍ ဤလောကကြီးသည် ၎င်း၏ကိုယ်ပိုင်အယူအဆများကို ပိုင်ဆိုင်ထားသော်လည်း ၎င်းတို့သည်အခွံဗလာသက်သက်သာဖြစ်သည်။ သခင်ယေရှုသည် သမ္မာတရားကို ကျွန်ုပ်တို့အားပြသခဲ့ပါသည်။ ထိုသခင်ကိုရှာတွေ့သောသူတိုင်းသည် ရှင်သန်ခြင်း၏အဓိပ္ပါယ်ကိုရှာတွေ့ကြသည်။ ကားတိုင်ထက်၌အသေခံခြင်းဖြင့် သခင်ယေရှုက ဤလောကီအတွေးအခေါ်များ၏ မိုက်မဲမှုကိုဤလောကကြီးအားပြသခဲ့ပါသည်။

သို့သော်ဤအရာ၏အခြားတစ်ဖက်တွင်လည်း သခင်ယေရှုသည် ဝိညာဉ်ရေးနှင့်ဆိုင်သော အထွဋ်အမြတ်အာဏာစက်များကို ဖျက်သိမ်းခဲ့ပါသည်။ စာတန်နှင့်၎င်း၏ကောင်းကင်တမန်များက ဤလောကကြီးကို အမှောင်ထဲ၌ ချုပ်နှောင်ထားခဲ့ကြသည်။ ဤလောကကြီးသည် စာတန်၏ထိန်းချုပ်မှုအောက်တွင်ရှိနေခဲ့သည်။ သခင်ယေရှုကားတိုင်ထက်၌အသေခံချိန်တွင် လူသားမျိုးနွယ်အပေါ်၌ စာတန်၏ထိန်းချုပ်ထားမှုကို တရားဥပဒေနည်းလမ်းနှင့်ညီညွတ်စွာ ချိုးဖျက်ပယ်ရှင်းခဲ့သည်။ ဝိညာဉ်တန်ခိုးများသည် ကိုယ်တော်ကိုကားတိုင်ထက်သို့ ချီးမြှောက်၍ ကဲ့ရဲ့ပြစ်တင်ရင်း တံတွေးဖြင့်ထွေးခဲ့ကြသော်လည်း သခင်ယေရှုသည် သူတို့ကို အောင်နိုင်ခဲ့သည်။ သူတို့၏တန်ခိုးများကို ချိုးဖျက်ခဲ့သည်။ ယခုတွင် သခင်ယေရှု၏

အမည်နာမကိုကြားသည်နှင့် စာတန်နှင့်၎င်း၏ ကောင်းကင်တမန်များသည် ထွက်ပြေးကြရသည်။ သူတို့ရှုံးနိမ့်ခဲ့ကြသည်။ သခင်ခရစ်တော်၌ တည်နေသောသူများအပေါ်၌ တရားဥပဒေနည်းလမ်းကျကျထိန်းချုပ်ခွင့်မရှိကြတော့ပါ။ ဤဘဝ ဤအသက်တာတွင် ဝိညာဉ်ဆိုး၏တန်ခိုးများသည် ယုံကြည်သူများကို ညှင်းပန်း၍ ကြီးမားသောပြဿနာများနှင့် အခက်အခဲများကိုပေးပါလိမ့်မည်။ သို့သော် နောက်ဆုံးတွင် ဤတန်ခိုးများအားလုံးကျရှုံးကြပေလိမ့်မည်။ သူတို့၏တန်ခိုးလက်နက်များကိုပယ်ဖျက်ခဲ့ပြီးဖြစ်သည်။ သခင်ခရစ်တော်၌ တည်နေသောသူများအပေါ်၌ စာတန်နှင့်၎င်း၏ကောင်းကင်တမန်များ၏ တန်ခိုးနှင့်ချုပ်ကိုင်ခွင့်ကိုကားတိုင်က ချိုးဖျက်ခဲ့ပြီးဖြစ်သည်။

အပြစ်ဒုစရိုက်၏အဖိုးအခကိုပေးဆပ်ခဲ့ပြီးဖြစ်၍ စာတန်သည်လက်နက်ဖျက်သိမ်းခဲ့ရပြီးဖြစ်သည်။ ဤအချင်းအရာအားလုံးကို သခင်ခရစ်တော်က ပြုလုပ်ခဲ့သည်။ ထို့ကြောင့်ရှင်ပေါလုက ကောလောသဲယုံကြည်သူများအား ဤအချင်းအရာ၌ အခြေပြု၍ သူတို့၏စားပုံသောက်ပုံ၊ ဘာသာရေးပွဲလမ်းများကျင်းပမည်မကျင်းပမည်၊ ဥပုသ်နေ့ကိုစောင့်ထိန်းမည် မစောင့်ထိန်းမည်တို့၌ တစ်စုံတစ်ယောက်၏ အကဲဖြတ်ပေးခြင်းကို အခွင့်မပေးကြဖို့ပြောခဲ့သည်။ တစ်နည်းအားဖြင့် ဆိုရလျှင် သူတို့၏ ကယ်တင်ခြင်းသည် ဤအချင်းအရာများကိုလုပ်ခြင်း၊ မလုပ်ခြင်းနှင့်မသက်ဆိုင်တော့ပါ။ ရှင်ပေါလု၏ပြောဆိုချက်မှာ ရှင်းနေပါသည်။ ကျွန်ုပ်တို့၏ကယ်တင်ခြင်းကို သခင်ယေရှုက ကားတိုင်ထက်၌ ပကတိစုံလင်စွာဖြည့်ဆည်းပြည့်စုံစေခဲ့လျှင် အခြားသူများသခင်ခရစ်တော်နှင့် မှန်ကန်ကောင်းမွန်သောဆက်ဆံရင်းနှီးမှုရှိမရှိကို ပညတ်တရားပေါ်၌ အခြေခံ၍အကဲမဖြတ်နိုင်ကြပါ။ အရေးကြီးသည့်အချက်မှာ ၎င်းတို့သည်သခင်ယေရှုကိုလည်းကောင်း၊ ၎င်းတို့အတွက်ထိုသခင်က ကားတိုင်

ထက်၍ပေးဆပ်သွားခဲ့သည့်အဖိုးအခကိုလည်းကောင်း ယုံကြည်လက်ခံခြင်းရှိမရှိ ဖြစ်သည်။

ပညတ်တရားတော်သည် ဣသရေလလူမျိုးထံ၌ ဖြောင့်မတ်ခြင်းအတွက် ဘုရားသခင်၏သန့်ရှင်းသောစံချိန်စံညွှန်းကိုပေးခဲ့ပါသည်။ ထိုအရာသည် ဣသရေလ လူမျိုးများအား ၎င်းတို့သည် ဘုရားသခင်၏ပြဋ္ဌာန်းချက်များကို မစောင့်ထိန်းနိုင် သောအပြစ်သားများဖြစ်ကြောင်းပြသခဲ့သည်။ ပညတ်တရားတော်နှင့် ၎င်း၏ စောင့် ထိန်းစရာတာဝန်ဝတ္တရားများသည် ဘုရားသခင့်လူတို့၏ နှလုံးသားကို ကြွလာမည့် ၎င်းတို့၏ခရစ်တော်အတွက်ပြင်ဆင်ထားကြရန်အတွက် သဘောထားကြီးစွာဖြင့် ပေးသနားထားခြင်းဖြစ်သည်။ ပညတ်တရားတော်ကို သူတို့၏ကိုယ်တိုင်ကြိုးစား အားထုတ်၍ လိုက်လျှောက်ခြင်းဖြင့် မဖြည့်ဆည်းနိုင်သောအရာများကို ထို ခရစ်တော်ကဖြည့်ဆည်းပြည့်စုံစေခဲ့မည်ဖြစ်သည်။

ရှင်ပေါလုကကောလောသဲယုံကြည်သူများအား ရှေ့တွင်ရှိသောဆုလက် ဆောင်အတွက် ၎င်းတို့ကိုအဆင့်မမီအောင် တစ်စုံတစ်ယောက်ကပြုမူမည့်အဖြစ် ကို ခွင့်မပြုကြဖို့ပြောခဲ့သည်။ မှားယွင်းသောဆရာများသည် အခြားသောသတင်း ကောင်းတရားကိုဟောပြောခဲ့ကြသည်။ သူတို့သည် ယုံကြည်သူများကို ကောင်းကင် တမန်များအား ကိုးကွယ်ကြရန်သွန်သင်ပေးခဲ့ကြသည်။ ဤဆရာများက ၎င်းတို့၌ ထူးခြားသောရူပါရုံနှင့် နိမိတ်အိပ်မက်များရှိသည်ဟု ကြွေးကြော်ခဲ့ကြသည်။ သူတို့က ဤအံ့ဖွယ်အကြောင်းအရာများကို အသေးစိတ်ပြောခဲ့ကြသည် (ငယ် ၁၈)။ သူတို့ သည် ဝိညာဉ်လူများဟုထင်ရသော်လည်း လောကီလူများဖြစ်ကြသည်။ သူတို့ကို နားထောင်သောသူများအတွက် အယူအဆများနှင့်လမ်းညွှန်ချက်များသူတို့၌ ရှိ နေသော်လည်း ထိုဆရာများသည် ၎င်းတို့ကိုနားထောင်သောသူများအား သခင်

ယေရှုပြုခဲ့သောအမှု၊ သခင်နှုတ်ကပတ်တော်၏သမ္မာတရားများမှ ဝေးရာသို့သာ လမ်းညွှန်ခဲ့ကြသည်။ အခန်းငယ် ၁၉ တွင် ရှင်ပေါလုက ကောလောသဲ ယုံကြည်သူများအား ဤမှားယွင်းသောဆရာများသည် "ဦးခေါင်းတော် (သခင်ယေရှု)ကိုအမှီမပြု" ကြဟု ပြောခဲ့သည်။

ရှင်ပေါလုက လူကိုယ်ခန္ဓာသာဓကကိုအသုံးပြုခဲ့သည်။ သခင်ခရစ်တော်သည် ဦးခေါင်းဖြစ်၍ယုံကြည်သူများမှာ ကိုယ်ခန္ဓာဖြစ်သည်။ ခန္ဓာကိုယ်သည် ခေါင်းမပါပဲအလုပ်မလုပ်နိုင်သကဲ့သို့ ယုံကြည်သူများသည်လည်း မိမိတို့၏ဦးခေါင်းဖြစ်သောသခင်ခရစ်တော်နှင့်ဆက်နွယ်နေရမည်ဖြစ်သည်။ သခင်ယေရှုထံမှ ကျွန်ုပ်တို့၏ အကြည့်ကိုတစ်ချက်လွှဲလိုက်သည်နှင့် အရေးကြီးသောအရာများအားလုံးကိုလည်းမျက်ခြေပြတ်သွားမည်ဖြစ်သည်။ ကျွန်ုပ်တို့ကိုလမ်းလွဲသို့ ဆောင်ကြဉ်သွားမည့်လမ်းပေါ်တွင် ကျွန်ုပ်တို့ရောက်နေကြောင်း ကိုယ့်ကိုကိုယ်တွေ့ရမည်။

အခန်းငယ် ၂၀ တွင် ရှင်ပေါလုက ကောလောသဲယုံကြည်သူများအား ၎င်းတို့သည် လောကီအတွေးအခေါ်များနှင့် နည်းဥပဒေသများတွင် သခင်ခရစ်တော်နှင့်အတူသေခဲ့ကြသည်ကိုသတိရဖို့ ခွန်အားပေးတိုက်တွန်းခဲ့သည်။ သမ္မာတရားကိုပြဖို့ သခင်ယေရှုသည်မိမိ၏အသက်ကိုစတေးခဲ့ပါသည်။ ကျွန်ုပ်တို့သည် မှားယွင်းသောဆရာများ၏လှည့်စားခြင်းကိုမခံသင့်ပေ။ ကယ်တင်ခြင်းသည်ပညတ်တရားစောင့်ထိန်းခြင်းတွင် မူတည်သည်ဟူသောသဘောမျိုးဖြင့် ရှင်သန်ကြသောယုံကြည်သူများရှိနေကြပါသည်။ ဤကဲ့သို့သောယုံကြည်သူများ၏အသက်တာတွင် "မတို့နှင့်၊ မမြည်းနှင့်၊ မကိုင်နှင့်"ဟူသော စည်းမျဉ်းစည်းကမ်းများပါဝင်ခဲ့သည် (ငယ် ၂၁)။

မှားယွင်းသောဆရာများသည် ပညတ်တရားများနှင့် ထုံးစံအစဉ်အလာများကို ဟောပြောခဲ့ကြသည်။ သူတို့အလေးထားသောအရာမှာ သခင်ယေရှုမဟုတ်

ပါ။ ပညတ်တရား၏ဆောင်ရန်ရှောင်ရန်များကိုသာအလေးထားခဲ့ကြသည်။ သူတို့သည် လူတို့၏ဝိညာဉ်ရေးရာကို ပညတ်တရားစောင့်ထိန်းမှု ရှိမရှိပေါ်တွင် အခြေခံ၍ စီရင်ဆုံးဖြတ်ကြသည်။ ရှင်ပေါလုက ကောလောသဲယုံကြည်သူများအား ဤနည်းဥပဒေသများသည် သခင်ခရစ်တော်၌အခြေခံမထားပဲ လူသားတို့၏ဆိုမိန့်များနှင့် သွန်သင်ချက်များပေါ်တွင် အခြေခံထားကြောင်းပြောခဲ့သည်။ ဤနည်းဥပဒေသများတွင် ဉာဏ်ပညာများပါရှိသယောင်ထင်ရသော်လည်း ၎င်းတို့သည် ဘုရားသခင်ထံမှ မဟုတ်ခဲ့ကြပါ။ ဤထုံးခံနည်းဥပဒေသများအားဖြင့် ရှင်သန်သောသူများသည် အမှန်တွင် ကိုယ့်ကိုယ်ကို ကိုးကွယ်နေကြခြင်းဖြစ်သည်။ ဖာရိရှဲများကဲ့သို့ သူတို့သည် စည်းမျဉ်းစည်းကမ်းများကို လိုက်နာစောင့်ထိန်းနိုင်မှုအပေါ်၌လည်းကောင်း၊ ထိုကဲ့သို့သောအသက်တာအတွက်လည်းကောင်း မာနတက်နေခဲ့ကြသည်။ မိမိတို့သည် စည်းကမ်းရှိသောသူ၊ အရာအားလုံးကိုပေးဆပ်အနစ်နာခံလိုသော ဝိညာဉ်လူများဖြစ်ကြသည်ဟု သူတစ်ပါးထံ၌ပြသကြသည်။ သူတို့သည်မိမိတို့၏ကိုယ်ခန္ဓာကို ရက်စက်စွာပြုမူရင်း အရာများစွာကိုပေးဆပ်ခဲ့ကြသည်။ သူတို့သည်အစာရှောင်၍ ဤလောကီစည်းစိမ်များ၌ ပျောက်ပိုက်ခြင်းကိုငြင်းပယ်ခဲ့ကြပေမည်။ သို့သော် ဤလုပ်ဆောင်မှုများသည် ၎င်းတို့၏စိတ်နှလုံးများကို ဘုရားသခင်ထံသို့လှည့်ပြောင်းရန် အကျိုးမပြုခဲ့ကြပါ။ သူတို့၏ထုံးခံနည်းဥပဒေသများကို စောင့်ရှောက်လိုက်နာခြင်းကြောင့် ဘုရားသခင်နှင့်လည်းပို၍ နီးစပ်မလာကြပါ။ ပြောရမည်ဆိုလျှင် သူတို့သည် အသက်တာအတွက်အမှန်တကယ်လိုအပ်သော ခရစ်တော်နှင့် ထိုသခင်ပြုခဲ့သောအမှုကို ငြင်းပယ်နေခဲ့ကြသောကြောင့် သူတို့သည်သခင်ဘုရားနှင့်ပို၍ပင်ဝေးနေခဲ့ကြပါသည်။

ကျွန်ုပ်တို့သည် ကိုယ်စိတ်ရှိသည့်အတိုင်း ရှင်သန်နိုင်ကြပါသည်ဟု ရှင်ပေါလု

က သွန်သင်ပေးနေခြင်းမဟုတ်ပါ။ သို့သော်ရှင်ပေါလုက ပညတ်တရားသည်ကျွန်ုပ်တို့ကိုဘယ်သောအခါတွင်မျှ ကယ်တင်လိမ့်မည်မဟုတ်ဟူသောအချက်ကိုပြောနေပါသည်။ ကျွန်ုပ်တို့၏မျက်လုံးများကို သခင်ဘုရားနှင့်ထိုသခင်ပြုခဲ့သောအမှုတော်ထံမှ လွှဲပြောင်းဖယ်ရှားသောအခါ ကျွန်ုပ်တို့သည် အရေးကြီးသောအရာများအားလုံးကိုမျက်ခြေပြတ်သွားကြမည်ဖြစ်ကြောင်းကို ရှင်ပေါလုနားလည်ခဲ့သည်။ ကျွန်ုပ်တို့၏မျှော်လင့်ချက်ကို သခင်ယေရှုတစ်ပါးတည်း၌သာ ခိုင်ခံ့စွာတည်ထားကြရမည်။

ဤအပိုင်းတွင် တစ်ခြားသောသတင်းကောင်းတရားကို သွန်သင်ပေးခဲ့ကြသည့်သူများကို သတိထားရန်ရှင်ပေါလုက ကောလောသဲယုံကြည်သူများကို မည်သို့စိန်ခေါ်ခဲ့ကြောင်း ကျွန်ုပ်တို့တွေ့ကြရသည်။ ရှင်ပေါလုသည် သခင်ယေရှု၏အသက်ရှင်ခြင်းနှင့် အသေခံခြင်းတို့ကို အဓိကစူးစိုက်ခဲ့သည်။ ကယ်တင်ခြင်းနှင့် သန့်ရှင်းသောအသက်တာအတွက် သခင်ခရစ်တော်ပြုလုပ်ခဲ့သောအမှုတော်ကို အဓိကမထားသောသွန်သင်မှုတိုင်းကို ငြင်းပယ်ကြဖို့ မိမိ၏စာဖတ်ပရိတ်ကို ရှင်ပေါလုစိန်ခေါ်တိုက်တွန်းခဲ့သည်။ အရာအားလုံးသည် သခင်ယေရှုနှင့်အစပြု၍ သခင်ယေရှုနှင့်အဆုံးသတ်ရပေမည်။

## စဉ်းစားသုံးသပ်ရန်အချက်များ

- သခင်ခရစ်တော်မပါပဲ ရှင်သန်ခြင်းတွင်မည်သည့်အဓိပ္ပါယ်ရှိပါသနည်း။ ရှင်းပြပါ။ သခင်ခရစ်တော်၌ ရှင်သန်ခြင်းအဓိပ္ပါယ်ကိုရှာကြံရန် အဘယ်ကြောင့်အရေးကြီးသနည်း။
- ကားတိုင်ထက်၌ သခင်ယေရှုပြုလုပ်ခဲ့သောအမှုတော်နှင့် စပ်လျဉ်း၍

ရှင်ပေါလုက ကျွန်ုပ်တို့ကိုမည်သို့သွန်သင်ပြောဆိုထားပါသနည်း။

- ကျွန်ုပ်တို့၏ကယ်တင်ခြင်းအတွက် သခင်ခရစ်တော်နှင့်ထိုသခင်ပြုလုပ်ခဲ့သောအမှုကို အာရုံစူးစိုက်ထားခြင်းမှ သွေဖယ်သွားအောင်မည်သည့်အရာက ဖန်တီးနိုင်ပါသနည်း။
- ပညတ်တရားတော်ကိုယုံကြည်ကိုးစားခြင်းနှင့် သခင်ခရစ်တော်ကိုယုံကြည်ကိုးစားခြင်းတို့၏ ကွဲပြားမှုမှာအဘယ်နည်း။
- ကျွန်ုပ်တို့၏ကယ်တင်ခြင်းအတွက် သခင်ခရစ်တော်တစ်ပါးတည်းကိုသာယုံကြည်ကိုးစားခြင်းဟူသောအရာသည် ကျွန်ုပ်တို့မည်သို့မည်ပုံနေထိုင်ရှင်သန်သည်ကိုအလေးထားစရာမလိုတော့ပါဟုဆိုလိုပါသလား။ မိမိတို့အတွက် သခင်ခရစ်တော်လုပ်ဆောင်သွားခဲ့သောအမှုကို နားလည်သဘောပေါက်သောသူများ၏ တုန့်ပြန်မှုကာအဘယ်နည်း။
- သခင်ခရစ်တော်၏လုပ်ဆောင်ခဲ့သောအမှုတော်မပါပဲ ကယ်တင်ခြင်းရနိုင်သောနည်းလမ်းကို သွန်သင်ပေးသည့်မှားယွင်းသောဆရာများ သင်တို့၏ပတ်ဝန်းကျင်တွင်ရှိပါသလား။

## ဆုတောင်းရန်အချက်များ

- ကားတိုင်ထက်၌သင့်ရဲ့အပြစ်ဒုစရိုက်များအားလုံးကို ဖုံးအုပ်လွှမ်းခြုံပေးခဲ့သည့်အတွက် သခင်ဘုရားကိုကျေးဇူးတင်ချီးမွမ်းပါ။
- သခင်ခရစ်တော်အသေခံခြင်းသည် သင့်အတွက်မည်သို့ဆိုလိုထားသည်ကိုပို၍ပြည့်စုံစွာနည်းလည်သဘောပေါက်လာဖို့ရန် သွန်သင်ပေးဖို့သခင်ဘုရားကို တောင်းလျှောက်ပါ။

- ကျွန်ုပ်တို့၏ကယ်တင်ခြင်းကို ကိုယ်တိုင်ကြိုးစားရှာကြံဖို့မလိုသည့်အတွက် ဘုရားသခင်ကိုကျေးဇူးတင်ချီးမွမ်းပါ။
- ချစ်ခြင်းမေတ္တာနှင့်ပြည့်သောနှလုံးသားမှ အစေခံရန်သင့်အားသာ၍ စေ့ဆော်တိုက်တွန်းခံရမည့်အကြောင်း သန့်ရှင်းသောဝိညာဉ်တော်နှင့် ဤထက်မကပို၍ဖြည့်တင်းပေးရန် သခင်ဘုရားကိုတောင်းလျှောက်ပါ။
- လူသားထံမှ အရင်းခံလာသောမှားယွင်းသည့် ဒဿနိကအတွေးအခေါ်များနှင့် အယူဝါဒသွန်သင်ချက်မှ သင့်အားကွယ်ကာပေးဖို့ သခင်ဘုရားကိုတောင်းလျှောက်ပါ။ သမ္မာတရားအားလုံး၌ လမ်းညွှန်ပေးဖို့ နှုတ်ကပတ်တော်ကို ကျွန်ုပ်တို့အားပေးသနားထားသည့်အတွက် ကျေးဇူးတင်ချီးမွမ်းပါ။

# ၁၇
# ဆိုးယုတ်သောဓာတ်ကိုအသေသတ်ခြင်း

**ကောလောသဲ ၃း၁-၁၀ ကိုဖတ်ရှုပါ။**

ပြီးခဲ့သောနောက်ဆုံးအခန်းတွင် တမန်တော်ရှင်ပေါလုသည် ကောလောသဲယုံကြည်သူများအား ကားတိုင်ထက်၌သခင်ယေရှုပြုလုပ်ခဲ့သောအမှုအကြောင်းကို ပြောပြခဲ့သည်။ ရှင်ပေါလုက သူတို့အားသခင်ယေရှုလက်ဝါးကပ်တိုင်ထက်၌ အသေခံခဲ့ချိန်တွင် သူတို့၏အပြစ်ဒုစရိုက်များအားလုံးကို သူနှင့်အတူယူဆောင်သွားခဲ့ကြောင်းကို ပြန်လည်အသိပေးခဲ့သည်။ သခင်ယေရှုသေခြင်းမှ ထမြောက်ခဲ့ချိန်တွင် သူတို့တိုက်ရိုက်အကျိုးခံစားခဲ့ရသည်။ သခင်ယေရှု၏အသေခံခြင်းသည် သူတို့အပြစ်၏အဖိုးအခကိုပေးချေခဲ့သည်။ သခင်ယေရှု၏ရှင်ပြန်ထမြောက်ခြင်းသည် သူတို့ကိုအပြစ်တရားနှင့်သေခြင်းတရားအပေါ်၌ အောင်နိုင်ခြင်းကိုပေးခဲ့သည်။ သခင်ယေရှုသည်ကိုယ့်အဖို့သာရှင်ပြန်ထမြောက်ခဲ့သည်မဟုတ် ကျွန်ုပ်တို့အတွက်လည်း ထမြောက်ခဲ့သည်။ ကျွန်ုပ်တို့သည် သခင်ခရစ်တော်နှင့်အတူကားတိုင်ထက်၌ တရားဥပဒေနှင့်ညီညွတ်စွာသေခဲ့ကြလျှင် ကျွန်ုပ်တို့သည်ထိုသခင်၏ ရှင်ပြန်

ထမြောက်ခြင်းတွင် အကျိုးထူးခံစားကြရသည်။ သခင်ယေရှုအသေခံချိန်တွင် သူသည်ထိုအရာကို ကျွန်ုပ်တို့၏ကိုယ်စား ခံသွားခြင်းဖြစ်သည်။ သေခြင်းမှထမြောက်သောအခါတွင်လည်း သူထိုအရာကိုကျွန်ုပ်တို့အတွက်ထမြောက်ခဲ့သည်။

အခန်းငယ် ၁ တွင် ရှင်ပေါလုက ကောလောသဲယုံကြည်သူများအား သူတို့သည် သခင်ခရစ်တော်နှင့်အတူထမြောက်ခဲ့ကြသောကြောင့် သူတို့သည် မိမိတို့၏စိတ်နှလုံးများကို သခင်ခရစ်တော်ထိုင်နေတော်မူရာအရပ်၌ရှိသော အထက်အရာတို့၌ ရည်မှတ်ထားရမည်ဖြစ်ကြောင်းပြောခဲ့သည်။ သူတို့၏စိတ်နှလုံးကို ဤလောကီအရာတို့၌ထားဖို့မဟုတ်တော့ပါ။ သို့သော်ဤလောက၌ ဘုရားသခင်ကပေးသနားထားသည့်ကောင်းမွန်သောအရာများ၌ မွေ့လျော်ခြင်းမပြုရဟုမဆိုပါ။ သို့သော်ဤကမ္ဘာလောကနှင့်၄င်း၏စည်းစိမ်များသည် ကျွန်ုပ်တို့အမှုထားအရာများမဖြစ်သင့်ဟုဆိုလိုပါသည်။ ကျွန်ုပ်တို့မွေ့လျော်ပျော်ပိုက်ဖို့ အံ့ဖွယ်အရာများစွာကို ဘုရားသခင်ကကျွန်ုပ်တို့အား ပေးသနားထားပါသည်။ ကျွန်ုပ်တို့နေထိုင်ရာဤကမ္ဘာကြီးသည် ကျွန်ုပ်တို့၏အကျိုးအမြတ်အတွက် ကျွန်ုပ်တို့၏ဖန်ဆင်းရှင်ကပေးသနားထားသောအရာဖြစ်သည်။ သို့သော်ဤလောကီအရာများ၌ စိတ်နှလုံးပုံအပ်ထားသောသူများရှိနေကြသည်။ ဘုရားသခင်နှင့်ဆိုင်သောအရာများထက် ဤလောကီအရာများသည် သူတို့အတွက်အဓိပ္ပါယ်ပိုရှိလာသည်ဟုထင်လာကြသည်။ သူတို့သည် ဤလောကီစည်းစိမ်နှင့် ပိုင်ဆိုင်မှုများ၏ဆွဲဆောင်ခြင်းကိုခံကြရပြီး၊ ထိုအရာများအပေါ်၌သာ စိတ်နှလုံးကိုရည်မှတ်ထားကြတော့သည်။

လောကီအရာများ၏နောက်သို့လိုက်ခြင်း၏ အချည်းနှီးဖြစ်ခြင်းမှ ကျွန်ုပ်တို့ကိုလွတ်မြောက်စေဖို့ သခင်ယေရှုဆင်းကြွလာခဲ့ခြင်းဖြစ်သည်။ ဤအရာများအားလုံးသည်နောက်ဆုံးတွင် အနိစ္စတရားနှင့်အတူ ပျောက်ပျက်သွားကြမည်ဖြစ်

သည်။ ထာဝရကာလတွင် ၄င်းတို့သည်တန်ဖိုးရှိကြမည်မဟုတ်ပါ။ ကျွန်ုပ်တို့သည် ဤလောကရှိစည်းစိမ်းအားလုံးကို ပိုင်ဆိုင်ပြီး၊ ထာဝရကာလကို သခင်ခရစ်တော်မပါပဲ ဖြတ်သန်းရခြင်းမျိုးလည်းရှိနိုင်သည်။ သခင်ခရစ်တော်အတွက် ကျွန်ုပ်တို့ဖန်ဆင်းထားခဲ့ပြီး ဤလောကီအရာများက ကျွန်ုပ်တို့ကိုဘယ်သောအခါတွင်မျှ အပြည့်အဝကျေနပ်စေနိုင်ကြမည်မဟုတ်ပါ။ အပြစ်လွှတ်ခြင်းခံရ၍ ဆေးကြောသန့်စင်ခံရခြင်းနှင့်အတူ ခမည်းတော်၏မျက်မှောက်တော်သို့ ကျွန်ုပ်တို့ တိုးဝင်နိုင်အောင်တံခါးကိုဖွင့်ဖို့ သခင်ယေရှုဆင်းကြွလာခဲ့သည်။ ဤအတွက်ကြောင့် ရှင်ပေါလုက ကျွန်ုပ်တို့၏စိတ်နှလုံးများကို အထက်အရာတို့၌ ရည်မှတ်ထားကြဖို့ စိန်ခေါ်ထားခြင်းဖြစ်သည်။ ဤအရာ၌သာ စစ်မှန်သောအဓိပ္ပါယ်နှင့်ပြည့်ဝသော ကျေနပ်မှုကို ကျွန်ုပ်တို့ရရှိကြပါလိမ့်မည်။

အခန်းငယ် ၃ တွင် ရှင်ပေါလုက ကောလောသဲယုံကြည်သူများအား ၄င်းတို့သည် တရားဥပဒေအရ သခင်ခရစ်တော်နှင့်သေခဲ့ကြကြောင်းကို ပြန်လည် အသိပေးခဲ့သည်။ ထိုသခင်သည် ၄င်းတို့၏အပြစ်ဒုစရိုက်များအားလုံးကို ယူဆောင်သွား၍ ကားတိုင်ထက်၌အသေခံခဲ့သည်။ လက်ဝါးကပ်တိုင်သည် အဆုံးသတ်နိဂုံးမဟုတ်ပါ။ အသစ်သောအရာများ၏ အစသာဖြစ်သည်။ သစ်သီးတစ်စေ့ကို မြေကြီးထဲ၌မြှုပ်နှံ၍ စိုက်ပျိုးလိုသောအခါ သေသွားသကဲ့သို့ကျွန်ုပ်တို့သည် သခင်ခရစ်တော်နှင့်အတူ ကားတိုင်ထက်သို့အတူသွား၍ သေဆုံးခဲ့ကြသည်။ အလားတူ သစ်စေ့မှ အညှောက်ပေါက်လာပြီး ဘဝသစ်တစ်ခုကို ဖန်တီးသကဲ့သို့ ကျွန်ုပ်တို့သည်လည်း သခင်ယေရှု၌ အသစ်သောအသက်တာကိုပေးအပ်ခံကြရသည်။ ဤအသစ်သောအသက်တာကိုလက်ခံရရှိထားသောသူတိုင်းသည် ထိုအသက်တာ၌ရှင်သန်ခြင်းကို သင်ယူကြရမည်။ ကျွန်ုပ်တို့သည် လောကီနှင့်ဆိုင်သောအရာမှန်သမျှကို အသေ

သတ်၍ အသစ်သောအသက်တာအတိုင်း ရှင်သန်နေထိုင်ကြရမည်။ သခင်ခရစ်တော်၌ ရင့်ကျက်ခြင်းသည် ချက်ခြင်းလက်ငင်းဖြစ်လာသောအရာမဟုတ်ပါ။ ထိုအရာသည် အပြစ်ရှိသောဇာတိဟောင်းကို အသိအမှတ်ပြု၍ ထိုအရာ၌သေခြင်းကိုသင်ယူကြသည်နှင့်အမျှ အချိန်ယူ၍ပေါ်ပေါက်လာသောအရာဖြစ်သည်။

အပြစ်သားများဖြစ်ကြသည့်အလျောက် ကျွန်ုပ်တို့သည် စာတန်နှင့်ဇာတိပကတိ၏ကျေးကျွန်ဖြစ်ခဲ့ကြရသည်။ ကျွန်ုပ်တို့သည်ဇာတိပကတိနှင့် ၎င်း၏အတွေးအခေါ်များတွင်သစ္စာခံခဲ့ကြသည်။ သခင်ယေရှုသည် မိမိ၏အသက်ကိုရင်း၍ စာတန်ထံမှ ကျွန်ုပ်တို့ကိုဝယ်ယူခဲ့သည်။ စာတန်နှင့်ဇာတိပကတိစိတ်သည် ကျွန်ုပ်တို့၏အနီးနားတွင်ဆက်၍ရှိနေကြပြီး ကျွန်ုပ်တို့ကိုထိန်းချုပ်ချင်နေကြသည်။ သို့သော် ကျွန်ုပ်တို့သည် သခင်သစ်၏ဝယ်ယူခြင်းကိုခံထားကြရသောကြောင့် ယခုတွင်ကျွန်ုပ်တို့သည် သခင်ယေရှုနှင့်တကွဝိညာဉ်တော်၏ ကျွန်ုပ်တို့အသက်တာ၌လုပ်ဆောင်ချက်များအပေါ်၌ သစ္စာစောင့်သိကြရမည်။ ကျွန်ုပ်တို့သည် ဇာတိဟောင်း၏ မြူဆွယ်ခြင်းကိုခံရဖို့အလားအလာရှိသော်လည်း ထိုစုံစမ်းနှောက်ယှက်ခြင်းကိုတွန်းလှန်ကြဖို့ ကျွန်ုပ်တို့ကိုဆင့်ခေါ်ထားသည်။ စာတန်သည် ကျွန်ုပ်တို့အပေါ်၌တရားဥပဒေနှင့်ညီညွတ်သောလုပ်ပိုင်ခွင့်မရှိတော့ပါ။ ကျွန်ုပ်တို့သည် သခင် ခရစ်တော်အား သခင်သစ်အဖြစ်ကျွန်ုပ်တို့၏စိတ်နှလုံးများကို သူ့အပေါ်၌စုစည်းထားကြရမည်။ ကျွန်ုပ်တို့သည် ထိုသခင်၌ အားရကျေနပ်ခြင်းနှင့်အတူ သခင့်၏နည်းလမ်းများကို ကျွန်ုပ်တို့၏အသက်တာ၌သင်ယူကြရမည်။

ဇာတိပကတိစိတ်သည် အစာကိုတောင့်တနေပါသည်။ ကိလေသာစိတ်နှင့်လောဘစိတ်တို့၏ဆွဲအားကိုခံစားရဖို့အချိန်ကြာကြာနေဖို့မလိုပါ။ ကျွန်ုပ်တို့သည် သခင်ယေရှုအပေါ်၌ သစ္စာစောင့်သိလိုလျှင် လောကီနှင့်ဆိုင်သောအပြစ်ဇာတိကို

ကျွေးမွေးနေကြသောအရာများအားလုံးမှ လှည့်ထွက်သွားကြဖို့လိုအပ်သည်။ သင်သည် ကာမဂုဏ်ရမ္မက်များနှင့် ရုန်းကန်နေရလျှင် သင့်ကိုသွေးဆောင်ဖြားယောင်းမည့်ထိုအရာများမှလည်းကောင်း၊ ထိုဆိုးညစ်သောဇာတိ၏အလိုဆန္ဒများကို အစာကျွေးပေးမည့်အရာများမှလည်းကောင်း ဝေးဝေးရှောင်နေရမည်။ သင်ဝေးဝေးမှရှောင်ရမည့်နေရာများရှိသကဲ့သို့ ဖတ်ရှုရန်၊ ကြည့်ရှုရန် ရပ်တန့်ရမည့်အရာများလည်းရှိသည်။ ဇာတိပကတိစိတ်၌လည်းကောင်း၊ လောကီအရာများ၌လည်းကောင်း သေခြင်းဆိုသည်မှာ ထိုဇာတိအရာများ၌ ကိုယ့်ကိုယ်ကို အစာငတ်ခံရန် စည်းကမ်းဖြင့်ထိန်းကျောင်းခြင်းဖြစ်သည်။ ဇာတိ၏ယုတ်ညံ့သော တောင့်တမှုများတွင် သေခြင်းသည် လွယ်ကူသောအရာမဟုတ်ပါ။ လောကနှင့်စပ်ဆိုင်သော ဇာတိသဘာဝကို ကျေနပ်အားရစေသောအရာများမှ ကိုယ့်ကိုယ်ကို ဆွဲထုတ်ခြင်းသည် ခက်ခဲပါလိမ့်မည်။ အပြစ်ဒုစရိုက်၌သေခြင်းဆိုသည်မှာ ထိုအပြစ်ဒုစရိုက်ဆန္ဒများအားကျေနပ်အားရစေမှုကို ငြင်းဆန်ခြင်းဖြစ်သည်။

အခန်းငယ် ၆ တွင် ရှင်ပေါလုက ကောလောသဲယုံကြည်သူများအား ဤဆိုးညစ်သောဇာတိ၏တောင့်တမှုများမှ သူတို့ကိုဖြေလွှတ်ပေးဖို့ သခင်ယေရှုကြွဆင်းလာခဲ့ကြောင်း ပြန်လည်အသိပေးခဲ့သည်။ ဤဆန္ဒတောင့်တမှုများသည် ဇာတိအသွေးအသားကိုယာယီကျေနပ်အားရစေသော်လည်း အဆုံးတွင်၎င်းတို့၏ထောင်ချောက်ထဲ၌ကျလာသူတိုင်းကို ဖျက်ဆီးခဲ့ကြသည်။ အခန်းငယ် ၆ တွင် ရှင်ပေါလုက ဤအရာများဆန့်ကျင်၍ ဘုရားသခင်၏အမျက်တော်သွန်းလောင်းမည့်နေ့ရောက်လာနေသည့်အကြောင်းကို ပြောပြထားသည်။ ဤလောက၏ နည်းလမ်းများသည် မျှော်လင့်ချက်မရှိကြပါ။ ဤလောကကြီးသည် လူသားတို့၏လိုအပ်ချက်ကို အဆုံးတိုင်အမှန်တကယ်မကျေနပ်စေနိုင်ပါ။ သခင်ဘုရားသည် ဤ

ကမ္ဘာလောကကြီးကိုလည်းကောင်း၊ ဤကမ္ဘာလောကကြီး၏နည်းလမ်းများ၌ တွယ်ကပ်နေကြသောသူများကိုလည်းကောင်း တရားစီရင်ပါလိမ့်မည်။ ဉာဏ်ပညာရှိသောသူသည် ဘုရားသခင်နှင့်ဆိုင်သောအထက်အရာတို့၌ ၎င်းတို့၏စိတ်နှလုံးကို ရည်မှတ်ထားကြပါမည်။

ကောလောသဲယုံကြည်သူများသည် ဤဆိုးညစ်သောရမ္မက်များနှင့် တောင့်တမှုများကိုကျေနပ်အားရစေရန် ရှင်သန်ခဲ့လေ့ရှိကြသည်။ သို့သော်သခင်ယေရှုသည် သူတို့အတွက်အသေခံခဲ့ပြီး သူတို့၏အပြစ်များကို ခွင့်လွှတ်ခဲ့သောကြောင့် သူတို့သည် ဤအရာများကိုကျောခိုင်း၍ သခင်ဘုရားအတွက်ရှင်သန်ကြရမည်ဖြစ်သည်။ အမျက်ထွက်ခြင်း၊ စိတ်ဆိုးခြင်း၊ မနာလိုခြင်း၊ သူ့အသရေပျက်အောင်ပြောဆိုခြင်း၊ ညစ်ညူးသောစကားကိုသုံးခြင်းတို့သည် ဆိုးညစ်သောဤဇာတိစိတ်နှင့်သက်ဆိုင်ကြသည်။ သူတစ်ပါးကိုဒေါသတကြီးဖြင့် ကန်ကျောက်ထိုးကျိတ်ခဲ့သည့်အချိန်များ သင့်အသက်တာတွင်ရှိခဲ့ဖူးပါသလား။ ထိုသို့သောဒေါသပေါက်ကွဲခြင်းများဖြင့် ကျေနပ်အားရစေရသောအရာများ ကျွန်ုပ်တို့၏အပြစ်ဇာတိစိတ်တွင်ရှိပါသည်။ ဒေါသသည်ကျွန်ုပ်တို့၏အသွေးအသားထဲ၌ ဆူပွက်လာပြီး၊ တစ်ချိန်တည်းတွင် ကျွန်ုပ်တို့၌ပေါက်ကွဲပေါ်ထွက်လာပါသည်။ ထိုအချိန်တွင် စိတ်နှလုံး၏ဆိုးညစ်သော တောင့်တမှုများမှာ အာသာပြေသွားခဲ့သည်။ သို့သော်ဇာတိစိတ်၏အလိုကိုကျွန်ုပ်တို့အခွင့်ပေးလိုက်သောအခါ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏အထဲ၌ ကိန်းဝပ်တော်မူသောဘုရားသခင်၏ဝိညာဉ်တော်ကို ဝမ်းနည်းစေကြပါသည်။ နေ့စဉ်နှင့်အမျှ ကျွန်ုပ်တို့ပြုလုပ်နေကြသော ဆုံးဖြတ်ချက်များသည် လောကီဆန်သော ဇာတိပကတိစိတ်ကိုသော်လည်းကောင်း၊ ဘုရားသခင်၏ဝိညာဉ်တော်ကိုသော်လည်းကောင်း အစာကျွေးရန်ချမှတ်သောဆုံးဖြတ်ချက်ဖြစ်သည်။

ထိုလောကီဆန်သောဇာတိပကတိစိတ်ကို အစားကျွေးမည့်အစား "လူသစ်ကိုယူတင်ဝတ်ဆောင်" ကြဖို့ ရှင်ပေါလုက ကောလောသဲယုံကြည်သူများကို စိန်ခေါ်တိုက်တွန်းခဲ့သည် (၃ယ် ၁၀)။ ဒေါသနှင့်ခါးသီးမှုများကို ထုတ်လွှင့်ကြမည့်အစား သူတို့သည် ခွင့်လွှတ်ခြင်းဝတ်ရုံကိုလွှမ်းခြုံကြရမည်။ ရမ္မက်တောင့်တမှုများ၏ အနိုင်ပိုင်းသွားခြင်းကို ခွင့်ပြုမည့်အစား သန့်ရှင်းစင်ကြယ်ခြင်းနှင့် ချိုးမွမ်းခြင်း အင်္ကျီကိုဝတ်ဆင်ကြရမည်။ လောကီနှင့်ဆိုင်သောအရာများ၌ ကိုယ့်ကိုယ်ကိုပေးအပ်ကြမည့်အစား သူတို့သည်ဘုရားသခင်၏ဝိညာဉ်တော်ထံသို့လှည့်၍ ဘုရားသခင်နှင့် ဘုရားသခင်၏ရည်ရွယ်ချက်များကို ရှာကြံရမည်ဖြစ်သည်။

အခန်း၃ယ် ၁၀ တွင် ရှင်ပေါလုက ကောလောသဲယုံကြည်သူများအား ၎င်းတို့သည် ဖန်ဆင်းရှင်၏သဏ္ဌာန်တော်၌ အသစ်ပြုပြင်ခံရသည်ကို ပြန်လည်အသိပေးထားခဲ့သည်။ ဤသည်မှာ ယုံကြည်သူများ၏အသက်တာ၌ ဆက်လက်ဖြစ်ပျက်နေမည့်အရာဖြစ်သည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ဖန်ဆင်းရှင်နှင့် သဏ္ဌာန်တူညီခြင်း၌သာ နေ့စဉ်တိုးပွားကြီးထွားနေကြရမည်။

ရှင်ပေါလုသည် ဤလောကီနှင့်ဆိုင်သောအရာများ၌ သေခြင်းအကြောင်းကို ပညတ်တရားတော်အကြောင်း ဆွေးနွေးသည့်ကျမ်းဘောင်ထဲတွင် ပြောပြခဲ့ကြောင်းကို ကျွန်ုပ်တို့သိထားဖို့အရေးကြီးသည်။ သခင်ခရစ်တော်သည် ပညတ်တရားတော်ကို မိမိနှင့်အတူ ကားတိုင်ထက်၌ယူဆောင်သွားခဲ့ပါသည်။ ကယ်တင်ခြင်းအကြောင်းနှင့်စပ်လျဉ်းလာလျှင် ပညတ်တရားသည် အကျိုးအမြတ်မရှိတော့ပါ။ ကျွန်ုပ်တို့၏အပြစ်ဒုစရိုက်အားလုံးကို သခင်ခရစ်တော်၏အသွေးတော်က လွှမ်းခြုံသွားခဲ့ပြီးဖြစ်သည်။ ခွင့်လွှတ်ခြင်းသည် ကျွန်ုပ်တို့အတွက်ဖြစ်သည်။ ပညတ်တရားကခွင့်မလွှတ်ပေးနိုင်ပါ။ သို့သော် ကျွန်ုပ်တို့နေချင်တိုင်းနေနိုင်သည်ဟုမဆိုလို

ပါ။ ကျွန်ုပ်တို့သည် လောကီနှင့်စပ်ဆိုင်သောဇာတိပကတိစိတ်ကို အသိအမှတ်ပြု၍ ထိုအရာ၌သေကြရမည်။ ကျွန်ုပ်တို့သည် ဘုရားသခင်ဝိညာဉ်တော်၏အသံကို နားထောင်တတ်ဖို့သင်ယူကြရမည်ဖြစ်ပြီး ထိုဝိညာဉ်တော်၏လမ်းပြမှုအတိုင်း ရှင်သန်နေထိုင်ကြရမည်။ ပညတ်တရားသည်ကျွန်ုပ်တို့လုပ်ရမည့်အရာနှင့် မလုပ်ရမည့်အရာများကိုပြောပြသော်လည်း ထိုပြဋ္ဌာန်းထားသောအရာများကို လုပ်ဆောင်နိုင်သောအစွမ်းကိုမပေးနိုင်ပါ။ ထိုပညတ်တရားကမလုပ်နိုင်သောအရာကို သခင်ယေရှုကပြုလုပ်သွားခဲ့သည်။ သခင်ယေရှုသည် ကျွန်ုပ်တို့၏အပြစ်ကြွေးများကို ခွင့်လွှတ်ပေးခဲ့ပြီး အလိုတော်အတိုင်းအသက်ရှင်နိုင်ရန် စွမ်းဆောင်ပေးဖို့ မိမိ၏သန့်ရှင်းသောဝိညာဉ်တော်ကိုလည်း ကျွန်ုပ်တို့၏အထဲ၌ပေးအပ်ထားခဲ့သည်။ ပညတ်တရားကိုနာခံဖို့ ကျွန်ုပ်တို့၏အစွမ်းအစကိုမကိုးစားကြတော့ပါ။ ကျွန်ုပ်တို့၏အပြစ်ကိုခွင့်လွှတ်ပေးဖို့နှင့် ဘုရားသခင်နှင့်ပြန်လည်သင့်မြတ်ဖို့ ကားတိုင်ထက်၌ သခင်ယေရှုပြုလုပ်သွားခဲ့သော အမှုတော်ကိုသာယုံကြည်ကိုးစားကြပါသည်။ ကျွန်ုပ်တို့၏ယုံကြည်စိတ်ချမှုသည် ကျွန်ုပ်တို့၏လူ့အစွမ်းအစတွင်မဟုတ်၊ ကျွန်ုပ်တို့၏အထဲ၌ ကိန်းဝပ်တော်မူသောသခင်ခရစ်တော်၏ဝိညာဉ်တော်၌ဖြစ်သည်။ ဝိညာဉ်တော်၏သွန်သင်မှုနှင့် လမ်းပြမှုတို့ကိုနာခံလိုက်လျှောက်ကြသည်နှင့်အမျှ ကျွန်ုပ်တို့၏စိတ်နှလုံးများကို အသစ်ပြုပြင်ပြောင်းလဲပေးဖို့ သူ့ကိုသာကျွန်ုပ်တို့ယုံကြည်ကိုးစားကြပါသည်။ ကျွန်ုပ်တို့၏ဆန့်ကျင်ပုန်ကန်တတ်သောစိတ်နှင့် မာကျောသောစိတ်များကို ချိုးဖျက်ပေးရန်သူ့ကိုယုံကြည်ကိုးစားကြရသည်။ သူ့ကိုလည်းကောင်း၊ ကျွန်ုပ်တို့အထဲ၌သူလုပ်လိုသောအရာများ၌လည်းကောင်း အညံ့ခံအပ်နှံထားကြသည်။

ရှင်ပေါလုက ကျွန်ုပ်တို့ အားစိန်ခေါ်ထားသည့်အချက်မှာ ဇာတိပကတိ

စိတ်နှင့် ၎င်း၏ကျေနပ်စေမှုများကို ငြင်းပယ်ရန်ဖြစ်သည်။ ဇာတိဟောင်းကိုအသေသတ်ကြရမည်။ ဤအချင်းအရာကို လုပ်ဆောင်နိုင်စွမ်းအားပေးဖို့ သခင်ခရစ်တော်ကြွဆင်းလာခဲ့သည်။ အပြစ်ဒုစရိုက်နှင့်သေခြင်း၏တန်ခိုးတို့မှ ကျွန်ုပ်တို့ကို ကယ်နှုတ်ဖို့သူအသေခံခဲ့သည်။ ထိုသို့အသေခံခဲ့ခြင်းကြောင့် သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့၏အထဲ၌ဝင်ရောက်ကိန်းဝပ်နိုင်ခဲ့သည်။ ကျွန်ုပ်တို့၏အထဲမှသန့်ရှင်းသောဝိညာဉ်တော်၏လုပ်ဆောင်ချက်ကိုယုံကြည်ကိုးစားကြရမည်။ သခင်ခရစ်တော်ပြုခဲ့သောအမှုနှင့် သန့်ရှင်းသောဝိညာဉ်တော်ပြုလုပ်နေသော အမှုအားဖြင့်သာ ကျွန်ုပ်တို့သည်ရင့်ကျက်ခြင်း၌တိုးပွားကြီးထွားလာနိုင်ပြီး ဘုရားသခင်ဖြစ်စေလိုသည့်အတိုင်းဖြစ်လာနိုင်ကြမည်ဖြစ်သည်။

## စဉ်းစားသုံးသပ်ရန်အချက်များ

- သခင်ယေရှုသည် ဤလောကကိုအဘယ်ကြောင့် ဆင်းကြွလာခဲ့သည်။ ဤအချင်းအရာသည် ကျွန်ုပ်တို့အတွက်မည်သို့အဓိပ္ပါယ်ရှိသနည်း။ ဤအချင်းအရာကြောင့် ကျွန်ုပ်တို့ယနေ့တွင်မည်သို့ရှင်သန်ကြရမည်နည်း။
- လောကီနှင့်ဆိုင်သောဇာတိစိတ်၌ သေခြင်း၏အဓိပ္ပါယ်မှာအဘယ်နည်း။
- လောကီနှင့်ဆိုင်သောဇာတိစိတ်ကို ကျွန်ုပ်တို့မည်သို့ခွဲခြားနိုင်ပါသနည်း။
- ပညတ်တရားအားဖြင့် အသက်ရှင်ခြင်းနှင့် ဝိညာဉ်တော်အားဖြင့် အသက်ရှင်ခြင်းတို့၏ ကွဲပြားပုံမှာအဘယ်နည်း။

## ဆုတောင်းရန်အချက်များ

- သင့်အသက်တာ၌ သင်သေဖို့လိုအပ်သည့်ဘဝအစိတ်အပိုင်းများကို ဖော်ပြ

ပေးဖို့သခင်ဘုရားထံ၌ဆုတောင်းပါ။

- ဘုရားသခင်ပြဋ္ဌာန်းထားသည့်အသက်တာ၌ ရှင်သန်နေထိုင်နိုင်ရန် စွမ်းဆောင်ပေးဖို့ မိမိ၏သန့်ရှင်းသောဝိညာဉ်တော်ကို ပေးသနားခဲ့သည့်အတွက် ကျေးဇူးတင်ချီးမွမ်းပါ။
- သင့်ရဲ့ဤလောကီနှင့်သက်ဆိုင်သည့် ဇာတိစိတ်၏တောင့်တမှုများတွင်သေရန်သင့်ကိုသင်ဆက်ကပ်အပ်နှံပါ။ ဤအချင်းအရာကိုပြုလုပ်နိုင်ဖို့ ဘုရားသခင် ဘုရားသခင်ထံ၌ခွန်အားပေးဖို့တောင်းလျှောက်ပါ။

၁၈

# ကိုယ်ခန္ဓာတော်၌ရှင်သန်ခြင်း

**ကောလောသဲ ၃း၁၁-၁၇ ကိုဖတ်ရှုပါ။**

နောက်ဆုံးဆင်ခြင်နှုလုံးသွင်းခြင်းတွင် ရှင်ပေါလုက ကောလောသဲယုံကြည်သူများအား လောကီနှင့်စပ်ဆိုင်သောဇာတိသဘောတို့၌ သေရန်မည်သို့စိန်ခေါ်တိုက်တွန်းခဲ့ကြောင်းကို ကျွန်ုပ်တို့တွေ့မြင်ခဲ့ကြသည်။ မျှော်လင့်ချက်ပျက်သုဉ်းခြင်းနှင့် သေခြင်းတို့ကိုဖြစ်စေသော ဤလောကကြီးနှင့်၄င်း၏ဆိုးညစ်သောတောင့်တမှုများမှ သူတို့ကယ်နှုတ်ဖို့ရန်အတွက် သခင်ယေရှုကြွဆင်းလာခဲ့သောကြောင့် သူတို့သည် အထက်ပါသေခြင်းကိုအသက်တာတွင် ပြုလုပ်ကြရမည်ဖြစ်သည်။ ကယ်တင်ခြင်းသည် ယုံကြည်သူများ ပညတ်တရားကိုမည်မျှကောင်းမွန်ကျနစွာနာခံနိုင်မှုတွင် မမူတည်သော်လည်း သခင်ခရစ်တော်၌သူတို့သည် မည်ကဲ့သို့သောသူများဖြစ်၍ သခင်ယေရှုက သူတို့အတွက်မည်သည့်အရာကို လုပ်ဆောင်သွားခဲ့သည်ဟူသော အချက်အားဖြင့် ရှင်ပေါလုကသူတို့ကိုဖန်ဆင်းရှင်၏ သဏ္ဍာန်တော်နှင့်တူသော အသက်တာကိုရှင်သန်ရန်စိန်ခေါ်တိုက်တွန်းခဲ့သည်။

ထို့နောက်ရှင်ပေါလုသည် သခင်ခရစ်တော်၏ကိုယ်ခန္ဓာတော်၌ရှိရမည့် ဆက်ဆံရင်းနှီးမှုအကြောင်းပြောင်း၍ ဆွေးနွေးခဲ့သည်။ ရှင်ပေါလုက ကောလောသဲ ယုံကြည်သူများအား ခရစ်တော်၏ကိုယ်ခန္ဓာတော်၌ ယုံကြည်သူများအားလုံးသည် တစ်လုံးတစ်ဝတည်းဖြစ်ကြသည်ဟုပြန်လည်အသိပေးထားခဲ့သည်။ ကယ်တင်ခြင်း နှင့်ပတ်သက်လာလျှင် ဟေလသလူများနှင့် ယုဒလူများသည် တူညီသောရပ်တည်မှု ပေါ်တွင်ရှိနေကြသည်။ အရေဖျားလှီးခြင်းခံယူသည်ဖြစ်စေ၊ မခံယူသည်ဖြစ်စေ အရေးမကြီးပါ။ သူတို့သည်ယဉ်ကျေးမှုမရှိသော အရိုင်းအစိုင်းမျိုးနွယ်မှလည်း ကောင်း၊ ကျေးလက်နေသကုလိပြည်သားသိုးထိန်းမျိုးနွယ်မှလည်းကောင်းဖြစ်နိုင် သော်လည်း သူတို့သည်ဘုရားသခင်၏အိမ်တော်သားများဖြစ်လျှက်ရှိကြသည်။ အခန်းငယ် ၁၁ တွင် ရှင်ပေါလုကကောလောသဲယုံကြည်သူများအား "ခရစ်တော် သည် အလုံးစုံတို့၌ အလုံးစုံဖြစ်တော်မူ၏"ဟုပြောခဲ့သည်။ သခင်ခရစ်တော်သည် ခပ်သိမ်းသောလူတို့၌ရှိသည်ဟု ကျွန်ုပ်တို့မရှုမြင်သင့်ပါ။ ရှင်ပေါလုဆိုလိုထားသည့် အရာမှာ သခင်ခရစ်တော်သည် ကယ်တင်ခြင်းအတွက် မိမိကိုယုံကြည်ကိုးစားသော သူများ၏အထဲတွင် လူတန်းစားအလွှာ (သို့) နိုင်ငံသားဖြစ်ခြင်းတို့ကို အမှုမထားပဲ ရှိတော်မူသည်ဟူ၍ဖြစ်သည်။ သခင်ခရစ်တော်ကိုယုံကြည်သူတို့သည် ကယ်တင် ခြင်းကို ညီတူညီမျှသိနိုင်ကြပါသည်။

သခင်ယေရှုသည် လူမျိုးနွယ်အသီးသီး၊ လူတန်းစားအသီးသီး၊ အလွှာ အသီးသီးမှာလူများကို ကယ်တင်ခဲ့သောကြောင့် ၎င်းတို့အားလုံးသည် သခင်ဘုရား ၌ ကျွန်ုပ်တို့၏တန်းတူညီမျှ ညီအစ်ကိုမောင်နှမများဖြစ်ကြသည်။ ထို့ကြောင့် ရွေးကောက်ထားသည့် သန့်ရှင်းသောသူများဖြစ်ကြသည့်အားလျော်စွာ ကျွန်ုပ်တို့ သည် အချင်းချင်းတစ်ယောက်နှင့်တစ်ယောက် ချစ်ကြဖို့သခင်ဘုရားကမျှော်လင့်

ထားသည်။ ရှင်ပေါလုက ကောလောသဲယုံကြည်သူများအား ချစ်ခြင်းမေတ္တာတရား ဖြင့် ကိုယ်ကိုယ်ကိုလွှမ်းခြုံထားကြရန် စိန်ခေါ်ခဲ့သည် (ငယ် ၁၂)။ သူတို့သည် အခြား ညီအစ်ကိုမောင်နှမများကပေးသော နာကျင်မှုနှင့် အခက်အခဲများကို ခံစားပေးကြ၍ မေတ္တာတရားဖြင့်သူတို့ကိုပြန်လည်တုန့်ပြန်ကြရမည်ဖြစ်သည်။ မိမိတို့၏အနီးအနား မှလူများကိုလက်ကမ်း၍ ဆွဲခေါ်နိုင်ရန် ကိုယ့်ကိုယ်ကိုအနစ်နာခံပေးဆပ်ဖို့ ဆန္ဒ ရှိနေကြရမည်။ အခက်အခဲလိုအပ်ချက်များရှိနေသောသူများအပေါ်၌ သနားကြင်နာ ခြင်း၊ ချစ်ခြင်းမေတ္တာစိတ်ထားများကိုထားရှိကြရမည်။

တစ်ဦးနှင့်တစ်ဦးအပေါ်၌ပြုလုပ်ရမည့် ဤအမှုတော်သည်မာနတရား (သို့) အတ္တရည်မှန်းချက်များမှ ရောက်ရှိလာသောအရာမဟုတ်ပါ။ ရှင်ပေါလုက မိမိ၏ စာဖတ်ပရိတ်သတ်အား စိတ်နှိမ့်ချခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ စိတ်ရှည်ခြင်းတို့ဖြင့် လုပ် ဆောင်ကြဖို့တိုက်တွန်းစိန်ခေါ်ခဲ့သည်။ ခရစ်တော်၏ကိုယ်ခန္ဓာတော်၌ရှိသော ယုံကြည်သူများဖြစ်ကြသည့်အလျောက် ကျွန်ုပ်တို့သည် အမြင်ချင်းလည်းတူကြမည် မဟုတ်ပါ။ ကျွန်ုပ်တို့တွင် မတူညီသောအမှုထားစရာအရာများရှိနေကြပါလိမ့်မည်။ တစ်ဦးနှင့်တစ်ဦး ဖေးမကူညီကြရာ၌ ကြီးမားသောစိတ်ရှည်သည်းခံခြင်းကို ကျွန်ုပ်တို့ လိုအပ်ကြပါလိမ့်မည်။ စိတ်နှလုံးနှိမ့်ချခြင်းဖြင့် စိတ်ကိုကိုင်းညွတ်၍ အစေခံကြသည်။ သူတစ်ပါးကိုကောင်းကြီးပေး၍ ခွန်အားတိုးစေသောနူးညံ့သိမ်မွေ့ခြင်းဖြင့် ကျွန်ုပ်တို့ အမှုတော်ဆောင်ကြသည်။ ကျွန်ုပ်တို့ကိုယ်ကိုယ်ကို သခင်ယေရှုကဲ့သို့အစေခံများ အဖြစ်ပြုပြင်ဖန်တီးခြင်းဖြင့်သာ ဤအမှုကိုအကောင်အထည်ဖော်နိုင်မည်ဖြစ်သည်။ ထိုသခင်သည် အခြားသူများ၏လိုအပ်ချက်များသည် မိမိယာယီသက်တောင့် သက်သာရှိမှုထက်ပို၍အရေးကြီးသည်ဟု မှတ်ယူခဲ့သည်။

အခန်းငယ် ၁၃ တွင် ကျွန်ုပ်တို့သည် ညီအစ်ကိုမောင်နှမများနှင့်သည်းခံ၍

ဆက်ဆံ၍ သူတို့အပေါ်၌မကျေနပ်ချက်များကိုခွင့်လွှတ်ပေးကြရမည်။ ဤသို့ပြောဆိုရာတွင် ရှင်ပေါလုသည် ခရစ်တော်၏ကိုယ်ခန္ဓာဖြစ်သောအသင်းတော်ရှိ ပြဿနာများ၏ လက်တွေ့ဖြစ်တည်မှုကို အသိအမှတ်ပြုခဲ့သည်။ ယုံကြည်သူများအကြားတွင် ပြဿနာများပေါ်ပေါက်လာနိုင်ပါသည်။ အခြားယုံကြည်သူများက ကျွန်ုပ်တို့ကိုပြစ်မှားသောအခါ (သို့) နာကျင်စေကြသောအခါ ကျွန်ုပ်တို့မည်သို့ပြုလုပ်ကြသနည်း။ ရှင်ပေါလုကကျွန်ုပ်တို့အားစိတ်ရှည်သည်းခံ၍ အချင်းချင်းခွင့်လွှတ်ပေးကြရန်ပြောထားသည်။

သည်းခံခြင်းဟူသောစကားလုံးသည် "အောင့်အီးသည် (သို့) ကြံ့ကြံ့ခံတောင့်ခံသည်"ဟူအဓိပ္ပါယ်ရှိသည်။ ဆိုလိုသည်မှာ ကျွန်ုပ်တို့သည် အခြားသူ၏လုပ်ပုံကိုင်ပုံကိုမကြိုက်မနှစ်သက်သောအခါ၌ပင် တစ်ဦးကိုတစ်ဦးလက်ခံနားလည်ပေးရမည်ဟူ၍ဖြစ်သည်။ တစ်ခါတစ်ရံတွင် အခြားသူများက ကျွန်ုပ်တို့ကိုမမှန်မကန်ပြုမူဆက်ဆံကြပါလိမ့်မည်။ ရှင်ပေါလုက ကြံ့ကြံ့ခံတောင့်ခံကြဖို့ပြောထားသည်။ ကိုယ်ခန္ဓာတော်၌ အခြားသူများ၏ချွတ်ယွင်းချက်များကိုအောင့်အီးသည်းခံရန် လိုလိုလားလားရှိနေကြဖို့လိုကြောင်းပြောထားသည်။ ယုံကြည်သူများအချင်းချင်းကြားတွင်အခက်အခဲများရှိနေမည်ဟူသောအချက်ကို ရှင်ပေါလုမမြင်ခဲ့သည် မဟုတ်ပါ။ မိသားစုတစ်ခုအထဲ၌ရှိသော ကလေးများကဲ့သို့ယုံကြည်သူများလည်းတစ်ယောက်နှင့်တစ်ယောက်အခက်အခဲများရှိပါလိမ့်မည်။ တစ်ဦးနှင့်တစ်ဦးအောင့်အီးသည်းခံကြမည့်အစား ကျွန်ုပ်တို့သည်အပြစ်တင်ဝေဖန်ရှုတ်ချခြင်းနှင့် ပျက်ရယ်ပြုခြင်းတို့ကိုပြုလုပ်ခဲ့ကြပါသည်။ အမှန်တွင်ကျွန်ုပ်တို့သည် နူးညံ့သိမ်မွေ့ခြင်း၊ စိတ်နှိမ့်ချခြင်းနှင့်သနားကြင်နာခြင်းတို့ဖြင့် တစ်ဦးကိုတစ်ဦးစိတ်ရှည်သည်းခံကြရမည်။ ဤသည်သခင်ခရစ်တော်က ကျွန်ုပ်တို့ကိုသွန်သင်ပေးထားသောအရာဖြစ်သည်။ ကျွန်ုပ်တို့

၏ ညီအစ်ကိုမောင်နှမများအပေါ်၌ ပေါ့ပေါ့တန်တန်မလုပ်ဆောင်ကြဖို့ ကျွန်ုပ်တို့ကို သခင်ခရစ်တော်ကမျှော်လင့်ထားသည်။

ဆက်လက်၍အခန်းငယ် ၁၃ တွင် ရှင်ပေါလုက ကောလောသဲယုံကြည်သူများအား တစ်ဦးကိုတစ်ဦးခွင့်လွှတ်ပေးဖို့ပြောထားသည်။ လူတို့ကကျွန်ုပ်တို့ကို ထိခိုက်နာကျင်စေသကဲ့သို့ ကျွန်ုပ်တို့ကလည်းသူတို့ကိုထိခိုက်နာကျင်စေကြပါသည်။ ဤသို့သော အချိန်များတွင်ကျွန်ုပ်တို့ သခင်ယေရှုနှင့် ရန်သူများအဖြစ်ရပ်တည်နေကြသည့်အချိန်တွင် သခင်ယေရှု ကျွန်ုပ်တို့ကိုမည်သို့ပြုမူဆက်ဆံခဲ့သည် သတိရကြရမည်။ သူသည်ကျွန်ုပ်တို့၏ အပြစ်ဒုစရိုက်အားလုံးကိုခွင့်လွှတ်ပေးခဲ့သည်။ ကျွန်ုပ်တို့၏ဆန့်ကျင် ပုန်ကန်မှုများရှိနေလင့်ကစား သူသည်ကျွန်ုပ်တို့ကိုချစ်ခဲ့သည်။ ကျွန်ုပ်တို့ကိုနာကျင် ထိခိုက်စေသောသူများကိုလည်း ဤနည်းအတိုင်းပြုမူဆက်ဆံတုန့်ပြန်ကြရမည်။ သခင်ဘုရားကကျွန်ုပ်တို့ကိုခွင့်လွှတ်ပေးခဲ့သကဲ့သို့ သူတို့ကိုလည်းကျွန်ုပ်တို့ခွင့်လွှတ်ပေးကြရမည်။ စိတ်နှလုံးထဲ၌ကျွန်ုပ်တို့ကို အပြစ်ဖို့ချင်သူများရှိကြသည်။ ဤပုဂ္ဂိုလ်များက သူတို့၌စိတ်ဆိုးဒေါသထွက်ဖို့၊ နာကျည်းမုန်းတီးဖို့အတွက်လုပ်ပိုင်ခွင့်ရှိသည်ဟု ထင်မှတ်ထားကြသည်။ သို့သော် ဤအရာသည်သူတို့၏ ပုံသက်သေဖြစ်ခြင်း အသက်တာကိုဖျက်ဆီး၍ သူတို့ကို ရင့်ကျက်မလာနိုင်အောင်ဆီးတားပါလိမ့်မည်။ ရှင်ပေါလုကခွင့်လွှတ်ပေးဖို့ ကျွန်ုပ်တို့ကိုပြောထားသည်။

အခန်းငယ် ၁၄ တွင် ရှင်ပေါလုက ကောလောသဲယုံကြည်သူများအား အရာအားလုံးထက်အရေးကြီးဆုံးအချက်မှာ "ချစ်ခြင်းမေတ္တာကိုထပ်၍ ယူတင်ဝတ်ဆင်ကြရန်" ဖြစ်သည်ဟုပြောထားသည်။ ချစ်ခြင်းမေတ္တာသည်အခြားသော ဤကောင်းမြတ်ခြင်း ပါရမီအားလုံးကို တစ်စုတစ်ပေါင်းတည်းတွဲဖက်ပေးထားသော

ကပ်ကော်ဖြစ်သည်။ ချစ်ခြင်းမေတ္တာမရှိလျှင် နူးညံ့သိမ်မွေ့ခြင်း၊ စိတ်နှိမ့်ချခြင်း၊ စိတ်ရှည်သည်းခံခြင်းနှင့်ခွင့်လွှတ်ခြင်းတို့ကို ကျွန်ုပ်တို့အမှန်တကယ်သက်သေထူနိုင်ကြမည်မဟုတ်ပါ။ သူတစ်ပါးကို ကျွန်ုပ်တို့ခွင့်မလွှတ်နိုင်ရခြင်းမှာ သခင်ခရစ်တော်က ကျွန်ုပ်တို့ကိုချစ်ခဲ့သကဲ့သို့ သူတို့ကိုမချစ်သောကြောင့်ဖြစ်သည်။ ကျွန်ုပ်တို့၏ချစ်ခြင်းမေတ္တာတရား တွင် အခြေအနေသတ်မှတ်ချက်များကို ထည့်သွင်းထားကြသည်။ သူတစ်ပါးက ကျွန်ုပ်တို့ကိုချစ်နေသမျှ ကျွန်ုပ်တို့ကလည်းသူတို့ကိုချစ်ကြသည်။ နူးညံ့သိမ်မွေ့ခြင်းကို ကျွန်ုပ်တို့မပြသနိုင်ရသည့်အကြောင်းအရင်းမှာ ကျွန်ုပ်တို့၌ချစ်ခြင်းမေတ္တာမရှိ၍ဖြစ်သည်။ ကျွန်ုပ်တို့သည် ဤအခန်းကြီး၌ ဖေါ်ပြထားသောသနားကြင်နာခြင်း၊ စိတ်နှိမ့်ချခြင်းနှင့် စိတ်ရှည်သည်းခံခြင်းတို့ကို အသက်တာ၌သက်သေထူလိုကြလျှင် ကျွန်ုပ်တို့သည် သူတစ်ပါးကိုချစ်နိုင်ဖို့ ဒူးထောက်၍ဘုရားသခင်ကို ကူညီမစပေးဖို့ တောင်းလျှောက်ရမည်။

ကျွန်ုပ်တို့သည် သခင်ခရစ်တော်၌တစ်ဦးကိုတစ်ဦးချစ်ဖို့ သင်ယူရန်သာမဟုတ် ကျွန်ုပ်တို့၏စိတ်နှလုံးအထဲ၌ "သခင်ခရစ်တော်၏ငြိမ်သက်ခြင်းအုပ်စိုးစေကြရမည်" ဖြစ်ကြောင်း ရှင်ပေါလုကပြောထားသည်။ ဤငြိမ်သက်ခြင်းအားကျွန်ုပ်တို့ကို အုပ်စိုးစေရမည့်အကြောင်းအရင်းမှာ ကျွန်ုပ်တို့ကိုယ်ခန္ဓာတစ်ခု၏ ကိုယ်အင်္ဂါများဖြစ်ကြပြီး ကျွန်ုပ်တို့ကို စိတ်သဘောထားညီညွတ်စွာနေထိုင်ဆက်ဆံကြရန်ဆင့်ခေါ်ထားသောကြောင့်ဖြစ်သည်။ သခင်ခရစ်တော်၏ငြိမ်သက်ခြင်းကို အုပ်စိုးစေခြင်းနှင့် အချင်းချင်းတစ်ဦးနှင့်တစ်ဦး ငြိမ်းချမ်းစွာရှိနေခြင်းတို့အကြားတွင် ဆက်စပ်မှုတစ်ခုရှိသည်။ တစ်ခါတစ်ရံတွင် အခြားသူများက ကျွန်ုပ်တို့ကိုစိတ်ပျက်စေမည့်အဖြစ်ကို ခွင့်ပေးရန်မှာအလွန်လွယ်ကူပါသည်။ ထိုကဲ့သို့သောအချိန်များတွင် ကျွန်ုပ်တို့သည် သခင်ဘုရားထံသို့သွား၍ ကျွန်ုပ်တို့၏ပြဿနာကိုလက်တော်၌

ဆက်ကပ်အပ်နှံရမည်ဖြစ်သည်။ ဤပြဿနာသည် အလွန်သောကဖိစီးစရာဖြစ်၍ ကျွန်ုပ်တို့ကိုနာကျင်စေပါသော်လည်း ဘုရားသခင်သည် ဤပြဿနာကိုတာဝန်ယူ ဖြေရှင်းသွားပါမည်ဟု နားလည်သဘောပေါက်ရင်း သခင်ဘုရားကိုမျှော်ကိုးနိုင်ပါ သည်။ သခင်ဘုရားသည်ဖြစ်သင့်ဖြစ်ထိုက်သည်ကို ပြုလုပ်သွားပါလိမ့်မည်။ သူသည်စစ်ကြောခြင်းများနှင့် နာကျင်ခက်ခဲမှုများကိုယူ၍ ကျွန်ုပ်တို့ကောင်းကျိုး အတွက်အသုံးပြုနိုင်ပါသည်။ စစ်ကြောခြင်းကိုကျွန်ုပ်တို့ရင်ဆိုင်ကြုံတွေ့နေရသော အချိန်၌ သခင်ဘုရားကိုမျှော်ကိုးကြည့်ရှုမှသာလျှင် ကျွန်ုပ်တို့သည် သခင်၏ ငြိမ်သက်ခြင်းကို သိမြင်ခံစားနိုင်ပါမည်။ သူသည်ကျွန်ုပ်တို့ကိုနှစ်သိမ့်၍ အားပေးပါ လိမ့်မည်။ ကျွန်ုပ်တို့ရင်ဆိုင်နေရသောပြဿနာများ၏အထက်တွင် ရှင်သန်နေထိုင် နိုင်ရန် စွမ်းဆောင်ပေးပါလိမ့်မည်။ ဘုရားသခင်၏ငြိမ်သက်ခြင်းသည် ကျွန်ုပ်တို့၏ စိတ်နှလုံးများကို စိုးမိုးထားသောအခါ ကျွန်ုပ်တို့တစ်ယောက်နှင့်တစ်ယောက် ဆက်ဆံရင်းနှီးမှုများမှာလည်း အဘယ်မျှထူးခြားပြောင်းလဲလာပါမည်နည်း။ ကျွန်ုပ် တို့ကိုနာကျင်ထိခိုက်စေသောသူများ (သို့) ကျွန်ုပ်တို့ကို အခက်အခဲများပေးနေသူများ နှင့်ဆက်ဆံရာတွင်ပင် ထိုငြိမ်သက်ခြင်းကို ကျွန်ုပ်တို့သက်သေထူနိုင်သည်။

သခင်ခရစ်တော်၌တည်နေကြသော ညီအစ်ကိုမောင်နှမများ ဆက်ဆံရင်းနှီး အမှုအကြောင်းကိုဆွေးနွေးတင်ပြရာတွင် ရှင်ပေါလုသည် အခြားအကြောင်းအရာ တစ်ခုကိုလည်း ထည့်သွင်းခဲ့ကြောင်းကို အခန်းငယ် ၁၅ တွင်သတိပြုပါ။ ရှင်ပေါလုက ကောလောသဲယုံကြည်သူများအား ကျေးဇူးတော်ကိုသိသောစိတ်ရှိဖို့ သင်ယူကြရန် လိုကြောင်းပြောထားသည်။ အခက်အခဲများကြုံတွေ့နေရချိန်တွင် ကျွန်ုပ်တို့မည်သို့ ကျေးဇူးတင်နိုင်ကြမည်နည်း။ တစ်စုံတစ်ယောက်က ကျွန်ုပ်တို့ကိုထိခိုက်နာကျင်စေ သောအခါ (သို့) ကျွန်ုပ်တို့ကိုပုတ်ခတ်ပြောဆိုသောအခါ ကျွန်ုပ်တို့မည်သို့ကျေးဇူး

တင်စိတ်ရှိနိုင်ကြမည်နည်း။ အမှန်ဆိုရလျှင် တစ်စုံတစ်ယောက်က ကျွန်ုပ်တို့အပေါ် ကျူးလွန်ပြစ်မှားသောအရာများကိုသာ အလေးထားဂရုစိုက်နေကြလျှင် ကျွန်ုပ်တို့ ကျေးဇူးတင်စိတ်ရှိကြလိမ့်မည်မဟုတ်ပါ။ ကျွန်ုပ်တို့၏လူမှုဆက်ဆံရေးများ၌ လုံးပန်း နေရသောအရာများသည် ကျွန်ုပ်တို့ကိုအကောင်းမမြင်နိုင်အောင် အမြဲလိုလို ဆီးတားထားပါသည်။ ဤအချင်းအရာသည် ဆက်ဆံရင်းနှီးမှုတစ်ခုကို မကြည်မလင် ဖြစ်စေသောအရာဖြစ်ကောင်းဖြစ်ပေမည်။ ဤသို့ဆိုရာတွင် အခြားအရာအားလုံး သည် မကောင်းသောအရာများဖြစ်သည်ဟု မဆိုလိုပါ။ စာတန်သည်ကျွန်ုပ်တို့ကို အကောင်းထက်အဆိုးကိုပို၍မြင်စေချင်ပါသည်။ သင်နှင့်အခြားသူတစ်ဦး၏ကြား၌ ရှိသော ခက်ခဲသည့်ဆက်ဆံရင်းနှီးမှု၏အပြုသဘောဆောင်သော အကြောင်းအရာ အချို့ကိုစဉ်းစားသုံးသပ်ရန် အချိန်ယူပြီးထိုအရာများကိုအလေးထားကြည့်ပါ။ ထို ဆက်ဆံရင်းနှီးမှုများမှ ခံစားရသောကောင်းကြီးမင်္ဂလာများကို ရှာကြံ၍ ထိုအရာများ ပေါ်၌ ပျော်ရွှင်ဝမ်းမြောက်တတ်ဖို့သင်ယူပြီး သခင်ဘုရားသည်အရာအားလုံးကို ထိန်းချုပ်နေမှုအပေါ်၌ ကျေးဇူးတင်လိုက်ပါ။ ခက်ခဲသောလူမှုဆက်ဆံရေးများအား ဖြင့် လည်းကောင်း၊ ခက်ခဲသောအခြေအနေများအားဖြင့်လည်းကောင်း ဘုရားသခင် က သင့်အားပေးသနားခဲ့သော (သို့) လုပ်ဆောင်နေသောကောင်းမြတ်သည့်အရာ များအတွက် ကျေးဇူးတင်ချီးမွမ်းရန်အချိန်အနည်းငယ်ယူပါ။ ဤကျေးဇူးတင်တတ် သောစိတ်သည် ပတ်ဝန်းကျင်အခြေအနေကိုသင်ရှုမြင်သုံးသပ်ပုံအား ပြုပြင်ပြောင်း လဲစေလိုက်ပါ။

ခရစ်တော်၏ကိုယ်ခန္ဓာတော်၌ ကျွန်ုပ်တို့တစ်ဦးနှင့်တစ်ဦးဆက်ဆံရင်းနှီးမှု များတွင် သခင်ခရစ်တော်၏နှုတ်ကပတ်တော် တရားသည်ကျွန်ုပ်တို့၏အထဲတွင် ကြွယ်ဝစွာကိန်းဝပ်နေစေရမည်ဖြစ်သည်။ ကျွန်ုပ်တို့၏ညီအစ်ကိုမောင်နှမများအပေါ်

၌ မာကျောစွာဆက်ဆံပြောဆိုဖို့ (သို့) ဒေါသတကြီးပြုလုပ်မိဖို့ စုံစမ်းနှောက်ယှက်ခံရသောအချိန်တွင် ထိုနှုတ်ကပတ်တရားသည် ကျွန်ုပ်တို့ကိုကွယ်ကာ၍ လမ်းပြပေးပါလိမ့်မည်။ ပေါင်းသင်းဆက်ဆံရန်ခက်ခဲသောသူများနှင့် ခက်ခဲကြမ်းတမ်းသောပတ်ဝန်းကျင်အခြေအနေများတွင် ကျွန်ုပ်တို့မည်သို့တုန့်ပြန်ပြောဆိုရမည်ကို သမ္မာကျမ်းစာကလမ်းပြပေးပါလိမ့်မည်။ ဇာတိပကတိစိတ်ဖြင့် မတုန့်ပြန်ပဲ ဘုရားသခင့်နှုတ်ကပတ်တော်၏ ရှင်းလင်းထင်ရှားသောသွန်သင်ချက်ကို နာခံလိုက်လျှောက်ပါမည်ဟုဆက်ကပ်အပ်နှံလိုက်ပါ။ ဘုရားသခင်၏နှုတ်ကပတ်တော်က သင့်အားသင့်ရဲ့အပြစ်ဒုစရိုက်များကို ဖော်ပြစီရင်စေပါ။ ထိုနှုတ်ကပတ်တရားတော်သည် သင့်အား သခင်ဘုရားနှင့်သာ၍နီးရာအောင်ဆွဲဆောင်ပါစေ။ ပေါင်းသင်းဆက်ဆံရန်ခက်ခဲသောသူများနှင့်တွေ့ကြုံရသောအချိန်များတွင် သင့်ကိုသင်သမ္မာကျမ်းစာ၏ တရားတော်များနှင့်ပြည့်ဝစေ၍ထိုတရားတော်၌ လျှောက်လှမ်းမည့်အကြောင်းဆက်ကပ်အပ်နှံပါ။ ဤခက်ခဲသောအချိန်များတွင် သမ္မာကျမ်းစာသည် သင့်အားအပြစ်ဒုစရိုက်မှ ကွယ်ကာပေး၍ ဘုရားသခင်ပြဋ္ဌာန်းထားသည့်အတိုင်း လျှောက်လှမ်းနိုင်ဖို့သင့်ကိုစွမ်းဆောင်ပေးပါလိမ့်မည်။

သခင်ခရစ်တော်၌ ညီအစ်ကိုမောင်နှမများကဲ့သို့ ကျွန်ုပ်တို့ရှင်သန်နေထိုင်ကြသောအခါ တစ်ဦးနှင့်တစ်ဦး ဉာဏ်ပညာနှင့်တကွ သွန်သင်ခြင်း၊ ဆုံးမတိုက်တွန်းခြင်း (သို့) သတိပေးခြင်းများကိုပြုလုပ်ကြရမည်။ ကျွန်ုပ်တို့သည်တစ်ဦးနှင့်တစ်ဦးဖေးမကူညီ၍စောင့်ကြပ်ပေးကြရမည်။ ကျွန်ုပ်တို့သည် ကိုယ်ဟာကိုယ်သခင်ခရစ်တော်၌ မရှင့်ကျက်နိုင်ကြပါ။ ခရစ်တော်၏ကိုယ်ခန္ဓာတော်၌ရှိသောအခြားသူများ၏ပံ့ပိုးပေးမှုနှင့် ခွန်အားပေးတိုက်တွန်းမှုတို့ကိုလိုအပ်ကြသည်။ ဤသို့ပြုလုပ်ခြင်းတွင် တစ်ဦးနှင့်တစ်ဦးအန္တရာယ်ကိုသတိပေးခြင်း၊ စုံစမ်းနှောက်ယှက်ခြင်းအချိန်

များတွင် တစ်ဦးနှင့်တစ်ဦးစိန်ခေါ်တိုက်တွန်းခြင်း၊ နလန်ထူလာခြင်းအတွက် တစ်ဦးနှင့်တစ်ဦးပံ့ပိုးကူညီခြင်းတို့လိုအပ်သည်။

ဤတစ်ဦးနှင့်တစ်ဦးသတိပေးခြင်းနှင့် သွန်သင်ဆုံးမခြင်းတို့ကိုအလွန်ကောင်းမွန်ဆီလျော်သောနည်းလမ်းများဖြင့် ပြုလုပ်နိုင်ကြောင်း အခန်းငယ် ၁၆ က ရှင်းရှင်းလင်းလင်းဖော်ပြထားသည်။ ရှင်ပေါလုက ကောလောသဲယုံကြည်သူများအား ဤအချင်းအရာကို ဆာလံသီချင်းမှစသော ဓမ္မသီချင်းအမျိုးမျိုးကိုဘုရားသခင်အား ကျေးဇူးတင်စိတ်ဖြင့် သီဆိုနေကြသည်နှင့်အမျှ ပြုလုပ်ကြရန်ပြောခဲ့သည်။ သင်သည်သီချင်းဂီတနှင့်ဆက်နွယ်သော သာသနာလုပ်ငန်းတွင်ပါဝင်နေလျှင် ဤအချက်ကိုအလေးထားဖို့လိုအပ်သည်။ ဂီတသည် ဖျော်ဖြေတင်ဆက်မှုများနှင့် ဝတ်ပြုကိုးကွယ်ခြင်းအတွက်သာမဟုတ်ပါ။ ကိုယ်ခန္ဓာတော်၌သွန်သင်ခြင်းနှင့် သတိပေးဆုံးမခြင်း ရည်ရွယ်ချက်များအတွက်လည်းဖြစ်သည်။ ဘုရားသခင်သည် မိမိ၏နှုတ်ကပတ်တော်ကိုယူ၍ ဂီတသံစဉ်အဖြစ်ကောင်းကြီးပေး၍ မိမိလူတို့ကိုသတိပေးဆုံးမ၍ သွန်သင်လမ်းပြပေးရသည်ကို နှစ်သက်အားရတော်မူသည်။

ရှင်ပေါလုက ကိုယ်ခန္ဓာတော်၌ရှိသောဆက်ဆံရင်းနှီးမှုများအကြောင်းပြောဆိုဆွေးနွေးခြင်းကို လုပ်သမျှသောအရာအား သခင်ဘုရားအပေါ်၌ ပြုသကဲ့သို့ပြုလုပ်ဝန်ခံကြရမည်ဟူသော ပြောဆိုချက်နှင့်အတူနိဂုံးချုပ်ထားခဲ့သည်။ ကျွန်ုပ်တို့၏ညီအစ်ကိုမောင်နှမတစ်ယောက်ယောက်အထံ၌ စကားပြောဆိုသောအခါတွင်လည်းကောင်း၊ လုပ်ဆောင်ချက်အချို့နှင့်အတူလက်ကမ်း၍ ဖေးမကူညီကြသောအခါတွင်လည်းကောင်း၊ ကျွန်ုပ်တို့သည်ထိုအရာကိုသခင်ယေရှု၏ နာမတော်၌ပြုလုပ်သောအခါ၊ သင်တို့လုပ်ဆောင်ချက်တွင် သခင့်ကိုကိုယ်စားပြုနေပါသည်။ သင်သည်သခင့်ကိုကိုယ်စားပြုထားလျှင် သင့်ရဲ့လုပ်ဆောင်ပြောဆိုပုံများကို

သတိထားရမည်။ သင်သည်ကိုယ်စားလှယ်ကောင်းတစ်ဦးဖြစ်ရပေမည်။ သခင်ယေရှုပြုလုပ်မည့်အတိုင်းသင်ပြုလုပ်ရမည်။ သို့သော်အခြားတစ်ဖက်တွင် ကျွန်ုပ်တို့နားလည်ထားရမည့်အချက်မှာ ကျွန်ုပ်တို့သည် မိတ်ဆွေယုံကြည်သူများကို ပြောဆိုသမျှသောအရာအားသူတို့အတွက် အသေခံခဲ့သောသခင်ခရစ်တော်ကိုလည်း ပြောဆိုနေကြသည်ဟူသောအချက်ဖြစ်သည်။ ကျွန်ုပ်တို့သည်သူတို့ကိုမတရားဆက်ဆံပြောဆိုခဲ့ကြလျှင် ကျွန်ုပ်တို့သည် ထိုအရာအတွက်သခင်ခရစ်တော်ကို ရှင်းလင်းချက်ပေးကြရမည်ဖြစ်သည်။

ဤနေရာတွင် ရှင်ပေါလုကကျွန်ုပ်တို့တစ်ဦးနှင့်တစ်ဦးအပေါ် ထားရှိရမည့်တာဝန်ဝတ္တရားများအကြောင်းကိုပြောပြနေပါသည်။ ကျွန်ုပ်တို့သည် ပညတ်တရား၏ အောက်တွင်မရှိကြတော့ပါဟု ရှင်ပေါလုပြောဆိုရာတွင် ကျွန်ုပ်တို့သည် ထုံးစံနည်းဥပဒေသများမရှိသောသူများဖြစ်ကြသည်ဟု မဆိုလိုကြောင်း ဂရုတစိုက်ပြန်လည်အသိပေးထားပါသည်။ ကျွန်ုပ်တို့နာခံကျင့်သုံးဖို့ဘုရားသခင်တွင် သတ်မှတ်ထားသောစံချိန်စံညွှန်းတစ်ခုရှိသည်။ ထိုစံချိန်စံညွှန်းမှာ သခင်ခရစ်တော်ကိုယ်တိုင်ပင်ဖြစ်သည်။ ကျွန်ုပ်တို့သည်ထိုသခင်ကို ကျွန်ုပ်တို့၏ပုံဥပမာအတွက်သာမဟုတ်၊ ကျွန်ုပ်တို့ကိုစွမ်းဆောင်ပေးနေသောသူတစ်ဦးအဖြစ်ရှုမြင်ကြရမည်။

## စဉ်းစားသုံးသပ်ရန်အချက်များ

- သင့်အတွက်လက်ခံမိတ်ဖွဲ့ဖို့ အလွန်ခက်ခဲသောပုဂ္ဂိုလ်များရှိပါသလား။ တစ်ဦးနှင့်တစ်ဦး စိတ်ရှည်သည်းခံခြင်းနှင့်စပ်လျဉ်းရှင်ပေါလုက ကျွန်ုပ်တို့ကို မည်သို့ပြောထားသနည်း။
- သင့်အတွက်လက်ခံမိတ်ဖွဲ့ဖို့ အလွန်ခက်ခဲသောသူတစ်ယောက်နှင့် လက်ခံ

မိတ်ဖွဲ့ရမည့်အဖြစ်ကို စဉ်းစားသုံးသပ်ရန်အချိန်အနည်းငယ်ယူပါ။ ဤဆက်ဆံရင်းနှီးမိတ်ဖွဲ့မှု၌ သင်ကျေးဇူးတင်လိုသောအရာကားမည်သည့်အရာနည်း။

- သခင်ခရစ်တော်၏ငြိမ်သက်ခြင်းကို ကျွန်ုပ်တို့၏စိတ်နှလုံးသားများအားမည်သို့အုပ်စိုးစေနိုင်သနည်း။ ဤအချင်းအရာသည် ကျွန်ုပ်တို့သူတစ်ပါးနှင့်ဆက်ဆံရာတွင်မည်သို့ကူညီပံ့ပိုးပေးပါသနည်း။
- သခင်ခရစ်တော်၏ကိုယ်ခန္ဓာတွင် ဘုရားသခင်သည် သင့်အားမည်သည့်အခန်းကဏ္ဍကိုပေးထားသနည်း။ သင့်ရဲ့ဝိညာဉ်ဆုကျေးဇူးများသည် ကိုယ်ခန္ဓာတော်ကိုမည်သို့ကူညီပေးပါသနည်း။

## ဆုတောင်းရန်အချက်

- သင့်အတွက်ချစ်နှစ်သက်ဖို့ခက်ခဲသောသူများအတွက် သင့်အားသာ၍ကြီးသောချစ်ခြင်းကိုပေးသနားရန် သခင်ဘုရားကိုဧတင့်လျှောက်ပါ။
- သင့်အတွက်ဆက်ဆံပေါင်းသင်းဖို့ခက်ခဲသော ပုဂ္ဂိုလ်နှင့်ပတ်သက်သောအရာတစ်ခုခုအတွက် သခင်ဘုရားကိုကျေးဇူးတင်ချီးမွမ်းဖို့အချိန်အနည်းငယ်ယူပါ။
- သင့်အတွက်ချစ်ဖို့ရန်ခက်ခဲသောသူများနှင့်စိတ်သဘောထားညီညွတ်နိုင်မည့်အကြောင်းသခင်ဘုရားအထံ၌ငြိမ်သက်ခြင်းကိုတောင်းလျှောက်ပါ။

## ၁၉
## ကိုယ်ခန္ဓာတော်၌ဆက်ဆံရင်းနှီးမှုများ

---

**ကောလောသဲ ၃း၁၈-၄း၁ ကိုဖတ်ရှုပါ။**

ရှင်ပေါလုက ကောလောသဲယုံကြည်သူများကို သခင်ခရစ်တော်၏ကိုယ်ခန္ဓာတော်၌ ရှိသင့်သည့်ဆက်ဆံရင်းနှီးမှုများအကြောင်းကို ယေဘူယျအား ဖြင့်ပြောပြနေခဲ့ပါသည်။ အခန်းကြီး ၃ ၏ ဤနောက်ဆုံးအပိုင်းတွင် ရှင်ပေါလုက ကောလောသဲအသင်းတော်အားအလွန်သီးသန့်ဖြစ်သော ဆက်ဆံရင်းနှီးမှုများအတွက် စိတ်ခေါ်တိုက်တွန်းထားသည်။ ဤအပိုင်းတွင် ရှင်ပေါလုသည်ခရစ်ယာန်အိမ်ထောင်များအတွက်လက်တွေ့လမ်းညွှန်ချက်အချို့ကိုဖော်ပြပေးထားသည်။

### *ဇနီးသည်များ*

ရှင်ပေါလုက အိမ်ထောင်ရှင်ဇနီးသည်များအားပြောဆိုခြင်းဖြင့် အစပြုထားသည်။ ရှင်ပေါလုက ဇနီးသည်များအားငင်းတို့၏ခင်ပွန်းသည်များ အုပ်စိုးခြင်း၌ အပ်နှံကြရန် စိန်ခေါ်တိုက်တွန်းခဲ့သည်။ ဝန်ခံအပ်နှံခြင်းဟူသောစကားလုံးအတွက်

အသုံးပြုထားသော ဂရိစကားလုံးမှာ *hupotasso* ဟူသောစကားလုံးဖြစ်သည်။ ဤစကားလုံးကို စစ်တပ်နှင့်ဆိုင်သောအကြောင်းအရာတွင် အသုံးပြုသောအခါ "အထက်အရာရှိတစ်ဦး၏အမိန့်အောက်တွင် ကိုယ်ကိုယ်ကိုစီစဉ်ပြင်ဆင်ခြင်း"ဟု ဆိုလိုသည်။ စစ်တပ်နှင့်မသက်ဆိုင်သောအကြောင်းအရာတွင် အသုံးပြုသောအခါ ဤစကားလုံးသည် ဆန္ဒအလျောက် ပူးပေါင်းဆောင်ရွက်ခြင်းမျိုးကိုရည်ညွှန်းပြော ဆိုသည်။ ဝန်ခံအပ်နှံသောသူသည် အခြားသူတစ်ဦးနှင့်ပူးပေါင်းဆောင်ရွက်သော သူဖြစ်သည်။ ဝန်ခံအပ်နှံသောသူသည် မိမိဝန်ခံအပ်နှံနေသောသူ၏ ဝန်ထုတ် ဝန်ပိုး ကို ကူသယ်ပေးသည်။ ရှင်ပေါလုက ဇနီးသည်များခင်ပွန်းသည်များထံ၌ ဝန်ခံအပ်နှံ ခြင်းကိုပြောပြသောအခါ သူသည်ဇနီးသည်များ ၎င်းတို့၏ခင်ပွန်းသည်များနှင့် လိုလို လားပူးပေါင်းဆောင်ရွက်၍ ခင်ပွန်းသည်၏ဝန်ထုပ်ကို ခင်ပွန်းသည်နှင့်အတူ ခင်ပွန်းသည်အတွက်ထမ်းရွက်သွားရန် တာဝန်ဝတ္တရားကိုရယူဖို့ဆန္ဒအလျောက် တုန့်ပြန်ခြင်းအတွက်ဆင့်ခေါ်တိုက်တွန်းနေပါသည်။ ရှင်ပေါလုက ဇနီးသည်များ အား ဤအမှုအရာသည် "သခင်ဘုရား၌လျောက်ပတ်သည်" ဟု အသိပေးထား သည်။ တစ်နည်းအားဖြင့်ဆိုရလျှင် ဤနည်းလမ်းသည် မိသားစုများရှင်သန်လည် ပတ်ဖို့ဘုရားသခင်ရေးဆွဲထားသော ပုံစံဖြစ်သည်။

ဇနီးသည်များ ဘုရားသခင်သည် သင်တို့၏ခင်ပွန်းသည်များနှင့် ပူးပေါင်း ဆောင်ရွက်ကြရန် သင်တို့ကိုဆင့်ခေါ်ထားခဲ့သည်။ ဇနီးသည်က ခင်ပွန်းသည်ထံ၌ ဝန်ခံအပ်နှံရမည်ဟူသောအချက်က ခင်ပွန်းအားအိမ်ထောင်ဦးစီးအရိုက်အရာကို ပေးအပ်ထားကြောင်း ညွှန်ပြနေသည်။ ခင်ပွန်းသည် မိသားစုနှင့် မိသားစု၏ကောင်း ရာကောင်းကျိုးအတွက် တာဝန်ရှိသည်။ ဤတာဝန်ကိုထမ်း ဆောင်ရာတွင် ဇနီးသည်ကလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ရမည်။ သူမသည် ခင်ပွန်းသည်ကို

ဆန့်ကျင်တိုက်ခိုက်ဖို့မဟုတ်ပါ။ သူမသည်ခင်ပွန်းသည်နှင့်အတူ ရပ်တည်ပေး၍ မိသားစုအတွင်း၌ စည်းလုံးညီညွတ်ခြင်းကိုဖြစ်စေရမည်။

## *ခင်ပွန်းသည်များ*

အိမ်ထောင်ဦးစီးအရာကိုအချို့သောအမျိုးသားက တလွဲအသုံးချခဲ့ကြမည့် အဖြစ်ကိုရှင်ပေါလုကသိနေခဲ့သည်။ အမျိုးသားများစွာက သူတို့အိမ်ထောင်ဦးစီးများ ဖြစ်ကြသောကြောင့် ဇနီးသည်နှင့်သားသမီးများထံမှ မည်သည့်အရာကိုမဆိုတောင်းဆိုပိုင်သည်ဟု ယုံကြည်ထားကြသည်။ ရှင်ပေါလုက ခင်ပွန်းသည်များအား ၄င်းတို့၏ဇနီးသည်များအား ကြမ်းတမ်းစွာဆက်ဆံမည့်အစား ချစ်ခြင်းမေတ္တာကိုသာပြသကြဖို့ပြန်လည်အသိပေးထားသည်။ နူးညံ့သိမ်မွေ့ခြင်း၊ ချစ်ခြင်းနှင့်စိတ်နှလုံးနှိမ့်ချခြင်းတို့သည် ခင်ပွန်းသည်များကိုကြမ်းတမ်းစွာဆက်ဆံတတ်ခြင်းမှ ကွယ်ကာပေးပါလိမ့်မည်။ သူတို့သည် မိမိတို့၏ဇနီးသည်များကို ရိုသေလေးစား၍ ချစ်ခြင်းမေတ္တာ၌ စာနာထောက်ထားပေးကြရန်ဖြစ်သည်။ သူတို့သည်သခင်ခရစ်တော်နှင့် သူတို့အတွက်ထားရှိခဲ့သော ထိုသခင်၏ချစ်ခြင်းမေတ္တာတရားကို ပုံဥပမာအဖြစ်ရယူကြရမည်။

သခင်ခရစ်တော်သည် ကြင်နာသနားတတ်သောမေတ္တာတရားဖြင့် ကျွန်ုပ်တို့ကိုချစ်ပါသည်။ သခင်ခရစ်တော်၏ချစ်ခြင်းမေတ္တာသည် မိမိ၏အသက်ကိုပင်စွန့်လွှတ်ရဲသောချစ်ခြင်းမေတ္တာမျိုးဖြစ်သည်။ ခင်ပွန်းသည်များသည်လည်း မိမိတို့၏ဇနီးသည်များကို ဤအတိုင်းပင်ချစ်ကြရမည်ဖြစ်သည်။ သင်သည် သင့်ရဲ့ဇနီးကိုအမှန်တကယ်ချစ်မြတ်နိုးလျှင် သင့်အသက်ကိုသူမအတွက်စတေးပါလိမ့်မည်။ ဆိုလိုသည်မှာ သင်သည်သူမကိုကူညီဖေးမဖို့လိုအပ်သောအခါတွင် သင့်ရဲ့အတ္တ၊ သင့်ရဲ့

သက်တောင့်သက်သာရှိမှုများနှင့် သင့်ရဲ့အကျိုးစီးပွားဌ် သင်သေရမည်။ ဘုရားကို ချစ်ကြောက်ရိုသေသောခင်ပွန်းသည်တစ်ဦးသည် ဇနီးသည်ဖြစ်သူအတွက် လိုအပ်သည့်အရာအားလုံးကို ပေးဆပ်ဖြည့်ဆည်းပါလိမ့်မည်။ သူမကလည်း ကူညီထောက်မသူတစ်ဦးအနေဖြင့်လည်းကောင်း၊ လက်တွဲဖော်တစ်ဦးအနေဖြင့်လည်းကောင်း ခင်ပွန်းသည်နှင့်ပူးပေါင်းပါဝင်ဆောင်ရွက်ရပါမည်။ တစ်ဦးနှင့်တစ်ဦး အတ္တမဲ့စွာအလုပ်အကျွေးပြုနေကြလျှင် ဤကဲ့သို့သောဆက်ဆံရင်းနှီးမှုမှာ အလွန်လွယ်ကူပါသည်။

***သားသမီးများ***

ရှင်ပေါလုက သားသမီးများကို ၎င်းတို့၏မိဘများအား အရာခပ်သိမ်း၌ နာခံကြရန်ပြောခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ဤအမှုသည်သခင်ဘုရားကို ကျေနပ်အားရစေတော်မူသောကြောင့်ဖြစ်သည်။ ဤနာခံခြင်းတွင် သားသမီးများဘက်မှ မိမိတို့၏စိတ်ဝင်စားမှုများနှင့် စိတ်ဆန္ဒများကို မိဘများအဖို့အလို့ငှာ ပေးဆပ်အနစ်နာခံဖို့လိုအပ်သည်။ ဤနေရာ၌မှတ်ယူထားချက်မှာ ဤမိသားစုများသည် ခရစ်ယာန်မိသားစုများဖြစ်ကြသည်ဟူသောအချက်ဖြစ်သည်။ ကောလောသဲမြို့တွင် မယုံကြည်သူမိသားစုများလည်းရှိခဲ့ကြပါလိမ့်မည်။ ဤမယုံကြည်သူ မိသားစုများမှ မိဘများသည် မိမိတို့၏သားသမီးများအား ဘုရားသခင်၏အလိုတော်နှင့်ဆန့်ကျင်သောအရာများကို လုပ်စေလိုသောဆန္ဒများရှိနေကြပေမည်။ ထိုသို့သောအခြေအနေအတွင် သားသမီးများသည် မိဘထက်ဘုရားသခင်ကို နာခံကြဖို့လိုအပ်ပေလိမ့်မည် (တမန်တော် ၅း၂၉)။

### *ဖခင်များ*

ရှင်ပေါလုက ဖခင်များကိုဆက်လက်၍ပြောထားခဲ့သည်။ ရှင်ပေါလုက သူတို့အား မိမိတို့၏သားသမီးများကိုနာကျည်းခါးသီးအောင်မပြုမူမိကြဖို့ မိန့်မှာထားခဲ့သည်။ သူတို့သည်သားမသီးများကို စိတ်အနှောက်အယှက်ဖြစ်စေခြင်းဖြင့် စိတ်ပျက်အားလျော့စေခြင်းမဖြစ်စေကြဖို့ အထူးသတိထားကြရမည်။ သားသမီးအပေါ်၌ တောင်းဆိုချက်အများအပြားကို ပြုလုပ်ခြင်းဖြင့် ကလေး၏စိတ်ဓာတ်ကိုပျက်စီးသွားစေသည့်အဖြစ်မျိုးကိုပြုလုပ်မိဖို့မှာ အလွန်ဖြစ်နိုင်ချေရှိသောအရာဖြစ်သည်။ ဤအချင်းအရာသည်ကလေးဘက်၌ နာကျည်းခါးသီးခြင်းနှင့် စိတ်ဓါတ်ကျခြင်းများကိုဖြစ်စေနိုင်ပါသည်။ ရှင်ပေါလုက ဤပြဿနာကိုနားလည်သဘောပေါက်ခဲ့၍ အထူးသဖြင့်ဖခင်များကို သားသမီးများ၏ပင်ကိုစရိုက်ကို အထူးအလေးထားသုံးသပ်ကြဖို့ စိတ်ခေါ် တိုက်တွန်းခဲ့သည်။ သူတို့သည် သားသမီးများကိုချစ်၍ကျွေးမွေးပြုစုစောင့်ရှောက်ရမည်ဖြစ်သည်။ ဖိနှိပ်နင်းခြေခြင်းမျိုးကိုမလုပ်ရပါ။ ထိုသို့ပြုလုပ်မိပါက သားသမီးများအနေဖြင့် မျှော်လင့်ချက်များပျက်သုန်းသွားနိုင်ပါသည်။ ဖခင်များဖြစ်ကြသည့်အလျှောက် တစ်ခါတစ်ရံကျွန်ုပ်တို့သည် သားသမီးများအပေါ်၌ထားရှိသောမျှော်လင့်ချက်များကိုဖြေလျော့ကြဖို့လိုအပ်သည်။ ထိုသို့အားဖြင့် ကျွန်ုပ်တို့သည် သူတို့ကိုပိုင်စိုးပိုင်နင်းလုပ်၍ မျှော်လင့်ချက်များပျက်ပြားစေသည့်အဖြစ်မျိုးကိုရှောင်ရှားနိုင်မည်ဖြစ်သည်။ ကျွန်ုပ်တို့သည်သားသမီးများကိုခွန်အားပေးတိုက်တွန်းသူများဖြစ်ကြရမည်။

### *အစေခံကျွန်များ*

ကျေးကျွန်စနစ်သည် ကောလောသဲမြို့တွင် လုပ်နေကျအရာဖြစ်ခဲ့သည်။

ရှင်ပေါလုသည် ဤလုပ်ထုံးလုပ်နည်းကိုအားမပေးခဲ့ပါ။ အစေခံကျွန်များသည် အခြားလူလွတ်များကဲ့သို့ပင် နိုင်ငံတော်၌အရေးပါသောသူများဖြစ်ကြောင်းကို ရှင်ပေါလုယုံကြည်ခဲ့သည်။ သို့သော်ကျေးကျွန်စနစ်သည် ကောလောသဲလူ့အသိုင်းအဝိုင်း၏ တစ်စိတ်တစ်ပိုင်းဖြစ်နေခဲ့ပြီဖြစ်သောကြောင့် ရှင်ပေါလုက ဤအကြောင်းကိုပြောဆိုရခြင်းဖြစ်သည်။

ရှင်ပေါလုကအစေခံကျွန်များအား ၄င်းတို့၏လောကီသခင်များကို အရာခပ်သိမ်း၌နာခံကြရန်ပြောခဲ့သည်။ သခင်ဖြစ်သူက ကြည့်နေသည်ဖြစ်စေ၊ မကြည့်သည်ဖြစ်စေ သူတို့အနေဖြင့်နာခံလုပ်ဆောင်ရမည်ဖြစ်သည်။ အစေခံကျွန်များဖြစ်ကြသည့်အလျှောက် သူတို့သည်လုပ်သမျှသောအရာ၌ သခင်၏မျက်နှာသာကိုရဖို့လုပ်ဆောင်ကြရမည်။ သူတို့၏သခင်များကို ရိုးသားသောနှလုံးသားဖြင့် အလုပ်အကျွေးပြု၍ ဘုရားသခင်ကိုကြောက်ရွံ့သောစိတ်ဖြင့် အစေခံကြရမည်ဖြစ်သည်။ ရှင်ပေါလုသည် အစေခံကျွန်က သခင်ဖြစ်သူကိုအစေခံခြင်းနှင့် ဘုရားသခင်အားကြောက်ရွံ့ရိုသေခြင်းတို့အကြားရှိ ဆက်နွယ်မှုတစ်ခုကိုဖန်တီးပေးထားသည်။

အလားတူဤအခြေခံဥပဒေသသည် ယနေ့ကျွန်ုပ်တို့လုပ်နေသောအလုပ်နှင့်ဆက်နွယ်မှုရှိသည်။ ဤဘဝတွင် ကျွန်ုပ်တို့၌အလုပ်ရှင် (သို့) စာရင်းရှမ်းတမ်းပေးရမည်သူကိုယ်စီရှိကြသည်။ ကျွန်ုပ်တို့သည်သူတို့ကို ရိုးသား၍ဖြူစင်သောစိတ်ထားများဖြင့် အလုပ်အကျွေးပြုကြရမည်။ ထိုသို့ပြုလုပ်ခြင်းဖြင့် ကျွန်ုပ်တို့ကို ဤအရိုက်အရာ၌ ခန့်အပ်ထားသောဘုရားသခင်ကို ကျွန်ုပ်တို့ရိုသေလေးစားကြောင်းပြသနေကြသည်။ အခန်းငယ် ၂၃ တွင် ရှင်ပေါလုက ကျွန်ုပ်တို့အားခပ်သိမ်းသောအမှုတို့ကို စိတ်နှလုံးအကြွင်းမဲ့ဖြင့်ပြုလုပ်ကြရန် စိန်ခေါ်တိုက်တွန်းထားသည်။ အကြောင်းမှာ ကျွန်ုပ်တို့သည်သခင်ဘုရားအတွက်လုပ်နေကြသောကြောင့်ဖြစ်

သည်။ ကျွန်ုပ်တို့ လုပ်ဆောင်နေသောအရာများကို လူတို့ကသိမြင်ကြမည်မဟုတ်သော်လည်း ဘုရား သခင်က ဤအရာများအားလုံးကိုသိမြင်နေ၍ ကျွန်ုပ်တို့ကို ရှင်းလင်းချက်ပေးရန် တောင်းဆိုလာပါလိမ့်မည်။ ကျွန်ုပ်တို့၏လုပ်ဆောင်ချက်များနှင့် စိတ်ထားအတိုင်း ဘုရားသခင်ကဆုပေးဒဏ်ပေးခြင်းကိုပြုလုပ်သွားပါလိမ့်မည်။ လောကီအာဏာပိုင်များအပေါ်၌ ပြုလုပ်သောကျွန်ုပ်တို့၏ဝန်ဆောင်မှုများကို ဘုရားသခင်အားချီးကျူး ဂုဏ်ပြုနေသည့်အလား လုပ်ဆောင်ကြရမည်။

အခန်းငယ် ၂၅ တွင် ရှင်ပေါလုက အစေခံကျွန်များအား မတရားသောအမှုကိုပြုသောသူသည် မိမိပြုသောအမှု၏အကျိုးအပြစ်ကိုခံရမည်ဟု ပြန်လည်အသိပေးခဲ့သည်။ မျက်နှာလိုက်ခြင်းမျိုးမရှိရပါ။ ခရစ်ယာန်အစေခံကျွန်များလည်းရှိကောင်းရှိနေခဲ့ကြပေလိမ့်မည်။ ထိုခရစ်ယာန်အစေခံများက မိမိတို့၏ လောကီသခင်သည် ခရစ်ယာန်ဖြစ်သောကြောင့် မိမိတို့ကျူးလွန်မိသောအမှားအတွက် ဒဏ်ခတ်မခံသင့်ဟုမျှော်လင့်ကောင်း မျှော်လင့်နေခဲ့လိမ့်မည်။ သူတို့က မိမိတို့သည် ခရစ်ယာန် ကျွန်သခင်နှင့် ခရစ်တော်၌ညီအစ်ကိုများဖြစ်ကြသောကြောင့် ကျွန်နှင့်သခင်အကြားတွင်လွတ်လပ်မှုအတိုင်းအတာတစ်ခုအထိရှိရမည်ဟု ခံစားခဲ့ကြပေမည်။ ရှင်ပေါလုက အစေခံကျွန်များအား ဤသို့ဖြစ်စရာမဟုတ်ဟုပြောခဲ့သည်။ ခရစ်ယာန်အစေခံကျွန်များအတွက် အထူးအခွင့်အရေးမျိုးရှိမည်မဟုတ်ပါ။ သူတို့သည်မယုံကြည်သူအစေခံကျွန်မားကဲ့သို့ တရားမျှတစွာအပြစ်ပေးခံကြရမည်ဖြစ်သည်။

## *ကျွန်သခင်များ*

ထို့နောက်ရှင်ပေါလုက ကျွန်သခင်များကိုငင်းတို့၏အစေခံကျွန်များကို ပေး

ကမ်းထောက်ပံ့ကြရန် စိန်ခေါ်တိုက်တွန်းခဲ့သည် (၄း၁)။ ကျွန်သခင်များသည် အစေခံကျွန်များအား မသမာသောနည်းကိုသုံး၍လှည့်ဖြားခြင်း (သို့)မတရားဆက်ဆံပြုမူခြင်းများကိုမလုပ်သင့်ပေ။ အစေခံကျွန်များ၏လိုအပ်ချက်မျိုးကို ထောက်ပံ့ဖြည့်ဆည်းပေးကြရမည်ဖြစ်သည်။ ဝိညာဉ်တော်နှင့်ပြည့်ဝသော ဤကျွန်သခင်များသည် မိမိတို့၏အစေခံကျွန်များအပေါ်၌ စေတနာစိတ်တိုးပွား၍သူတို့ကိုလေးလေးစားစားပြုမူဆက်ဆံရမည်ဖြစ်သည်။ ရှင်ပေါလု၏အဆိုအရ သူတို့သည်လည်း ကောင်းကင်ဘုံတွင် အရှင်သခင်တစ်ပါးရှိကြသောကြောင့် ဤအရာများကိုပြုလုပ်ကြရမည်ဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုရလျှင် သူတို့၏အစေခံကျွန်များသူတို့ကိုရှင်းလင်းချက်ပေးကြရသကဲ့သို့ သူတို့သည်လည်း ဘုရားသခင်ကိုရှင်းလင်းချက်ပေးကြရမည်ဖြစ်သည်။ မိမိတို့၏အစေခံကျွန်များကို မည်သို့ပြုမူဆက်ဆံခဲ့ကြသည်ဟူသောအချက်ကို ဘုရားသခင်ထံ၌ ပြန်လည်ရှင်းလင်းကြရမည်ဖြစ်သည်။

ရှင်ပေါလုက ကျွန်ုပ်တို့အားဤနေရာ၌ပြောပြနေသောအရာမှာ ကျွန်ုပ်တို့သည် သခင်ဘုရား၏သေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းတို့တွင် ထိုသခင်နှင့်တစ်လုံးတစ်ဝတည်းပေါင်းစည်းခဲ့ကြသောကြောင့် ကျွန်ုပ်တို့သည် ဘုရားသခင်အပေါ်၌ တာဝန်ဝတ္တရာကြီးတစ်ခုရှိနေကြသည်ဟူသောအချက်ဖြစ်သည်။ ကျွန်ုပ်တို့အတွက်ပြုလုပ်သွားခဲ့သောအမှုတော်အတွက် ကျွန်ုပ်တို့သည်ဘုရားသခင်ကိုဂုဏ်ပြုကြရန်တာဝန်ရှိရုံသာမဟုတ် ကျွန်ုပ်တို့၏လူသားညီအစ်ကိုများကိုလည်းဂုဏ်ပြုကြရန်တာဝန်ရှိကြသည်။

## စဉ်းစားသုံးသပ်ရမည့်အချက်များ

- ဇနီးသည်သည် သူမ၏ခင်ပွန်းအပေါ်၌ ဝန်ခံအပ်နှံခြင်းဆိုသည်မှာ အဘယ်

နည်း။ ဤအချင်းအရာကခင်ပွန်းသည်သည် သူမကိုထိန်းချုပ်ခြယ်လှယ်၍ သူအလိုရှိသည့်အတိုင်း သူမကိုပြုလုပ်စေပိုင်သည်ဟု ဆိုလိုပါသလား။

- မေတ္တာစစ် မေတ္တာမှန်သည် ခင်ပွန်းသည်အား သူ၏ဇနီးသည်ကို ထိန်းချုပ်ခြယ်လှယ်ခြင်းမှ မည်သို့ကွယ်ကာပေးပါသနည်း။ မိမိတို့၏ဇနီးသည်များကို ချစ်ခြင်းဆိုသည်မှာ မည်သို့ဖြစ်ကြောင်းကိုသခင်ယေရှုက ခင်ပွန်းသည်များအားမည်သို့ ပုံသက်သေပြထားပါသနည်း။
- သင့်ရဲ့အလုပ်ကိုစဉ်းစားသုံးသပ်ဖို့အချိန်အနည်းငယ်ယူပါ။ ဘုရားသခင်သည် သင်ရဲ့လုပ်ဆောင်မှုများကို ကျေနပ်အားရနေမည့်ပုံစံမျိုးဖြင့် သင့်အလုပ်ကိုသင်လုပ်နေပါသလား။
- ကလေး၏စိတ်ဓါတ်ရေးရာကို ပျက်စီးစေမည့် အကြောင်းအရာနှင့်စပ်လျဉ်း၍ ရှင်ပေါလုက ဤနေရာတွင်မည်သို့ပြောပြလိုနေပါသနည်း။

## ဆုတောင်းရန်အချက်များ

- သင်သည်ဇနီးသည်တစ်ယောက်ဖြစ်လျှင် သင့်ရဲ့ခင်ပွန်းသည်နှင့် ပူးပေါင်းပါဝင်ဆောင်ရွက်လိုသောစိတ်ရှိဖို့ ကူညီမစပေးရန်သခင်ဘုရားကိုတောင်းလျှောက်ပါ။
- သင်သည်ခင်ပွန်းသည်တစ်ယောက်ဖြစ်လျှင် သင့်ရဲ့ဇနီးသည်ကိုချစ်၍ သူမအတွက်သင့်ကိုယ်သင် ငြင်းပယ်ရန်ဆန္ဒရှိဖို့ကူညီမစပေးရန် သခင်ဘုရားကိုတောင်းလျှောက်ပါ။
- သင့်ရဲ့သားသမီးများကို စိတ်ဓါတ်မကျစေသောမိဘဖြစ်ဖို့ ကူညီမပေးရန် သခင်ဘုရားကိုတောင်းလျှောက်ပါ။

- သင်သည်သခင့်အတွက်သာ အလုပ်လုပ်နေသည့်အလား သင့်အလုပ်ကို လုပ်ဆောင်ဖို့ကူညီမစပေးရန် သခင်ဘုရားကိုတောင်းလျှောက်ပါ။

## ၂၀
## ဆုတောင်းခြင်း၊ ဉာဏ်ပညာနှင့်ကျေးဇူးတော်

**ကောလောသဲ ၄း၂-၆ ကို ဖတ်ရှုပါ။**

ကောလောသဲယုံကြည်သူများအား ရေးပို့ထားသောဤစာစောင်၏ အများစုအပိုင်းကို ယုံကြည်သူများအားဘုရားသခင်က သူတို့အားပြဋ္ဌာန်းထားသောအသက်တာကို ရှင်သန်နေထိုင်ကြဖို့စိန်ခေါ်တိုက်တွန်းခြင်းအတွက် အသုံးပြုထားသည်။ ဤလေ့လာမှုကိုကျွန်ုပ်တို့လုပ်ဆောင်လာခဲ့သည်နှင့်အမျှ ဤစာစောင်ကို ရှင်ပေါလုမည်သို့အစပြု၍ မည်သို့အဆုံးသတ်ခဲ့သည်ဟူသောအရာနှစ်ခုကြား၌ရှိနေသည့်တင်းမာမှုကို ကျွန်ုပ်နားလည်ဖို့ရုန်းကန်ခဲ့ရပါသည်။ ကယ်တင်ခြင်းနှင့်ပတ်သက်လာလျှင်ပညတ်တရားသည် တန်ဖိုးမဲ့နေသည့်အကြောင်းကို ကောလောသဲယုံကြည်သူများအားပြောပြရန် ရှင်ပေါလုက၏စာစောင်၏အစပိုင်းတွင်များစွာအချိန်ယူခဲ့သည်။ သခင်ယေရှုကားတိုင်ထက်၌ အသေခံခဲ့သောအချိန်တွင် ကယ်တင်ခြင်းကိုပြည့်စုံစေဖို့မည်သည့်အရာကိုမျှထပ်လောင်း၍ လုပ်စရာမလိုတော့ကြောင်း ရှင်ပေါလုက အလွန်ရှင်းလင်းစွာပြောပြခဲ့သည်။ သခင်ယေရှုသည်

ကျွန်ုပ်တို့၏ အပြစ်ဒုစရိုက်များနှင့်ပညတ်တရားကို မိမိနှင့်အတူကားတိုင်ထက်သို့ ယူဆောင်သွားခဲ့ပြီးဖြစ်သည်။

စာစောင်၏ဒုတိယပိုင်းကိုရှင်ပေါလုရောက်လာသည်နှင့်အမျှ ရှင်ပေါလုက ယုံကြည်သူများအား သခင်ခရစ်တော်၌ရှိသောငင်းတို့၏ အသစ်သောအသက်တာကိုမည်သို့ရှင်သန်ရန်လိုအပ်ကြောင်းကို ရှင်းပြရာ၌အချိန်များစွာယူခဲ့သည်။ ရှင်ပေါလုသည် မိမိ၏စာဖတ်ပရိတ်သတ်တို့အား ၎င်းတို့၏အကျင့်စာရိတ္တနှင့်အပြုမူတို့တွင်ကောင်းမွန်ပြည့်စုံခြင်းကို ကြိုးစားရှာကြံကြဖို့စိန်ခေါ်ထားသည်။ သခင်ခရစ်တော်၏ကိုယ်ခန္ဓာတော်၌ တစ်ဦးနှင့်တစ်ဦးဆက်ဆံရာတွင်လည်း သိက္ခာရှိရှိလေးလေးစားစားပြုမူဆက်ဆံကြဖို့ ရှင်ပေါလုကသူတို့ကို ဆင့်ခေါ်ထားသည်။ သခင်ယေရှုကသူတို့အတွက် ပြုလုပ်ခဲ့သောအမှုတော်ကြောင့်သူတို့သည် ဘုရားသခင်အပေါ်၌တာဝန်ကြီးတစ်ရပ်ရှိနေကြောင်းကိုပြောပြရန် အတိုင်းအတာတစ်ခုအထိအသေးစိတ်သွားခဲ့သည်။ အသိုင်းအဝိုင်းထဲ၌ သခင်ဘုရားကိုသူတို့မည်သို့ကိုယ်စားပြုနေကြသည်ကို ဂရုစိုက်ရန်ရှင်ပေါလုက ကောလောသဲယုံကြည်သူများကို စိန်ခေါ်ခဲ့သည်။ ကျွန်ုပ်ကိုယ့်ကိုယ်ကိုမေးနေသောမေးခွန်းမှာ "ကျွန်တော်တို့ပညတ်တရားအောက်မှာရှိမနေကြတော့ဘူးဆိုရင်၊ ဘာဖြစ်လို့ကျွန်တော်တို့မှာတာဝန်ဝတ္တရားတွေအများရှိနေရတာလဲ" ဟူ၍ဖြစ်သည်။ အခန်းကြီး ၄ တွင် ရှင်ပေါလုက ကျွန်ုပ်တို့အားပြောပြလိုသည့်အရာများကို အဆုံးမသပ်မီတွင် ဤအကြောင်းအရာကို ကျွန်ုပ်အတိုချုပ်၍ပြောပြလိုသည်။

ကျွန်ုပ်တို့ကိုယ့်ကိုယ်ကိုပညတ်တရား၏အောက်၌ သွတ်ထားသောအခါ သခင်ယေရှုပြုလုပ်ခဲ့သောအမှုတော်သည် လုံလောက်မှုမရှိပါဟု ကျွန်ုပ်တို့ပြောဆိုနေကြခြင်းဖြစ်ကြောင်းကို နားလည်သဘောပေါက်ကြဖို့လိုအပ်သည်။ ကောင်းကင်

ဘုံကိုဝင်စားနိုင်ဖို့ (သို့) ဘုရားသခင်၏ မျက်နှာသာပေးမှုကိုခံရဖို့ ပညတ်တရားကို နာခံလိုက်လျှောက်ဖို့လိုအပ်သည်ဟု ကျွန်ုပ်တို့ခံယူထားလျှင် ကားတိုင်ထက်၌ သခင်ယေရှုလုပ်ဆောင်သွားခဲ့သောအမှုတော်ကို ကျွန်ုပ်တို့နား မလည်ကြသေးပါ။ ကားတိုင်ထက်၌သခင်ယေရှုပြုလုပ်ခဲ့သောအမှုသည် ကျွန်ုပ်၏အပြစ်အားလုံးကို လွှမ်းခြုံဖုံးအုပ်ထားဖို့ လုံလောက်ပါသည်။ အသက်တာ၏ဖြစ်ရပ်များစွာတွင် ကျွန်ုပ်ကျရှုံးခဲ့ပါလိမ့်မည်။ သို့သော်သခင်ယေရှု အသေခံခဲ့ခြင်းက ထိုအရာများ အားလုံးကို လွှမ်းခြုံဖုံးအုပ်ထားပါသည်။ ကျွန်ုပ်၏ပြည့်စုံသောကယ်တင်ခြင်း အတွက် သခင်ဘုရား၏အသေခံခဲ့ခြင်းက လုံလောက် ပြည့်စုံကြောင်း ကျွန်ုပ်စိတ်ချ ပါမည်။ သခင်ဘုရားပြုလုပ်သွားခဲ့သောအမှု၌ ကျွန်ုပ်မည်သည့်အရာကိုမျှ ထပ် လောင်းလုပ်ဆောင်ဖို့မလိုပါ။ ကျွန်ုပ်၏ပြည့်ဝသော စိတ်ချမှုအတွက် သခင်လုပ် ဆောင်သွားခဲ့သောအရာအပေါ်၌ အပြည့်အဝအားထားနိုင်ပါသည်။ ကျွန်ုပ်ထပ် လောင်းလုပ်ဆောင်ဖို့လိုအပ်သည်ဟုမှတ်ယူခြင်းသည် ကားတိုင်ထက်၌သခင် ခရစ်တော်လုပ်ဆောင်သွားခဲ့သောအရာကို စော်ကားခြင်းဖြစ်သည်။ သခင်ခရစ် တော်လုပ်ဆောင်ခဲ့သောအမှုကြောင့်သာ ကျွန်ုပ်ကယ်တင်ခြင်းခံခဲ့ရသည်။ ပညတ် တရားသည် ကျွန်ုပ်၏ကယ်တင်ခြင်းနှင့်ဘာမျှမသက်ဆိုင်ပါ။ မောရှေ၏ ပညတ်တော်အောက်၌ရှင်သန်နေထိုင်ခဲ့သူများပင်လျှင် ထိုပညတ်တရားများကို လိုက်နာစောင့်ထိန်းခြင်းဖြင့် ကယ်တင်ခြင်းမခံခဲ့ကြပါ။ နောင်တရခြင်းနှင့် ယုံကြည်ခြင်းကြောင့်သာကယ်တင်ခြင်းခံခဲ့ကြသည် (ဆာလံ ၅၁း၁၆-၁၇၊ ဟဗက္ကု ၂း၄)။

ဒုတိယအနေဖြင့် ကျွန်ုပ်တို့နားလည်ဖို့လိုအပ်သည့်အရာမှာ ကျွန်ုပ်တို့သည် ကိုယ့်ကိုယ်ကို ပညတ်တရားအောက်၌ သွတ်သွင်းထားကြလျှင် ကျွန်ုပ်တို့သည်

ထိုပညတ်တရားအတိုင်းရှင်သန်နေထိုင်၍ ထိုပညတ်တရားကို တသွေမတိမ်းစောင့်ထိန်းကြရမည်ဖြစ်သည်။ ပညတ်တရားကိုစောင့်ထိန်းခြင်းအားဖြင့် ကောင်းကင်ဘုံဝင်စားရခြင်းကို ကြိုးစားရယူဖို့ သင်ရွေးချယ်လျှင် သင်သိထားရမည့်အချက်မှာ ထိုပညတ်တရားများထဲမှ တစ်ပါးပါးကိုလိုက်နာရန်ပျက်ကွက်ခဲ့လျှင် သင်ထိုကောင်းကင်ဘုံကိုဝင်စားရမည်မဟုတ်ပါဟူသောအချက်ဖြစ်သည်။ သခင်ခရစ်တော်မှတစ်ပါး၌လောကတွင် ပညတ်တရားကိုပြည့်ပြည့်ဝဝစုံစုံလင်လင်နာခံစောင့်ထိန်းနိုင်သူတစ်ယောက်မျှမရှိပါ။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ပညတ်တရားတော်ကို ကျွန်ုပ်တို့၏အသွေးအသားခန္ဓာ၌လည်းကောင်း၊ ကျွန်ုပ်တို့၏စိတ်နှလုံး၌လည်းကောင်း၊ ကျွန်ုပ်တို့၏အတွေးများ၌လည်းကောင်း ဖောက်ဖျက်ကျူးလွန်ခဲ့ကြ၍ အပြစ်ရှိကြသည် (ရောမ ၃း၂၃)။ ထို့အပြင်ကျွန်ုပ်တို့သည် အပြစ်ဒုစရိုက်၌ မွေးဖွားလာကြပါသည်။ ဘုရားသခင်ကိုမနာခံဖို့အခွင့်အရေးမရှိမီ၌ပင် ဤအချင်းအရာအားဖြင့် ကျွန်ုပ်တို့ကိုအပြစ်စီရင်ချက်ချရန်လုံလောက်နေခဲ့သည်။

ကျွန်ုပ်တို့သည် စည်းမျဉ်းစည်းကမ်းများနှင့် လိုက်နာစောင့်ထိန်းကြမည့်အရာများအား စောင့်ထိန်းလိုက်နာခြင်းကို အဓိကထားနေခြင်းသည် ဘုရားသခင်အလိုရှိသောအရာမဟုတ်ကြောင်းကို နားလည်ထားကြရမည်။ ဘုရားသခင်၏အလိုဆန္ဒမှာ ကျွန်ုပ်တို့သည် သူ့ကိုအဓိကထား၍ချစ်ခြင်းမေတ္တာနှလုံးသားမှ သူ့ကိုတုန့်ပြန်ရန်ဖြစ်သည်။ ကျွန်ုပ်တို့သည် ကောင်းမွန်မှန်ကန်သောအရာကိုပြုလုပ်နိုင်ကြပါသည်။ သို့သော်ထိုအရာများကို ချစ်ခြင်းမေတ္တာအားဖြင့် မလုပ်ဆောင်ကြလျှင်မည်သို့ အဓိပ္ပါယ်ရှိမည်နည်း (၁ကော ၁၃း၃)။ လူအမြောက်အများသည် ပညတ်တရားကိုရုပ်တုတစ်ခုပမာချီးမြှောက်၍ ဦးညွှတ်ကြပြီး ထိုသို့ပြုလုပ်ခြင်းသည် ဘုရားသခင်ကိုကိုးကွယ်ဆည်းကပ်၍ ဂုဏ်ပြုခြင်းဖြစ်သည်ဟု ယုံကြည်နေကြသည်။ အမှန်

တွင် သူတို့သည်ရုပ်တုကိုးကွယ်ခြင်းကို ပြုလုပ်နေကြ၍အပြစ်ရှိကြသည်။ ယုံကြည်သူများအဓိကအာရုံထားရမည့်အရာမျာ ပညတ်တရားမဟုတ်ပါ။ သခင်ခရစ်တော်သာဖြစ်သည်။ ကျွန်ုပ်တို့သည်သခင်ခရစ်တော်အတွက် အသက်ရှင်နေကြပါသည်။ စာဖြင့်သောထားသော စည်းမျဉ်းဥပဒေအစုတစ်စုကို နာခံလိုက်လျှောက်သောနေထိုင်ပုံတစ်ခုအတွက် အသက်မရှင်ကြပါ။ ကျွန်ုပ်တို့၏အပြစ်ဒုစရိုက်များကို အသိအမှတ်ပြု၍ပကတိပြည့်စုံခြင်းအဖြစ်ကို ဘယ်သောအခါတွင်မျှ မရောက်ရှိနိုင်သည်ကို နားလည်သဘောပေါက်ထားသော်လည်း ကျွန်ုပ်တို့သည်သခင်ခရစ်တော်၏ပြည့်စုံခြင်းနှင့် ကျွန်ုပ်တို့အတွက်လုပ်ဆောင်သွားခဲ့သောအမှု၌ ဝမ်းမြောက်ကြပါသည်။ ထိုသခင့်နောက်တော်သို့လိုက်လျှောက်၍ ထိုသခင်နှင့်ပုံသဏ္ဌာန်တူလာမည့်အဖြစ်ကို အားရဝမ်းသာဖြစ်နေကြပါသည်။

ပညတ်တရားတော်ကို ကျွန်ုပ်နာခံလိုက်လျှောက်သည်ဖြစ်စေ၊ မလိုက်လျှောက်သည်ဖြစ်စေ၊ ကျွန်ုပ်သည်သခင်ခရစ်တော်အားဖြင့် ကျွန်ုပ်၏အပြစ်ဒုစရိုက်များမှ ကယ်တင်ခြင်းကိုခံခဲ့ရသည်။ ကျွန်ုပ်တာဝန်မဲ့စွာနေထိုင်၍ရသည်ဟု မဆိုလိုပါ။ သခင်ခရစ်တော်အပေါ်၌ မည်သည့်တာဝန်ဝတ္တရားမှမရှိပါဟုလည်း မဆိုလိုပါ။ သို့သော် ဘုရားသခင်နှင့်မိတ်ဖွဲ့ခြင်းထဲသို့ ကျွန်ုပ်ကိုဆောင်ကြဉ်သွားဖို့ ပညတ်တရားကို ကျွန်ုပ်ယုံကြည်ကိုးစားမည်မဟုတ်ပါဟုဆိုလိုသည်။ သခင်ယေရှုကလုပ်ဆောင်သွားခဲ့သောအမှုကိုသာ ကျွန်ုပ်ယုံကြည်ကိုးစားပါမည်။ ကျွန်ုပ်သည်ဘုရားသခင်ကမိမိ၏နှုတ်ကပတ်တော်၌ ခင်းကျင်းချပြထားသောနည်းဥပဒေသများကို ကျွန်ုပ်နာခံလိုက်လျှောက်သည်မဟုတ်ပါ။ ၎င်းတို့ကိုနာခံလိုက်လျှောက်ခြင်းကြောင့် ဘုရားသခင်၏မျက်နှာသာပေးမှုကို ရရှိမည်ဖြစ်သောကြောင့်မဟုတ်ပါ။ ၎င်းတို့သည် မှန်ကန်၍ကောင်းမြတ်ကြပြီး ဘုရားသခင်ကိုကျွန်ုပ်ကျေနပ်အားရစေ

လိုသောကြောင့် ကျွန်ုပ်နာခံလိုက်လျှောက်ခြင်းဖြစ်သည်။

## ***ဆုတောင်းခြင်း***

ဤသို့ပြောဆိုပြီးနောက်တွင် အခန်းငယ် ၂-၇ တွင် ကောလောသဲယုံကြည်သူများအား ပြောထားသောရှင်ပေါလု၏စိန်ခေါ်တိုက်တွန်းချက်အကြောင်းကို ဆက်၍ ပြောဆိုရန်အရေးကြီးပါသည်။ အခန်းငယ် ၂ တွင် ရှင်ပေါလုက ကောလောသဲယုံကြည်သူများအား ဆုတောင်းခြင်း၌ ကိုယ့်ကိုယ်ကိုဆက်ကပ် မြှုပ်နှံထားကြရန် စိန်ခေါ်တိုက်တွန်းထားသည်။ ဆက်ကပ်မြှုပ်နှံခြင်းဟူသောစကားလုံးသည် ဤအရာကိုသူတို့တစိုက်မတ်မတ်လုပ်ဆောင်သွားမည့်အဖြစ်ကို ညွှန်ပြနေပါသည်။ တစ်စုံတစ်ရာအတွက် ကိုယ့်ကိုယ်ကိုဆက်ကပ်မြှုပ်နှံခြင်းဆိုသည်မှာ ထိုတစ်စုံတစ်ရာအပေါ်၌ ကိုယ့်ကိုယ်ကိုမပြတ်တမ်းပေးအပ်နေခြင်းဖြစ်သည်။ ရှင်ပေါလုက ကောလောသဲယုံကြည်သူများအား ဤအတိုင်းပြုလုပ်ရန်စိန်ခေါ်တိုက်တွန်းနေခဲ့ပါသည်။ ကျွန်ုပ်တို့နားလည်ထားဖို့လိုအပ်သည့်အရာများအနက်မှတစ်ခုမှာ ကျွန်ုပ်တို့သည် သခင်ဘုရားကိုလည်းကောင်း၊ သခင်ဘုရား၏ဉာဏ်ပညာကိုလည်းကောင်း၊ သခင်ဘုရား၏ဦးဆောင်လမ်းပြမှုကိုလည်းကောင်း အမြဲတမ်းလိုအပ်နေသောသူများဖြစ်ကြသည်။ ဆုတောင်းခြင်းအားဖြင့် ကျွန်ုပ်တို့သည် သခင်ဘုရားကိုလည်းကောင်း၊ သခင်ဘုရား၏လမ်းပြမှုကိုလည်းကောင်းရှာကြံကြပါသည်။ ရှင်ပေါလုက ကောလောသဲယုံကြည်သူများအား ၎င်းတို့သည် သန့်ရှင်းသောဝိညာဉ်တော်၏လမ်းပြဦးဆောင်မှုကိုခံထားကြသောသူများဖြစ်ရန်လိုအပ်ကြောင်း ပြန်လည်အသိပေးထားခဲ့ပါသည်။ ဆိုလိုသည်မှာ သူတို့သည်လုပ်သမျှတိုင်းတွင် မိမိတို့၏ လုပ်နည်းလုပ်ငန်းများကို သခင်ဘုရားထံ၌ဆက်ကပ်အပ်နှံထားကြဖို့ လိုအပ်

သည်။ သူတို့သည်သခင်ဘုရားကိုလည်းကောင်း၊ သခင်ဘုရား၏နှစ်သိမ့်အကြံပေးချက်ကိုလည်းကောင်း၊ သခင်ဘုရား၏လမ်းပြဦးဆောင်မှုကိုလည်းကောင်း ရှာကြ၍ ထိုဦးဆောင်လမ်းညွှန်ချက်အတွက် သခင်ဘုရား၏အသံတော်ကို နားထောင်ကြရမည်ဖြစ်သည်။ ဤအရာသည် တစိုက်မတ်မတ်လုပ်ရမည့်အရာဖြစ်ကြောင်း ရှင်ပေါလု က သူတို့ပြောပြခဲ့သည်။ ကျွန်ုပ်တို့သည် သခင်ဘုရားအလိုရှိသည့်အတိုင်း အသက်ရှင်ကြမည်ဆိုလျှင် ကျွန်ုပ်တို့သည်သခင်ဘုရား၏ဉာဏ်ပညာနှင့် ခွန်အားဗလဆုတောင်းခြင်းဖြင့်ရယူကြဖို့လိုအပ်သည်။ ခရစ်ယာန်အသက်တာကို လူ့အစွမ်းအစဖြင့် ရှင်သန်သွားရန်မဖြစ်နိုင်ပါ။ ဘုရားသခင်ဝိညာဉ်တော်၏ တန်ခိုးစွမ်းအား၌သာရှင်သန်ကြရပေမည်။ ထိုတန်ခိုးစွမ်းအားပေးခြင်းကို ဆုတောင်းခြင်းနှင့်နာခံခြင်းဖြင့် ကျွန်ုပ်တို့သိနိုင်ပါသည်။

အခန်းငယ် ၂ တွင် ရှင်ပေါလုကကောလောသဲယုံကြည်သူများအား ၄င်းတို့သည် ဆုတောင်းခြင်း၌ ကိုယ့်ကိုယ်ကိုဆက်ကပ်မြှုပ်နှံခဲ့ကြသည်နှင့်အမျှ ၄င်းတို့သည် ကရုစိုက်စောင့်ကြည့်တတ်၍ကျေးဇူးတင်တတ်ဖို့လိုအပ်ကြောင်းပြောပြခဲ့သည်။ ဂရုစိုက်စောင့်ကြည့်တတ်ခြင်းသည် အဓိပ္ပါယ်အမျိုးမျိုးရှိနိုင်သည်။ မိမိတို့၏ဆုတောင်းခြင်းများတွင် ဂရုစိုက်စောင့်ကြည့်တတ်သောသူများသည် အဖြေတစ်ခုကိုမျှော်လင့်ကြသည်။ သူတို့သည်ဆုတောင်း၍သခင်ဘုရားကိုအဖြေပေးခဲ့သည်ကို စိတ်ချလျက် မျှော်လင့်နေကြရန်ဖြစ်သည်။ ကျွန်ုပ်တို့၌ ထိုကဲ့သို့သောယုံကြည်ခြင်းမျိုးရှိပါသလား။ ယုံကြည်ခြင်းဖြင့်ဆုတောင်းသောသူများသည် အဖြေကိုစိတ်အားထက်သန်စောင့်ကြည့်ကြသည်။

ဂရုစိုက်စောင့်ကြည့်တတ်ခြင်း၏နောက်ထပ်အဓိပ္ပါယ်တွင် ဆုတောင်းချက်များ၌ ပါဝင်သောအရာများအတွက် လမ်းပြဦးဆာင်မှုကိုရှာကြံခြင်းပါဝင်သည်။ ဤ

လောက၌ ကျွန်ုပ်တို့နေထိုင်ကြစဉ်တွင် ကျွန်ုပ်တို့အနီးတစ်ဝိုက်တွင် လိုအပ်ချက်များ စွာရှိပါသည်။ ကျွန်ုပ်တို့၏တစ်ရက်ပြီးတစ်ရပ် အသက်တာ၌ဘုရားသခင်သည် ကျွန်ုပ်တို့ထံ လူဘယ်နှယောက်ကိုဆောင်ကြဉ်လာခဲ့ပါသနည်း။ ဘုရားသခင်က ထိုမျှသောလူများကို ကျွန်ုပ်တို့အထံသို့ဆောင်ကြဉ်လာခဲ့သောကြောင့် ကျွန်ုပ်တို့မှ လည်း သူတို့ကိုကူညီဖေးမနိုင်မည်ဖြစ်သည်။ ထိုသူများကိုကျွန်ုပ်တို့ထံသို့ဆောင်ကြဉ် လာခြင်းဖြင့် ကျွန်ုပ်တို့သည်သူတို့အတွက်ဆုတောင်းပေးနိုင်ကြမည်ဖြစ်သည်။ ကျွန်ုပ် တို့အနေဖြင့် ဂရုတစိုက်စောင့်ကြည့်နေကြမည်ဆိုလျှင် ဘုရားသခင်သည် ကျွန်ုပ် တို့အားသူဆုတောင်းစေလိုသည့် သီးသန့်အရာများကိုတစ်ရက်ပြီးတစ်ရက်ပြသ ပေးပါလိမ့်မည်။ သင့်ရှေ့သို့ဘုရားသခင်ယူဆောင်လာသော လိုအပ်ချက်များ တွေ့မြင် နိုင်ဖို့စောင့်ကြည့်ပါ။ ထိုလိုအပ်ချက်များကို သီးသန့်ဆုတောင်းပေး၍ ယုံကြည်ခြင်း ဖြင့် ၎င်းတို့ကိုဘုရားသခင့်လက်တော်၌အပ်နှံပါ။

ရှင်ပေါလုကကောလောသဲယုံကြည်သူများအား ထိုသို့ဆုတောင်းရာတွင် ကျေးဇူးတင်တတ်သောစိတ်ရှိကြဖို့ပြောခဲ့သည်။ ဖြစ်သမျှသောအရာတိုင်းကို ဘုရား သခင်ကထိန်းချုပ်ထားပါသည်ဟူသောအချက်ကို အသိအမှတ်ပြုသောအခါ၌သာ လျှင် ယုံကြည်သူများ၌ကျေးဇူးတင်တတ်သောစိတ်များရှိလာမည်ဖြစ်သည်။ ကျွန်ုပ် တို့ကျေးဇူးတင်သောစိတ်များရှိဖို့ဆိုလျှင် ကျွန်ုပ်တို့ဘုရားသခင်အထံတော်၌ လည်း ကောင်း၊ ကျွန်ုပ်တို့အသက်တာ၌ သူလုပ်ဆောင်နေသောအရာများ၌လည်းကောင်း လုံးလုံးလျားလျားအညံ့ခံအပ်နှံကြရပေမည်။ ကျွန်ုပ်တို့၌ဖြစ်ပျက်နေသောအရာများ အတွက် ဘုရားသခင်ကိုအကြိမ်ပေါင်းမည်မျှ မကျေမနပ်နှင့်တိုင်တည် ညည်းတွား ချက်များကိုလွှင့်ပစ်၍ ဘုရားသခင်သည်အရပ်ခပ်သိမ်းကို ထိန်းချုပ်နေ သကဲ့သို့ ကျွန်ုပ်တို့ကိုချစ်နေပါသည်ဟူသောအချက်ကိုသင်ယူဖို့လိုအပ်သည်။ ကျေးဇူး

တင်တတ်သောစိတ်နှင့် ဆုတောင်းခြင်းဆိုသည်မှာ ဘုရားသခင်၏အကြံ အစည်၌ စိတ်ချယုံကြည်လျှက်ဆုတောင်းခြင်းဖြစ်သည်။ ဘုရားသခင်နှင့်ဘုရားသခင်၏ အလိုတော်၌ ဆက်ကပ်အပ်နှံကြရမည်။ ဘုရားသခင်၏လုပ်ဆောင်မှုများကို ကျွန်ုပ်တို့နားလည်ကြမည်မဟုတ်သော်လည်း ဘုရားသခင်သည် အကောင်းဆုံးနှင့် အသင့်တော်ဆုံးအရာကိုသိပါသည်ဟု စိတ်ချယုံကြည်လျက် အထံပါးသို့ ရောက်လာကြပါသည်။ ကျွန်ုပ်တို့သည်ကျေးဇူးတင်တတ်သောစိတ်နှင့်ဆုတောင်းကြပါသည်။

အခန်းငယ် ၃ တွင် ရှင်ပေါလုက မိမိအတွက်ကိုလည်း ဆုတောင်းကြဖို့ ကောလောသဲယုံကြည်သူများကိုတောင်းဆိုခဲ့သည်။ သတင်းကောင်းတရားတော်ကိုဟောပြောနိုင်ဖို့အခွင့်အရေးတံခါးများပွင့်လာမည့်အကြောင်း သီးသန့်ဆုတောင်းပေးဖို့ သူတို့ကိုတောင်းဆိုခဲ့သည်။ ဤစာစောင်ကိုရေးသားနေချိန်တွင် ရှင်ပေါလုသည် သံခြေကျင်းများဖြင့် အကျဉ်းထောင်ထဲ၌ရှိနေခဲ့သည်ကိုသတိပြုပါ။ သို့သော် ထိုသံခြေကျင်းများက သူ့ကိုစိတ်မပျက်စေခဲ့ပါ။ ထိုသံခြေကျင်းခတ်အခြေအနေ၌ပင် ရှင်ပေါလုက သူ့ကိုအသုံးပြု၍ သတင်းကောင်းတရားတော်ကို ရှင်းရှင်းလင်းပြောပြနိုင်မည့်အခွင့်အရေးကို သူ့အားပေးသနားရန်ဘုရားသခင်ထံ ဆုတောင်းခဲ့သည်။ သံခြေကျင်းခတ်အခြေအနေတွင် သတင်းကောင်းတရားတော်ကိုဆက်၍မဟောပြောနိုင်တော့ကြောင်းမှတ်ယူခံစားခဲ့ဖို့ ရှင်ပေါလုအတွက် အဘယ်မျှလွယ်ကူခဲ့ပါမည်နည်း။ အမှန်ဆိုရလျှင် ကျွန်ုပ်တို့မည်သည့်နေရာရောက်နေပါစေ၊ မည်သည့်ဘဝအခြေအနေကိုကြုံတွေ့နေရပါစေ ကျွန်ုပ်တို့သည်ဘုရားသခင်၏ တရားတော်ကိုဝေငှဟောပြောနိုင်ပါသည်။ လွယ်တော့လွယ်ကူမည်မဟုတ်ပါ။ ကျွန်ုပ်တို့ဟောပြောဝေငှနေကြပုံစံမျိုးဖြစ်ချင်မှဖြစ်မည်။ သို့သော်ကျွန်ုပ်တို့မည်သည့်နေရာမျိုးတွင်

ရောက်နေပါစေ ကျွန်ုပ်တို့၏ရှေ့၌ရှိနေသောအခွင့်အရေးကိုတွေ့မြင်ဖို့မျက်လုံးများကိုဖွင့်ထားကြရန် ဘုရားသခင်ကကျွန်ုပ်တို့ကိုဆင့်ခေါ်ထားပါသည်။ ဤသည်မှာ ရှင်ပေါလု၏တောင်းဆိုချက်ပင်ဖြစ်သည်။ ရှင်ပေါလုက ကောလောသဲယုံကြည်သူများအား သူ့အတွက်ဆုတောင်းပေးကြဖို့ တောင်းဆိုထားပါသည်။ ထိုသို့အားဖြင့် သူသည်သခင်ယေရှု၏ချစ်ခြင်းမေတ္တာရာကိုဟောပြောဝေငှရန်အနီးတဝိုက်ရှိ အခွင့်အရေးကောင်းများကိုတွေ့မြင်နိုင်မည်ဖြစ်သည်။

## *ဉာဏ်ပညာ*

ရှင်ပေါလုကကောလောသဲယုံကြည်သူများအား ပြင်ပလူများနှင့်ဆက်ဆံရာတွင် အမြော်အမြင်ရှိကြဖို့ပြောခဲ့သည်။ ရှင်ပေါလုက ကောလောသဲယုံကြည်သူများအား သူတို့ကိုစောင့်ကြည့်နေသည့်လောကကြီးရှေ့၌ အထူးဂရုစိုက်၍ ရှင်သန်နေထိုင်ကြရန် ခွန်အားပေးခဲ့သည်။ ခရစ်ယာန်များဖြစ်ကြသည့်အလျှောက် သူတို့သည် လုပ်သမျှသောအရာ၌သခင်ယေရှုကို ကိုယ်စားပြုခဲ့ကြသည်။ စီးပွားရေးလုပ်ငန်းများတွင်ဖြစ်စေ၊ မိသားစုထဲတွင်ဖြစ်စေ သူတို့သည်မိမိတို့၏အသက်တာပုံဥပမာများအားဖြင့် သခင်ခရစ်တော်ကိုဝေငှနေကြပါသည်။ သာမန်လူပ်ရှားလုပ်ဆောင်မှုများအားဖြင့် ဘုရားသခင်၏တန်ခိုးတော် စစ်မှန်မှုကို လူတို့က ကျွန်ုပ်တို့၏အသက်တာ၌တွေ့မြင်လိုနေကြသည်။ ကျွန်ုပ်တို့ဟောပြောနေသောအရာအမှန်ဟုတ်မဟုတ်ကို သူတို့မြင်တွေ့လိုကြသည်။ ဤအရာကိုသူတို့ရှေ့၌ ကျွန်ုပ်တို့ ရှင်သန်နေထိုင်ပုံဖြင့် ပြသနိုင်သည်။ ကျွန်ုပ်တို့ဟောပြောဝေငှနေကြသော တရားတော်ကို ကျွန်ုပ်တို့၏လက်တွေ့အသက်တာတွင် သက်သေပြကြဖို့အထူးဂရုစိုက်ကြရမည်။

အခန်းငယ် ၅ တွင် ရှင်ပေါလုက ကောလောသဲယုံကြည်သူများအား ရသမျှ

အခွင့်အရေးအားလုံးကို အကျိုးရှိရှိအသုံးချကြရန်ပြောခဲ့သည်ကို သတိပြုပါ။ တစ်နည်းအားဖြင့်ဆိုရလျှင် ကားတိုင်ထက်၌သခင်ယေရှုပြုလုပ်ခဲ့သောအမှု၏ စစ်မှန်မှုကိုဤလောကကြီးအား သက်သေပြရန်ရသမျှအခွင့်အရေးများကို သူတို့ရယူအသုံးချကြဖို့လိုအပ်ခဲ့သည်။ ကျွန်ုပ်တို့၏အိမ်နီးချင်းမိတ်ဆွေများ၌ လိုအပ်ချက်များရှိလာလျှက် လက်ကမ်း၍အရောက်ကူညီပေးကြရမည်။ သူတို့ဆာလောင်မွတ်သိပ်နေကြလျှင် ကျွေးမွေးပြုစုကြရမည်။ သခင်ဘုရား၏ချစ်ခြင်းမေတ္တာတရားကို သက်သေပြဖို့နည်းလမ်းများစွာရှိပါသည်။ ထိုအခွင့်အရေးများကိုအသုံးပြု၍ အကောင်းဆုံးပြုလုပ်သွားကြရမည်။ သတင်းကောင်းတရားတော်ကို ဟောပြောဝေငှခြင်းသည် အရေးကြီးသကဲ့သို့ ထိုတရားတော်၏အမှန်တရားကို ကျွန်ုပ်တို့လက်တွေ့ရှင်သန်ရန်မှာလည်း အလွန်အရေးကြီးပါသည်။ ဉာဏ်ပညာသည် ထိုသမ္မာတရားကိုလက်တွေ့ဘဝတွင် ရယူရှင်သန်ခြင်းဖြစ်သည်။ ကျွန်ုပ်တို့လုပ်ဆောင်သမျှတွင် သခင်ခရစ်တော်ကိုကျွန်ုပ်တို့ယုံကြည်ကိုးစားမှုအား လက်တွေ့ပြသကြမည့်ဉာဏ်ပညာရှိသောသူများဖြစ်ဖို့ ကျွန်ုပ်တို့ဆင့်ခေါ်ထားပါသည်။

## *ကျေးဇူးတော်*

အခန်းငယ် ၆ တွင် ရှင်ပေါလုက ကောလောသဲယုံကြည်သူများအား ၎င်းတို့၏အသက်တာပြောင်းလဲခြင်းတွင် ကျက်သရေအပေါင်းနှင့်တင့်တယ်စေကြရန်ပြောခဲ့သည်။ ဤနေရာ၌ အသက်တာပြောင်းလဲခြင်းဟု စကားလုံးအတွက်အသုံးပြုထားသော ဂရိစကားလုံးမှာ *Logos* ဟူ၍ဖြစ်ပြီး၊ တိုက်ရိုက်အဓိပ္ပါယ်မှာ "စကားလုံး"ဟူ၍ဖြစ်သည်။ သဘောတရားမှာ ကျွန်ုပ်တို့ပြောထွက်သမျှသောစကားလုံးများသည် ကျက်သရေအပေါင်းနှင့်တင့်တယ်နေရမည်ဟူ၍ဖြစ်သည်။ ကျွန်ုပ်တို့၏ နှုတ်

ထွက်စကားလုံးများသည် ကျက်သရေအပေါင်းနှင့် တင့်ဆယ်နေသောအခါ ၎င်းတို့သည် ကောင်းကြီးမင်္ဂလာကိုဆောင်ယူလာသော စကားလုံးများဖြစ်လာကြသည်။ ထိုစကားလုံးများသည် ကျေးဇူးတရားသိတတ်သောသဘောနှင့်ပြည့်စုံ၍ ရိုးသားဖြောင့်မတ်ကာ သနားခြင်းဂရုဏာနှင့်ပြည့်နေကြသည်။ ဤစကားလုံးများသည် တည်ဆောက်ပြုပြင်ခြင်းကို ပြုလုပ်၍ ချိုးဖျက်ဖြိုချခြင်းကိုမပြုလုပ်ပါ။ ၎င်းတို့သည် ယဉ်ကျေးပျူငှာ၍ အပြုသဘောဆောင်သောစိတ်နေသဘောထားကို သက်သေပြကြသည်။ ယဉ်ကျေးပျူငှာသောစကားကို ပြောသောသူတစ်ယောက်ယောက်နှင့် ကျွန်ုပ်တို့အတူရှိနေချိန်တွင် ကျွန်ုပ်တို့စိတ်ဓါတ်တက်ကြွနေကြသည်။ ခွန်အားတိုက်တွန်းခြင်းနှင့်အတူ ကောင်းကြီးများကိုခံစားကြရသည်။ အဆိုးမြင်တတ်သောသူတစ်ယောက်ယောက်နှင့်သင်အတူနေဖူးပါသလား။ အပြုသဘောဆောင်သောအမြင်မျိုးဖြင့်ပို၍မြင်တတ်လာရန် ကူညီမစပေးဖို့တောင်းလျှောက်ရန် သခင်ဘုရားထံသို့ ကျွန်ုပ်အမြဲလိုလိုသွားခဲ့ရသည်။ ဤပြဿနာထဲတွင် ကျွန်ုပ်တစ်ဦးတည်းသာရှိသည်ဟုမထင်ပါ။ ဘုရားသခင်က ကျွန်ုပ်တို့၏နှုတ်ထွက်စကားလုံးများဖြင့် သူတစ်ပါးကိုတည်ဆောက်၍ ကောင်းကြီးပေးစေချင်သည်။

ရှင်ပေါလုက ကောလောသဲယုံကြည်သူများအား ၎င်းတို့၏ နှုတ်ထွက်စကားလုံးများအား ငန်သောအရသာကိုခတ်ထားရန်လိုအပ်ကြောင်းပြောခဲ့သည်ကို သတိပြုပါ။ ဆားသည်သန့်စင်စေ၍ တာရှည်ခံစေသည်။ ဆားသည် အစားအစာများ၏အရသာကိုဖြစ်ပေါ်စေသည်။ ရှင်ပေါလုပြောပြနေသောအရာမှာ ဤအရာဖြစ်သည်။ ကျွန်ုပ်တို့သည် အထူးသဖြင့်ကျွန်ုပ်တို့အားစိတ်ပျက်စေသောသူများအားတုန့်ပြန်ဖြေကြားရာတွင် ကျွန်ုပ်တို့၏စကားလုံးများကို သန့်စင်စေနိုင်သောအာနိသင်ရှိသော ဆားဖြင့်ထည့်ခတ်ထားကြရမည်။ ကျွန်ုပ်တို့၏စိတ်ဝိညာဉ်မှ အကောင်းဆုံး

အရာကိုဖော်ဆောင်ဖို့ သန့်ရှင်းသောဝိညာဉ်တော်၏ဆားကို အခွင့်ပေးကြရမည်။ ကျွန်ုပ်တို့၏စကားလုံးများကို ဆေးကြောသန့်စင်ပေးဖို့ ဝိညာဉ်တော်၏ဆားကိုအခွင့်ပေးကြရမည်။ ထိုသို့အားဖြင့် ကျွန်ုပ်တို့၏စကားလုံးများသည် သခင်ယေရှုကို ဂုဏ်တင့်စေမည်ဖြစ်သည်။

ရှင်ပေါလုက ကျွန်ုပ်တို့ကိုပြောပြနေသည်မှာ ကျွန်ုပ်တို့သည် လုပ်သမျှသောအရာအားလုံး၌ သခင်ယေရှုကိုသင့်တင့်လျှောက်ပတ်စွာကိုယ်စားပြုသောသူများဖြစ်ရန်လိုအပ်သည်ဟူ၍ဖြစ်သည်။ ကျွန်ုပ်တို့သည် သူ့ကိုဆုတောင်းခြင်းဖြင့်စိတ်အားထက်သန်စွာဖြင့် အစဉ်တစိုက်ရှာကြံကြရမည်။ ကျွန်ုပ်တို့သည် သခင်ယေရှုကိုစကားလုံးများဖြင့်သာ ဟောပြောဝေငှသောသူများသာမဟုတ်ပဲ လုပ်ဆောင်မှုဖြင့်လည်း ဝေငှသောသူများဖြစ်ရမည်။ သခင်ယေရှု၏ချစ်ခြင်းမေတ္တာတရားကို လက်တွေ့ကျသောနည်းလမ်းများဖြင့် သက်သေပြခြင်းဖြင့် သခင်ယေရှုကို ဟောပြောဝေငှရန်အခွင့်အရေးများကို ရှာကြံရန်ရှင်ပေါလုက ကျွန်ုပ်တို့ကိုစိန်ခေါ်ထားသည်။ ကျွန်ုပ်တို့၏အပြောအဆိုများတွင် အပြုသဘောကိုဆောင်၍ ယဉ်ကျေးပျူငှာသောသူများဖြစ်ရပေမည်။ ကျွန်ုပ်တို့၏ပြောဆိုပုံနှင့်နေထိုင်ပုံသည် ကျွန်ုပ်တို့၏ ယုံကြည်မှုအမှန်ကိုထင်ဟပ်စေပါသည်။ သခင်ယေရှု၏အပြစ်လွှတ်ခြင်းနှင့် အသက်တာပြောင်းလဲခြင်းကိုခံထားကြသောသူများဖြစ်ကြသည့်အလျှောက် ကျွန်ုပ်တို့၏အသက်တာများသည် ယခင်နှင့်မတူညီနိုင်တော့ပါ။ ကျွန်ုပ်တို့၏စိတ်ဆန္ဒမှာ သခင်နေထိုင်ခဲ့သကဲ့သို့နေထိုင်ကျင့်ကြံ၍ ကျွန်ုပ်တို့အတွက်သူလုပ်ဆောင်သွားခဲ့သည့်အတိုင်းသူတစ်ပါးအပေါ်၌ပြုလုပ်ရန်ဖြစ်သည်။

## စဉ်းစားသုံးသပ်ရန်အချက်များ

- ဆုတောင်းခြင်း၌ ကျေးဇူးသိတတ်သောစိတ်ရှိဖို့နှင့်စပ်လျဉ်း၍ ရှင်ပေါလုက ကျွန်ုပ်တို့အား မည်သို့သွန်သင်ပေးထားပါသနည်း။
- မိမိ၏ချစ်ခြင်းမေတ္တာတရားကိုပြသဖို့ သင့်ရဲ့လက်ရှိဘဝအခြေအနေကို သင့်အားဘုရားသခင်က မည်သို့အသုံးပြုစေလိုပါသနည်း။
- ကျွန်ုပ်တို့၏လှုပ်ရှားလုပ်ဆောင်ချက်များဖြင့် ဘုရားသခင်၏ချစ်ခြင်းမေတ္တာကို ဝေငှခြင်းနှင့်စပ်လျဉ်း၍ ကျွန်ုပ်တို့မည်သို့သင်ယူကြရပါသနည်း။ ဤအချင်းအရာကိုသင်မည်သို့လုပ်ဆောင်နေခဲ့ပါသနည်း။ ဤအချင်းအရာ၌ သင်မည်သို့တိုးတက်ကောင်းမွန်လာနိုင်ပါသနည်း။
- ယဉ်ကျေးပျူငှာစွာပြောဆိုတတ်ရန် ကျွန်ုပ်တို့သင်ယူကြဖို့ အဘယ်ကြောင့် အရေးကြီးပါသနည်း။ သခင်ယေရှုကို ကျွန်ုပ်တို့သက်သေခံရာ၌ ဤအရာက မည်သို့အကျိုးသက်ရောက်မှုပေးပါသနည်း။

## ဆုတောင်းရန်အချက်များ

- ဆုတောင်းခြင်း၌သင့်ကိုသင်ပို၍ ပြည့်ဝစွာဆက်ကပ်ရန် သင်ကြားပေးဖို့ သခင်ဘုရားထံ၌တောင်းလျှောက်ပါ။
- သခင်၏ချစ်ခြင်းမေတ္တာတရားကို လက်တွေ့ကျသောနည်းလမ်းများဖြင့် ဝေငှရန်နေ့စဉ်နေ့တိုင်းသင့်အားပေးသနားထားသောအခွင့်အရေးကောင်းများပြသပေးဖို့သခင်ဘုရားထံ၌တောင်းလျှောက်ပါ။ နာခံတတ်သောသူဖြစ်နိုင်ဖို့ ခွန်အားများပေးသနားရန်ကိုလည်းတောင်းလျှောက်ပါ။
- သခင်ခရစ်တော်၏ကိုယ်ခန္ဓာတော်ကိုတည်ဆောက်နိုင်မည့်အကြောင်း

သင့်ရဲ့နှုတ်ထွက်စကားလုံးများတွင် အပြုသဘောဆောင်၍ ယဉ်ကျေးပျူငှာသောသူဖြစ်ရန် ကူညီမစပေးဖို့ သခင်ဘုရားကိုတောင်းလျှောက်ပါ။

- သင့်ရဲ့စကားလုံးများနှင့် လုပ်ဆောင်မှုများအတွက် သခင်ဘုရားနှင့်ပို၍ သဏ္ဍာန်တူလာသောသူဖြစ်လိုသောစိတ်နှလုံးကိုပေးသနားရန် တောင်းလျှောက်ပါ။

၂၁

# နောက်ဆုံးနှုတ်ဆက်ခြင်း

---

**ကောလောသဲ ၄း၇-၁၈ ကို ဖတ်ရှုပါ။**

အခန်းကြီး ၄ ၏ ဤနောက်ဆုံးအပိုင်းတွင်ရှင်ပေါလုက လုပ်ဖော်ကိုင်ဖက် အသီးသီးထံမှ နှုတ်ခွန်းဆက်သခြင်းများကိုကောလောသဲမြို့ရှိ အသင်းတော်ထံသို့ ရေးပို့ခဲ့သည်။ ဤပုဂ္ဂိုလ်တစ်ဦးချင်းကို သီးခြားစီခွဲ၍ ကျွန်ုပ်တို့လေ့လာသွားပါမည်။

ရှင်ပေါလုပထမဆုံးဖော်ပြထားခဲ့သောပုဂ္ဂိုလ်မှာ တုခိတ်ဟုအမည်တွင်သော အမျိုးသားတစ်ဦးဖြစ်သည်။ မိမိ၏အခြေအနေကို ကောသောသဲယုံကြည်သူများအား ပြောကြားစေဖို့ရှင်ပေါလုက တုခိတ်ကို ကောလောသဲအသင်းတော်သို့ စေလွှတ်ခဲ့သည်။ ရှင်ပေါလုက တုခိတ်ကိုချစ်ရသောညီတစ်ယောက်အဖြစ်မှတ်ယူခဲ့သည်။ သတင်းကောင်းတရားဟောကြားရာ၌ သစ္စာရှိသောအမှုထမ်းအဖြစ် သက်သေထူခဲ့ပြီးသူဖြစ်သည်။ ရှင်ပေါလုက တုခိတ်ကို မိမိ၏ဘဝအခြေအနေများနှင့်အတူ ကောလောသဲမြို့ရှိ အသင်းတော်အားခွန်အားပေးစကားပြောကြားစေလိုခဲ့သည်။ ကောလောသဲအသင်းတော်သည် ရှင်ပေါလုထောင်ကျနေသည့်

အဖြစ်ကိုသိရှိထားကြသည်နှင့်အမျှ ရှင်ပေါလုအတွက်စိုးရိမ်ပူပန်နေကြသည်မှာ အထင်အရှားပင်ဖြစ်သည်။ ရှင်ပေါလုထောင်နန်းစံနေရစဉ်၌ပင် ရှင်ပေါလုသည် မိမိအတွက်စိုးရိမ်ပူပန်မှုမရှိပဲ၊ မိမိအတွက်ဝမ်းနည်းပူဆွေးနေကြမည့်သူများအတွက် ပို၍စိုးရိမ်ပူပန်ပေးနေသည်ကိုတွေ့မြင်ရသည်မှာ စိတ်ဝင်စားစရာကောင်းနေသည်။ အသင်းတော်ကိုခွန်အားပေးနှစ်သိမ့်၍ မိမိအတွက်သူတို့၏စိုးရိမ်ပူပန်မှုများကို ဖြေလျော့ပေးရန် ရှင်ပေါလုက တုခိတ်ကိုကောလောသဲမြို့သို့ စေလွှတ်ခဲ့သည်။

ကောလောသဲမြို့ကို တုခိတ်တစ်ဦးတည်းမသွားခဲ့ပါ။ သူသည်ဩနေသိမ် ဟုအမည်တွင်သောအမျိုးသားတစ်ဦးကို မိမိနှင့်အတူခေါ်သွားခဲ့သည်။ ဩနေသိမ် အကြောင်းကို ဖိလေမုန်ဩဝါဒစာတွင် ကျွန်ုပ်တို့ဖတ်ရှုကြရသည်။ သူသည်အစေခံ ကျွန်တစ်ဦးဖြစ်၍ မိမိ၏သခင်ဖိလေမုန်ထံမှ ခိုးယူလုယက်ခဲ့သူဖြစ်သည်။ ထိုသို့ ခိုးယူလုယက်၍ထွက်ပြေးခဲ့ပြီးနောက်ပိုင်းတွင် သူသည်သခင်ဘုရားကိုယုံကြည်လက် ခံခဲ့ပြီး၊ ရှင်ပေါလုထောင်ကျစဉ်ကာလတွင် ရှင်ပေါလုအတွက်အလွန်အထောက် အကူပြုခဲ့သောသူအဖြစ်သက်သေထူခဲ့သည်။ ရှင်ပေါလုက သူ့ကိုကောလောသဲ မြို့၌နေထိုင်သောသခင်ဖြစ်သူ ဖိလေမုန်ထံသို့ပြန်လည်စေလွှတ်ခဲ့သည်။ ရှင်ပေါလု က ဩနေသိမ်ကိုသခင်ခရစ်တော်၌ အလွန်ချစ်ရသောညီအစ်ကိုတစ်ဦးအဖြစ် မှတ်ယူခဲ့သည်။ ဩနေသိမ်သည် မိမိ၏သခင်ကိုပြစ်မှားခဲ့သော်လည်း သခင်ဘုရား ကိုယုံကြည်လက်ခံပြီးနောက်တွင် ထိုအမှားကိုပြန်လည်ပြုပြင်တည့်မတ်လိုခဲ့သည်။ ရှင်ပေါလုသည်အတိတ်၌ ဩနေသိမ်ပြုလုပ်ခဲ့သောအရာနှင့် ဩနေသိမ်၏ပစ္စုပ္ပန် အသုံးဝင်ပုံကိုကြည့်ရှုရင်း အသစ်တွေ့ရှိထားသော သခင်ဘုရားနှင့်ဩနေသိမ်၏ ဆက်ဆံရင်းနှီးမှုကို သုံးသပ်ခဲ့သည်။

ရှင်ပေါလုသည် တုခိတ်နှင့်ဩနေသိမ်တို့ကိုကောလောသဲမြို့သို့စေလွှတ်

ခဲ့သော်လည်း အခြားလုပ်ဖော်ဆောင်ဖက်ညီအစ်ကိုများမှာ ကောလောသဲမြို့သို့ သွားခွင့်မရခဲ့ကြပေ။ အခန်းငယ် ၁၀ တွင် ရှင်ပေါလုက ၄င်းနှင့်အကျဉ်းကျဖက်ဖြစ်သော အာရိတ္တာခုအမည်ကိုဖေါ်ပြထားသည်။ အာရိတ္တာခုသည် သက်သာလောနိတ်မြို့သားဖြစ်၍ ရှင်ပေါလုနှင့်ခရီးသွားဖော်သွားဖက်တစ်ဦးဖြစ်ကြောင်း တမန်တော် ၁၉း၂၉ နှင့် ၂၇း၂ တို့မှ ကျွန်ုပ်တို့သိရှိနားလည်နိုင်သည်။

ရှင်ပေါလုက ဗာနဗ၏တူမာကုထံမှ နှုတ်ခွန်းဆက်သခြင်းကိုလည်း ရေးပို့ခဲ့သည်။ မာကုသည် ရှင်ပေါလုနှင့်ခရီးသွားဖော်သွားဖက်တစ်ဦးဖြစ်သော်လည်း တစ်ကြိမ်တွင် ရှင်ပေါလုသည် မာကုကိုစွန့်ပစ်ခဲ့သည်။ ဗာနဗသည် မာကုကို နောက်ဆက်တွဲခရီးစဉ်တွင် ခေါ်သွားဖို့ရွေးချယ်ခဲ့သော်လည်း ရှင်ပေါလုက ထိုဆုံးဖြတ်ချက်ကိုလုံးဝလက်မခံနိုင်ခဲ့သောကြောင့် ရှင်ပေါလုနှင့်ဗာနဗတို့လမ်းခွဲ၍ ကိုယ့်ခရီးကိုယ်လျှောက်ခဲ့ကြသည်။ ဤနေရာတွင်ထူးခြားသည့်အချက်မှာ ရှင်ပေါလုသည် မိမိနှင့်မာကုကြားရှိမတူညီချက်များကို ဖြေရှင်းညှိနှိုင်းခဲ့ပြီးကြောင်း ထင်မြင်သုံးသပ်ရသည်။ ရှင်ပေါလုကကောလောသဲအသင်းတော်အား မာကုကို လှိုက်လှိုက်လှဲလှဲကြိုဆိုလက်ခံကြရန် ခွန်အားပေးခဲ့သည်။

အခန်းငယ် ၁၀ တွင် ရှင်ပေါလုက ယေရှုဟုအမည်တွင်သော ယုတ္တုအကြောင်းကိုလည်းဖော်ပြထားသည်။ ယုတ္တုသည် ယုဒလူမျိုးတစ်ဦးဖြစ်ပြီး သခင်ယေရှုကိုလက်ခံယုံကြည်ခဲ့သည်။ သူနှင့်အတူဤနေရာ၌ဖော်ပြထားသောလုပ်ဖော်ကိုင်ဖက်များသည် ရှင်ပေါလုဒုက္ခရောက်နေချိန်တွင် ရှင်ပေါလုအတွက်စစ်မှန်သောနှစ်သိမ့်အားပေးမှုများဖြစ်ခဲ့ကြကြောင်းကို သက်သေထူခဲ့ကြသည်။ ရှင်ပေါလုအကျဉ်းစံနေရချိန်တွင် ဘုရားသခင်သည် ယုံကြည်သူညီအစ်ကိုများကို ရှင်ပေါလုအားဖေးမကူညီရန်အသုံးပြုခဲ့သည်။

ကောလောသဲအနီးဝန်းကျင်တွင်နေထိုင်ခဲ့သော ပေဖြထံမှ နှုတ်ခွန်းဆက်သမှုလည်းပါဝင်လာသည်။ သူသည်ရှင်ပေါလုအားအကျဉ်းထောင်ထဲ၌ ကူညီပံ့ပိုးပေးဖို့ ကောလောသဲမြို့မှထွက်လာခဲ့သူဖြစ်သည် (ကောလောသဲ ၁း၇)။ ထိုမြို့ရှိအသင်းတော်ထဲသို့ မိမိ၏နှုတ်ခွန်းဆက်သမှုကို ပေးပို့ခဲ့သည်။ ပေဖြသည် ကောလောသဲယုံကြည်သူများအတွက် အထူးသဖြင့်ဆုတောင်းခြင်းတွင် လုံးပန်းနေခဲ့သူဖြစ်သည်။ သူ၏ဆုတောင်းသံမှာ ဤအသင်းတော်သည်ဘုရားသခင်၏ အလိုတော်ထဲ၌ သစ္စာရှိရှိတည်တံ့နေရန်ဖြစ်သည်။ သူ၏စိတ်ဆန္ဒမှာ ကောလောသဲယုံကြည်သူများ မိမိတို့၏ယုံကြည်ခြင်း၌ ရင့်ကျက်လာကြ၍ စိတ်ချမှုအပြည့်ရှိနေကြရန်ဖြစ်သည်။ ရှင်ပေါလုကကောလောသဲယုံကြည်သူများအား ပေဖြသည် မိမိဒုက္ခရောက်နေချိန်တွင် အကူအညီပေးခြင်းဖြင့် ၎င်းတို့အတွက်အလုပ်ကြိုးကြိုးစားစားလုပ်နေပါသည်ဟု ပြောခဲ့သည်။

ရှင်ပေါလု၏ သက်တမ်းရှည်ခရီးသွားဖော်သွားဖက်လည်းဖြစ်၊ ဆေးဆရာဝန်တစ်ဦးလည်းဖြစ်သော လုကာက သူ၏နှုတ်ခွန်းဆက်သခြင်းကို ကောလောသဲအသင်းတော်သို့ပေးပို့ခဲ့သည်။ ဒေမကလည်းအသင်းတော်ကိုနှုန်ခွန်းဆက်သခဲ့သည်။ ဒေမသည်နောက်ဆုံးတွင် ရှင်ပေါလုကိုစွန့်ပစ်သွားမည့်အကြောင်းကို ၂ တိ ၄း၁၀ အားဖြင့် ကျွန်ုပ်တို့နားလည်နိုင်သည်။ သူသည်ဤလောကအရာကို ချစ်သောကြောင့် ဤသို့ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ရှင်ပေါလုက မိမိ၏နှုန်ခွန်းဆက်သစကားကိုလည်း လောဒိကိမြို့ရှိ အသင်းတော်အားပေးပို့ခဲ့သည်။ အထူးသဖြင့်နုံဖဟုခေါ်သောအမျိုးသမီးကိုနှုတ်ဆက်ခဲ့သည်။ နုံဖ၏နေအိမ်တွင်အသင်းတော်တစ်ပါးလည်းရှိခဲ့သည်။ ရှင်ပေါလုက ကောလောသဲယုံကြည်သူများအား ဤစာစောင်ကိုလောဒိကိအသင်းသူအသင်း

သားများလည်းသိရှိဖို့ သူတို့အားလက်ဆင့်ကမ်းဖို့ပြောခဲ့သည်။ ရှင်ပေါလုက လောကိဒိမြို့ရှိ အသင်းတော်ဖတ်ရှုဖို့ စာတစ်စောင်မိမိရေးသားခဲ့ကြောင်းကိုလည်း ပြောပြခဲ့သည်။ လောကိဒိမြို့ရှိအသင်းတော်ထံသို့ ရှင်ပေါလုရေးသားပေးပို့ခဲ့သော စာစောင်သည် သမ္မာကျမ်းစာတွင်မပါဝင်လာသော်လည်း ၎င်းသည်ရှင်ပေါလု ကိုယ်တိုင်ရေးသားခဲ့သောစာဖြစ်သည်။ ရှင်ပေါလုရေးခဲ့သမျှသောစာအားလုံး သမ္မာကျမ်းစာတွင်မပါဝင်နိုင်ကြပါ။ သို့သော်အလုံးစုံသောဖြောင့်မတ်ခြင်းတရား၌ ကျွန်ုပ်တို့ကိုသွန်သင်လမ်းပြပေးဖို့ သင့်လျော်ကိုက်ညီသည်ဟု ဘုရားသခင်က ရှုမြင်သောစာစောင်များသာပါဝင်သည် (၂တိ ၃း၁၆-၁၇)။

အခန်းငယ် ၁၇ တွင် ရှင်ပေါလုက ကောလောသဲအသင်းတော်အား အာခိပ္ပုကို ဘုရားသခင်ထံမှလက်ခံရရှိခဲ့သောအမှုတော်ကို ပြည့်စုံအောင်ထမ်းရွက်သွားဖို့ပြောပေးကြရန်တောင်းဆိုခဲ့သည်။ အာခိပ္ပုအကြောင်းကို ဖိလေမုန်ဩဝါဒစာ အခန်းငယ် ၂ တွင် ကျွန်ုပ်တို့ဖတ်ရှုရသည်။ အာခိပ္ပုမည်သည့်အမှုတော်ကို ထမ်းရွက်နေကြောင်း ကျွန်ုပ်တို့ကိုပြောပြမထားခဲ့ပါ။ သူသည်အမှုတော်၌ စိတ်ဓါတ်ကျဆင်းနေခြင်းကော မဖြစ်နိုင်ပေဘူးလား။ ဤနေရာ၌ရှင်ပေါလုက သူ့အားပြောပြထားချက်သည် အာခိပ္ပုအတွက် ရှေ့ဆက်ရန်စိတ်ခေါ်ချက်တစ်ခုဖြစ်ခဲ့နိုင်ပေသည်။

နိဂုံးချုပ်အနေဖြင့် ရှင်ပေါလုသည် နှုတ်ခွန်းဆက်သခြင်းတစ်ခုကို မိမိလက်ဖြင့်ရေး၍ ကောလောသဲယုံကြည်သူများအားပေးပို့ခဲ့သည်။ အတွင်းရေးမှူးတစ်ဦးက ရှင်ပေါလု၏စာအများစုကိုရေးသားပေးခဲ့သော်လည်း အချို့သောအခြေအနေများတွင် စာကိုပို၍ပုဂ္ဂိုလ်ရေးဆန်လာစေဖို့ ရှင်ပေါလုက စကားလုံးအချို့ကိုမိမိလက်ဖြင့်ရေးသားခဲ့သည်။ မိမိ၏သံခြေကျင်းခတ်အခြေအနေကို သတိရကြဖို့ ရှင်ပေါလုက ကောလောသဲယုံကြည်သူများအား တောင်းဆိုခြင်းဖြင့် စာစောင်ကိုအဆုံးသတ်

ထားသည်။ တစ်နည်းအားဖြင့်ဆိုရလျှင် ကောလောသဲယုံကြည်သူများဆုတောင်းတိုင်း ရှင်ပေါလုကိုဘုရားသခင်၏မျက်မှောက်တော်သို့ ထိုဆုတောင်းခြင်းဖြင့် ဆောင်ယူသွားကြဖို့ဖြစ်သည်။

ဤအရာများအားလုံးတွင် ရှင်ပေါလုသည်အဘယ်မျှ ပုဂ္ဂိုလ်ရေးဆန်သည်ကို ကျွန်ုပ်တို့တွေ့မြင်ခဲ့ကြသည်။ သူသည်လူတိုင်းကိုငင်းတို့၏ နာမည်အားဖြင့် သိနေခဲ့သည်။ သူသည်ကောလောသဲမြို့မှ လူများကိုသာသိခဲ့သည်မဟုတ်၊ သူအမှုတော်ထမ်းခဲ့သောအခြားအရပ်ဒေသမှ လူများကိုလည်းသိခဲ့ပါသည်။ ရှင်ပေါလုအတွက်မှာမူ သူလုပ်နေသောအမှုတော်သည် လူများအကြောင်းသာဖြစ်သည်။ ရှင်ပေါလုပြုလုပ်ခဲ့သောအမှုတော်သည် အသင်းတော်မည်မျှတည်ထောင်သူ တည်ထောင်ခဲ့သည်ဟူသောအကြောင်းမဟုတ်၊ စစ်မှန်သောလူများနှင့် စစ်မှန်သောလိုအပ်ချက်များအကြောင်းဖြစ်သည်။ ကျွန်ုပ်တို့၏သာသနာလုပ်ငန်းများတွင်လည်း ဤအရာကိုသတိရနေကြဖို့လိုအပ်သည်။

## စဉ်းစားသုံးသပ်ရန်အချက်များ

- လူပုဂ္ဂိုလ်အသီးသီးအပေါ်၌ထားရှိသော ရှင်ပေါလု၏စိုးရိမ်ပတ်သက်မှုအကြောင်းကို ဤအပိုင်းက ကျွန်ုပ်တို့အားမည်သို့ပြောပြထားပါသနည်း။
- ရှင်ပေါလုသည် မိမိ၏လိုအပ်ချက်ထက်အခြားသူများ၏ လိုအပ်ချက်ကိုပို၍စိုးရိမ်ပတ်သက်ပေးပါသည်ဟု ပြောနိုင်ပါသလား။ ရှင်းပြပါ။
- ရှင်ပေါလုသည် အတိတ်မှအမှားများကို လျစ်လျူရှုပြီးလူအများနှင့် မိမိဆက်ဆံရေးကိုရှေ့ဆက်နိုင်သည်ဟူသောအချက်ကို ပြသသောအထောက်အထား ဤအခန်းတွင်ရှိပါသလား။ ဤအကြောင်းအရာနှင့်စပ်လျဉ်း၍

သင့်ရဲ့ရပ်တည်ချက်ကအဘယ်နည်း။

## ဆုတောင်းရန်အချက်များ

- ပုဂ္ဂိုလ်တစ်ဦးချင်းစီအတွက်ပို၍ စိုးရိမ်ပတ်သက်ပေးသောစိတ်နှလုံးကို ပေးသနားဖို့ဘုရားသခင်ထံ၌တောင်းလျှောက်ပါ။
- သင့်ရဲ့လိုအပ်ချက်များနှင့် သင့်ရဲ့ပြဿနာများကိုသာ စဉ်းစားတွေးတောတတ်ခြင်းမှ သင့်ကိုလွတ်မြောက်စေဖို့သခင်ဘုရားကိုတောင်းလျှောက်ပါ။ သင့်အနီးအနားရှိလူများ၏လိုအပ်ချက်များကို တွေ့မြင်နိုင်ရန်မျက်လုံးများကို ဖွင့်ပေးဖို့သခင်ဘုရားကိုတောင်းလျှောက်ပါ။
- သင့်ရဲ့သာသနာလုပ်ငန်းသည် လူကိုဦးစားမပေးပဲ၊ အရေအတွက်နှင့် အစီအစဉ်များကိုသာ ဦးစားပေးခဲ့သောအချိန်များအတွက် ခွင့်လွှတ်ပေးဖို့ သခင်ဘုရားထံ၌ တောင်းလျှောက်ပါ။